www.burmeseclassic.com



www.burmeseclassic.com

Love's a blind guide,
and those that follow him
too often lose their way.

(Colley Cibber)

အချစ်သည် မျက်စိမမြင်သည့်
လမ်းပြတစ်ယောက်ဖြစ်သည်။
ငင်းနောက်မှ လိုက်လာသူ
မှန်သမျှသည် ရံဖန်ရံခါ၌
လမ်းပျောက်တတ်ကြသည်။

အခန်း(၁)

နေဝင်ရီတရော အချိန်အခါသမယကို သူ မုန်းတီးသည်။

ဝင်လုဆဲ နေရောင်၏အနီရင့်ရင့်အရောင်ကို ကြည့်လေတိုင်း နှလုံးသားအစုံသည် အလွမ်းရင့်ရင့်အရောင်ကို ခြယ်မှုန်းသလို ခံစားလိုက်ရသည်။

ဒါတွေ့ မမြင်ချင်ဘူး၊ မကြည့်ချင်ဘူး၊ ဒါကြောင့် ရောဘင်နေကာမျက်မှန် အနက်ရောင်ကြီးကို တပ်ဆင်ထားသည့်ကြားက နေဝင်ချိန်ကို မြင်နေရသည်။ အလွမ်းရင့်ရင့်တို့က ရင်ကို နာကျင်နေစေမြဲပါလား။

www.burmeseclassic.com

www.burmeseclassic.com

အချစ်ဆိုတဲ့အရာဟာ လူကို ဘာများ ကောင်းကျိုးပြုသလဲ၊ ဒင်းကြောင့် နာလိုက်ရတဲ့ရင်၊ လွမ်းလိုက်ရတဲ့အလွမ်း၊ ကျွမ်းလောင်လိုက်ရတဲ့ အသည်း။

ဘယ်လိုမှ ဖြေဖျောက်လို့ မရနိုင်အောင်ပါပဲလား။

အချစ်ဆိုတဲ့အရာနှင့် ကွေကွင်းပြီး သက်တမ်းတစ်လျှောက် ဘဝလေဆန်ကို လိုက်ရင်း လူသားတာဝန်အရ ဘဝရပ်တည်မှုအတွက် ကြိုးစားရုန်းကန် လှုပ်ရှားခဲ့ရသည်။

သို့သော် ထိုလှုပ်ရှားမှုသည် သူ့အတွက် စက်ရုပ်ဆန်ဆန် လှုပ်ရှားမှုမျိုးသာ ဖြစ်ခဲ့သည်။

အလုပ်လုပ်နေရတာက တခြား၊ ရင်မှာ ခံစားနေရသည့် ကျွမ်းလောင်နေရသည့် ဝေဒနာက တခြားနှင့် ရာသီအလိုလို ပြောင်းခဲ့ရသည့်တိုင်အောင် မနေ့တစ်နေ့ကလို နှလုံးသားဒဏ်ရာက သွေးစိမ်းရှင်ရှင် စိမ့်ထွက်နေဆဲပါလား။

ဘဝမှာ ပြည့်စုံခြင်း ဘဝအဓိပ္ပါယ်ရှိခြင်းဆိုတာ ဘာလဲ၊ ငွေလား၊ ဂုဏ်လား၊ စည်းစိမ်ချမ်းသာလား၊ ဒါတွေအားလုံး ပြည့်စုံစွာ ရှိနေပါလျက် ပျော်ရွှင်ခြင်းဆိုတာက သူ့ထံသို့ ဘာကြောင့် ရောက်မလာနိုင်သေးတာလဲ။

အချစ်မရှိလို့လား။

အချစ်က နာကျင်ခြင်းသချိုင်းမှာ မြုပ်နှံလိုက်သည် မှန်သော်လည်း. . .

နာကျင်ခြင်းနှင့်အတူ လွမ်းဆွတ်တမ်းတ သတိရ အောက်မေ့ခြင်းတို့က ရင်မှာ ရှင်သန်နေဆဲပါလား။

လွမ်းလိုက်တာ မှီရယ်။

မင်းကိုလေ. . . မောင် ရင်နာစွာနဲ့ လွမ်းဆွတ်တသနေဆဲပါလား မှီ။

မင်းဟာ ငါ့ဘဝကြီးတစ်ခုလုံးကို ဘယ်အချိန်အထိများ သိမ်းပိုက်အနိုင်ယူထားမှာလဲကွာ. . . ။

မှီရယ်. . .

ဘဝမှာ ပျော်စရာဆိုတာကို ရှာဖွေရင်းနဲ့ပဲ ပျော်စရာတွေက ပျောက်ဆုံးနေပြီး ရင်မှာ အလွမ်းတွေနဲ့ပဲ သိပ်သည်းပြည့်နှက်လျက်ပါ။ ဝေဒနာမီးတွေက မီးဟုန်းဟုန်းတောက်လျက်ပါပဲလား။

ထိုစဉ်. . .

"အိကနဲ" ဖြစ်သွားပြီး အိထွေးနူးညံ့သော အသားဆိုင် တစ်ခု လာထိကပ်တော့မှ စျင်မင်း၏ပျံ့လွင့်နေသော ဝေဒနာတို့ ဖျက်သုဉ်းသွားပြီး ပစ္စုပ္ပန်ကာလထဲသို့ ပြန်လည်ရောက်ရှိလာသည်။

သူ့နံဘေးသို့ ကျတ္ထိယမလေးတစ်ဦး ခြေပစ်လက်ပစ် ဝင်ထိုင်လိုက်သည်။

ဟုတ်သားပဲ။ သူကိုယ်တိုင်ကလည်း လူမလာသေးဘူး အထင်နှင့် ခန္ဓာကိုယ်ကို လျော့တိလျော့ရဲ ခြေဆန့်လက်ဆန့်နှင့် သူများနေရာကိုပါ ကျူးကျော်ထိုင်ထားမိသည်ကိုး။

ခန္ဓာကိုယ်ကို ပြန်မတ်ကာ ကိုယ့်တစ်ကိုယ်စာအတွက် ရထားသော ခုံနေရာအတွင်း ဆန့်စေရန်သာ ပြန်ပြင်ထိုင်လိုက်ရသည်။

"ခဏနော်"

ကျတ္ထိယမလေးက မပြီးသေး၊ သူ့ရှေ့မှ ကုန်းတုန်းကွတနှင့် ဖြတင်းပေါက်ကို ခေါင်းပြူပြီး. . .

"ယမမင်းတို့ သွားပြီနော်၊ ပြန်ချင် ပြန်ကြတော့လေ၊ အားနာပါတယ်၊ ရှင်တို့လည်း ခရီးထွက်ရတော့မှာကိုး၊ ပြန်ကြတော့

www.burmeseclassic.com

www.burmeseclassic.com

ရပါပြီ"

"အေး. . . ဒါဖြင့် သွားပြီနော် ဝလုံး"

"အိုကေ. . . ဘိုင့်ဘိုင်"

"ဘိုင့်ဘိုင်"

ရထားအပေါ်နှင့်အောက် အလွှမ်းသယ်နေကြတာ။

ဈင်မင်းမှာ သူ့ဒူးနှင့် ကွတ်ထိယမလေး ပေါင်တံနှင့် ထိမိမှာစိုး၍ ကျုံ့ထားရသည်။

တော်သေးသည်။ နှုတ်ဆက်လွှမ်းချင်းက တိုတိုတုတ်တုတ် ပြီးစီးသွား၍. . .

ကွတ်ထိယမလေးက ပြတင်းပေါက်မှ ခွာပြီးနောက် ထိုင်ခုံနံဘေး၌ ရှိနေသော ခရီးဆောင်အိတ်ကို အိပ်စင်ပေါ်သို့ တင်ရန် ကြိုးပမ်းသည်။

သူ မနေသာ။

"ကျွပ် တင်ပေးရမလား"

"ရှင်. . . ဩော်. . . တင်ပေးမယ်ဆိုရင် ကျေးဇူးတင်ပါတယ်"

ရင်မှာ လှုပ်ခါသွားသည်။ ပါးချိုင့်လေးနှစ်ဖက် မင်းပါးပြင်တွေမှာ ဘာဖြစ်လို့ ရှိနေရတာလဲကွာ။

ဈင်မင်း ရုတ်တရက် တွေဝေသွားမှုကို ချက်ချင်းပင် သတိနှင့် ချွန်းအုပ်လိုက်ပြီး ကောင်မလေး၏အိတ်ကို အိတ်စင်ပေါ်သို့ တင်ပေးလိုက်သည်။ တစ်အိတ်တည်းမဟုတ်၊ နောက်ထပ် အဝတ်အိတ်ပျော့လေးတစ်လုံး ပါသေးသည်။ သူ စိတ်ရှည်စွာပင် တင်ပေးလိုက်သည်။

"ကုန်ပြီလား"

"ဟုတ်ကဲ့"

ထိုအခါမှ သူ စိတ်ချစွာဖြင့် နေရာ၌ ပြန်ထိုင်လိုက်သည်။

ရင်မှာ လှုပ်လှုပ်ရှားရှား ဖြစ်နေရသည်က ကောင်မလေးသည် ဆံပင်ရှည်နှင့်ဖြစ်သည်။

ဆံပင်ရှည်တစ်မျိုးထဲလောက်ကတော့ သူ့ရင်ကို မလှုပ်ခတ်သေး။ ခုခေတ် မိန်းကလေး တော်တော်များများ ဆံပင်ရှည်ဖြောင့်စင်းစင်းများကို ဖားလျားချထားခြင်းဖြင့် ခေတ်ဆန်မှု ပြယုဂ်တစ်ခုလို စတိုင်လ်တစ်မျိုး ထားကြသည်။

ယခု ကောင်မလေးလည်း ထိုကဲ့သို့ပင်။ သို့သော် သူ့ကို စကားပြောလိုက်သည့်အခါ ပြုံးပြီးပြောသည်။ ဒီမှာ ညီညာဖြူဖွေးသော သွားစွယ်တန်းကလေးနှင့် ပါးချိုင့်လေးနှစ်ဖက် ခွက်ဝင်သွားမှုက သူ့ရင်အစုံကို လှုပ်လှုပ်ရှားရှား ဖြစ်သွားစေလေသည်။

သင်္ကြန်ပြီး လေးငါးဆယ်ရက်တိုင်အောင် အဝေးပြေးမန္တလေးရန်ကုန် Express ကားတွေက လက်မှတ်ဝယ်ရသည်မှာ အခက်အခဲ ဖြစ်နေသည်။

သူကလည်း သူ့အရပ်အမောင်းကြောင့် ကားစီးရတာ မြန်သည်။ Air con ရသည်ကလွဲ၍ သိပ်မကြိုက်။ ရထားက ခြေဆန့်လက်ဆန့် ကောင်းသည်။ လွတ်လပ်စွာ သွားလာပြီး စားသောက်တွဲ၌ သွားထိုင်လည်း ရသည်မို့ ရထားလက်မှတ် စီစဉ်ပေးသူ ရှိ၍ ရထားနှင့်သာ ပြန်လိုက်ခြင်းဖြစ်သည်။

"ကျေးဇူးပဲနော် ဘိုးတော်"

"ဘာ. . . "

သူ့နားထဲ ကိုးလိုးကန့်လန့် ဝင်လာသည်က "ဘိုးတော်"

www.burmeseclassic.com

www.burmeseclassic.com

ဟူသောအသုံးအနှုန်းဖြစ်သည်။

"အာ. . . မကြိုက်ဘူးထင်တယ်၊ ဆောရီး. . အဲ. . ကန်တော့၊ လူကြီးကို ဘယ်လိုခေါ်ရမှန်း မသိလို့"

သူ့ရင်ထဲ လေပြေကလေး ဝင်ရောက်လာသည်။ ကောင်မလေးက ချစ်စရာ ကောင်းလွန်းနေသည်။

ခေတ်စတိုင်လ်လေးမို့ ကွာတား ဂျင်းဘောင်းဘီလေးနှင့် ကိုးရီးယားဘလောက်စ် ခါးရှည်လေးက မိုးပြာရောင်လေး၊ ဆံပင်ရှည်ကြီးက စံပယ်ရနံ့ သင်းပျံ့ပျံ့လေး၊ အသားက ဖြူနုညက်ကာ ဝင်းနှစ်နေသည်။

"ဘယ်လိုမှ မခေါ်လည်း ရတယ်"

"ဒီလိုတော့ လေစိမ်းတွေ မတိုက်ပါနဲ့ ဦးကြီးရယ်၊ ကျွန်တော်က ပျင်းတတ်လို့ပါ"

"ကျွန်တော်" လို့ ပြောတော့ မန္တလေးသူပေါ့ဟု သူ့ရင်ထဲ အသိအမှတ်ပြုရင်း "ဘိုးတော်" လို့ ခေါ်ခြင်းကိုလည်း ကျေနပ်စွာ ခွင့်ပြုရပေမည်ပေါ့။

ကောင်မလေးအသက်က ရှိလှမှ လွန်ရောကျွံရောနှစ်ဆယ်ပေါ့၊ သူ့အသက်က Over 35 (၃၅နှစ်ကျော်)ဆိုတော့ ကွာလွန်းလှသည်လေ။

"မင်းအပျင်းပြေဖို့ ကျုပ်က ဖျော်ဖြေရဦးမှာလား"

သူ အငေါ်တူးလိုက်သည်။

ဒါကို ကောင်မလေးက မနာသည့်အပြင် ခပ်ပြုံးပြုံးလေးနှင့်. . .

"အဲဒီလိုဆို သိပ်ကောင်းမှာပဲ၊ တလေ့ထဲစီး တခရီးထဲသွား ချင်းလေ၊ ကူညီရိုင်းပင်းသွားရမှာပေါ့နော် ဦးလေးကြီး"

လာပြန်ပြီ ဦးလေးကြီးတဲ့။

ရထားက မန္တလာမြေမှ စတင်ကာ တရွေ့ရွေ့နှင့် ထွက်လာလေသည်။

"ပြတင်းပေါက်တွေ ပိတ်. . ပိတ်ထား၊ ရေပက်လိမ့်ဦးမယ်"

တွဲထဲမှ ခရီးသည်တစ်ဦးက သတိပေးလေသည်။

ရထားကလည်း အရှိန်ရလာသည်။

"ဗွမ်း. . . "

ဒေါက်. . .

"အား. . . "

"ဟာ. . . "

"ဟင်. . . "

"ဟဲ့. . . "

"သောက်ပလုပ်တုတ်"

"အို. . . "

အာမေဋိတ်သံတွေ စုံသွားသည်။

စျေးသည်လေးတွေ ရေသည်လေးတွေ အပါအဝင် သင်္ကြန်ပြီးသည့်တိုင် သင်္ကြန်ပိုးက မသေသေးတော့ ပုန်းလျှိုးဝှက်လျှိုး ရေကျန်များနှင့်အပက် ရှေ့ပြတင်းပေါက်မှ ကျော်ဝင်လာသော လက်မနှိုင်၍ လွတ်ထွက်လာသော ရေခွက်က ကံဆိုးသူ မောင်ရှင် သူ့နဖူးတည့်တည့်ကိုမှ ထိမှန်ရသည်။

"လူကြီး. . . လူကြီး ဘာဖြစ်သွားသေးလဲ"

ကောင်မလေးက သူ့မျက်နှာအား စိုးရိမ်တကြီး ကြည့်ကာ မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဘာမှ မဖြစ်ပါဘူး"

သူ နဖူးကို စမ်းရင်း ဖြေလိုက်သည်။ သူ့ခြေရင်း ကျနေသော ဒန်ရေခွက် အပိန်အလိန်ကလေးကို ကြည့်ကာ ဖြေလိုက်သည်။

"လူကြီး လက်ဖယ်ပါဦး၊ ကျွန်တော် ကြည့်ပေးမယ်"

"ရပါတယ်ဆိုကွာ. . . ဘာမှမဖြစ်ပါဘူး"

သူ စိတ်ရှုပ်စွာဖြင့် ခပ်မာမာလေး ပြောလိုက်မိသည်။

အမှန်တကယ် ရသွားသည်က သူ့ရင်ထဲက ဝေဒနာဒဏ်ရာပင်။ ဝေဒနာဒဏ်ရာမှ အနာဟောင်းကို ဆွလိုက်သကဲ့သို့ ဖြစ်သွားပြီး နက်နက်ရှိုင်းရှိုင်း နင့်နင့်သီးသီးကို ခံစားလိုက်ရလေပြီ။

အတိတ်မှ အရိပ်တို့က နှလုံးသားတစ်ခုလုံးကို ပျက်သုဉ်းကြေမွသွားအောင် ဆုပ်ဆွဲကိုင်လှုပ်ယမ်းလိုက်ပါပြီကော။

ဈေးမင်း မျက်လုံးစုံမှိတ်ကာ ထိုင်ခုံကို နောက်လှန်လိုက်ပြီး ငြိမ်သက်နေလိုက်သည်။

သို့ဆိုတော့လည်း ဘေးနားက ခရီးဖော် သာလိကာမလေးက အလိုက်တသိ ငြိမ်သက်သွားလေသည်။

သို့သော် ဈေးမင်း၏စိတ်အလျင်ကတော့ မငြိမ်သက်ပြီ၊ အတိတ်လွင်ပြင်ဆီသို့ မရောက်ချင်ဘဲ ရောက်ရှိသွားရလေတော့ပြီ။

BURMESE CLASSIC .com

လွန်ခဲ့သော(၁၀)နှစ်ဆိုသောကာလ။

ယခုလို ရထားပေါ်မှာပဲ ဖြစ်သည်။

ရုန်ကုန်မှ မန္တလေးသို့အသွား အဆန်အမြန်ရထားပေါ်မှ ဖြစ်သည်။

မန္တလေးသင်္ကြန်ကို လာခဲ့ပါဟု ခေါ်သော သူငယ်ချင်းလည်းဖြစ်၊ ညီအစ်ကိုဝမ်းကွဲလည်း တော်သော ဇော်ဦး၏ဖိတ်ခေါ်ချက်ကြောင့် အပျင်းပြေဆိုတာထက် အလွမ်းပြေ ဝေဒနာပြေစေရန် အလို့ငှာ ခရီးထွက်လိုက်ခြင်း ဖြစ်သည်။

လူသားဆိုတာလည်း ဘဝသံသရာထဲက ခရီးသည်ဟာစဉ်း

www.burmeseclassic.com

www.burmeseclassic.com

ပါပဲ၊ ဆူကြွေနိမ့်မြင့် လောကခံကို နိမ့်ချည်တစ်လှည့် မြင့်ချည်တစ်ခါ ကြုံရဆုံရမှာ လောကဇာတ်ခုံက ဓမ္မတာပေပဲမို့ စျင်မင်း ပင့်သက်ကို ရှိုက်ရင်း ရထားပေါ်သို့ တက်ခဲ့သည်။

"ဟင်. . . "

ရထားပေါ်သို့ အရောက်တွင် မိမိခုံနံပါတ် ရှိရာသို့ အကြည့်၌ သူ့မျက်လုံးအစုံ ပြူးထွက်သွားရုံမက ရင်ခုန်သံနှုန်းက မြင့်တက်သွားသည်။

သူ့ထိုင်ခုံနှင့် တွဲလျက် ခရီးသည်က သူ ဘယ်လိုမျှ မျှော်လင့်မထားသော ခရီးသည်တစ်ဦးဖြစ်နေသည်။ သိပ်လှသော မိန်းမတစ်ယောက်။

ပြီးတော့ သူ့နှလုံးသားအစုံကို သိမ်းပိုက်ယူငင်သွားသော မိန်းမတစ်ယောက်။

သူ့အတွက်တော့ ဂုဏ်ပုဒ်တွေ အမျိုးစုံ ပေးသည့်တိုင် အောင် မကုန်ခံအောင် ခံစားမှုရသ အမျိုးစုံ ပေးနိုင်စွမ်းရှိသည့် ဤမိန်းမကို ဒီတစ်သက် မတွေ့ချင်တော့ပါဘူးဟု စိတ်နာစွာ တွေးနေ ဆုံးဖြတ်နေသည့်ကြားက မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် စျင်မင်း ကြက်သေသေသွားလေသည်။

ကိုယ့်နှလုံးသား ပေါက်ကွဲမှု သံစဉ်များကြောင့် ဘာလုပ်ရမှန်းမသိ။

ရထားပေါ်ကပဲ ပြေးဆင်းရမလား၊

ထိုမိန်းမဘေးပဲ ဝင်ထိုင်ရမလား မသိအောင် တုန်လှုပ်စွာဖြင့် တွေဝေသွားသည်။

"ဟင်. . . စျင်. . . "

တပြိုင်နက်ဆိုသလို ယမင်းရုပ်အသွင် လှုနေဆဲဖြစ်သော

ဦးခိန်းမင်၏နှုတ်ခမ်းစုံက ဖူးပွင့်လာသည်။

"ဒါ စျင့်နေရာလား. . . တိုက်ဆိုင်လိုက်တာနော်"

အပြစ်မရှိသူပမာ အပြုံးနှင့် ကြိုကာ နှုတ်ဆက်စကား ဆိုနေသေးသည်။

အင်းလေ. . . ဒင်းမှာ အပြစ်မရှိပါဘူး။

မိသားစုအတွက် နှလုံးသားကို စတေးခံလိုက်ခဲ့ပါသည် ဆိုသော ဒင်းမှာ အပြစ်မရှိပါဘူးလေ။

စျင်မင်း ခွင့်လွှတ်စိတ်ကလေး မွေးမြူလိုက်သည်နှင့် ရင်ထဲ အေးချမ်းသွားသည်။

"မှီတစ်ယောက်ထဲလား၊ ဘယ်သွားမလို့လဲ"

"ပြင်ဦးလွင်ကိုပါ. . . စျင်ကော"

"ပြင်ဦးလွင်ကိုပဲ"

ဘာကြောင့်မှန်းမသိ၊ ဦးတည်ရာခရီးက ပျောက်သွားသည်။ ပြောင်းလွဲသွားသည်။ မို့နောက်သို့ လိုက်ချင်သွားသည်။

ဒီတစ်ခေါက် သင်္ဘောကအပြန် သူ့ဆီသို့ သူငယ်ချင်းတွေ သတစ်ဆင့် ကြားလိုက်ရသော သတင်းဆိုးက. . .

"ခါတော်မီရဲ့ယောကျ်ား ဆုံးသွားပြီတဲ့၊ သတင်းစာထဲ ရောပါလို့ သွားတွေ့တော့ ခါတော်မီဟာ သနားစရာပဲ၊ သောကျ်ားတွေဘက်က အမျိုးတွေရဲ့ငြိုငြင်မှုကို ခံနေရရှာတယ်"

"ဘာကြောင့် သေသွားတာလဲ"

"အရက်အလွန်အကျွံသောက်ပြီး Air con နဲ့ အအေးခံပြီး အိပ်လိုက်တာကြောင့် ထင်တယ်၊ မိုးလင်းတော့ အသက်မရှိတော့ဘူးတဲ့၊ ဦးနှောက်သွေးကြောပြတ်တာတဲ့လေ၊ ဖြစ်ချင်တော့ အဲဒီအချိန်က ခါတော်မီက သူ့အမေ နေမကောင်းလို့ ဆေးရုံမှာ

www.burmeseclassic.com

www.burmeseclassic.com

သွားစောင့်အိပ်နေတဲ့နေ့နဲ့ တိုက်ဆိုင်သွားတယ်၊ ဒါကို ခါတော်မီ
ကြောင့် သေသွားတာလို့ ယောကျ်ားဘက်က စွပ်စွဲကြတယ်လေ"

"ဖြစ်ရလေ မှီရယ်" ဟု သူ့ရင်ထဲ ကြေကွဲစွာ ခံစားခဲ့ရ
သေးသည်။ သို့သော် မှီဆီသို့ သူ သွားတွေ့နိုင်သောသတ္တိ မရှိ
သဖြင့် သူ သွားမတွေ့ခဲ့ပါချေ။

ယခုတော့ တိုက်တိုက်ဆိုင်ဆိုင် ကံကြမ္မာက တကျော့ပြန်
မျက်နှာသာ ပေးလိုက်သည်ထင့်။ ခါတော်မီကို သူ ဆုံတွေ့ခွင့်
ရလိုက်သည်။

စျင်မင်း ခရီးဆောင်အိတ်ကို အိပ်စင်ပေါ်သို့ တင်လိုက်
ပြီးနောက် မှီ့နံဘေး နေရာလွတ်၌ ဝင်ထိုင်လိုက်သည်။

"ကိုယ်မေးတာ မဖြေသေးဘူးနော်၊ မှီတစ်ယောက်တည်း
လားလို့"

"ဟုတ်ပါတယ်. . . မှီတစ်ယောက်တည်းပါ"

"မှီ့အမေကော"

မှီနှင့်သူ၏ဘဝကို ခြားနားသွားအောင် အဓိက လုပ်
လိုက်သော အဓိက တရားခံ မှီ့အမေကို သူ သတိရစွာနှင့် မေ
လိုက်မိသည်။

"မေမေဆုံးသွားတာ ငါးလကျော်သွားပါပြီ"

"ဟင်. . . ဟုတ်လား၊ ကိုယ်မသိလိုက်ဘူး၊ ကိုယ်သိလိုက်
တာက မှီ့ခင်ပွန်း ဆုံးသွားတာပဲ"

"ရှေ့ဆင့်နောက်ဆင့်ပါ. . . သူဆုံးပြီး တစ်လနဲ့ ရက်လေး
စွန်းရုံမှာပဲ မေမေဆုံးသွားပါတယ် စျင်"

ဝဲ့ဝဲလာသော မျက်ရည်များကို ခေါင်းမော်ကာ မျက်
တောင်ခတ် သိမ်းဆည်းလိုက်သော မှီ့၏ဝမ်းနည်းမှုကို သူ မကြည့်

ရက်၊ နှစ်သိမ့်ပေးချင်ပါသည်။

"လူ့ဘဝဆိုတာ ဒီလိုပါပဲ စျင်ရယ်၊ ကိုယ့်ကိုယ်ကိုတောင်
မပိုင်တဲ့ဘဝမှာ မေမေတို့ သူတို့ကို မှီ ဘယ်လိုလုပ် တားဆီးနိုင်မှာ
တဲ့လဲ၊ ဒါထက် ဒါတွေ ထားပါတော့၊ စျင်ကကော ခုချိန်ထိ
တစ်ယောက်တည်းလား၊ လက်တွဲဖော် မပါဘူးလား"

"မှီက ဘယ်လိုထင်လို့လဲ"

"မှီ့ဘဝက အိမ်ထောင်မှုဆိုတဲ့ အကျဉ်းထောင်တစ်ခုထဲ
ကျရောက်သွားပြီးတဲ့နောက် စျင်သတင်းကိုပါ ကြားသိခွင့်မှ မရခဲ့
ဘာ၊ စျင် ဘယ်လိုနေတယ် ဘာဖြစ်တယ်ဆိုတာမှ မသိဘဲ"

စျင်မင်းရင်ထဲ အနှောင်အဖွဲ့တစ်ခုမှ လွတ်မြောက်လာပုံ
ရသည့် မှီ့ကို ကြည့်ပြီး စိတ်ထဲ၌ လွတ်လပ်ပေါ့ပါးလာသည်။

ခံစားခဲ့ရသော ကြေကွဲမှု ဝေဒနာ အဆောက်အဦးက
သည်း တစ်စစီ ပြိုကွဲစ ပြုနေလေပြီမို့ လွတ်လပ်ပေါ့ပါးစွာ ရယ်
လိုက်ပြီး. . .

"ဟင်း. . . ဟင်း. . မှီမသိတာပဲ ကောင်းတယ်"

"ဘာဖြစ်လို့လဲ"

"စျင်သတင်းဆိုး မကြားသိရတော့ဘူးပေါ့"

"စျင်က ဆိုးခဲ့လို့လား"

"ဆိုပါတော့"

"ဘယ်လိုဆိုးတာလဲ"

အချစ်ဆိုတာ ဝေဒနာကို ကုစားဖို့ သူငယ်ချင်းတွေက
ကြိုက်တွန်းသည့်အတိုင်း ယမကာရည်ထဲ အသည်းကို စိမ်ကြည့်
သည်။ သို့သော် ဝေဒနာက မပျောက်ကင်းပါချေ။ မည်သို့ဆို စေ
ဘာမှ အရက်နှင့် မိတ်ဆွေဖွဲ့ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နည်း ရှိသေးသည်။

မိန်းမချောကြောင့် ချစ်သူ၏ရက်ရက်စက်စက် စွန့်ပစ်မှုကြောင့် မိန်းမဆို စိတ်နာသည်။ ထို့ကြောင့် မိန်းမချောလေးများကို ချစ်သူလုပ်တမ်း ကစားကြည့်သည်။ တွဲကြည့်သည်။ ရင်ထဲမပျော်လျှင်ဖြစ်စေ၊ မိန်းမချောဘက်က Form (စည်းကျော်)ချင်လာလျှင်ဖြစ်စေ သူ ဖြတ်တောက်ပစ်သည်။ ဒီလိုနည်းနှင့် ကုစားကြည့်တော့လည်း ဝေဒနာက အနည်းငယ်တော့ သက်သာသွားသား၊ သို့သော် ဒဏ်ရာက အကင်းမသေပါချေ။

ချစ်ဦးသူကို လွမ်းဆွတ်တသသော ဝေဒနာက ဘယ်အရာနှင့်မှ အစားထိုးမရနိုင်။

နာကျည်းတာက နာကျည်းတာပဲ၊ လွမ်းတာက လွမ်းတာပဲ၊ တစ်ခြားစီ တစ်ကန့်စီ ရှိနေသော နားလည်ရခက်သည့် နှလုံးသား ဝေဒနာပင် ဖြစ်သည်။

"ဟင်လို့ဆို"

"ဖြည်းဖြည်းပေါ့ မိုရယ်၊ မိုနဲ့ကိုယ် ဒီခရီးကြီးတစ်ခုလုံး အတူသွားရမှာပဲ၊ စကားတွေ အများကြီး ပြောပြဖို့ အချိန်တွေကျန်ပါသေးတယ်"

ထိုစဉ် ရထားက စတင်၍ ရန်ကုန်ဘူတာကြီးကို နှုတ်ဆက်ထွက်ခွာလာလေသည်။

"မို့. . . ပြတင်းပေါက် ပိတ်မှ. . . တော်ကြာ"

သူက ထိုင်ရာမှ ထပြီး ပြတင်းပေါက် ပိတ်ရန် ဟန်အပြင်. . .

"ခွပ်. . . "

"အား. . . "

သူ့နှုဖူး ထူပူသွားသည်။

ဘာဖြစ်မှန်းပင် ရုတ်တရက် မသိလိုက်။

ရှေ့ပြတင်းပေါက်မှ ဝင်လာသော ခဲလုံးတစ်လုံးက သူ့နှုဖူးပြင်သို့ လာရောက်ထိမှန်ခြင်း ဖြစ်သည်။

ဩော်. . . ဆိုးလိုက်သည့် ကံကြမ္မာက။ သူ့နှုဖူးကိုမှ ဘာညာတည့်မှန်ရတယ်လို့။

"ဟင်. . . ဈင်. . . သွေးတွေ. . သွေးတွေ၊ ထိုင်. . ထိုင်၊ မို့ဘာသာ ပိတ်လိုက်မယ်"

ဒီလောက်တောင် သက်ဆိုင်ရာက ရထားကို ခဲနှင့်ပေါက်သည့်ကိစ္စကို ပြင်းပြင်းထန်ထန် အရေးယူထားယူပါလျက် သကြိန်နီးတော့ ရေပက်သလိုလို ဘာလိုလိုနဲ့ အခွင့်ကောင်းယူပြီး ပါလာသော ခဲလုံးတစ်လုံးက သူ့နှုဖူးမှ တည့်တည့်ထိမှန်ရတယ်လို့။ နှင်းဆီကုန်းနှင့် သက်နိုးကျွန်းဘူတာကြား ဖြစ်ခဲ့ခြင်းဖြစ်သည်။

"ဈင် ထိုင်. . ထိုင်. . မို့လုပ်ပေးမယ်"

သံသရာတစ်ကွေ့ ပြန်လည်ဆုံတွေ့မှုက ဖူးစာရေးနတ်မင်း တရေးနိုးပြီး သူတို့ကို သနားခြင်း ပုဒ်မဖြင့် ဒုတိယအကြိမ်ရှင်းနှိုးခွင့်ကို တမင် ဖန်ဆင်းပေးခြင်းပေရော့လား ဟူ၍ပင် ဈင်မင်း ထင်မြင်မိလေတော့သည်။

အဘယ်ကြောင့်ဆိုသော် မို့၏ယုယကြင်နာမှုကို သူ ခံရိုလိုက်ရလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၃)

"မို့မှာ ဆေးပစ္စည်းနဲ့ ပတ်သက်ပြီး အစုံပါပါတယ်၊ ဆေးပလာစတာကောပေါ့၊ ငြိမ်ငြိမ်လေး နေပေးပါ ချင်"

ပြောပြောဆိုဆို ကြမ်းပြင်၌ ချထားသော ပလတ်စတစ်ခြင်းတောင်းထဲမှ ပလတ်စတစ်ဗူးတစ်ခုကို ထုတ်ယူလိုက်သည်။ မို့ကိုသာ သူ မှင်သက်လျက် ငေးကြည့်နေမိသည်။ ခွဲခွာပြီး (၅)နှစ်တာဟူသောကာလ၌ မို့ ဘာမှ မပြောင်းလဲပါဘူး၊ အဖျိုစင်လေးကဲ့သို့ပင် နုနယ်ပျိုမြစ်လှပနေဆဲဖြစ်သည်။

အရက်ပြန်နှင့် စိမ်ထားသော ဂွမ်းစလေးကို ပုလင်းတစ်ခုထဲက ထုတ်ယူပြီး ကတ်ကြေးသေးသေးလေးနှင့် အသာညှပ်

ထား သူ့နဖူးက ဒဏ်ရာကို ပထမ သန့်စင်လိုက်သည်။

"အား. . . "

အသည်းမငယ်ချင်ပါဘဲလျက် အသည်းငယ်ချင်ဟန် ဆောင်လိုက်သည်။

"ကျွတ်. . . ကျွတ်. . . ခဏလေးပါ၊ ဖုန်တွေဘာတွေ ကပ်ပါလာရင် ပိုးသေသွားအောင်ပါ. . . စပ်လားဟင်"

"ဖူး. . . ဖူး"

အသာလေး မှုတ်ထုတ်ပေးသည်။

"ဒီအကြောင်နာလေးနဲ့တင် သေပျော်ပါပြီ မို့ရယ်"

ဟု ရင်ထဲကသာ ညည်းတွားလိုက်သည်။

သနပ်ခါးရန့်နှင့် စပယ်ရန့်တို့ ဖုံးအုပ်ထားမှုအောက်က ထိုးထွက်လာသော မို့.ကိုယ်သင်းရန့်က သူ၏ချစ်စိတ်တို့ကို နှိုးဆွပေးနေသည်။

မို့မှာ အမည်ဆိုးကြီးတစ်ခု ကပ်ကျန်ရစ်ခဲ့သည်။ 'မုဆိုးမ' တဲ့။

"မုဆိုးမ" ပဲဖြစ်ဖြစ်၊ "တစ်ခုလပ်" ပဲဖြစ်ဖြစ် မို့သည် လွတ်လပ်သူ ဖြစ်သွားပြီမို့ သူ့ချစ်စိတ်တို့ နိုးကြားစွာ လွတ်လပ်ပိုင်ခွင့် ရှိပြီပဲ။

မို့က ပလာစတာလေး ကပ်ပေးသည်။

"သိပ်မနက်ပါဘူး ဈင်၊ နွေနေရှိန်ကြောင့် သွေးထွက်သွားတာပါ၊ ကောင်ပုဏ္ဏားလို အနာရွတ် ကျန်လောက်အောင် မဖြစ်ပါဘူး"

မို့က သူ့ဘက်သို့ ညွတ်ကိုင်းထားသော ခန္ဓာကိုယ်ကို ပြန်မတ်လိုက်စဉ် သူက မို့.လက်ကလေးကို အမှတ်မထင် ရုတ်

www.burmeseclassic.com

www.burmeseclassic.com

ချည်း လှမ်းဆုပ်ကိုင်ထားလိုက်မိသည်။ ရင်ထဲ လွမ်းမောခဲ့ရသမျှ နာကျင်ခဲ့ရသမျှတို့ကို အတိုးချကာ ရင်ပွင့်ထွက်သံလေးနှင့် ခေါ်လိုက်ခြင်းလား၊ ညည်းတွားလိုက်ခြင်းလားမသိ၊ ပြုမူမိလိုက်သည်။

"မို့ရယ်"

"အို့. . . "

မို့က လူတွေ မြင်မှာကို ရှက်ရွံ့ဟန်တူသည်။ မြင်စရာ မရှိပါ၊ ခုံအသီးသီးက မျက်နှာတစ်ဖက်သို့သာ လှည့်ထားသောခုံများဖြစ်သည်။ ဘေးချင်းခုံသာ သူတို့ကို ဂရုစိုက်ကြည့်နေလျှင် မြင်ရမည်ပေါ့။ ဘေးချင်းကလည်း အသက်ကြီးကြီး လင်မယားဖြစ်ဟန်တူသည်။ မိန်းမဖြစ်သူက စိတ်ပုတီး စိပ်နေပြီး ယောကျ်ားဖြစ်သူက အားကစားဂျယ်နယ်တစ်စောင်ကို သည်းကြီးမဲကြီး ဖတ်နေသည်။

အစကတော့ ခဲမှန်သွားသော သူ့အား စိုးရိမ်စွာ သတင်းလှမ်းမေးကြသေးသည်။ နောက်တော့ သူ့အတွက် စပါယ် ရှယ်နှာစ် ပါလာမှန်း သိသွားတော့ မမေးကြတော့။

"စျင် ရင်တွေ သိပ်ခုန်နေပြီ မို့"

မို့လက်ကလေးကို သူ့ဘယ်ဘက်ရင်အုံ၌ ကပ်ပေးလိုက်သည်။

တဒုတ်ဒုတ် ခုန်နေသော သူ့ရင်အုံက မို့၏လက်ဖဝါးနုနုလေးကို သွားတိုးလေသည်ထင့်။ မို့ထံမှ ချစ်စနိုး မျက်စောင်းဆုလေး ရလိုက်ပြီး. . .

"ကိုကိုပို့. . . "

"မောင်ပါ"

သူတို့နှစ်ဦးကြား နောက်ဆုံးခွဲခွာချိန်အထိ ရှိခဲ့သော

ချစ်သူသကေ်တလေးကို သူ တမ်းတမ်းတတ တောင်းဆိုလိုက်သည်။

"စျင်" ဆိုတာ သူငယ်ချင်းဘဝတုန်းက အခေါ်အဝေါ်ပဲ၊ သူ သူငယ်ချင်းဘဝကို ပြန်မလိုချင်တော့ပါ၊ ရနိုင်ခွင့်ရှိလာသည့် "မောင်" ကိုပဲ ပြန်လိုချင်ပါသည်။

မို့က ပင့်သက်လေး ချကာ လက်ကို ရုန်းလိုက်သည်။

"မို့ ဆေးဗူးပြန်သိမ်းရဦးမယ်"

"ဘယ်အချိန်သိမ်းသိမ်း ရုပါတယ် မို့၊ ဆေးဘူးက ထွက်မပြေးပါဘူး၊ မောင်နဲ့မို့အတွက်က အချိန်တွေဟာ စက္ကန့်နဲ့အမျှ အရေးကြီးပါတယ် မို့"

"မောင်ရယ်. . . မောင်တဲ့လား၊ ဒီလိုသုံးစွဲဖို့ မို့အတွက် ထိုက်တန်သေးရဲ့လား၊ မို့ ကိုယ့်လိပ်ပြာကိုယ် မလုံဘူး၊ စျင် မို့ကို စိတ်နာသင့်ပါလျက်ကယ်နဲ့ ခွင့်လွှတ်လေလေ မို့ရင်မှာ ပိုပိုပြီးနာကျင်ရလေပါဝဲ စျင်"

"အတိတ်ကို ပြန်မပြောကြေးမို့၊ မို့ အခု ပြင်ဦးလွင်ကို ဘာကိစ္စ သွားမှာလဲ၊ အလည်သက်သက်လား၊ အပန်းဖြေခရီးလား၊ တစ်ယောက်တည်းလား၊ အဖော်မပါဘူးလား"

သူ သိလိုစိတ်ကို ဒလစပ်ပင် မေးချလိုက်သည်။ မို့ အနေမခက်စေဖို့တော့ မို့လက်ကလေးကို လွှတ်ပေးလိုက်သည်။

မို့က ဆေးဗူးလေးကို ခြင်းတောင်းထဲ ပြန်ထည့်ပြီးမှ ခန္ဓာကိုယ်ကို သက်တောင့်သက်သာ အနေအထားလေးနှင့် နောက်သို့ မို့ချလိုက်ပြီး သူ့အား ငဲ့စောင်းကြည့်သည်။

မျက်လုံးချင်း ဆုံမိကြသည်။

မျက်လုံးက နှလုံးသား၏ပြတင်းပေါက်တွေပဲ၊ ညာ၍မရ။

www.burmeseclassic.com

www.burmeseclassic.com

မို့နှလုံးသားကို သူ ဖောက်ထွင်းမြင်လိုက်သည်။

နှလုံးသားက ငိုနေသော သူ့မျက်ဝန်း၏အကြည့်က တသသ လွမ်းနေစေသည့် အသွင်သဏ္ဌာန်က ထင်းနေသည်။

ပြီးသူ မို့မှာ မျက်ရည်စတွေ စွန်းထင်းနေသည်။

"မို့ကို စိတ်မနာဘူးလားဟင်"

"နာချင်ပါတယ်. . . ဘယ်လိုမှ စိတ်နာလို့ မရဘူး။ ကိုယ့် ဘဝကိုယ်ပဲ နာကျည်းမိလို့ ဘဝကို ရွှက်လွှင့်ပစ်ခဲ့တာ၊ ထားပါတော့လေ. . . မောင်မေးတာ ဖြေလေ၊ ပြင်ဦးလွင်ကို အလည် သက်သက်ပဲလား"

"မဟုတ်ပါဘူး မောင်. . . အလုပ်ကိစ္စပါ"

"အလုပ်ကိစ္စ"

သူ သံယောင်လိုက်လိုက်မိသည်။ နောက် ရင်ထဲ၌ နာကျင်မှုအထုံးက မပြေသေးဘဲ. . .

"သူဌေးကတော်က အလုပ်လုပ်ဖို့ လိုသေးလို့လား"

"မခနဲ့ပါနဲ့ ဈင်ရယ်၊ ဈင်ရဲ့ခနဲ့သံက မို့နှလုံးသားကို ဓားသွားထက်ထက်နဲ့ မွှန်းလိုက်သလိုပါပဲ"

"ဆောရီး မို့၊ မောင်ကလည်း သိပ်ကို ခံပြင်းပြီး နာနာကျင်ကျင် ခံစားခဲ့ရတာကိုး"

မို့ မျက်ဝန်းရိပ်သို့ ကြေကွဲပွင့်တို့က တွဲလွဲခိုလိုက်သော်လည်း မို့က ကျဆင်းခွင့် မပေးပါချေ။ မျက်တောင် ပုတ်ခတ် သိမ်းဆည်းပစ်လိုက်လေသည်။

"မို့. . ."

မို့ မျက်ရည်တစ်စက်ဟာ သူ့နှလုံးသားကို ဖောက်ခွဲပစ်မည့် အကဲမြှုတ်စစ်သဖွယ် သူ တုန်လှုပ်သွားစေသည်။

မို့ကို ဒီလောက်အထိအောင် သူ ချစ်ရသလား။

"မငိုလိုက်ပါနဲ့ မို့၊ မောင် ဘာမှ မပြောတော့ပါဘူး၊ ဒါပေမယ့် မို့ သိပ်ခံစားနေရတယ်လို့ မောင်ထင်တယ်၊ ဒါကြောင့် မို့ရင်ထဲက ဝေဒနာကို မောင်မျှဝေယူလိုက်ချင်တယ်၊ ဒီလိုဆို မို့ရင်ထဲ ဝေဒနာတွေ အကုန်လုံး မဟုတ်တာတောင် တစ်စိတ် တစ်ပိုင်းလောက် လျော့သွားရင် မောင်ကျေနပ်ပါပြီ၊ ဒါကြောင့် မောင့်ကို မို့အကြောင်း ပြောပြပါလားကွာ. . နော် မို့"

သူ မို့ခေါင်းလေးကို သူ့ပခုံးထက်သို့ တိမ်းစေကာ မို့လိုက် စေသည်။ ပြီးတော့ မို့ ဘယ်လက်ကလေးကို ဆုပ်နယ်ရင်း. . .

"မောင် မို့ကို အစားထိုးလို့မရတဲ့ ချစ်ခြင်းနဲ့ ချစ်နေဆဲပါ မို့ရယ်"

"မောင်ရယ်"

မို့၏နှလုံးသားအက်ကြောင်းထဲမှ "မောင်. . ." ဟူသော အချစ်သင်္ကေတလေး ပြန်ဖူးပွင့်လာသဖြင့် သူ ဝမ်းသာသွားသည်။

"မို့အကြောင်းကို ပြောရင် မာမို့အကြောင်း ပါလာမယ်၊ သေဆုံးသွားပြီဖြစ်တဲ့ မာမို့အကြောင်း မို့မပြောချင်တော့ဘူး၊ ဒါကြောင့် မောင် သိထားသလို မာမို့ကို မလွန်ဆန်နိုင်ဘူး၊ မာမီနဲ့ မောင်လေးအတွက် မာမီသဘောတူတဲ့ ကိုဝေလွင်နဲ့ မို့ လက်ထပ် ခဲ့ရတယ်၊ ဒီလိုပဲ မောင် သိထားတယ်မှတ်လား"

"အင်း၊ . . ဆိုပါတော့"

အမှန်တော့ သူ ဒီထက် ပိုသိပါသေးသည်။ ခါတော်မို့၏ မိခင် ဒေါ်တင်တင်ကြီးက ဆိုရှယ်ကျသည်။ မင်းကတော်ဟူသော ဝုဏ်ပုဒ်နှင့်အညီ ပါတီပွဲ နွဲသလို ပိုကာဝိုင်းလည်း အလစ်မပေးတတ်၊ မမျှော်လင့်ဘဲ မုဆိုးမဘဝ ရောက်သွားတော့လည်း ခင်ပွန်း

www.burmeseclassic.com

www.burmeseclassic.com

ပိုင်သမျှတို့ကို အပေါင်ထားကာ ကစားမဟုက်ခဲ့။ နောက်ဆုံး ကိုဝေလွင်မိခင် ဒေါ်ဂရေစ်ကလည်း သူ့သားကို ဘယ်လိုနည်းနှင့်မှ သဘောမတူနိုင်သော သားရည်းစား သူဆင်းရဲသူတစ်ဦးနှင့် မပေးစားချင်သောကြောင့် တစ်ချက်ခုတ် နှစ်ချက်ပြတ်စေမည့် သူငယ်ချင်း တင်တင်ကြီး၏သမီး ခါတော်မှိကို ပစ္စည်းနှင့်အတူ တစ်ခါတည်း သိမ်းလိုက်သည်။ အိမ်နှင့်ကားက သွားလေသူ ဖခင်ကြီးက ခါတော်မှိနာမည်နှင့် ထားခဲ့သည်ကိုး။

တစ်ချက်ခုတ် နှစ်ချက်ပြတ်စေရန် စီစဉ်ခဲ့သော ဒေါ်တင်တင်ကြီးနှင့် ဒေါ်ဂရေစ်တို့၏သားကောင်နှစ်ဦးဖြစ်သော ကိုဝေလွင်နှင့် ခါတော်မှိတို့မှာ ချစ်ခြင်းနှင့် လက်ထပ်ခြင်း မဟုတ်ကြသောကြောင့် အိမ်ထောင်ရေးက မသာယာခဲ့ကြ၊ ဒီကြားထဲ သားသမီး အနှောင်အဖွဲ့ကို နှစ်ယောက်စလုံးက မလိုချင်ကြသဖြင့် သံယောဇဉ်နှောင်ကြိုးကလည်း ရှိမလာကြတော့၊ ဒီကြားထဲ ကိုဝေလွင်က ရည်းစားဟောင်းနှင့် မပြတ်ခဲ့၊ သောက်သောက်စားစားနှင့် အိမ်မကပ်၊ နောက်ဆုံး ဦးနှောက်သွေးကြောပြတ်ကာ သေဆုံးသွားသည်။

လင်သေတော့ မယားက ပစ္စည်းပိုင်ဆိုင်ခွင့် ရသည်။ မိမိ၏အိမ်နှင့်ကားမှအပ ကျန်ကိုဝေလွင့်အမည်ပေါက် ပစ္စည်းများကိုတော့ အချို့ကို လှူစရာရှိတာ လှူဒါန်းပြီး အချို့ကိုတော့ ဒေါ်ဂရေစ်ကို ပြန်လွှဲပြောင်းပေးလိုက်သည်။

ဒီတော့မှ ဒေါ်ဂရေစ်နှင့် သားသမီးများ၏ သူ့အပေါ် စွဲချက်တင်သော ပါးစပ်ပေါက်များ ပိတ်သွားခဲ့သည်။

ခါတော်မှိမိခင် ဒေါ်တင်တင်ကြီးလည်း အသည်းခြောက်ရောဂါနှင့် ဆုံးပါးသွားခဲ့သည်။

ခါတော်မှိ၏ တစ်ဦးတည်းသော မောင်ကလည်း ရေကြောင်းသိပ္ပံက ဆင်းပြီး ပြည်ပသင်္ဘောခရီးစဉ်သို့ လိုက်ပါနေလေသည်။

သူ့ဘဝကို တစ်မျိုးတစ်ဖုံ ပြောင်းစေသည့် ဝေဒနာ ပြွန်းရသည့် ရန်ကုန်မြေ၌ မနေချင်တော့၊ ထို့ကြောင့် ပြင်ဦးလွင်ရှိ သူငယ်ချင်း ဆရာမနှင့် အချိတ်အဆက်လုပ်ပြီး ထွက်လာခဲ့လေသည်။

"ဖြစ်ရလေ မှီရယ်"

မှီ့ဇာတ်ကြောင်းများက မလှပခဲ့ချေ။

"အားမငယ်နဲ့တော့. . . မောင်ရှိနေပြီပဲ၊ မှီ့လက်ကို မောင် ထာဝရ လက်တွဲခေါ်သွားမယ်"

အတိတ်ကို ပြည်ဖုံးကား ချလိုက်လေပြီ၊ မှီနဲ့သူ့ကို အနူလက်နဲ့ ရွှေခွက်နှီကိုချင်ရသလား၊ မင်းနဲ့ ငါ့ဒီမီး တူသလား၊ တန်သလား၊ ကိုယ့်ဘဝကို ကိုယ်သိမှပေါ့ဟု မင်္ဂလာဒုံမြို့နယ်ရှိ ခြံသမား၏သား မင်္ဂလာဒုံဈေး၌ ဈေးရောင်းသူ၏သား သူ့ကို ပြောခဲ့သော ဖျစ်ဖျစ်နှစ်နှစ် စကားများကို သူ မေ့ပစ်လိုက်သည်။ ဒေါ်တင်တင်ကြီးလဲ ဆုံးပါးသွားပြီပဲလေ၊ အာယာတတရားက ချစ်ခြင်းကို မကျော်လွှားနိုင်ပါ။

"မှီ. . . လိပ်ပြာမလုံဘူး မောင်၊ မောင့်ကို ထားခဲ့ပြီးမှ၊ ပြီးတော့ မှီက အတွေ့ပန်းပါ"

"မှီ ထားချင်လို့ ထားခဲ့တာမှ မဟုတ်ပဲလေ၊ ဘဝပေးအခြေအနေအရ သမီးအလိမ္မာအဖြစ် မိဘကျေးဇူး ဆပ်လိုက်တာပဲ၊ မောင် မှီ့ကို နားလည်ခွင့်လွှတ်ပေးနိုင်ပါတယ်၊ အားငယ်စရာတွေ မပြောပါနဲ့ မှီ၊ အချစ်စစ်ဆိုတာ ညှိုးနွမ်းခြင်း ကြွေမွ

www.burmeseclassic.com

www.burmeseclassic.com

ပျက်သုဉ်းခြင်း မရှိပါဘူး၊ ထာဝရ ပွင့်လန်းလျက်ပါပဲ"

"မောင်ရယ်"

မို့က ဝမ်းနည်းကြေကွဲသံလေး စွက်လျက် ညည်းတွားလိုက်သည်။

"ဒီတစ်ခါတော့ မောင် မို့ကို လက်လွတ် အဆုံးရှုံး မခံနိုင်တော့ဘူး၊ မို့ မောင့်ကို လက်ထပ်ခွင့် ပေးပါ"

ခါတော်မီ မျက်ရည်များ သိုင်းဖွဲ့လာသည်။ ခင်ပွန်းဆုံးလို့ (၆)လပင် ရှိသေးသည်။ နောက်ထပ်အိမ်ထောင်ပြုဖို့ ဆုံးဖြတ်ချက် တစ်ခုကို လွယ်လွယ်ကူကူ ချ၍ ဖြစ်နိုင်မလား၊ ခါတော်မီ စဉ်းစား ရပြီ။

"မို့ အလုပ်မလုပ်နဲ့တော့၊ မောင် လုပ်ကျွေးမယ်၊ မောင် မနားတမ်း သတ်ာဆက်တိုက် လိုက်ခဲ့လို့ တော်တော်လေးကို စုဆောင်းမိပါပြီ၊ မို့ကို ရွှေနန်းတော်မှာ ထားနိုင်ပါပြီ"

"မောင့်မိဘတွေကော"

"ရှိပါတယ်. . . နှစ်ပါးစလုံး ကျန်းကျန်းမာမာပဲ၊ မောင့် မမကြီးက ခုထက်ထိ အိမ်ထောင်မပြုသေးဘူး၊ ကုန်စုံဆိုင်ကြီးနဲ့ ကြီးပွားချမ်းသာနေပါပြီ၊ မောင်ရှာသမျှကိုလဲ မောင့်အတွက်ပဲ စုဆောင်းထားပေးကြတယ်လေ"

ဘဝဆိုတာ ငါးငုံတစ်လှည့် ငါးပြန်တစ်လှည့်ဆိုတာကို ခါတော်မီ ကောင်းစွာနားလည်လိုက်လေပြီ။

"ခုလည်း ပြင်ဦးလွင်မှာ နွေခိုအိမ်တစ်လုံးလောက် ဝယ်မလားလို့ လာကြည့်တာလေ၊ မောင်က သတ်ာမလိုက်တော့ရင် စိုက်ပျိုးမွေးမြူရေးနဲ့ပဲ အေးချမ်းစွာ နေမလားလို့ စိတ်ကူးပြီး ခုထဲက မြေဝယ်ထားမလို့ လာကြည့်တာ၊ ခုတော့ မောင် ရည်ရွယ်

ခုက် ပြောင်းသွားပြီ"

ခါတော်မီ သူ့ပခုံးလေးထက်မှ ခေါင်းလေးကို ပြန်မတ်ပြီး သူ့မျက်နှာကို ငဲ့စောင်းကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲ မောင်"

"ဩော်. . . မို့ကို မောင့်ဘဝ ပုံအပ်လိုက်တာမို့ မို့ ဘာဖြစ်ချင်သလဲ၊ မို့ဆန္ဒကို မောင် ဦးစားပေးတော့မယ်လေ"

ခါတော်မီရင်ထဲ နင့်ကနဲ ခံစားလိုက်ရသည်။ ချစ်ဦးသူ၏ အကြင်နာမေတ္တာ စေတနာများက သူ့နှလုံးသားနုနုကို ပို၍ နာကျင်ခံစားနေရလေပြီကော။

"မောင်ရယ်. . . အချစ်ရဲ့ချို့မြိန်ခြင်းဟာ မို့ဘဝအတွက် အားအင်တစ်ခုလို ဖြစ်ခဲ့ပေမယ့် အိမ်ထောင်ရေးဆိုတဲ့နွဲ့ရဲ့ခါးသီးမှုကို ခံခဲ့ရတော့ နောက်ထပ်အိမ်ထောင်ပြုရမှာကို ခဲမှန်ဖူးတဲ့ စာသူငယ်လို မို့ ကြောက်လန့်နေပါပြီ၊ မို့ကို စဉ်းစားခွင့် အချိန်လေးတော့ ပေးပေးပါနော် မောင်၊ ကဲ. . . မောင် ကော်ဖီသောက်မလားဟင်"

"မှာလိုက်မလို့လား"

"ဟင့်အင်း. . . မို့ ဓါတ်ဘူးထဲ ကော်ဖီဖျော်ထည့်လာခဲ့တယ်"

မို့က လမ်းကြောင်းတမင်လွှဲလိုက်မှန်း ဈင်မင်းကောင်းစွာ ရိပ်မိပါသည်။ မို့ စိတ်ချမ်းသာစေချင်တာ သူ့စေတနာမို့. . .

"ကောင်းပြီ. . . သောက်တာပေါ့ မို့"

ဟု ဆိုကာ ဆိုဖာလက်တန်းထဲမှ ခေါက်စားပွဲသေးလေးများကို ထုတ်ကာ ပေးလိုက်သည်။

မို့ဘာပဲပြောပြော သူ မို့ကို အမြန်ဆုံး လက်ထပ်ယူရန်

www.burmeseclassic.com

www.burmeseclassic.com

ကြိုးပမ်းရမည်။

အချိန်နှင့် ဒီရေသည် လူကိုမစောင့် ဆိုသကဲ့သို့ မိုနှင့် သူ့အကြား၌ အချိန်အနည်းငယ်အတွင်း အပြောင်းအလွဲတစ်ခု ထပ်မံဖြစ်ပွား ပြောင်းလွဲသွားမှာကို သူ လုံးဝ လက်မခံနိုင်ပါ။

ထို့ကြောင့် မင်းကုသထုံး နှလုံးမူကာ မို့ကို လက်ထပ်ဖို့ အရေး အမြန်ဆုံး ကြိုးစားတော့မည်ဟု ဆုံးဖြတ်ချက်ကို ပိုင်ပိုင် နိုင်နိုင်ကြီး ချလိုက်လေတော့သည်။



အခန်း(၄)

မို့က သူ့ပခုံးကိုမို့၊ သူ့ခေါင်းက မို့ခေါင်းကို မို့ပြီး ညဉ့်ဦးယံ သုံးယံအနက် နောက်ဆုံး ညဉ့်ဦးယံတစ်ယံသာ အိပ်မောကျသွားခဲ့ကြသည်။

သူ နိုးလာတော့မှ ဘယ်အချိန်ကတည်းက နိုးနေမှန်းမသိ၊ ခိုက်...

"နိုးပြီလား မောင်၊ မောင့်ခေါင်း ဖယ်ပေး၊ မို့ ထတော့မယ်"

"အား..."

ဇက်ပင် တစ်ခြမ်းစောင်းသွားလေပြီထင့်။ ဇက်ကို ဘယ်

www.burmeseclassic.com

www.burmeseclassic.com

ညာမေးဆတ်ကာ ချိုးလိုက်သည်။ တဂွတ်ဂွတ် မြည်သွားခဲ့
နေသာထိုင်သာ ရှိသွားသည်။

"နို့းရောပေါ့ မိုရယ်၊ မိုညောင်းသွားလား၊ မောင် နှိပ်ပေးရ
မလား"

"မိုက ပြောရမှာပါ"

မိုအပြုံးတို့ကို မြင်လိုက်ရသဖြင့် သူ အိပ်ယာမှ နိုးထခဲ့
သော နံနက်ခင်းပေါင်းများစွာအနက် ဒီနေ့လောက် ကြည်နူး
ချမ်းမြေ့ဖွယ်ရာ ကျက်သရေမင်္ဂလာရှိသောနေ့မျိုး မရှိခဲ့ပါဘူး၊

"မောင်တို့ ဗေဇင်မှာ မျက်နှာသွားသစ်လိုက်ကြရအောင်"

"မောင်သွားနှင့်လေ"

"တူတူသွားမယ်. . . Toilet(အိမ်သာ)လည်း ဝင်ရအောင်
လူရှင်းနေတယ်၊ မောင် စောင့်ပေးရင်း မျက်နှာသစ်မယ်"

သူ မို့အပေါ် ကြင်နာစွာဖြင့် စောင့်ရှောက်ပေးချင်နေခဲ့
သမျှတို့ကို ယခုမှ အတိုးချ ကြင်နာနေမိသည်။

လွမ်းခဲ့ရသည့် နေ့ရက်တွေက ရရှိခဲ့သော လူ့ဘဝ
သက်တမ်းလေးတစ်ခုနှင့် မကာမိအောင် ခံစားရလွန်းသဖြင့်
လောကကို နာကျည်းနေခဲ့သည်။ ယခုတော့လည်း ချစ်သူနှင့်
ယခုလို နာရီအနည်းငယ် နေထိုင်ခွင့် ရရှိခြင်းအတွက် လောကကို
ကျေနပ်မိပြန်သည်။

လောကမှာ အဆိုးနှင့်အကောင်း ဒွန်တွဲနေတတ်ပါလား၊
အဆိုးရလျှင်လည်း ခံနိုင်ရည် ရှိရမည်ဟု သူ ကောင်းစွာသဘော
ပေါက်မိလေသည်။

မို့ကို ယခုလေ အိမ်သာဝင်လည်း တံခါးဖွင့် စောင့်ပေး
ဗေဇင်၌ မျက်နှာသစ်လည်း ရေသန့်ပူး ကိုင်ပေး၊ စလင်းဘက်ဒ်

အိတ်လွယ်ပေးနှင့် လုပ်ပေးခွင့် ရရှိခြင်းကို သူ ကျေနပ်နေမိသည်၊

ဒါ အချစ်၏မဟာစွမ်းအားများက ကြီးလွန်းလှသည်။

"မောင် မျက်နှာသစ်လေ"

"ရတယ်. . . မောင့်ဖာသာ ရတယ်၊ သွား. . . မို့ သွား
ဦးပြီး အလှပြင်တော့"

"ရပါတယ်. . . မို့ ရေသန့်ပူး ကိုင်ပေးမယ်"

"သွားပါ. . လူတွေ များလာပြီ. . သွားသွား၊ အနံ့အသက်
တွေနဲ့"

အနစ်နာခံစရာ ရှိလျှင် သူပဲ အနစ်နာခံချင်သည်။ မို့
တို့ချမ်းသာ ပျော်ရွှင်ရေးကို သူ ပေးဆပ်ခြင်းများနှင့် ဖန်တီးလို
သည်။

မို့ မျက်စောင်းနုလေး ထိုးပြီး ထိုင်ခုံနေရာသို့ ပြန်သွား
ထိုင်သည်။

ထိုအခါမှ သူ စိတ်ချလက်ချ မျက်နှာသစ်၊ အိမ်သာဝင်
သက်ဆေးခြင်းတို့ကို ပြုလုပ်ပြီးမှ ထိုင်ခုံနေရာသို့ ပြန်လာခဲ့သည်။

သနပ်ခါးရေကဲ့လေး လိမ်းပြီး ခပ်ဖျော့ဖျော့ နှုတ်ခမ်းနီကို
ဆိုးထားသည့် မို့ကို တွေ့လိုက်ရတော့ မို့ အနီးကပ် ထိုင်ချ
ထားအလှပ်အလူးကြောင့် မို့ဘက်သို့ တမင်လဲပြိုဟန်အပြု ကိုယ်
ချင်း ထိကပ်မိတော့. . .

"အို. . ."

နံသာရောင် ပါးပြင်ကလေး ရဲသွေးနီသွားသည်။

"ရထားကလည်းကွာ. . . ကျောက်ခဲ စားထားရင်တောင်
အစာကြေလောက်တယ်နော် မို့"

ဟု သူက ရယ်သွေးသွမ်းကာ ပြောလိုက်ပြီး ကိုယ်လေးကို

www.burmeseclassic.com

www.burmeseclassic.com

ပြန်မတ်ကာ ထိုင်တော့ မှိုက ဘီးကမ်းပေးသည်။

"ခေါင်းဖြီးလိုက်ဦး မောင်"

"ဖြီးပေးပါလားကွာ"

မှို ဘေးဘီကြည့်လိုက်သည်။ အထူးသဖြင့် ဘေးချင်းယ
ရက်နေရာက စုံတွဲက အိပ်မောကျနေဆဲမို့. . .

"ဒီဘက်လှည့်"

မှိုက သူ့ကို ခေါင်းဖြီးပေးလေသည်။ သူ့ရင်ထဲ လှိုက်
သွားသည်။ ချစ်သူ၏ကြင်နာယုယမှုကို ရရှိခြင်းက ဘဝကို ပြည့
သွားသလို အဓိပ္ပါယ် ရှိသွားစေကြောင်း သူ ခံစားလိုက်ရသည

"မှိုရယ်"

မှို လက်ကလေးကို မလွတ်တမ်း ဆုပ်ကိုင်ထားလို
သည်။

"မောင်ရယ်. . . ကော်ဖီနဲ့မုန့် စားရအောင် လွှတ်ပါဦ

"မှိုကျွေးတာမျှည်း မောင်စားနေရတယ်၊ အကြွေးမှ
ထားနော်၊ မောင်အကြွေးဆပ်ရင် မှိုမငြင်းရဘူး"

"မောင်နဲ့မှိုကြားမှာ ဒါတွေ ပြောဖို့ မလိုအပ်ပါဘူး

"ဒါဖြင့် ဘာလိုအပ်သလဲ"

သူက ရွှန်းရွှန်းစားစား ကြည့်ကာ မေးလိုက်သည်။ မှို
ရှက်ရောင်ဝဲ မျက်လုံးလေး မှိတ်လျက်. . .

"ဘယ်သိမှာလဲ"

"သိရမယ်လေ. . . မသိရင် မောင်ပြောမယ်၊ မှိုနဲ့မော
ကြား လိုအပ်နေတာ တူနှစ်ကိုယ် အမြဲနေသွားနိုင်တဲ့ အချ
တည်ဆောက်သွားမယ့် ဘဝတစ်ခုပဲ"

မှို့မျက်နှာလေး အရောင်ပြောင်းသွားသည်။

ဝမ်းသာဝမ်းနည်း မျက်ဝန်းလေးနှင့် သူ့အား ကြည့်ပြီး

"ခုချိန်မှာ မှို့ဘက်က ဘာမှ ပြောစရာစကား မရှိသလို
အားလည်း မရှိတော့ပါဘူး မောင်"

ဟု အားလျော့စွာ ပြောပြီး တောင်းလေးထဲမှ ဓါတ်ဗူးနှင့်
ဗူးကို ထုတ်ယူလိုက်သည်။

သူက ဝိုင်းကူလုပ်ပေးရင်း. . .

"မှို့ရဲ့ခုလိုအပြုအစုမျိုး မောင် ခံယူချင်ပြီ၊ မောင်တို့
တ်ထပ်ရအောင်လား မှို"

ဓါတ်ဗူးထဲမှ ကော်ဖီကို ငဲ့ပေးနေသော မှို့လက် တုန်
းသဖြင့် ကော်ဖီခွက်ကို ကိုင်ကာ ခံယူနေသော သူ့လက်ပေါ်
ကော်ဖီပူများ အနည်းငယ် ဖိတ်စဉ်ကျလာသည်။

"အား. . . "

"အို. . . ပူသွားပြီလား မောင်"

မှို ဓါတ်ဗူးကို ခြင်းထဲ ပြန်ထည့်ပြီး စနိုးတာဝါတစ်ခု
တာ ဖောက်ပြီး ကော်ဖီပူလောင်သွားသော သူ့ညာလက်ခုံကို
တာ ကော်ဖီများကို သုတ်သင်ပေးလိုက်သည်။

"ကြည့်စမ်း. . . ရဲသွားတာပဲ"

စနိုးတာဝါကို ခေါက်ကာ ကပ်ထားပေးသည်။

"ရေအေးဟာ အပူလောင်ခြင်းအတွက် အကောင်းဆုံး
းပဲ မောင်၊ မှိုကတော့လေ မောင့်အသည်းနှလုံးကို ဒဏ်ရာတွေ
ခဲ့ရံတင် မကဘူး၊ မောင့်ခန္ဓာကိုယ်ပေါ်ကိုပါ လောင်မြိုက်မှုတွေ
နေပြန်ပြီနော်"

မှို ပြုစုသမျှကို ငြိမ်သက်စွာ ခံယူနေသော သူ့အသည်း
ကြောင်လို့လည်း မဟုတ်ပါဘူး။ ချစ်သူ၏အကြင်နာလေးနှင့် ပြုစု

www.burmeseclassic.com

www.burmeseclassic.com

ပေးမှုကို မခံယူချင်သောယောကျ်ား ဤကမ္ဘာမှာ ရှိနိုင်ပါ့မလား။ သူ ကျေနပ်စွာနှင့် မပြောပလောက်သော ဒဏ်ရာလေးအတွက် ဘာမှ မခံစားရသော်လည်း ချစ်သူ အကြင်နာကြောင့် ရင်ဘတ် တစ်ခုလုံး လှိုက်ဖိုနေလေသည်။

ရထားက မြစ်သားသို့ပင် ရောက်လာလေပြီ၊ မကြာခင် မန္တလေးမြို့သို့ ရောက်ရှိတော့မည်။

သူတို့ လမ်းခွဲရမှာလား။

ဇော်ဝင်းက မန္တလေး ဘူတာကြီး၌ လာကြိုမည်ဟု ပြော ထားသည်။

ကော်ဖီသောက် ပေါင်မုန့်ထောပတ်သုတ်လေး စားရင်း မှိ့ကို ခိုးကြည့်ရင်း သတ္တဘာဝနတ်မင်းကို ကျေးဇူးတင်နေမိသည်။

ချစ်ဦးသူကို ပြန်လည်ဆုံစည်းခွင့် ပေးခြင်းအတွက် ဖြစ် သည်။

(၁၈)နှစ်အရွယ်တွင် မှိက လှိုင်ဒေသကောလိပ်၌ ပထမ နှစ်၊ သူက ရေကြောင်းသိပ္ပံ တက်ပြီး Sea Service ယူနေစဉ် ချစ်သူဖြစ်ခဲ့ကြသည်။ အမှန်တော့ မင်္ဂလာဒုံ အထက်တန်းကျောင်း မှာကတည်းက ကျောင်းနေဘက် ဖြစ်ခဲ့ကြသည်။ တက္ကသိုလ် ရောက်တော့ ချစ်သူဖြစ်ကြသည်။ ချစ်သူသက်တမ်း (၃)နှစ်မှာပင် သူ ပြည်ပရေကြောင်းလိုင်း လိုက်စဉ် စက်ပူဘက် သွားတုန်း မှိက ဖြုန်းစားကြိုး လက်ထပ်သွားသည်။

စာတိုလေးတစ်စောင်နှင့် သူ့နှလုံးသားကို မှိ ခြေမှုန်းပင် သွားခဲ့သည်။

မောင်. . .

မှို့ကို ခွင့်မလွှတ်ပါနဲ့၊ မုန်းပစ်လိုက်ပါ၊ မေ့ပစ်လိုက်ပါ

မှို့ မာမိသဘောတူတဲ့ လူနဲ့ လက်ထပ်လိုက်ပါပြီ၊

သစ္စာမဲ့တဲ့ "မှို့"

ဒါပဲဖြစ်သည်။ ထိုအချိန်ကစပြီး သူ မှို့ကို မတွေ့ရတော့၊ သတ္တဘောင်လည်း မကြိုးစားတော့၊ သို့သော် မှိတောင်းဆိုသလို ခွင့်ပစ် မေ့ပစ်လိုက်လို့တော့ မရခဲ့ပါချေ။

"မောင် မှို့ကို ဘာလို့ ကြည့်နေတာလဲ"

မှိက မလုံမလဲ သူ့ကို မေးလိုက်သည်။

သူက ချော်လဲရောထိုင်ပြီး. . .

"မှို့ပါးပြင်က ပါးချိုင့်လေးတွေက အရင်ကအတိုင်း လှ တုန်းပဲနော်"

"အို. . . မှိက တစ်ယောက်တည်းဟာကို ပြောင်းလွဲပါ့ မလားလို့၊ မောင်ကလည်း ကြံကြံဖန်ဖန်"

သူ "ဟက်ကနဲ" အရှက်ပြေ ရယ်မောပြီး စကားလမ်း ကြောင်း လွှဲလိုက်သည်။

"မှို့ကို လာကြိုမယ့်သူ ရှိသလား"

"သူငယ်ချင်းက ရွှေမန်းမေ ကားတစ်စီးကို ဖုန်းဆက် ထားတယ်၊ ဘူတာရောက်ရင် မြင့်မြင့်ခင် ထိုးမုန့်ဆိုင်မှာ သွား စောင့်နေတဲ့၊ လာကြိုပြီး ပြင်ဦးလွင်ကို တန်းပို့ပေးမယ်တဲ့၊ မောင် ကကော. . . "

"မောင့်သူငယ်ချင်း လာကြိုမယ်၊ ဒါပေမယ့် မောင် မှို့ကို မှိသွားမယ့်နေရာအထိ လိုက်ပို့ပေးမယ်၊ ရွှေမန်းမေကားကို ငင်းလုံးငှားလိုက်မယ်လေ"

"မှိက ရပါတယ် မောင်၊ မောင်သွားစရာရှိတာ သွားပါ"

"မောင့်ခရီးစဉ်က ဦးတည်ရာမဲ့ ခရီးစဉ်ပါ၊ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com

မို့ကို တွေ့လိုက်ရတဲ့အချိန်မှာ ဦးတည်ရာ ရှိသွားပြီ၊ မောင့်ခရီးစဉ် ဟူသမျှတို့ဟာ မို့နဲ့လက်ထပ်ဖို့အတွက် ကြိုးပမ်းမှု ခရီးစဉ် ဖြစ်သွားပြီ"

"မောင်က. . . "

မို့က သူ့အား ဟန့်တားရန် ကြိုးစားလိုက်သည်။

"မောင့်ကို မတားပါနဲ့ မို့၊ မောင် တစ်ကြိမ်ပဲ အသည်းကွဲပါရစေ၊ နှစ်ကြိမ်နှစ်ခါ အသည်းကွဲရမယ်ဆိုရင် မောင်သေမတတ် ခံစားရလိမ့်မယ် ထင်တယ်"

မို့ ဘာမှ မပြောတော့။

မို့ နှလုံးအိမ်ထဲ၌လည်း သူ အမြဲထာဝရ ရှိနေခဲ့သည်။ ရှိနေဆဲဟုလည်း သူယုံကြည်ပါသည်။

ချစ်ခြင်း၏နောက်ကွယ်မှာ ချစ်သူအပေါ် မျက်ကန်းတစ်ယောက်လို အကြွင်းမဲ့ ယုံကြည်ခြင်းကလည်း အပါအဝင် ဖြစ်လေသည်ဟု. . . ။

အခန်း(၅)

ရထား မန္တလေးဘူတာအတွင်း ဝင်လာစဉ် ရထားလမ်းဘေး စက်ရုံပေါ်သို့ သူ ခေါင်းပြူကြည့်လိုက်သည်။ ဇော်ဝင်း၏ ပိန်ရှည်ရှည်အရပ်ကြီးက ခရီးသည်အများစုအကြား၌ ထိုးထိုးထောင်ထောင်နှင့် သူ လှမ်းတွေ့လိုက်ရသည်။

"ဟေ့. . . ဇော်ဝင်း"

"ဟေ့. . . စျင်မင်း"

သူတို့နှစ်ယောက်စလုံး ရထားအပေါ်နှင့်အောက် တစ်ယောက်တိုတစ်ယောက် တွေ့ကြောင်း အသံလည်းပေး၊ လက်လည်း မြှောင်း အသိအမှတ် ပြုလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ဇော်ဝင်းက သူ့ရထားတွဲနောက်သို့ ခပ်ဖြည်းဖြည်း ပြေး လိုက်လာသည်။ ရထားကလည်း အရှိန်လျော့နေပြီမို့ ရပ်လိုက် သည်နှင့် ဇော်ဝင်းက သူတို့ ပြတင်းပေါက်နား ရပ်လိုက်သည်။

"ဟာ. . . ခါတော်မီ"

ဇော်ဝင်းက ခါတော်မီကို မြင်တွေ့လိုက်ရသဖြင့် အံ့အား သင့်စွာဖြင့် အာမေဋိတ်သံ ထွက်သွားသည်။

"ကိုဇော်ဝင်း နေကောင်းတယ်နော်"

"အေး. . အေး. . နင်တို့ ဟန်းနီးမွန်း ထွက်လာတာလား၊ ဒီကောင် ငါ့ကို လျှိုထားတယ်. . . ကြည့်စမ်း၊ ကဲကဲ. . . ပစ္စည်း တွေ ဒီကို အရင်ချပေးပြီး လူချည်းပဲ ဆင်းခဲ့"

"ကောင်းပြီ. . . မှီ ဆင်းနှင့်၊ ခြင်းတောင်းပါ ထားခဲ့၊ နေ. . နေ. . မှီ၊ လူကြားထဲ တိုးနေရဦးမယ်၊ နောက်ဆုံးမှ ဖြည်း ဖြည်းဆင်းတာပေါ့"

"သဲပါ့ ကဲပါ့ကွာ. . . နားကြားပြင်းကတ်တယ်"

ဇော်ဝင်းက လှမ်းပြောလိုက်သည်။ သူ မှီ့ကို ဘာမှ မကိုင်စေရဘဲ မှီ့ပစ္စည်းများကို ဦးစွာချပေးပြီးမှ သူ၏တစ်လုံး တည်းသောအိတ်ကို ချလိုက်သည်။

ဇော်ဝင်းက အောက်မှ လှမ်းယူကာ စုစည်းထားလိုက် သည်။ ထိုစဉ် ရထားဝန်ထမ်း အလုပ်သမားလေးတစ်ဦး ရောက်ရှိ လာသဖြင့် ဇော်ဝင်းက လက်ခံထားပြီး သူတို့ ဆင်းအလာကို စောင့်နေလိုက်သည်။

အောက်သို့ သူတို့ ရောက်သည်နှင့် ဇော်ဝင်းက သူ့ အထင်တွေကို ဇွတ်တင်နေလေတော့သည်။

"မင်းက ဖုန်းထဲကနေ ပွင့်ပွင့်လင်းလင်း ဖွင့်မပြောပဲ

လျှိုထားတာ ငါ အံ့အားသင့်သွားအောင်လား"

မှီက မျက်နှာရဲလျက်. . .

"မ. . မဟုတ်ဘူး ကိုဇော်ဝင်း၊ မှီနဲ့သူနဲ့ ရထားပေါ်မှာ ဆုံတာ"

"ဟေ. . . "

ဇော်ဝင်းက အံ့သြသွားဟန်နှင့် သူတို့အား စူစမ်းသော အကြည့်နှင့် ကြည့်လာသည်။

"မဟေနဲ့. . . ငါ မှီနဲ့ ပြင်ဦးလွင် လိုက်တက်သွားလိုက် မယ်"

"အသည်းအသန်ပါပဲလား ချင်မင်းရာ၊ အိမ်ကို လိုက်ခဲ့ ကြဦး၊ ရေမိုးချိုး မနက်စာ စားပြီးမှ ဆက်တက်ကြ၊ ပြင်ဦးလွင်မှာ ငါ့ရဲ့နွေခိုအိမ် ရှိတယ်၊ အဲဒီမှာ တည်းကြပေါ့"

မှီက ရုတ်တရက် ငြင်းဆန်လိုက်သည်။

"မဟုတ်ဘူး. . . မှီသူငယ်ချင်း စီစဉ်ပေးထားတဲ့အတိုင်း သွားလိုက်ပါ့မယ်၊ မှီ့ကို မြင့်မြင့်ခင် ထိုးမုန့်ဆိုင်ကို ပို့ပေးပါ၊ နောက်မှ ဖြည်းဖြည်းဆုံကြတာပေါ့"

မှီက ပြောရင်း သူ့အား တောင်းပန်သောအကြည့်နှင့် ကြည့်လိုက်လေသည်။ ဇာင်မင်း ပင့်သက်ရှိုက်လိုက်သည်။ မှီ့ဆန္ဒကို လိုက်လျောပေးရမည်ပေါ့။

"ဒီလိုလုပ်. . . ငါ မှီနဲ့ လိုက်သွားလိုက်မယ်၊ သူတစ် ယောက်တည်း သွားတာကို ငါနဲ့ တွေ့မှတော့ ငါ ခွင့်မပြုနိုင်ဘူး၊ ငါ ဟိုတယ်တစ်ခုမှာပဲ တည်းလိုက်မယ်၊ ပြီးမှ မင်းနဲ့ အချိန်ပြန် အချက် လုပ်မယ်"

"မင်းကလည်းကွာ. . . ဖြစ်လိုက်ရင် အသည်းအသန်ကြီး

www.burmeseclassic.com

www.burmeseclassic.com

ပဲ၊ တစ်ခါသေဖူးတာကောင် ဟုဥ်ဖိုး နားမလည်တဲ့ကောင်ပဲ"

ဇော်ဝင်းက အတွင်းသိ အစင်းသိ သူငယ်ချင်းမို့ သူ့ဘက်က နာကာ ပြောလိုက်ခြင်း ဖြစ်သည်။

မို မျက်နှာလေး ညှိုးငယ်သွားသည်။

သူ ဇော်ဝင်းကို စိတ်ထဲက ကျိန်ဆဲရင်း. . .

"တော်စမ်းကွာ. . . ပေရှည်တယ်၊ မြင့်မြင့်ခင် ထိုးမုန့်ဆိုင်ကိုသာ ပို့ပေး၊ ကဲ. . . ချာတိတ် ရှေ့ကသွား"

ကူလီ အထမ်းသမားလေးကို ချင်မင်း အမိန့်ပေးပြီး သူ့နောက်သို့ မို့လက်ကို ဆွဲကာ လိုက်ပါသွားတော့ ဇော်ဝင်းက မနေသာဘဲ သူတို့နှင့်အတူ လိုက်ပါခဲ့ရလေသည်။

မြင့်မြင့်ခင် ထိုးမုန့်ဆိုင်အနီးတွင် ရွှေမန်းမေ အမြန်ယာဉ်ငယ် ကားတစ်စီးကို တွေ့လိုက်ရသည်။ ထိုကားအနီး အရိပ်ခိုကာ ရပ်နေသော လူကြီးတစ်ဦးက မို့ကို ကြည့်ပြီး သူတို့ထံသို့ လျှောက်လာလေသည်။

"လင်းရောင်ခြည် ဘော်ဒါက ဆရာမ ဒေါ်သင်းသင်း မြတ်ရဲ့ဧည့်သည်ပါလား"

"ဩော်. . . ဟုတ်ပါတယ်"

"ဆရာမက ကြိုဖို့ ဖုန်းဆက်ထားလို့ပါ၊ ရွှေမန်းမေ ကားကပါ"

"အခြားခရီးသည် ပါသေးလား"

"ဂိတ်ကိုတော့ ဝင်ရင် နောက်ထပ် ခရီးသည်တွေ ပါချင်ပါမှာပါ"

"စင်းလုံးငှားသွားရင်ကော"

မို့က ဘာမှ မမေးလိုက်ရ၊ မို့ကိုယ်စား သူကပင် မေး

လိုက်သည်။

သူ့မှိန်နေရက်နဲ့ မို့ကို ခုလို ပစ်စလက်ခတ်ကြီး မလွတ်နိုင်ပါ။

"ရပါတယ်ခင်ဗျ"

"ကိုင်း. . . ဒါဖြင့် ပစ္စည်းတွေ တင်တော့"

"ဩော်. . . ဇော်ဝင်း၊ မင်းတို့မိသားစုအတွက် လက်ဆောင်ပါလာတာကို နောက်မှပဲ ပေးတော့မယ်၊ ခုတော့ သွားလိုက်ဦးမယ်"

"ဝတ်တယ် ထင်ရင် ဒူးသာဒူးတော့ သူငယ်ချင်း"

ဇော်ဝင်းက နောက်ခန်းတံခါးကို ဖွင့်ပေးလိုက်သည်။

မို့က ဝင်ထိုင်လိုက်သည်။ သူလည်း နောက်ခန်းမှာပင် ထိုင်လိုက်သည်။

ဇော်ဝင်းက မို့ မကြားစေရန် သူ့နားနားသို့ ကပ်ပြီး. . .

"ဒီလောက်အနေနီးရင်တော့ ရှော့ခ်ဖြစ်တော့မှာ မြင်ယောင်သေးတယ်၊ ကြည့်လုပ်နော် ချင်မင်း"

"မင်းကွာ"

မို့နဲ့ ပတ်သက်ပြီး အလူးအလိမ့် ခံစားခဲ့ရသော သူ့ခံစားချက်ကို သိနေသည့် သူငယ်ချင်းပီပီ သတိပေးခြင်း ဖြစ်သည်ကို နားလည်ပါသော်လည်း မို့နဲ့ ပတ်သက်လာလျှင် အမြဲကြွေနေတတ်သော သူ့နှလုံးသားက မို့ကို ထိပါးပုတ်ခတ်စေမှုမျိုးကို လက်မခံနိုင်သဖြင့် ဇော်ဝင်းလက်မောင်းကို ခပ်ဖွဖွ ထိုးလွှတ်ရင်း မို့ မကြားပါစေနဲ့ ဆုတောင်းမိသည်။

"ကိုင်း. . . ကားဆရာရေ မောင်းလို့ရပြီ၊ အခြားခရီးသည် လုံးဝမတင်ဘူးနော်၊ သွားပြီ ဇော်ဝင်း၊ ငါ ဖုန်းဆက်မယ်"

www.burmeseclassic.com

www.burmeseclassic.com

"သွားလိုက်ပါဦးမယ် ကိုဇော်ဝင်း"

"အိုကေ. . . နောက်မှ လာတွေ့တော့မယ်"

ဇော်ဝင်းကို လက်ပြရင်း ကား၏ခေါ်ဆောင်ရာနောက်သို့ လိုက်ပါခဲ့ကြလေသည်။

"မီ့ကြောင့် မောင့်ခရီးစဉ် ပြောင်းလဲသွားရပြီနော်"

"မပြောင်းပါဘူး. . . မောင့်ဘဝခရီးလမ်းဟာ မီ့အတွက် အမြဲထာဝရ ပုံပိုးပေးမယ်ဆိုတဲ့ ရည်ရွယ်ချက် လမ်းကြောင်းပဲ ရှိပါတယ်၊ ဘယ်သောအခါမှ မသွေဖီခဲ့ပါဘူး၊ မီ့က မလိုအပ်လို့ ချန်ထားခဲ့တာကတော့ မောင့်ကံကြမ္မာပေါ့ကွာ"

မီ မျက်ရည်များ ဝဲသီလာသည်။ သူ မီ့လက်တစ်ဖက်ကို ဆုပ်ကိုင်ကာ ဖျစ်ညှစ်ပြီး အားပေးလိုက်သည်။

မီ အားငယ်ရှာပေလိမ့်မည်။ ယခင်ကလို မာနလေးနှင့် မာန်မဲ့နိုင်ရှာတော့၊ မီ့ကို ပို၍ဝင် အကြင်နာ ပိုနေမိပြီကော။ ခက်ပြီကော မီရယ်။ ဒီမောင် ရူးတော့မယ် ထင်ပါရဲ့။



အခန်း(၆)

"လင်းရောင်ခြည် ဘော်ဒါဆောင်"

ပြင်ဦးလွင်မြို့ပတ်လမ်းတစ်နေရာသို့အရောက်တွင် သူတို့ဦးနှင့်လိုက်ပါသော ကားကလေးက အထက်ပါ ဆိုင်းဘုတ်တင်ထားသည့် ခြံဝင်းကြီးသို့ ချိုးဝင်လိုက်သည်။

"ကားဆရာ ဒီနေရာနဲ့ အနီးဆုံးဟိုတယ်က ဘာရှိမလဲ"

"ဂန္ဓမာမြို့ရှိတယ်၊ နောက်. . သီရိမြို့လည်း ရှိတယ်၊ အများကြီးပဲ၊ ဒေလီယာတို့"

"တော်ပြီ. . . သူ့ကို ချပေးပြီးရင် ကျွန်တော့်ကို ဒီနေရာနဲ့ အနီးဆုံးဟိုတယ် ပို့ပေးနော်"

www.burmeseclassic.com

www.burmeseclassic.com

"ကောင်ပါပြီ"

ကားဆရာဆီက သတောတူညီချက် ရအပြီးတွင် အိမ်ကြီး၏ပေါ်တီကိုအောက်၌ ကားကို ထိုးရပ်လိုက်သည်။

ကားဆရာကော သူပါ လိုက်ဆင်းလိုက်သည်။ အိမ်ထဲမှ သူတို့နှင့် ရွယ်တူအမျိုးသမီးနှင့် ဆယ်ကျော်သက် မိန်းကလေး တစ်ဦး ထွက်လာသည်။

"မို့..."

"သင်းသင်း"

"စောသားပဲ... ဖုန်းမဆက်လို့ စိတ်ပူနေတာ"

"ကားက တန်းကြိုနေတော့ ဖုန်းမဆက်တော့ဘဲ တစ်ခါတည်းပဲ လိုက်လာခဲ့တာ၊ ညြော်... မိတ်ဆက်ပေးရဦးမယ်၊ ငါ ပြောဖူးတဲ့ ကိုစျင်မင်းလေ၊ စျင်... သင်းသင်းမြတ်တဲ့"

"ဓါတ်ပုံထဲမှာ တွေ့ဖူးပါတယ်၊ ဘယ်က ဘယ်လို ဆုံလာတာလဲ"

သင်းသင်းမြတ်က ပြုံးကာ မေးလိုက်သည်။ ခါတော်မီကပဲ...

"ရထားပေါ်မှာ ဆုံလာတာ"

"ဟုတ်ကဲ့ မသင်းသင်း၊ ကျွန်တော်တို့ ရထားပေါ်မှာ ကဲကြမှာ မျက်နှာသာပေးမှုကြောင့် ပြန်ဆုံစည်းခဲ့ကြတယ်၊ နောက်မှ လာတော့မယ်၊ ကားနဲ့ ဆက်လိုက်သွားလိုက်ဦးမယ်၊ မို့ ပစ္စည်းတွေ ချလိုက်ပြီနော်၊ ဘာကျန်သေးလဲ ကြည့်ပါဦး"

"ပြည့်စုံပါပြီ"

"ကိုစျင်မင်းက ဘယ်သွားမှာလဲ"

ကားဆရာက သင်းသင်းမြတ်မေးခွန်းကို ကြားဝင် ဖြေ

သေးလိုက်သည်။ အနီးဆုံး ဟိုတယ်ကို သူပဲ သိသည်ကိုး။

"ဂန္ဓမာမြို့ပဲ"

"ညြော်... နီးသားပဲ၊ ဒီမှာပဲ ထမင်းလာစားပါလား ကိုစျင်မင်း"

"ဒုက္ခမရှာပါနဲ့... ကျွန်တော်က ကြုံသလိုပဲ စားမှာပါ၊ ညနေရောက်မှ လာခဲ့မယ်နော် မို့... သွားပြီ"

သူ ကားပေါ် ပြန်တက်ကာ လက်ပြထွက်ခွာသွားခဲ့သည်ကို သူငယ်ချင်းနှစ်ယောက် အငေးသား ကျန်ရစ်ခဲ့ကြလေသည်။

မို့မှက်ဝန်းလေး၌ ကြေကွဲရိပ်တို့ ယှက်နွယ်ကာ ကျန်ခဲ့လေသည်။ လက်ကလေး မသိမသာ ပြလျက်...

မို့ရယ်... မင်းကို မောင် တစ်ပါတည်း ခေါ်ချင်ပေမယ့် အကြွေပန်းမို့ လွယ်လင့်တကူ လှမ်းတယ်ထင်မှာစိုးလို့ပါကွာ။

အကြွေပန်းပေမယ့် ရွှေနန်းထိုက်အောင်တော့ မောင့် ဘဝတွေဆီမှာ ခွင့်တောင်းပြီး တင့်တောင့်တင့်တယ် လက်ထပ်ယူခဲ့မယ် မို့။

ရင်ထဲမှနေ၍ မို့ကို စကားတွေ တသီကြီး ပြောရင်း (၄-၅)ခြံသာ ကျော်လိုက်သည်နှင့် ဂန္ဓမာမြို့ဟော်တယ်ကို ဘွားခနဲ တွေ့လိုက်ရသည်။ ဗွီဒီယိုရုပ်ရှင်တွေတွင် ခဏခဏ တွေ့နေရသော ရွှေဟောင်းအိမ်ကြီးတစ်လုံးပေပဲ။

"သင်္ကြန်ရက် နီးနေလို့ အခန်းတွေ ရှိမှရှိပါ့မလားမသိဘူးဆရာ"

"မေးကြည့်သေးတာပေါ့... မရရင်တော့ ရတဲ့ဆီ ခင်ဗျား ဆက်ပို့ပေးပါ"

"ပို့ပေးရမှာပေါ့ ဆရာ... ကျွန်တော့်အလုပ်ပဲဟာ"

www.burmeseclassic.com

www.burmeseclassic.com

အမြန်ယာဉ်ငယ်ဂိတ်တွေ ဥဒဟို ပေါ်ပေါက်လာခြင်းက ခရီးသွားလာမှုအတွက် အလွယ်တကူ အဆင်ပြေသွားသည်။

ဂန္ဓမာမြို့ဟိုတယ်က လူပြည့်နေသဖြင့် ထိုမှ သီရိမြို့ဟိုတယ်ကို လှမ်းမေးပေးသည်။ သီရိမြို့ဟိုတယ်က တစ်ခန်းရမည်ဆိုတော့ အဆင်ပြေသွားသည်။

သီရိမြို့ဟိုတယ်သို့ ကားသမားက လိုက်ပို့ပေးလေသည်။

"ဒီဟိုတယ်နဲ့ကတော့ လင်းရောင်ခြည်ကို နည်းနည်းပဲ လျှော်ရမယ်၊ ဂန္ဓမာမြို့လောက်တော့ မနီးဘူး"

"ဒီဟိုတယ်က ပိုပြီးဆိတ်ငြိမ်ပြီး ရှုခင်းပိုကောင်းတယ် ကျွန်တော် ပိုကြိုက်ပါတယ်"

စျင်မင်း ဟိုတယ်ထဲ ဝင်ခဲ့သည်။ ရွှေမန်းမေကားလေး ပြန်ထွက်သွားလေသည်။ တောင်ကုန်းကလေးပေါ်၌ တည်ရှိနေသော ကိုလိုနီခေတ်က ကြွင်းကျန်ရစ်သော အိမ်ဟောင်းကြီးကို ဟိုတယ်အဖြစ် ဖွဲ့စည်းထားသည်။ သက်တမ်းရင့် ထင်းရှူးပင်ကြီးများက ဘေးတစ်ဖက်မှာ အုံ့ဆိုင်းလျက် လွှမ်းမောဖွယ်ရာ တည်ရှိနေလေသည်။

မှိသာ ပါလာလျှင် အဘယ်မျှ ကောင်းခြင်မှုမည်နည်း တစ်ခါတည်း ဟန်းနီးမွန်း ထွက်ပြီးသား ဖြစ်နေမည်။

ခုတော့...

သူ့အတွက် ပေးလိုက်သောအခန်းထဲ ရောက်သည်နှင့် ဝရံတာတက် ထွက်ကာ သဘာဝရှုခင်းများကို ခံစားရင်း မှိတို့တွေ့ချင်စိတ်သာ ဖြစ်ပေါ်လျက်ရှိလေသည်။

ညနေအထိတော့ သည်းခံလိုက်ဦးမည်။ မှိ နားပါစေဦး သူငယ်ချင်းနှစ်ယောက် ပြောစရာစကားတွေလည်း များနေသေးသည်မဟုတ်လား။

သူ သတိရသွားသည်က မှိနှင့် သင်းသင်းမြတ် သိထားသည်က သူ ဂန္ဓမာမြို့မှာ တည်းမည်ဆိုတာကို ဖြစ်သည်၊ နောက် ဇော်ဝင်းဆီ သတင်းပို့ရဦးမည်။ အခန်းထဲ၌ တယ်လီဖုန်း ရှိနေသဖြင့် သူ အောက်ထပ် ဧည့်ကောင်တာသို့ ဆင်းခဲ့လိုက်သည်။

"ဖုန်းပြောမလို့"

"ဟုတ်ကဲ့... ဆက်ပါ ဆရာ"

လင်းရောင်ခြည်က ဖုန်းနံပါတ်ကို မှိပေးထားသဖြင့် သူ အရင်ဆုံး မှိကို ခေါ်လိုက်သည်။ တစ်ဖက်မှ ထူးသည်နှင့်...

"ဟယ်လို"

"လင်းရောင်ခြည်ကပါလား"

"ဟုတ်ပါတယ်... ဆရာမ ခေါ်သင်းသင်းမြတ်ပါ"

"မသင်းသင်း ကျွန်တော် ဇင်မင်းပါ... မှိကော"

"ရေချိုးနေတယ် ကိုဇင်မင်း၊ ကျွန်မ ဘာပြောပေးရမလဲ"

ခရီးရောက်မဆိုက် ချက်ချင်းရေချိုးသော မှိကို စိုးရိမ်ပူပန်သွားသော်လည်း ကဲလွန်းရာ သဲလွန်းရာ ကျသည်ထင်မှာ ဒီး၍...

"ကျွန်တော် ဂန္ဓမာမြို့မှာ အခန်းမရလို့ မတည်းဖြစ်ဘူး၊ သီရိမြို့မှာပဲ တည်းဖြစ်တယ်"

"ကောင်းတယ်... သီရိမြို့ကပိုသာယာတယ်၊ အပန်းဖြေလို့ အကောင်းဆုံးနေရာပဲ၊ ဒါထက် ကိုစျင်မင်း ညနေလေးနာရီလောက် ဟိုတယ်မှာ အသင့်စောင့်နေပါ၊ ကျွန်မအမျိုးသားနဲ့လည်း မိတ်ဆက်ပေးရင်း ညနေစာလည်း အိမ်မှာ စားရင်း

www.burmeseclassic.com

www.burmeseclassic.com

သောက်ရင်းပေါ့၊ ကျွန်မ လာကြိုပေးပါ့မယ်”

“ဒုက္ခရှာလို့ဗျာ. . . အားနာစရာတွေတော့ ဖြစ်ကုန်ပြီ”

“ဒုက္ခမရှာလဲ ကိုစျင်မင်းကတော့ ရွှေစွန်ညိုကြီးလို မထွေးလေးဆီ လာရစ်ဝဲမှာပဲမှတ်လား၊ ကျွန်မတို့က အလိုက်သိပါတယ် အားမနာပါနဲ့၊ ကျွန်မလာကြိုပေးပါ့မယ်၊ ဒါထက် မို့ကို ဘာမှာဦးမလဲ”

“မမှာတော့ပါဘူး. . . ညနေ တွေ့ရတော့မှာပဲ”

“အိုကေ. . . ဒါဖြင့် ဖုန်းချလိုက်ပြီနော်”

“ဟုတ်ကဲ့ခင်ဗျ”

သူ့ရင်ထဲ ထူးထူးဆန်းဆန်း ဖော်ရွှင်နေသည်။ ချစ်သူနှင့် ပြန်လည်ဆုံစည်းခွင့် ရရှိသူမှ မဖော်လျှင် ဘယ်သူကများ ဖော်နိုင်ဦးမည်နည်း။

“နောက်တစ်ကောမန္တလေးကို ခေါ်မယ်”

“ဟုတ်ကဲ့ ခေါ်ပါ”

ဇော်ဝင်းဖုန်းနံပါတ်များကို နှိပ်လိုက်သည်။ ချက်ချင်းပင် ဇော်ဝင်းအသံ ထွက်ပေါ်လာသည်။

“ဟယ်လို စျင်ကြီးလား”

“အေး. . . ဇော်ဝင်း ငါ သီရိမြို့ပေါ် တော်တယ်မှာ တည်းတယ်”

“မို့ကောလား”

“မို့က လင်းရောင်ခြည်မှာပါကွာ”

“ယုံရအောင် ဖြီးပါ၊ မင်းတို့ ကြိတ်ပုန်းခုတ်လာတာ မှတ်လား၊ အသစ်စက်စက် မုဆိုးမလေးနဲ့ ငယ်ချစ်ဟောင်းတို့ ဇာတ်လမ်းပေါ့၊ အချစ်အတွက် အသစ်တဖန် မွေးဖွားလာကြတာပေါ့

တုတ်လား”

“မဟုတ်ပါဘူးကွာ. . ကဲပါ. . သီရိမြို့ဖုန်းနံပါတ်နဲ့ လင်းရောင်ခြည် ဖုန်းနံပါတ် မှတ်ထားလိုက်”

“နေစမ်းပါဦး. . . မင်းက မန္တလေးသက်ဆိုင်ရာ မန္တရားတော့ဘူးလား”

“ပြင်ဦးလွင်သက်ဆိုင်ရာပဲ နွဲ့တော့မယ်”

“မရဘူး. . . ငါတက်လာပြီး မင်းတို့နှစ်ယောက်စလုံးကို လာခေါ်ဦးမယ်၊ ပေး. . . ဖုန်းနံပါတ်”

သူ ဖုန်းနံပါတ်များကို ရေးမှတ်လိုက်သည်။ ဇော်ဝင်းက ရေးမှတ်ပြီး. . .

“မို့ဆီ ဆက်ကြည့်ဦးမယ်”

“ဆက်ပေါ့ကွာ. . . ငါတို့က ရိုးရိုးသားသားလေးတွေပဲ”

“မင်း ရိုးရိုးသားသားကောင်းလို့ သူများနောက် ပါပြီးပြီ၊ ဒီတစ်ခါ လက်နှေးရင်လည်း သူများဦးသွားဦးမယ်”

“တော်ပါတော့ သူငယ်ချင်းရာ၊ အချစ်မှာ ဦးရာဆိုတာ မရှိပါဘူးကွာ၊ ဒါ နှလုံးသားကိစ္စပဲ၊ ဦးနှောက်ကိစ္စမှ မဟုတ်တာ. . ဒါပဲကွာ”

သူ့ရင်ထဲ အတိတ်က အရိပ်ကြောင့် နင့်ကနဲ ထိရှသွားသည်မို့ ဇော်ဝင်းစကားကို ဟန့်တားပြီး ဖုန်းချလိုက်လေတော့သည်။ ရင်ထဲမှာတော့ ဇော်ဝင်းစကားက တကယ်ပဲ ထိချက်ပြင်းခဲ့လေပြီ။

လွန်ခဲ့သော(၅)နှစ်ကျော်ခန့်က ချစ်ဦးသူ မို့ကို လက်လွှတ် ဆုံးရှုံးလိုက်ရသည်။

ယခုတစ်ဖန် မုဆိုးမလေး မို့ကို လက်လွှတ် ဆုံးရှုံးရဦး

www.burmeseclassic.com

www.burmeseclassic.com

မည်ဆိုပါက. . .

သူ့ရင်ထဲ ကလီစာတွေ အကောင်းပကတိ တစ်ခုမှ ရှိနိုင်တော့မည် မဟုတ်ချေ။

မှီရယ်. . . မောင့်ကို မရက်စက်လိုက်ပါနဲ့နော်။

ရင်တွင်း ကြိတ်ကာ ညည်းတွားရင်း သူ့အခန်းရှိရာ အပေါ်ထပ်သို့ တက်လာခဲ့လိုက်လေသည်။



အခန်း(၇)

"ဒွမ်း"

"ဟဲ့. . ဟဲ့. . ဩော်. . တံခါးပိတ်ထားပါဆို"

မြစ်သားတာသို့ ကျော်အဖြတ်တွင် သင်္ကြန်ကြိုရေများ၏ ကြိုဆိုမိတ်ဆက်မှုကို ခံလိုက်ရသူကလည်း သူပင်။

သူ့ခန္ဓာကိုယ်ပေါ်သို့ အေးမြသောရေများ၏ ဖြန်းပက်မှုကြောင့် အတိတ်နှံ့ထဲမှ သူ ရုန်းထွက်လာခဲ့လေသည်။

မျက်စိနှစ်လုံး ဖွင့်လိုက်တော့ သူ့နံဘေးမှ မိန်းမချော လေးပါ လှုပ်လှုပ်ရွရွ ဖြစ်နေသည်။ ဆံပင်ရှည်ကြီးကို ပခုံးတော့်တာ ရှေ့သို့ ချထားဟန်တူသည်။ ရေက ရှေ့ပြတင်းပေါက်မှ

www.burmeseclassic.com

www.burmeseclassic.com

ဖြတ်ကျော်ဝင်လာပြီး သူတို့နှစ်ဦးထံသို့ ရောက်ရှိလာသည်။

ကောင်မလေးဆံပင်နှင့် ရှေ့ခြမ်း ခွဲသွားသည်။ ကြည့်လိုက်မိသည်။

ကောင်မလေးက ခစ်ကနဲ ရယ်ပြသည်။ အသည်းယားဖွယ်ရာကောင်းသော ပါးချိုင့်နှစ်ဖက်က ထင်းကနဲ သူ ပင့်သက်ရှိုက်လိုက်မိသည်။

"ဟဲ့... မီးနဲ့ သူငယ်ချင်း မဖြစ်ချင်ဘူးလား"

ခုခေတ် မိန်းကလေးတွေ ရဲတင်းပုံမျာ။

"အေးအေးပဲ နေပါရစေ"

"ပျင်းစရာကြီး"

"ကျုပ် မပျင်းတတ်ဘူး"

"လူ့ဘဝဆိုတာ ခဏလေးဆို ဒီခရီးဟာ မျက်စိတမှိတ် လျှပ်တပြက်စာလောက်ပဲ ရှိမှာ ကိုကြီးရဲ့၊ ဦးကိုကြီးနဲ့မီး ခုလို ခရီးကြုံခွင့်ရတယ်ဆိုတာ ရှေးရေစက်ကြောင့်ပဲ၊ ဒါကြောင့် မီးတို့ သူငယ်ချင်း ဖွဲ့ရအောင်"

သူ ငြိမ်နေလိုက်သည်။

ကောင်မလေးပြောတာ ဟုတ်နေတာပဲ၊ ဒါကို သူ မငြင်းချင်။

"မီးနာမည်က လမင်းစံ"

လမင်းစံ... နာမည်လေးကလဲ ချစ်စရာလေးပဲ။ လူနဲ့လိုက်ဖက်အောင် သူ့မိဘများက မှည့်တတ်သားပဲ။ ဒါပေမယ့် ဒီလောက်လှပတဲ့ မိန်းကလေးကို ခရီးတစ်ခုထဲ တစ်ယောက်ထဲ လွှတ်တာတော့ မကောင်းပါဘူး။ ထို့စဉ်...

"အား.. အား.. ဟာ.. ဟာ.. ကိုကို ဖုန်းခေါ်တယ်၊

ကိုကို ဖုန်းခေါ်နေတယ်"

ကောင်မလေး လက်ကိုင်အိတ်မှ ဂျီတယ်လီဖုန်းလေး ထုတ်လိုက်သည်။

"မိုက်တယ်... လိုင်းမိသားပဲ၊ ဟယ်လို မေ၊ မီးရထား ထွက်လာပြီ၊ မေ့ဆီကို ဆက်မလို့"

တော်သေးသည်။ ကောင်မလေး မြားဦးက တယ်လီဖုန်းဆီ ရောက်သွားလို့။ နားမစွင့်မိပါဘဲလျက် အကုန်ကြားနေရသည်။

"ကွိုင်တက်နေလို့... ရေတွေ ပက်လို့လေ"

"×××××××"

"ခု သုတ်နေတာ... နည်းနည်းပါ။ ဘေးက ဘိုးတော်က သဘောကောင်းတယ်၊ မီးကို ပြတင်းပေါက်နေရာတောင် လဲပေးတာ မေရဲ့"

"×××××××"

"ရှိဘူး မေရဲ့၊ ရောက်မှ ပြောပြမယ်၊ မေ နေကောင်းလား၊ ဆေးကော မှန်မှန်သောက်ရဲ့လဲ"

"×××××××"

"ဟုတ်.. မေ.. ဟုတ်.. ဟုတ်"

"×××××××"

"ဟုတ်ကဲ့ပါ... မီးကို စိတ်ချပါ၊ မေ့သမီးပါ၊ ဒါပဲနော် ဘိုင့်ဘိုင် မေ"

ဖုန်းပိတ်လိုက်ပြီး အိတ်လေးထဲ ပြန်ထည့်ပြီးနောက် သူ့ဘက်သို့ လှည့်ကာ ရယ်ကျဲကျဲလေးနှင့်...

"မီးရဲ့မေမေလေ... မီးကို ခုထက်ထိ ကလေးတစ်ယောက်လို စိတ်မချသေးဘူး ဦးကိုကြီးရဲ့"

www.burmeseclassic.com

www.burmeseclassic.com

တမင် ရွတ်ကာ ပြောလိုက်သော နာမည်ကြောင့် သူ့မှာ ကောင်မလေးက ဦးကိုကြီးဟု ခေါ်လိုက်တိုင်း တွန့်ကနဲ ဖြစ်သွားရသဖြင့်...

"ကိုကြီးလို့ ခေါ်လည်း မရိုင်းပါဘူး၊ ခေါ်လို့ရတယ်" ဟု သူပြောလိုက်ရသည်။

"အစကတည်းက အဲ့ဒီလို ပြောပါလား၊ မီးက ခေါ်ချင်နေတာ၊ ရိုင်းမှာစိုးလို့၊ ဒါထက် ကိုကြီးက ရန်ကုန်ကို ပြန်တာလား၊ သွားလည်တာလား"

ကောင်မလေး စပ်စုပြီ၊ သူလည်း အလွမ်းစိတ် နာကျည်းစိတ်တို့ကို ဖြေဖျောက်ချင်နေသဖြင့် အလိုက်သင့်ပင်...

"ပြန်တာ... မင်းကော"

"မီးလည်း ပြန်တာလေ၊ ခုနက ဘူတာရုံကို လိုက်ပို့တဲ့ သူငယ်ချင်းလေ၊ အရင်းကြီးမို့ သူ့ဝယ်လ်ဒင်ကို လာတာ... ကိုကြီးကကော"

"မင်းက မန္တလေးသူ မဟုတ်ဘူးလား"

"နိုး... ဘာဖြစ်လို့ အဲဒီလို ထင်ရတာလဲ"

"စောစောက ကျွန်တော်နဲ့ ပြောသလားလို့"

"အဲ့ဒါ မန္တလေးမှာ တစ်ပတ်လောက် ကြာပြီး သူငယ်ချင်းဆီက ကူးစက်သွားတဲ့ရောဂါမို့လို့ မီး ပြောမိသွားတာပါ၊ ကြည့်စမ်း... ဘိုးတော်က နားထောင်နေတာကိုး"

သူ ရှက်သွားသည်။ လူကြီးရှက်တော့ ရယ်ရမည်။ သို့သော် သူက မရယ်။ ခပ်တည်တည်ပင်။

"မျက်စိရှေ့တင် မြင်တွေ့နေ ကြားနေရတာကိုး"

"ဒါကြောင့် ပြောတာ၊ ရှေးရေစက်ဆိုတာ မဆုံချင်လို့

လည်း မရဘူး၊ မမြင်ချင်လို့လည်း မရပါဘူးလို့၊ မီးမေးတာ ဖြေဦးလေ၊ မန္တလေးသကြိန် လာလည်တာလား"

"ဆိုပါတော့"

ပြီးလွယ်စီးလွယ် ဖြေလိုက်သည်။ မဟုတ်လို့ကတော့ သာလိကာမလေး အင်ကွာရီလိုက်မှုကြောင့် သူ့ဘိုင်အိုဂရပ်ဖီကိုပါ ပြောနေရတော့မည်။

"ကိုကြီးက တစ်ယောက်ထဲ လာကဲရသလား၊ ဘွားတော်တို့ သားတော်တို့ သမီးတော်တို့ကော မပါဘူးလား"

"သူတို့က ရန်ကုန်သကြိန်မှာပဲ ကဲချင်ကြလို့ နေခဲ့တာ"

သူ တမင်ရွတ်လိုက်သည်။ မိန်းမဆိုလျှင် မှီတစ်ယောက်တည်းနှင့် သူ့နှလုံးသားတို့ မွမွကျေ ပျက်စီးသွားခဲ့လေပြီမို့ အိမ်ထောင်ရေးကို အလွယ်တကူ လက်မခံနိုင်အောင် ဖြစ်နေလေသည်။

"ကိုကြီးက ဘော့စ်လား"

"ရိုးရိုးတန်းတန်း မေးစမ်းပါကွာ၊ ခေတ်စကားတွေနဲ့ ကျုပ်နားနဲ့ မယဉ်ပါးဘူး၊ ကျုပ်က သူဌေးမဟုတ်ဘူး မိန်းကလေး၊ လက်လှုပ်မှ ပါးစပ်လှုပ်ရတဲ့လူမျိုး"

"ဘာကြီးလဲ... ယုံချင်စရာကြီး၊ မလျှိုထားပါနဲ့၊ ပိုက်ဆံ မချေးပါဘူး"

သူ နှုတ်ခမ်းတွန့်သယောင် ဖြစ်သွားရသည်။ ပြုံးချင်မိသည်။ သူ မိန်းမသားတွေကို ကြည့်မရ၊ ရင်ထဲ ခါးခါးသီးသီးကို နာကျည်းနေမိသည်။ နာကျည်းမှုမှ အမုန်းသို့ ဆောင်ကျဉ်းသွားသည်။

"အချစ်" ဆိုတာကြီးကို သူ မယုံကြည်တော့၊ မိန်းမသား

www.burmeseclassic.com

www.burmeseclassic.com

တွေ နှုတ်ဖျားမှ အလွယ်တကူ ဖြစ်ပေါ်တတ်သော စကားလုံး တစ်ခုဟုသာ မှတ်ယူထားလိုက်သည်။

"မင်း မယုံချင်နေ၊ ယုံချင်နေလေ၊ ကျုပ်ပြောတာ အမှန်ပဲ"

"ကိုကြီး ဘယ်မှာ နေတာလဲ"

"ကမ္ဘာမြေကြီးပေါ်မှာ"

"ဟွန်း. . . မပြောချင် နေပေါ့"

သူ ပြုံးနေလိုက်သည်။ ထိုစဉ် သူ့ဂျီတယ်လီဖုန်းက တိုးကိုးနပ် တီးလုံးသံစဉ် ထွက်ပေါ်လာလေသည်။ ဖုန်းစကင်နိုကို ကြည့်လိုက်တော့ အိမ်ဖုန်းအသံက မွေးသမိခင်ထံမှ ဖြစ်နေလေသည်။

"ဟယ်လို"

"မေမေလား"

"သား ပြန်မလာသေးဘူးလား"

"ပြန်လာပြီ မေမေ. . . ရထားပေါ်မှာ"

"မနက်ဖြန်မနက် ရောက်မှာပေါ့၊ အိမ်ပြန်လာမှာလား၊ လာကြိုပေးမယ်လေ"

"မကြိုနဲ့ မေမေ၊ ကွန်ဒိုကိုပဲ တန်းသွားလိုက်မယ်၊ နောက်နေ့မှ ကျွန်တော် လာခဲ့မယ်"

"မေမေ မှာတာတွေ ပါရဲ့လား"

"ပါပါတယ် မေမေ"

သနပ်ခါးကြိုက်သော အမေနှင့် အစ်မအတွက်ကတော့ မဖြစ်မနေကို ဝယ်ယူခဲ့ရသည်။

"နေကောင်းရဲ့လား"

"ကောင်းပါတယ် မေမေတို့ကော"

"ကောင်းတယ်. . . ဒါဖြင့် ဒါပဲနော် သား၊ ရထားအတက် အဆင်း သတိထား"

"ဟုတ်ကဲ့"

မိခင်ဘက်မှ ဖုန်းချတော့ သူ ဖုန်းပိတ်လိုက်သည်။ ထိုစဉ် သူ့ဖုန်း ရုတ်တရက် လုယူခံလိုက်ရသည်။ ကောင်မလေး တော်တော် ရဲတင်းတာပဲ။ သူ စိတ်ဆိုးချင်သော်လည်း. . .

လမင်းစံဆိုသော ကောင်မလေးက ပါးချိုင့်လေး ခွက်ကာ ပြုံးရင်း. . .

"ကိုကြီးဖုန်းထဲ မီးနာမည်နဲ့ ဖုန်းနံပါတ်ကို မန်မိုရီ သွင်းပေးထားမလို့ပါ၊ အဲဒီလို အစိမ်းရောင် မျက်လုံးကြီးတွေနဲ့ ကြည့်နေပါနဲ့ ကိုကြီးရာ၊ လူ့ဘဝဆိုတာ တိုတိုလေးပါ၊ ဒီတိုတောင်းလှတဲ့ကာလလေးကို ဝေဒနာတွေနဲ့ချည်း မကုန်ဆုံးသွားပါနဲ့၊ လူ့ဘဝဆိုတာ နေတတ်ရင် ပျော်စရာကြီးပါပဲ၊ ဒါကြောင့် ပျော်ပျော်နေပါ၊ ပျော်ပျော်နေ သေခဲတဲ့"

ဒီကောင်မလေး ဘာလို့များ ဒီလောက်တောင် စကားတွေ များနေရတာလဲ။

ထိုစဉ် ကောင်မလေး၏ဖုန်းဆီမှ ခေါ်သံထွက်လာသည်။

"ရော့"

ဟု သူ့ဖုန်းကို လှမ်းပေးသည်။ သူ့ဖုန်း၌ လမင်းစံဆိုသော နာမည်လေးကို Calling လုပ်နေသည်ကို တွေ့လိုက်ရသည်။

သူ ကောင်မလေးကို ငဲ့စောင်းကြည့်တော့ ကောင်မလေးဘာ ပခုံးတွန့်ပြပြီး ဖုန်းကို ကိုင်ကာ ခပ်တိုးတိုးလေး ပြောလိုက်

www.burmeseclassic.com

www.burmeseclassic.com

သည်။

"လေကိုတောင် ကပ်စီးနည်းတဲ့ကိုကြီး၊ ဦးကပ်စီးကို စကားပြောတတ်လာအောင် သင်ပေးမလို့ ဖုန်းနံပါတ် ယူထား တာ. . . သိပြီလား"

ဟု ပြောပြီး ဖုန်းကို ပိတ်လိုက်သည်။ နောက် သူ့ဖုန်း နံပါတ်ကို နာမည်နှင့် မန်မိုရီ သွင်းလိုက်လေသည်။

သူလည်း ဖုန်းနံပါတ်ကို ပိတ်လိုက်ပြီး အိတ်ထဲ ပြန်ထည့် လိုက်သည်။

ခရီးကြဲ ဤကောင်မလေးကိုတော့ သူ လက်လျှော့လိုက် ပါသဲ့သည်။

"ပစ်မှတ်" အဖြစ်လည်း မသတ်မှတ်ချင်၊ တတ်နိုင်လျှင် ရှောင်ကွင်း၍ နေချင်သည်မို့ ထိုင်ရာက ထလိုက်သည်။

တစ်ပြိုင်နက်ဆို. . .

"ဟင်. . . ကိုကြီး ဘယ်သွားမလို့လဲ"

"စားသောက်တွဲ"

"မီးလည်း လိုက်မယ်"

ရော့. . . ခက်နေပြီ၊ တကယ့်ကို ကလေးဆိုး ညီမဆိုး လေး တစ်ယောက်ကို ကောက်ရထားမိသလိုပါပဲလား။

"ဘာလိုက်လုပ်မှာလဲ. . . ရှုပ်တယ်"

"ကိုကြီးကော ဘာသွားလုပ်မှာလဲ"

"ကျုပ်ဟာကျုပ် ဘာလုပ်လုပ်ပေါ့!"

ပြောပြောဆိုဆို သူ ထွက်ခဲ့သည်။ တကယ်တမ်းတော့ ကောင်မလေး လိုက်မလာပါ။

"အဲဒီမှာ အကြာကြီး နေနော်"

ဟု ပြောပြီး ကျန်ခဲ့သဖြင့် ခပ်လှမ်းလှမ်း ရောက်မှ သူ ကောင်မလေးကို စိတ်မချစွာ ကြည့်မိသည်။

"ဩော်. . . ကောင်းကွာ" ဟု သူ စိတ်ထဲ ရေရွတ်ရင်း ကြိတ်ပြုံး,ပြုံးလိုက်မိသည်။

တကယ့်ကောင်မလေးပါလား။

ပုဝါလေးခြုံ ကျောပိုးအိတ်ကလေး ပိုက်ကာ သူ့နေရာကို ခါ အပိုင်စီးလျက် ခွေခွေကလေး လှဲချလိုက်သည်ကို တွေ့လိုက်ရ လေသည်ကိုး။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၈)

စားသောက်တွဲတွင် တစ်နာရီကျော်မျှ အချိန်ဖြုန်းလိုက်သည်။

အမှန်ဆို ဝီစကီ နှစ်ပက်လောက်တော့ သူ သောက်လိုက်ချင်သည်။ ဒါက သူ၏နိစ္စဓူဝလို လုပ်နေသည့်အကျင့်တစ်ခု ဖြစ်နေသည်။ သို့သော် ခရီးသွားနေစဉ်တော့ ခုလို ရထားပေါ်တွင် သူ မသောက်ချင်တော့။

ပြီးတော့ သူ့ဘေးမှာက အသက်နှစ်ဆယ်ကျော် အစိတ်ဝန်းကျင် မိန်းမချောလေး ရှိနေသည်။

သူ မုန်းသော မိန်းမအမျိုးအစားထဲ ပါဝင်သည်။ ပါးချိုင့်

သေး ပါသည်။ အသားအရည် ဖြူဝင်းဝါသည်။ ဆံပင်ဖြောင့်စင်းဘာ ရှည်သည်။

ဒါတွေက မီပိုင်ဆိုင်သော အထင်ရှားဆုံး ကောင်းခြင်းအရည်အချင်းတွေ ဖြစ်သည်။

ထိုမိန်းမမျိုးဆို သူ တွဲခုတ်လိုက်သည်။ စိတ်ဝင်စားသည်ပြောသည်။ အပျော်တွဲ တွဲလိုက်ခြင်းသက်သက်သာ၊ တစ်ဖက်ကို သူ ကာယကံအားဖြင့် ဘာမှ မကျူးလွန်၊ တစ်ဖက်က လက်ထပ်ရအောင်ဟု ပြောလျှင်. . .

လက်ထပ်ယူရလောက်အောင် မချစ်ဟုဆိုကာ ရည်းစားဘဝကို တစ်ခန်းရပ်ပစ်လိုက်တတ်သည်။ ဒါ သူ၏ဖြေဆည်ရာ သုပ်ရပ်။

ဒါကို ဇော်ဝင်းအပါအဝင် သူငယ်ချင်းတွေက ပြောသည်။ ပျစ်ပျစ်နှစ်နှစ်ကြိုးကို ဝေဖန်သည်။

"မင်း ရွေးနေပြီ၊ ယဉ်ယဉ်လေး ရွေးနေတာ"

"မင်း စိတ်ကျန်းမာရေး ဆရာဝန်နဲ့ နည်းနည်းဆွေးနွေးဦးပါလားကွာ"

သူကတော့ အေးဆေးစွာပင် ဘယ်သူပြောပြော ဂရုစိုက်၊ သတော်တစ်ခေါက် ပြန်နားချိန် လေးငါးလအတွင်း အနည်းဆုံး (၂)ယောက် (၃)ယောက်လောက်တော့ တွဲပစ်လိုက်သည်။ သတော်ပြန်တက် သံယောဇဉ် မရှည်ရအောင် တစ်ခါတည်း ဖြတ်တောက်ပစ်ခဲ့သည်။

ထိုနည်းဖြင့် သူ၏နှလုံးသား မွမွကြေကွဲမှု ဝေဒနာကို သုစားပစ်လိုက်သည်။

သို့သော်. . .

www.burmeseclassic.com

www.burmeseclassic.com

မို့နေရာ အစားထိုးပြီး မိန်းမတစ်ယောက်ကို လက်ထ
ယူရလောက်အောင်တော့ သူ မစွန့်စားနိုင်သေး။

အဘယ်ကြောင့်ဆိုသော် သွားသွားလာလာ လှုပ်လှုပ်ရှ
ရှားနှင့် အလုပ်များနေသည့်ကြားက မို့ကို တစ်နေ့မှ မေ့မရနိုင်
ခြင်းကြောင့်ပင်။

မိဘနှစ်ပါးနှင့် အစ်မကလည်း သူ အိမ်ထောင်ပြု
အတွက် ကြိုးပမ်းကာ တွေ့ဆုံပေးကြသည်။

သူက အပြတ်ပင် ငြင်းလွှတ်တော့ အားနာစရာ
မျက်နှာပျက်စရာတွေ ဖြစ်ကုန်ကြကာ နောက်ထပ်များတော
ဘယ်မိန်းကလေးနှင့်မှ တွေ့ဆုံမပေးရဲကြတော့ချေ။

သူ့အာရုံထဲ မြင်ယောင်လာသော မို့ပုံရိပ်များကို ဖ
ရှားပစ်လိုက်ပြီး စားသောက်တွဲမှနေ၍ သူ့ထိုင်ခုံရှိရာ တွဲဆီ
ပြန်ကူးလာခဲ့သည်။

သူ့နေရာ၌ လမင်းစံဆိုသော ကောင်မလေး အိပ်ပျော်
နေဆဲဖြစ်သည်။

နှိုးရမှာ အားနာနေသည်။ တွဲစောင့်နေရာကလည်
လူပြည့်နေသည်။ အထက်တန်းတွဲကြီးပဲပါသော အထူးအမြန်ယာ
ရထား ဖြစ်သောကြောင့် အပ်ပါးတွဲကြီးပဲဖြစ်၍ လူသန့်သည်
သို့တိုင်အောင် သင်္ကြန်အပြန်တွေ ရုံးပိတ်ရက်ရှည် အပြန်ရ
ရှိနေသောကြောင့် ထိုင်ခုံမဲ့အချို့က တွဲစောင့်နေရာ၌ လိုက်ပါ
သည်။

သူ လက်တန်း၌ တင်ပါးလွှဲ ထိုင်လိုက်စဉ် ကောင်မလေ
ခြေထောက်နှင့် ထိမိသွားသည်။

"အိုး. . . ကိုကြီး ပြန်လာပြီလား၊ ဆောရီး. . . မီး အိ

ဟုတ်သွားတယ်"

အအိပ်ဆတ်ဟန်တူသော ကောင်မလေးက ချက်ချင်းပင်
နှုတ်လုံးပွင့်လာပြီး ထထိုင်လေသည်။

သူ ထိုင်နိုင်စေရန် တွန့်နေသော ကုလားထိုင်စွပ်များကို
သည်း ဆွဲဖုံးပြီး ဖုံခါပေးလိုက်သေးသည်။

"အဟဲ. . . ကိုကြီး အိပ်ချင်အိပ်လေ၊ မီး စားသောက်တွဲ
သွားထိုင်ပေးမယ်"

သူ့ရင်ထဲ စိုးရိမ်သွားသည်မို့ လွှတ်ကနဲ. . .

"ရတယ်. . . မင်းတစ်ယောက်ထဲ သွားလို့ ဘယ်ဖြစ်မလဲ၊
စားချင်တာရှိရင် မှာစားလိုက်လို့ရတာပဲ"

တားမြစ်သည့်စကားက အလိုအလျောက် ထွက်ပေါ်လာ
သည်။

တပြိုင်နက်ဆိုသလို သူ့ကိုယ်သူလည်း အံ့အားသင့်သွား
သည်။

သူစိမ်းမိန်းမတစ်ယောက်အပေါ် သူ စိုးရိမ်တကြီး ပူပန်
ပေးနေမိပါလား။

"အင်း. . . ဟုတ်တာပဲနော်၊ မီးက စားချင်လို့ မဟုတ်ဘူး၊
ကိုကြီးတစ်လှည့်အိပ်ရအောင်လို့ပါ"

"ရပါတယ်. . . ထိုင်အိပ်သွားလို့ ရတာပဲ"

ပြောပြောဆိုဆို သူ ဆိုဖာကို နောက်သို့ လှန်ချလိုက်
သည်။

"မီးခလုတ်က လုပ်လို့မရဘူး. . . ကျပ်နေတယ်၊ လုပ်ပေး
ပါဦး ကိုကြီး"

သူ ကောင်မလေးဘက် လက်တန်းမှ ခလုတ်ကို လှမ်း

www.burmeseclassic.com

www.burmeseclassic.com

လုပ်ပေးတော့ လူချင်း နီးကပ်သွားသည်။

သနပ်ခါးရန့်သင်းသော ရေမွှေးနံ့လေးကြောင့် သူ့ရင်
အစုံ လှုပ်ယမ်းသွားသည်။ မှီ၏ကိုယ်သင်းရန့် သနပ်ခါးရန့်လိုင်
စပယ်ပန်းရန့်လိုလို စူးဝါးမှု မရှိဘဲ သင်းပျံ့သောရေမွှေးကို "မှီ
သုံးသည်။ ထိုရေမွှေးရန့်နှင့် တစ်ထပ်တည်းပါလား။

မှီနဲ့ ရုပ်မတူပေမယ့် အသုံးအစွဲက တူနေသည်။ နှုတ်ခ
နီအရောင်လေးကအစ လက်သည်းနီ အရောင်လေးအဆုံး
ပုံရိပ်မျှားအသွင် ရှိနေလေသည်။

"ဟာ. . . ရပြီ သိုင့်ခ်ကျူး"

လမင်းစံဆိုသော ကောင်မလေးက ဝမ်းသာစွာ
လိုက်သည်။ သူ့ရင်ထဲရှိ ကလိစာတွေ ပရမ်းပတာ ဖြစ်သွားမှ
ပြန်ထိန်းချုပ်ရင်း နောက်သို့ မှီခွလိုက်သည်။

"မီးအိတ်ထားခဲ့မယ်၊ တွိုင်းလက် သွားလိုက်ဦးမယ်"

"ကျုပ် လိုက်ပို့ပေးမယ်"

မှီတုန်းကလည်း သူ ဂရုစိုက်ခဲ့သည်။ ယခုလည်း ဖြူ
ဝင်းမွတ် ချောမောလွန်းသော ကောင်မလေးကို Toilet နား
ထိုင်ခုံမဲ့များ ယောကျ်ားကြီး (၄-၅)ယောက်လောက် ရှိနေသည်
သူ အလိုလို စိတ်က ပူပန်သွားသည်။

"ဒါဆိုရင်လည်း ကျေးဇူးတင်ရပြန်ပြီ"

သူက ကောင်မလေး လက်ကိုင်အိတ်ကလေးကို လှမ်း
ပြီး လိုက်ခဲ့လိုက်သည်။

အမှုမဲ့ အမှတ်တမဲ့ပါ၊ ကောင်မလေး၏ကိုယ်လုံးကိုင်
ပေါက်ကိုလည်း အလှကိုလည်း မြင်တွေ့လိုက်မိ၍ အသိအမှတ်
ကာ ချီးကျူးမိသည်။

ရုပ်လည်းချော ကိုယ်လုံးကိုယ်ပေါက်လည်း သမင်လည်
ငေးလောက်အောင် လှသောအလှမို့ သူ့ညီမလေးသာဆို
ခရီးဝေးမျှိုးကို တစ်ယောက်ထဲ မလွှတ်နိုင်ချေ။

ကောင်မလေး မိဘများကိုလည်း အံ့အားသင့်မိလေ
သည်။

မိဘတွေကော ရှိသေးရဲ့လား၊ ဘယ်သူတွေနဲ့ နေတာလဲ၊
ဘာလုပ်တာလဲ၊ အိမ်ထောင်ကော ရှိသလား။

သူ့ခေါင်းထဲ လမင်းစံဆိုသော မိန်းကလေး၏အကြောင်း
အရာများ အမှတ်မထင် နေရာယူသွားသည်။

မအိပ်သေးဘဲ ဟိုဟိုဒီဒီ ကြည့်နေကြသော ခရီးသည်
အချို့၏မျက်လုံးများသည် ကောင်မလေးထံသို့ ဆိုက်ရောက်နေ
သည်ကို တွေ့ရတော့လည်း သူ့ရင်ထဲ မရိုးမရွကြီး ခံစားလိုက်ရ
သည်။

သူစိမ်းကောင်မလေးကို အိမ်သာလိုက်ပို့ပေးမိသော သူ့
ကိုယ်သူလည်း အတော့်ကို အံ့သြမိလေသည်။

ကောင်မလေး ပြောသလို ဒါလည်း ဆန်းကြယ်သော
လွေးရေစက်ကြောင့်ပါပဲ။

"ကိုကြီးကော မဝင်ဘူးလား"

အိမ်သာတံခါးစောင့် လှုပ်ပေးနေသော သူ့ကို အိမ်သာ
ထဲမှ ပြန်ထွက်လာချင်း ကောင်မလေးက မေးလိုက်သည်။

"ခုနက သွားခဲ့ပြီးပြီ"

"ဩော်. . . "

သူတို့နေရာ ပြန်ရောက်ကြသည်။

"ပစ္စည်းပြန်စစ်ကြည့်ဦး"

www.burmeseclassic.com

www.burmeseclassic.com

ကောင်မလေး၏လက်ကိုင်အိတ်ကို စေတနာနှင့် ကိုင်ထ
ထားသော သူ့အပေါ် အထင်လွဲမှုမျိုး မဖြစ်စေရန် အိတ်ကို
ပြန်ပေးရင်း သူက ပြောလိုက်သည်။

ကောင်မလေးက ပြူးတူးကြောင်တောင်လေး လုပ်ကာ..

"ဩော်. . . ဘာများလဲလို့ ကိုကြီးကလည်း၊ ကိုကြီးမျက်နှာ
က စာကို မီးဖတ်ပြီးသား"

"ဟင်. . . "

ကောင်မလေးစကား နားမလည်။

"ကျုပ်သည် ဖြောင့်မတ်တည်ကြည်နိုးသားသော လူတော်
လူကောင်း ဖြစ်သည်တဲ့လေ. . . ဟင်း. . ဟင်း"

ရယ်လိုက်သည့်အခါ ပါးချိုင့်လေးများက အသည်းယား
စဖွယ် ခွက်ဝင်သွားရုံမက ညီညာသော သွားစွယ်တန်းနှင့် သွား
တက်လေးပါ ပေါ်လွင်သွားသည်မှာ စွဲမက်ဖွယ်ကောင်းလောက်
အောင် ချစ်မြတ်နိုးဖွယ်ရာ ကောင်းလွန်းသဖြင့် သူ တဒင်္ဂ မှင်
သက်ကာ ငေးမိလျက်သား ဖြစ်သွားသည်။

လူပျိုရိုင်းကြီး၏ရင်ခုန်သံ စည်းချက်က မြန်လာသလို
မြည်ဟီးသံကလည်း ကျယ်လောင်လာသည်။

"မင်း စကားသိပ်တတ်တယ်"

ဟု သူ မှတ်ချက်ချလိုက်လေသည်။ ကောင်မလေးက. . .

"တေမိမင်းသားလက်သစ်နဲ့ ယှဉ်လိုက်ရင် အနားမှာ
ရှိနေတဲ့သူက အလိုလို စကားများတဲ့သူ ဖြစ်သွားရောပေါ့နော်
ဟင်း. . . ဟင်း"

ဒီခရီးစဉ်အတွက် သူ ပျင်းရိငြီးငွေ့စရာ မလိုတော့ဘ
အချိန်တွေ ခဏလေး ကုန်ဆုံးသွားတော့မှာပါလားဟု စွင်မင်

ကောင်းစွာမှတ်ချက်ချလိုက်မိလေသည်။

အဘယ်ကြောင့်ဆိုသော် လမင်းစံဆိုသော ကောင်မလေး
နှင့် ခရီးဖော်ဖြစ်ခွင့်ရခြင်းအတွက် ကံကြမ္မာကို ကျေးဇူးတင်သွားမိ
သည်၊

ကောင်မလေးကို စိတ်ဝင်စားမိသောကြောင့် ဖြစ်လေ
သည်။

ကောင်မလေးနှင့် စကားတွေ ပြောသွားပြီး သူဝယ်ချင်း
ခဲ့တော့မည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၉)

"ကိုကြီးကို ဘယ်သူလာကြိုမှာလဲဟင်၊ ကြိုမယ့်သူ ရှိရဲ့လား"

"မရှိဘူး. . . ကိုယ့်ဖာသာကိုယ် တက္ကစီငှား ပြန်သွားမှာ"

မစပ်စုလေး မေးခွန်းကို ပြည့်စုံစွာ ဖြေလိုက်ပြီး ပုဇွန်တောင်ဘူတာ ကျော်လာပြီမို့ ရထားပေါ်မှ ခရီးသည်များ လှုပ်လှုပ်ရွရွဖြစ်ကာ အထုပ်အပွေးများနှင့် အလုပ်များနေကြလေပြီ။

ဈင်မင်းလည်း သူ့ခရီးဆောင် လက်ဆွဲအိတ်နှင့် ကောင်မလေးအိတ်တို့ကို ချကာ ပေးလိုက်သည်။

"မီး ကိုကြီးကို လိုက်ပို့ပေးမယ်"

"အေးအေးဆေးဆေး ပြန်ပါ ကျောင်းအစ်မရယ်၊ တစ်ဘိုယ်တည်း သွားနေကျ ပြန်နေကျမို့ အကျင့်မလုပ်ပါရစေနဲ့"

"မီးကို ကူညီထားတာပဲ၊ မီးက ပြန်ကူညီချင်တာပေါ့၊ ကားနဲ့ လှည့်ပို့ပေးတာ ဘာအပန်းကြီးတာမို့လို့လဲ"

"အကူအညီဆိုတာ လိုအပ်တဲ့သူကို ပေးမှ အကျိုးရှိမှာပေါ့၊ ကျုပ်က အကူအညီမှ မလိုဘဲ"

"ကိုကြီးနဲ့ မီး သူငယ်ချင်း ဖြစ်သွားပြီနော်၊ မီးအိမ်ကို အလည်ဖိတ်ခေါ်ရင်ကော လာလည်မှာလား"

ဈင်မင်း ပြီးလွယ်စီးလွယ်ပင် "အင်း" ဟု ဖြေလိုက်သည်။ မဟုတ်လို့ကတော့ သာလိကာမလေးက တော်တော်နှင့် စကားစပြတ်မည်မဟုတ်ပါ။

"အိုကေ. . . ဒါဖြင့် ယောကျ်ားကတိနော် တည်ရမယ်၊ မီး ဖုန်းဆက်မှာ"

ဈင်မင်း ပြုံးရုံပြုံးနေလိုက်သည်။

ကောင်မလေးက ဖုန်းဖွင့်ကာ သူ့အိမ်သို့ လှမ်းဆက်နေလေသည်။

"မေလား. . . မီးပါ၊ ဘုတ္တာကြီးထဲ ဝင်တော့မယ်၊ မေလာကြိုတာလား"

"×××××××"

"အင်း. . အင်း. . ဟုတ်တယ်၊ မေ ကားပေါ်မှာပဲနေ၊ လူကြားထဲ မလာနဲ့၊ ဒါပဲနော် မေ"

ဟု ပြောပြီး ဖုန်းပိတ်ကာ အဆက်အစပ်မရှိ။

"မီးမေမေက နှလုံးရောဂါ ရှိလို့ စကြိုထိ လာမကြိုနိုင်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com

ကိုကြီးနဲ့ မိတ်ဆက်ပေးလို့ မရတော့ဘူးပေါ့၊ ကိုကြီး ကားအထိ လိုက်ခဲ့ပေးပါလား"

"အေးအေးဆေးဆေး ပြန်ပါ လမင်းစံရယ်၊ ဟော. . . ဘူတာဝင်လာပြီ၊ မင်းကို လာကြိုတဲ့လူတွေကို ကြည့်လိုက်ဦး ခေါင်းလည်း သိပ်မထုတ်နဲ့ဦး"

"ဟုတ်"

စွင်မင်းအတွက်တော့ ခရီးကြုံမလေးအတွက် တာဝန်တစ်ရပ် ပြီးဆုံးသွားသလိုလို ခံစားလိုက်ရသည်။ လူကောစိတ်ပါ ပေါ့ပါးလန်းဆန်းသွားရမည့်အစား တိတိကျကျ မဟုတ်သော်လည်း သူ့မနောထဲ၌ လေးလံသွားသလိုလို ထိုင်းမှိုင်းသွားသလိုလို ခံစားလိုက်ရသည်။

လမင်းစံဆိုသော မိန်းမချောလေးနှင့် သူ၏အနာဂတ်သည် ဆက်နွယ်လာလိမ့်ဦးမည်ဟု အလိုလို ခံစားလိုက်ရသလိုဝင်၊

"ဟော. . . ဦးကြီးကော ဒေါ်စိန်ပါ လာကြိုတယ်၊ ဒီမှာ မီး ဒီမှာ"

လမင်းစံက သူ့ကိုယ်သူပဲ ပြောသလိုလိုနှင့် သူ့အားလှမ်းပြောသလိုလိုနှင့် ပြောလိုက်လေသည်။

"ဒါဖြင့် ကျုပ် ထားသွားပြီနော်. . . ဘိုင့်ဘိုင်"

သူက ပေါ့ပါးစွာဝင် ဟင်းဘက်ကို လွယ်ပြီး လက်ဆွဲအိတ်ကို ဆွဲကာ ရထားရပ်လျှင် ဆင်းနိုင်ရန် တွဲအတက်အဆင်းဆီသို့ လျှောက်ခဲ့လေသည်။

"နေဦးလေ"

ဟူသော လမင်းစံ၏အသံကို ဥပေက္ခာပြုလိုက်ရလေသည်။ လာကြိုသူနှစ်ဦး ရှိနေပြီပဲ၊ သူ ကူညီစရာ မလိုတော့၊

သေချည်တာနှင့်အမျှ သံယောဇဉ်ကြိုးတွေက ငြိကုန်မည်။

ရင်ထဲက အချစ်ဆူးတစ်ချောင်းကြောင့် နှလုံးသားရင်ပြင်တစ်ခုလုံးလည်း မွမွကြေနေပြီမို့ ကျန်အချစ်တစ်ခု မွေးဖွားဖို့ရာ ဖြစ်နိုင်တော့။

အိမ်ထောင်ပြုဖို့ဆိုတာကလည်း သူ စဉ်းစားလို့ မရသေး။

အပျော်တွဲပြီး ချစ်တမ်းကစားဖို့ ကျပြန်တော့ အပြစ်ဆင်းစင်သလို သူ့ရင်မှာ တွယ်တာသလို ခံစားရသည့် လမင်းစံကိုတော့ သူ ပယ်ချလိုက်သည်။

ကောင်မလေးဟာ သူ့ထက် ဆယ်နှစ်ငယ်တာထက် ပြုစင်လွန်းသည်။ ဟန်ဆောင်မှု ကင်းမဲ့သည်။ သူ့ပင်ကိုယ်စရိုက်ကလေးနှင့် ပွင့်လင်းထက်မြက်တာဟု သူ ခံစားရလေသည်။ ဒါကြောင့် လမင်းစံဆိုသော ကောင်မလေးကို သူ ဘေးမဲ့ပေးလိုက်ခြင်းဖြစ်လေသည်။

ရထားဘီးရပ်တန့်သွားသည်နှင့် သူ ရထားတွဲပေါ်မှ လွှားကနဲ ဆင်းသက်လိုက်သည်။

ကောင်မလေး အဆင်ပြေသွားမှာပါ။

ရထားဘူတာရုံသို့ ရောက်ပြန်လေတော့ သူနှင့်မှီတကျော့ပြန် ဆုံဆည်းခဲ့ရခြင်းတို့နှင့်အတူ တစ်ကျော့ပြန် ခွဲခွာရခြင်းတို့ ဖြစ်တည်ခဲ့ရာ နေရာကိုတော့ ဘယ်လိုလုပ်၍ မေ့နိုင်ပါမည်နည်း။

မေ့မရသော ရပ်ဝန်းမှ သူ အဆောတလျင် ထွက်ပြေးခြင်းကို လမင်းစံဟူသော ကောင်မလေးကတော့ သံသယစိတ်များပွားပြီး ကျန်ရစ်ခဲ့ရာပေလိမ့်မည်။

"ဒီလူကြီး တစ်လမ်းလုံး ကောင်းတိကောင်းရက်နဲ့ ခရီးဆုံး

www.burmeseclassic.com

www.burmeseclassic.com

တော့မှ ငွေဖောက်သွားတယ်၊ ဘယ်လိုလူကြီးပါလိမ့်" ဟု တွေးကောင်းတွေးနေလိမ့်မည်။

မတတ်နိုင်။ ကိုယ့်ဝမ်းနာ ကိုယ်သာ သိသည်။ သူသည် ဝေဒနာများနှင့် ဖွဲ့စည်းထားသော ဒဏ်ရာအနာမြို့ လူသားဖြစ်သည်မို့ ထိလွယ်ရှလွယ် ခံစားလွယ်သည်။

ချစ်ဦးသူ၏အရိပ်များ လွှမ်းမိုးရာ နယ်မြေဟူသမျှတို့နှင့် တတ်နိုင်သမျှ ကင်းကင်းသာ နေလိုပါသည်။

ထို့ကြောင့် ရန်ကုန်ဘူတာကြီးနှင့် ဝေးရာ အဝေးဆုံးသို့ သူ ပြေးထွက်ခဲ့ခြင်း ဖြစ်သည်ဆိုတာကို. . . ။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၀)

နံနက်ပိုင်းပင် ဖြစ်သော်လည်း နွေလယ်၏နေ့တစ်နေ့မို့ အပူရှိန်က အရှိန်အဟုန်နှင့် အားယူစ ပြုလေသည်မို့ ပူစပ် ပူလောင်ပင် ဖြစ်နေသည်။ ကားထဲ Air con ဖွင့်ပြီး ဂုဏ်တော် ကိုးပါး စိတ်ပုတီး စိတ်နေစဉ် မန္တလေး အစုန်ရထား ဝင်လေပြီမို့ ထင်သည်။ ခရီးသည်တွေ လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။ သူ ကားရပ်ထားရာအနီး ကားပတ်ကင်၌ ပါရမီ တက္ကစီတွေကော စီးတီးတက္ကစီတွေပါ ရှိနေလေသည်။

ထိုစဉ် သူ့မြင်ကွင်းထဲသို့ ပုံရိပ်တစ်ခု ဝင်လာသည်နှင့် နှလုံးသားတုန်ခါမှုန်းထား မြင့်တက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com

နဲ့သာဖြစ် စိပ်ပုတီးကို ကိုင်ထားသော ညာလက်ဖြင့် ဘယ်ဘက်ရင်အုံကို ခါတော်မှီ ဖိထားလိုက်သည်။

မိမိနှလုံးခုန်သံ တဒုတ်ဒုတ်ကိုပင် ကျယ်လောင်စွာ ကြားနေရသည်။

ရင်ထဲ၌လည်း တမ်းတမ်းတတ အာမေဋိတ်သံ ပြုမိလေသည်။

"မောင်"...ဟု။

ဟုတ်ပါတယ်...မောင်မှ မောင်ပါ။ ယခင်ကလိုပင် နုပျိုဆဲပင်။

စိပ်ပုတီးကို လက်ကိုင်အိတ်ထဲ ထည့်လိုက်ပြီး နေကာမျက်မှန်ကို တပ်လိုက်မိသည်။ ကားနောက်ခန်းမှာ ထိုင်နေသော သူ့ကို မောင် ဘယ်လိုလုပ် တွေ့နိုင်မှာလဲ။

မောင်က တိုက်တိုက်ဆိုင်ဆိုင် သူ့ကားအနီး ရပ်ထားသော City Taxi ကို လာမေးသည်။ သူ မှန်တံခါးလေးကို မသိမသာလေး နှိပ်လိုက်သည်။

"တက္ကသိုလ်ရိပ်သာလမ်းက တက္ကသိုလ်ရိပ်မွန်အိမ်ယာကို သွားမယ်...ဘယ်လောက်လဲ"

"သုံးထောင်"

"ဘယ်သူမှ မတင်ဘူးနော်...ခုသွားမယ်"

"ဟုတ်ကဲ့ တက်ပါ"

မောင်က ကားနောက်ခန်းသို့ ဝင်ထိုင်လိုက်သည်။

တက္ကစီက ချက်ချင်းပင် ထွက်သွားသည်။

ခါတော်မီ ထိုတက္ကစီလေး မြင်ကွင်းထဲက ပျောက်ကွယ်သွားသည်အထိ လည်ပြန်အောင် လိုက်ငေးကြည့်နေမိလေသည်။

မောင့်အသံကြားချင်၍ မှန်တံခါးလေး အနည်းငယ် နှိုက်ဖွင့်ဘာ နားထောင်မိလေသည်။

မောင့်မျက်နှာပြင်မှာ ကြေကွဲရိပ်တွေ တွေ့နေရသည်။

မောင်လည်းပဲ မိမိလိုပဲ ချစ်သူတို့ ဆုံစည်းခဲ့ရာ ခွဲခွာခဲ့ရာ နေရာတွေကို မဖြတ်ချင်ဘဲ ဖြတ်ကျော်နေရခြင်းအတွက် ရင်ထဲက ဝေဒနာဟောင်းတွေ အုံကြွနေရှာတာလား။

ခွင့်လွှတ်ပါ မောင်ရယ်လို့သာ ရင်ထဲ အခါခါ မြည်တမ်းဘောင်းပန်နေမိသည်။

လေပူတိုးလာမှုကြောင့် နှိမ့်ထားမိသော မှန်တံခါးကို ပြန်ဆင်ဖို့ သတိရလိုက်သည်။

မောင်ကော မန္တလေးက ပြန်လာတာပဲလား။

ထိုစဉ် ရထားဘူတာရုံကြီးဘက်မှ ကူးလာသော သမီးကို လှမ်းတွေ့လိုက်ရသည်။

အတိတ်ခြေရာတို့ကြောင့် လွမ်းမောဖွယ်ရာ ပုံရိပ်ယောင်ဘို့ ထင်ဟပ်ဆဲမှာ မောင့်ကို ဘွားခနဲ မြင်တွေ့လိုက်ရတော့ ရင်မှာ အသက်ရှူမဝသလို မောကျပ်ပြီး မောဟိုက်လာခဲ့သည်။

ဇောချွေးများ ပြန်လာသည်။

သမီးကို တံခါးဖွင့်ပေးလိုက်ရုံမှအပ ပြင်ပကို မထွက်ချင်တော့။

"မေမေ"

သမီးက ကားတံခါးဖွင့်ကာ ဝင်ထိုင်လိုက်သည်။ မချိပြုံးနှင့် သမီးကို ဟန်မပျက် ပြုံးပြရင်း...

"မီးအသားတွေ ညှိသွားတယ်၊ သင်္ကြန်ရေ ဘယ်လောက်တောင် ထိထားသလဲ မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com

"မိုင်နာပါ. . . မေမေ နေကောင်းရဲ့လား၊ အဲယားကွန်း
တောင် ခွေးပြန်နေပါလား၊ လာမကြိုပါနဲ့လား မေမေရယ်၊ ဘာ
လာကြိုရတာလဲ"

ရင်ထဲက မြို့နေခဲ့သော နှလုံးသား ဒဏ်ရာတောင်း
လည် အုံကြွလာမှုကို သမီးအား ဘယ်ဖွင့်ပြောနိုင်မှာလဲ။

"သြော်. . . မေ့သမီးကို တွေ့ချင်တာကိုးကွယ်"

ဒရိုင်ဘာကြီးမောင်နှင့် မစိန်တို့က ကားနောက်ဖုံး
ပစ္စည်းများကို ထည့်ပြီးနောက် ရှေ့ခန်းတွင် နေရာအသီး
ယူလိုက်ကြသည်။

"ဆရာကတော် အိမ်တန်းပြန်ရမှာလား"

"အင်း. . . အင်း"

ဒရိုင်ဘာ၏အမေးကို လေသံပျော့ပျော့နှင့် ခါတော်မီ
အင်းလိုက်လိုက်သည်။

အမှန်တော့ သူ့စိတ်အစဉ်သည် စောစောက နွေလ
ခေါင် နေ့ခင်းအိပ်မက်ကြောင်တောင် မက်သလို ခံစားလိုက်
သဖြင့် အိပ်မှုန်စုံမွှားနှင့် ယောင်တီးယောင်တ ကြောင်တီးကြော
တောင် ဖြစ်နေလေသည်။

"မေ နေမကောင်းဘူးထင်တယ်၊ မောနေပြန်ပြီလ
မေမေ"

သမီးက သူ့ဘယ်ဘက်ရင်အုံကို လက်ဖဝါးလေး
အသာဖိကပ် စမ်းသပ်လိုက်သည်။

"မေမေ တဲင်းရှင်း(စိတ်ဖိစီးမှု)သိပ်များနေပြန်ပြီ ထ
တယ်"

"နေပြင်းလို့ ထင်ပါတယ် မီးရယ်၊ မေမေ ဘာမှ မဖြစ်

ခါတော်မီ အပြုံးတုတစ်ပွင့်ကို အလန်းဆန်းဆုံးဖြစ်
အောင် ဖန်တီးလိုက်ရသည်။ ကိုယ့်အတွက်ကြောင့် သမီး စိတ်
ပန်းမှု ဖြစ်မှာကိုလည်း မလိုလားချေ။ ကိုယ့်ဝန်ကို ကိုယ်ပဲ ထမ်း
ပိုးချင်သည်။

ကားက ငြိမ့်ခနဲ ထွက်လာခဲ့သည်။ အတွေးတို့က ရင်
ထဲမှ ဖယ်ရှားရှိမရသေးချေ။

မောင် တက္ကသိုလ်ရိပ်မွန်ကွန်ဒိုမှာ နေတာလား၊ အိမ်
ထောင်ကျသွားပြီလား။

မောင့်ဘဝ အခြေအနေတွေ ပြောင်းလဲသွားလောက်ပါ

"မေမေ"

"အင်း. . . သမီး ဘာလဲ"

"ဆေးမှန်မှန်သောက်ရဲ့လားလို့"

"သောက်ပါတယ် သမီးရဲ့၊ ဒါထက် မီးတစ်ယောက်ထဲ
ဘားစီးရတာ အဆင်ပြေရဲ့လား"

"ပြေပါတယ် မေမေရဲ့၊ မီးကို သူတော်ကောင်း နတ်
ကောင်းမတယ်ဆိုတာ ဟုတ်မှာပဲ၊ အရမ်းကို သဘောကောင်းတဲ့
ကြိုးတစ်ယောက်နဲ့ အတူကျတာ"

"ဟင်. . . မိန်းမချင်း မဟုတ်ဘူးလား၊ လက်မှတ်ဝယ်
သည်းက ပြောဝယ်ရမှာလေ"

သမီးကတော့ သူ့ထုံးစံအတိုင်း ပြုံးရယ်ကာ. . .

"အမလေး. . . မေမေရယ်၊ ဒီလို သက်ြန်ပြီးကာစမှာ
ခင်ဗျာတ်ကို ကျားမ ရွေးနေလို့ကတော့ တော်ရုံနဲ့ကို ပြန်ရမှာ

www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ဘူး၊ ဒါလည်း ခပ်ကောင်းကောင်း၊ အဲဒီခရီးသည်လူကြီ
မီးကို ပြတင်းပေါက်နေရာလည်း လဲပေးတယ်၊ အစစအရာ
ဦးလေးသားချင်းလို ကူညီပေးတာ သိလား မေ"

သမီးလေး မျက်ဝန်းထဲ၌ တစ်ခါမှ မဖြစ်ဖူးသော
ခြည်များ ယှက်သန်းနေမှုကြောင့် ခါတော်မီရင်ထဲ လူပ်ရှားသွ
သည်။

ငယ်ရာမှ ကြီးလာသော သူ့အနေနှင့် သမီး၏မျက်လ
က ရောင်ခြည်ကို ဖတ်မိကာ အဓိပ္ပါယ် ဖော်လိုက်မိသည်
ချစ်ရောင်ခြည်များဟု။

"နာမည်ဘယ်သူတဲ့လဲ၊ ဘာလုပ်သလဲ၊ လူပျိုလား၊ ဘ
အရွယ်ရှိပြီလဲ"

သမီးရှင်တစ်ယောက်၏ပူပန်မှုဖြင့် မေးခွန်းတွေ ဒလ
ထုတ်လိုက်မိလေသည်။

သမီး လမင်းစံက သဘောကျစွာ တခစ်ခစ် ရယ်
ရှင်း. . .

"မေမေ့မေးခွန်းတွေကလည်း များလိုက်တာ၊ မီး ဘာ
နေ စပြီးဖြေရမှန်းတောင် မသိတော့ဘူး၊ တစ်ခုချင်းပဲ ဖြေ
နော်"

"နာမည်က ဦးကိုကြီးတဲ့"

ခါတော်မီ ခေါင်းယမ်းလိုက်သည်။

"နာမည်အစစ် ဟုတ်မယ်မထင်ပါဘူး၊ သူ့မှတ်ပုံတ
ကြည့်မိလို့လား"

"လက်မှတ်စစ် မလာဘူး"

"ဩော်"

"အလုပ်ကတော့ ဘာလုပ်မှန်း မသိဘူး၊ ဘောစိတော့
ဘောစိပဲ၊ အိမ်ထောင်ရှိမရှိတော့ မသိဘူး၊ တုကိုယ်ရေ တကာယ
သားလို့တော့ ပြောတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အမေနဲ့ပဲ ဖုန်း
ပြော်လို့လေ၊ မီးလိုပေါ့. . . ခစ်ခစ်"

"သမီးဟာက အမှတ်မထင် ဆုံတွေ့မှုပဲ၊ ဒါကို ခေါင်းထဲ
ထည့်မနေနဲ့တော့"

"ခစ်. . ခစ်. . . ခေါင်းထဲ မထည့်ဘူး၊ မီးဖုန်းထဲပဲ မန်မိုရီ
ထည့်ခဲ့တယ်လေ၊ သူ့ဖုန်းနံပါတ်ကို မီးဖုန်းနံပါတ်လည်း
ထည့်ပေးလိုက်တယ်"

"ဘယ်အရွယ်ရှိပြီလဲ"

"မေတို့အရွယ်ပဲ"

"ဩော်. . . "

ဟူသော သံရှည်နှင့်အတူ ပင့်သက်ရှိုက်လိုက်သည်။ စိတ်
ထဲမှာ သမီးကို ကလေးလို့ပဲ ထင်နေခဲ့သည်။ သို့သော် သမီးက
ရင့်မှည်ရောက်လာပြီပဲ။

အသက်အစိတ် ပြည့်ပြီးပြီ၊ ဟောက်စ်ဆာဂျင် ဆင်းပြီး
ကြာခင် အလုပ်ခွင် ဝင်တော့မည်။ မဟာဆေးသိပ္ပံ ဆက်တက်
မည်။ မကြာခင် ဆရာဝန်ကြီး ဖြစ်တော့မည့်သမီးကို ကလေး
ထင်နေသေးသည်။ သီးခိုးခိုန်တန်သီး ပွင့်ခိုးခိုန်တန် ပွင့်ဖို့အတွက်
မှာ တာဝန်တွေ ရှိပါသေးသလား။

သမီးက ရယ်မောရင်း ကြည်နူးရွှင်ပျစွာဖြင့်. . .

"ဒီလူရဲ့ဘိုင်အိုဂရပ်ဖီကို မကြာမီ မေမေ သိစေရမယ်၊
တော့ မေမေနဲ့ တွေ့ပေးမှာပါ၊ မေနဲ့မီးကြားမှာ ဘာလျှို့ဝှက်
မှု မရှိဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com

သမီး လမင်းစံ စကားကြောင့် သူ မလုံမလဲ ဖြစ်သွား
သည်၊

သမီးဘက်က လျှို့ဝှက်ချက်မှန်သမျှ မရှိတာ မှန်သော
လည်း သူ့ဘက်ကတော့ သမီးအဖေ တားမြစ်ကတိထားမှုကြော
တိမ်မြုပ်ထားသော လျှို့ဝှက်ချက်တစ်ခု ရှိနေခဲ့သည်။

ဒီလျှို့ဝှက်ချက်ကို ဖွင့်ပြောသင့်မသင့် စဉ်းစားလိုက်တော
ရင်ဝယ် စူးကနဲ အောင့်လာသည်။

မောဟိုက်လာသည်။

အသက်ရှူကျပ်လာသလို ခံစားလိုက်ရမှုကြောင့် အသ
ကို ပြင်းပြင်းရှူရှိုက်ရင်း ရင်ထဲမှ အတိတ်၏အရိပ်များကို ဖယ်
ထုတ်ပစ်လိုက်လေသည်။

သို့သော် ဖယ်ထုတ်ဖို့ ကြိုးစားလေလေ အတိတ်မှ အ
တို့က ပို၍သက်ဝင်လှုပ်ရှားလာလေလေ ဖြစ်နေပါပြီကောလာ

မောင်ရယ်. . . ဆယ်နှစ်ကျော်ကာလမှာ မောင် ဘယ်
သို့များ ရှင်သန်ဖြတ်သန်းသွားသလဲ။ မိုကတော့. . .



အခန်း(၁၁)

"မို့.ကို ပြင်ဦးလွင်အနှံ့. လိုက်ပို့ပေးမလားလို့ လာခေါ်
သော"

ထူးစံနှင့် သင်းသင်းမြတ်ကို ဈင်မင်းက ခွင့်တောင်းလိုက်
သည်။ သင်းသင်းမြတ်က. . .

"ခွင့်တောင်းနေရသေးလား ကိုဇင်မင်းရယ်၊ မချွေမို့ရဲ့
အုပ်ထိန်းသူက ကျွန်မတို့မှ မဟုတ်တာ၊ ကျွန်မတို့က မထည့်နိုင်
ဘူးလို့ ပြောလို့ကော ရမလား"

လေကြောရှည်လိုက်သည်။ အသင့်ပြင်ဆင်ပြီး စောင့်ခန
သော မို့လည်း မလုံမလဲဖြစ်ကာ. . .

www.burmeseclassic.com

www.burmeseclassic.com

"မိသင်းနော်. . . ရှည်ကိုရှည်တယ်"

"စတာပါ၊ ကိုင်း. . . သွားကြသွားကြ"

ထိုအခါမှ ဈင်မင်းမျက်နှာ ဝင်းပသွားလေသည်။ ထူးနှင့် သင်းသင်းမြတ်တို့ကို လိုက်ခဲ့ပါလားဟုပင် လောက္ခတ်မချော်ချေ။ သူတို့ကြား ဆေးရိုးသည်ဖြစ်မှာ ကြောက်မိသည်။

ခါတော်မီက ကိုထူးစံနှင့် သင်းခင်မြတ်ကို ပြုံးရဲ့သား ပြုံးပြပြီး "လင်းရောင်ခြည် ဘော်ဒါဆောင်" ပေါ်တိုကိုအောင် ရပ်ထားသောကားကြောင့် ဒတ်ဆန်းပစ်ကပ် အမိုးပြုတ်လေးဖြင့် သည်။

"ဟင်. . . မောင် ဘယ်က ကားဆွဲလာတာလဲ"

"ဒီလိုပဲ သူငယ်ချင်းတစ်ယောက်ကားကို ဆွဲလာတာ"

ဈင်မင်းက ခါတော်မီအတွက် ရှေ့ခန်းကားတံခါးကို ဖွင့်ပေးလိုက်သည်။

"တက်. . . မို့"

ခါတော်မီ ဝင်ထိုင်လိုက်သည်၊ တံခါးပိတ်ပေးပြီး ဈင်မင်းက ယာဉ်မောင်းနေရာတွင် နေရာဝင်ယူပြီး ကားကို မောင်းထွက်ခဲ့လေသည်။

"ဘုရားကြီး အရင်ဖူးမယ်၊ ပြီးမှ ရေတံခွန်နဲ့ ပန်းခြံသွားမယ်နော် မို့"

"မောင့်သဘောလေ"

"မောင့်သဘောကတော့ မို့နဲ့ အလေးအနက်ထားပြီး ပြောချင်တာ၊ မို့ကို မောင် လက်ထပ်ချင်ပြီ၊ အဲဒီအတွက် ဦးအဖြေပေးပါ၊ ဒီတစ်ခေါက် သဘော်ပြန်မထွက်ခင် အမြန်ဆုံး စီစဉ်ပြီး လက်ထပ်သွားချင်တယ်"

"မလောပါနဲ့ မောင်ရယ်၊ မို့လေ မောင့်အချစ်ကို သံကြည်တယ်၊ တန်ဖိုးလည်း ထားတယ်၊ ဒါပေမယ့် မို့ အရမ်းကြောက်နေတာ ရှိတယ်"

ဈင်မင်းစိတ်ထဲ မွန်းကျပ်သွားသည်။

"မို့ ဘက်ကတော့ ဘာမှ ဝင်ပြောမယ့်သူ မရှိပေမယ့် မောင့်ဘက် အသိုင်းအဝိုင်းကို ကြောက်တယ်"

"ဖေဖေနဲ့မေမေက မောင့်ကို ချစ်ပါတယ်၊ မောင့်ဆန္ဒကို လိုက်လျောပေးမှာပါ"

ခါတော်မီ ခေါင်းယမ်းလိုက်သည်။

"လေးလေးနက်နက် မဟုတ်တာတောင် အပေါ်ယံပဲ တွေးကြည့်၊ ဘယ်မိဘမဆို ကိုယ့်သား လူပျိုစစ်စစ်ကို မုဆိုးမ တစ်ယောက်နဲ့ သဘောမတူနိုင်ဘူး မောင်"

ဈင်မင်းရင်ထဲ နင့်ကနဲ ဖြစ်သွားသည်။

"မို့ သားသမီး မရခဲ့ဘူးနော်. . . မယူတာလား"

ဈင်မင်းက စကားလမ်းကြောင်း ပြောင်းဖို့ ကြိုးစားလိုက်သည်။

ခါတော်မီ မျက်ရည်တို့ ရစ်ဝဲလာသည်။ အချစ်မပါသော အိမ်ထောင်တစ်ခု၏ခါးသီးဆိုးရွားလွန်းသော ရိုက်ချက်တစ်ခုကို ပြင်းထန်စွာ ခံစားခဲ့ရပြီးပြီ၊ အရှင်လတ်လတ် ငရဲကျသလို ခံစားခဲ့ရသည့်အတွက် အိမ်ထောင်ရေးဆိုတာကြီးကို လန့်ဖျတ်သွားခဲ့သည်။ နောက်ထပ်တစ်ဖန် ဝင့်ဒုက္ခဆင်းရဲကို မခံနိုင်။

ဒါကလည်း သူကလည်း စိမ်း၊ ကိုယ်ကလည်း အချစ်မပါခြင်းကြောင့် ဖြစ်ပေါ်လာသော အိမ်ထောင်ရေး ပဋိပက္ခက နွေလယ်ခေါင်၏ကန္တာရသဖွယ် ဖြစ်ခဲ့ခြင်း ဖြစ်မည်ဆိုသော်လည်း

www.burmeseclassic.com

www.burmeseclassic.com

"မို့ ဘာတွေ တွေးပြီး စိတ်မကောင်း ဖြစ်နေတာလဲ၊ အတိတ်ကို အတိတ်မှာ ထားခဲ့စမ်းပါ"

ခါတော်မီ၏အတွေးကို စျင်မင်းက ရိပ်စားမိသည့်အလား နှစ်သိမ့်လိုက်သည်။

"မောင့်မေးခွန်းကြောင့် မို့ စိတ်ထိခိုက်သွားရင် တောင်းပန်ပါတယ်"

ထိုအခါမှ ခါတော်မီက ချစ်သူမေးထားသော မေးခွန်းကို ဖြေရန် သတိရလိုက်သည်။

အချစ်မပါသော အိမ်ထောင်ရေးမို့ သူကိုယ်တိုင် သားသမီး သံယောဇဉ်ကြိုးနှင့် ချည်တိုင်မှာ ရစ်ပတ်ခံရမှာ စိုးကြောက်သည်။ ထို့ကြောင့် သားသမီး မယူခဲ့ခြင်း ဖြစ်သည်။

"မယူခဲ့ကြတာ"

ဟု ချစ်သူကို ဝန်ခံလိုက်သည်။

"မို့. . . ခု ပြင်ဦးလွင်မှာ ဘာလာလုပ်တာလဲ"

"လင်းရောင်ခြည်မှာ ဘော်ဒါဆောင်ရဲ့အဆောင်မှူး လည်း လုပ်ရင်း၊ ဂိုက်လည်း လုပ်ရင်း၊ အေးအေးချမ်းချမ်းလေး နေကြည့်မလားလို့ ထွက်လာခဲ့တာ၊ သင်းသင်းကလည်း ခေါ်တယ်လေ"

"စိတ်ပြေလက်ပျောက် စဉ်းစားရင်တော့ မလုပ်ပါနဲ့လား မို့၊ မောင်နဲ့ လက်ထပ်ပြီး အိမ်ရှင်မ မိခင်ပဲ လုပ်ရင်း မိသားစု ဘဝနဲ့ ပျော်ရွှင်ချမ်းမြေ့စွာ ဘဝကို တည်ဆောက်သွားရအောင်လား မို့"

ခါတော်မီ မဖြေ။

စျင်မင်းက အားမလိုအားမရ ဖြစ်မိကာ. . .

"မို့. . ."

"ပြောလေ မောင်"

"မို့. . . မောင့်ကို ချစ်သေးရဲ့လား"

"ဘယ်တုန်းကမှ မမုန်းခဲ့ပါဘူး၊ မောင်ကတော့ မို့ကို မုန်းခဲ့မှာပေါ့"

စျင်မင်းက နာကျင်စွာ ခြောက်ခြောက်ကပ်ကပ် ရယ်လိုက်သည်။

"ဟတ်. . ဟတ်. . မုန်းဖို့နေနေသာသာ ရက်စက်သူ မစိမ်းကားကြီးကို မေ့ပစ်ဖို့ ကြိုးစားတာတောင် မရလို့ပါဗျာ၊ အတွဲတွေ ထားကြည့်ခဲ့တယ်၊ အထူးသဖြင့် ခင်ဗျားလို ပါးချိုင့်လေး ပါတဲ့ လူကုံတန် အသိုင်းအဝိုင်းက မိန်းမတွေနဲ့ပေါ့၊ ချစ်လာရင်တော့ မောင် တကယ်ပဲ လက်ထပ်ပြီး ခင်ဗျားကို လှလှပပလေး အနိုင်ယူ ပြုံးပြလိုက်မယ်ပေါ့ဗျာ၊ ခင်ဗျားကို ဖိတ်စာ ကိုယ်တိုင် လာပို့မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပေါ့ဗျာ"

"ခင်ဗျားတဲ့လား မောင်"

ကိုယ့်အလှည့်ကျတော့ ချစ်သူက စိမ်းကားဖို့ ကြိုးစားပါတယ်ဆိုတဲ့စကားကို ကြားရတာတောင် ရင်နင့်အောင် ခံစားရပါလား။

"ဟုတ်တယ်. . . မစိမ်းကားကြီး ရက်ရက်စက်စက် ကျုပ်နှလုံးသားကို ခွဲခဲ့တာကို မောင် သိပ်ခံစားခဲ့ရတယ် မို့၊ အရူးတစ်ပိုင်းလိုပါပဲ၊ ဒါကြောင့် မြန်မာပြည်တောင် ပြန်မနားတော့ဘဲ သင်္ဘောတွေကို ဆက်တိုက် လိုင်းဝင်ပြီး ဘန်ကောက်မှာတွဲထပ်ထပ်တက်သွားခဲ့တာ၊ အခုမှ ပြန်ရောက်တာ၊ ဒါတောင် အမေ နေမကောင်းဘူးဆိုလို့ ပြန်လာတာ"

www.burmeseclassic.com

www.burmeseclassic.com

"ဒေါ်ဒေါ်ကော နေကောင်းသွားပြီလား"

"သွေးတိုးနဲ့ နှလုံးရောဂါ ဖြစ်တာတဲ့၊ ခုတော့ သက်သာသွားပါပြီ၊ ဆေးစွဲစားနေရတယ်"

"ဩော်. . . ဂရုစိုက်ပါ မောင်၊ ဒေါ်ဒေါ်တို့လည်း မို့ကို တော့်တော်လေး စိတ်နာမှာပဲနော်"

"အကြောင်းရင်းကို မသိကြတော့ စိတ်နာမှာပေါ့၊ ဒုမောင် တောင် စိတ်နာခဲ့သေးတာပဲ၊ ကဲပါ. . . မို့ အခု အုပ်ထိန်းသူက မို့ကိုယ်မို့ပဲ မှတ်လား၊ မို့ မောင့်ကို လက်ထပ်မှာလား မထပ်ဘူးလား. . . ဒါပဲပြော"

ဈင်မင်းက ဇွတ်တရွတ်ဟန်ပန်နှင့် အကျပ်ကိုင်လိုက်သည်။

ခါတော်မီ ရယ်လိုက်သည်။

"လူဆိုးလုပ်မနေနဲ့. . . ခဲမှန်ဖူးတဲ့ စာသူငယ်လိုဖြစ်နေလို့ နောက်ထပ်အိမ်ထောင်ပြုရမှာ ကြောက်နေတယ်၊ ဒါပေမယ့် မောင့်ကိုတော့ ချွင်းချက်ပေးမယ်"

ခါတော်မီ နှလုံးသားသည် အဆိုးဆုံးကို ရင်ဆိုင်ကြေမွပျက်စီးခဲ့ဖူးပြီမို့ အနည်းငယ်တော့ ခံနိုင်ရည် ရှိလာပြီလို့ ကိုယ့်ကိုယ် ကို ထင်လာလေသည်။

"မို့နော်. . . မောင့်ကို အသည်းယားအောင် မလုပ်နဲ့နော်"

ဈင်မင်းလက်တစ်ဖက်က ခါတော်မီ ပခုံးထက် ရောက်လာပြီး သူ့ဖက်သို့ ယိမ်းစေသောအခါ. . .

"မောင်နော်"

ရှက်ယောင်ဝဲ မျက်နှာနီမြန်းလျက် သူ လက်ကို ဖြုတ်ချ

လိုက်သည်။

"လမ်းပေါ်မှာ အိန္ဒြေရရ နေပါ မောင်၊ မူးရင် မမောင်းနဲ့တဲ့"

"ဟင်. . . မောင် မသောက်ထားပါဘူး"

"အချစ်မူး မူးနေတာကို ပြောတာ"

"မို့နော်. . . ဟင်း. . . "

ဈင်မင်း မချင့်မရဲဟန်နှင့် မို့ပါးချိုင့်လေးထဲသို့ လက်ညှိုးနှင့် တို့ကာ ကျီစယ်လိုက်ရာ. . .

"တီ. . တီ. . . တီ"

မျက်နှာချင်းဆိုင်မှ လာသောကားက လမ်းကြောအလွတ်ကြီး ဖြစ်ပါလျက် ဟွန်းသံပေးသွားလေသည်။

နှစ်ဦးသား သဘောကျစွာ ရယ်လိုက်ကြသည်။

"မို့က ဒါကြောင့် အချစ်မူးရင်လည်း ကားမမောင်းပါနဲ့လို့ ပြောတာပေါ့ မောင်. . . ဟင်း. . . ဟင်း"

"သိပ်ချစ်တာကို မို့ရယ်"

ချစ်မိပြီဆိုတော့ မိုးမမြင်လေမမြင် နှစ်ကိုယ်တူ ချစ်ရည်မှု နေထိုင်ဖို့အရေးကိုသာ အဓိက တိုင်ပင်ထားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၂)

ခါတော်မီ စဉ်းစားရသည်။ ယောကျ်ားသေတာ ဝူတောင် မခြောက်သေးဘူး၊ နောက်အိမ်ထောင်ပြုဖို့ စဉ်းစားနေပြီလား၊ ခပ်ကြမ်းကြမ်း ပြောကြလျှင်...

လင်သေတာ တစ်နှစ်တောင် မပြည့်သေးဘူး၊ နောက်လင်ယူတော့မယ်၊ ဒီယုံမြင်လို့ ဒီခြိုထွင်တာပဲ ဖြစ်မယ်၊ လင်ထားခဲ့တဲ့ စည်းစိမ်တွေနဲ့ နောက်လင်တစ်ယောက် ဝယ်ယူဖို့ အဆင်သင့်ပဲပေါ့။

ပတ်ဝန်းကျင် အထူးသဖြင့် ယောကျ်ားဘက်က အမျိုးတွေ ပြောလာမည့် ကဲ့ရဲ့စကားတွေအတွက် သူခံစားနိုင်ပါ့မလား။

ဒါကို သင်းသင်းမြတ်တလည်း သူကဲ့သို့ စဉ်းစားပြီး ထောက်ပြပေးခဲ့သည်။

"မို့... နင့်ကို ငါက ညီအစ်မ မရှိတဲ့အတွက် သူငယ်ချင်း ဆိုတာထက် ညီအစ်မလို စဉ်းစားပြီး ပြောတာ၊ နင် အလျင်စလို မဆုံးဖြတ်ပါနဲ့ဦးဟာ၊ ချစ်တာတော့ ချစ်တာပဲပေါ့ဟာ၊ ဒါပေမယ့် ဘဝဆိုတာ အချစ်တစ်ခုတည်းနဲ့ တည်ဆောက်ထားတာ မဟုတ်ဘူးလေဟာ၊ ဒါကို နင်က ပိုနားလည်မှာပါ"

မို့ စဉ်းစားရပြီ၊ သူ မောင့်ကို သိပ်ချစ်ခဲ့ပါသည်။

သို့သော် မာမီကြောင့် သူ့နှလုံးသားကို စတေးခံကာ ကိုဝေလွင်ကို လက်ထပ်ခဲ့ရသည်။

ချစ်သူနှင့် ကွေကွင်းရခြင်းဟူသော ဒုက္ခဆင်းရဲ၊

မချစ်မနှစ်သက်သောသူနှင့် ပေါင်းဖော်ရခြင်းဟူသော ဒုက္ခဆင်းရဲ၊

ထိုဒုက္ခဆင်းရဲတွင်းနှစ်ခုကို တစ်ပြိုင်နက် ခံစားလိုက်ရသောအခါ သူ့ဘဝ အရှင်လတ်လတ် ငရဲခံရသည့်နှယ်အလား ခံစားခဲ့ရသည်။

ပြန်လည်တွေးကြည့်လိုက်ရုံမျှနှင့် ရင်ဘတ်ထဲမှာ နာကျင်လာသည်။ ရင်နာသည်ဆိုတာ တင်စားမှုသက်သက်မဟုတ်၊ တကယ့်ကို နင့်နင့်မူးမူးကို ခံစားရသည့် ဝေဒနာဆိုး အစစ်အမှန်ပင်။

"နင် ဈင်မင်းကို သိပ်ချစ်သလား"

"မေးရက်လိုက်တာ သင်းသင်းရာ"

"ဒါပေမယ့် နင် သူ့ကို ထားပြီး ကိုဝေလွင်ကို လက်ထပ်ခဲ့တာယ်မှတ်လား၊ ဘယ်လိုကြောင့်ပဲ ထားခဲ့ထားခဲ့၊ နင် သူ့ကို

www.burmeseclassic.com

www.burmeseclassic.com

ထာဝရအတွက် ကျောခိုင်းစွန့်ခွာခဲ့ပြီးပြီ မှတ်လား"

ဟုတ်ပါသည်၊ ရာသက်ပန်အတွက် ရည်ရွယ်စွန့်လွှတ်ခဲ့ပြီးဖြစ်ပါသည်။

မို ခေါင်းအညိတ်၌ ကြေကွဲပွင့်တို့က ပိုးပိုးပေါက်ပေါက် ကြွေကျလာသည်။

"ဒီတစ်ခါမှာတော့ သူ့ဘက်က သဘောတူမယ်လို့ နင် တွက်ထားသလား"

သူ ရင်နှင့်စွာနှင့် ခေါင်းခါလိုက်သည်။

"ဘာပဲပြောပြော နင် ချစ်ဦးသူကို ကျောခိုင်းခဲ့ခြင်း အတွက် အဆုံးစွန်အထိ နင် ဝေဒနာကို မချိမဆန့်ကြီးကို ခံစားခဲ့ ရပြီးပြီလို့ ငါ ထင်တယ်"

သူ ခံစားခဲ့ရသည်ကို သူ အသိဆုံးမို့ ခေါင်းညိတ်လိုက်မိ သည်။

"အဆုံးစွန်သော ဝေဒနာကို ခံစားခဲ့ရပြီးမှတော့ နောက် ထပ် ခံစားမှုတွေကို နင် ခံနိုင်ရည် ရှိသွားတော့မှာပါ မို့ရာ"

"နင်ပြောချင်တာ ဘာလဲ သင်းသင်း၊ ဈင့်ကို လက်ထပ်ဖို့ သဘောတူဘူးလား၊ လက်မခံနဲ့လို့ ပြောချင်တာလား"

"အဲ့ဒီသဘော သက်ရောက်သွားသလား၊ ငါဆိုလိုတာက ဈင်မင်းဘက်က သဘောတူရင်တော့ နင့်အတွက် ဘုရားပေးတဲ့ အကောင်းဆုံးသော ဆုလာဘ်အဖြစ် ငါတို့က ဝမ်းသာရမှာပါ"

မို့ သင်းသင်းကို နားမလည်စွာဖြင့် ကြည့်လိုက်သည်၊ ကလေးနှစ်ယောက်အမေ အိမ်ထောင်သက် ခြောက်နှစ်ရှိသော သင်းသင်းကတော့ သူ့ထက် အိမ်ထောင်ရေး အတွေ့အကြုံ ပိုရှင့် ပေမည်။

"ဈင့်ဘက်က သဘောမတူဘူးဆိုရင်တော့ နင်တို့အိမ် ထောင်ရေး သာယာမယ်လို့ နင် ထင်သလား"

"အချစ်နဲ့ ဇာတ်ဆောက်ကြမှာလေ"

"သူက သဘော်အင်ဂျင်နီယာလေ၊ ခရီးအမြဲထွက်နေရ မှာ နင်က သူ့မိသားစုနဲ့ ကျန်ရစ်ရမှာ၊ မုဆိုးမက သူတို့သား အောင်ဘွား လူဖျိုထွဋ်ထွဋ်ကလေး ယူထားတာ၊ သူတို့ မျက်လုံး အောက်ထောက်ကြည့်ပြီး အပြစ်ရှာမယ်၊ ဝေဖန်မယ်၊ ပြီးရင် ဈင်မင်း ဆီကို သတင်းပို့မယ်၊ အဲဒီအခါ ဈင်မင်းက ခံနိုင်ရည် ရှိပါ့မလား၊ သူ့မှာသံသယတွေနဲ့ နင်တို့အိမ်ထောင်ရေး တည်မြဲနိုင်ပါ့မလား"

မို့ ပင့်သက်ရှိုက်လိုက်သည်။

ရင်ထဲ အလိုလို မွန်းကြပ်လာသည်။

သူ အဖြေတစ်ခုကို ရှာဖွေတွေ့ရှိသွားသည်။ နိမိတ်ပြ ဘားတွေကို ကြိုတင်ဖွင့်ဟပေးထားသော သင်းသင်းကိုလည်း အားလုံးတင်သွားလေသည်။

"ကိုင်း. . . နင် စဉ်းစားထား၊ ငါ ကိုနဲ့သားတို့ကို သွားကြို ဦးမယ်"

အပေါ်ထပ်မှ ကိုထူးစံ ဆင်းလာသဖြင့် သင်းသင်းမြတ် ဆိုင်ရာမှ ထွက်သွားသည်။ သူတို့ သားနှင့်သမီးကို မူကြိုမှာ သွားကြိုရန်ဖြစ်သည်။ သားနှင့်သမီးက တစ်နှစ်နှင့်တစ်လသာ သားလေသည်။

"သားသမီးယူရင် ဆက်တိုက်ယူလိုက်တာ အကောင်းဆုံး အလုပ်ရှုပ်စရာရှိ ၃-၄-၅ နှစ်ပဲ၊ ကျန်အချိန်ကျရင် ဇိမ်ပဲ၊ ဒီကထ မများတော့ဘူး" ဟု သင်းသင်းမြတ်တို့က ဆုံးဖြတ်ချက် သားနှင့်သမီး ရပြီဆိုတော့ သားသမီး ဆက်မယူကြတော့။

www.burmeseclassic.com

www.burmeseclassic.com

သူတို့စီမံကိန်းနှင့် သူတို့ကတော့ ဟုတ်နေသည်။

"ဩော်. . . မှီ၊ ဖုန်းလာရင် နင်ပဲ ကိုင်ပြီး မှတ်ထား

နော်"

"အေးပါ"

သင်းသင်းတို့လင်မယား ထွက်သွားကြသည်ကို ငေးကြ

ရင်း ကျန်ရစ်ခဲ့လေသည်။

ရင်ထဲမှာတော့ မွန်းကြပ်နေသည်။

ချစ်ဦးသူ၏ဆန္ဒတွေကို လိုက်လျောချင်ပါသည်။ သို့သော

သင်းသင်း ထောက်ပြတာတွေကလည်း ဟုတ်နေသည်။

"ကရင်. . . ကရင်. . . ကရင်"

ထိုအချိန်တွင် ဧည့်ခန်းထောင့် ဖုန်းစင်နေရာမှ တယ်

ဖုန်းမြည်သံ ရုတ်တရက် ပေါ်လာမှုကြောင့် လန့်သွားသည်

ရင်ခုန်သံနှုန်း မြင့်တက်လာသည်။

မောင့်ဆီကများလား၊ ဇော်ဝင်း လာခေါ်သဖြင့် မန္တ

သို့ မောင် မနက်က ဆင်းသွားသည်။ မနက်ဖြန် သင်္ကြန်အ

ကျတော့မည်။ ဖုန်းကောက်ကိုင်ပြီး ထူးလိုက်သည်။

"ဟဲလို. . . လင်းရောင်ခြည် ဘော်ဒါကပါရှင်"

"ဦးထူးစံနဲ့ တွေ့ချင်လို့ပါ"

"ဦးထူးစံ အပြင်သွားပါတယ်ရှင်၊ ဘယ်သူဆက်တယ်

ပြောပေးရမလဲရှင်"

တစ်ဖက်က မောင်မဟုတ်၊ သို့သော် ကြည်လင်အေး

သော ယောကျ်ားတစ်ယောက်၏အသံတော့ ဖြစ်နေသည်။

"ဒါဖြင့် သင်းသင်းကော"

"သင်းသင်းလည်း ပါသွားပါတယ်၊ သားနဲ့သမီးကို

သွားကြိုတာပါရှင်"

"ဩော်. . . အခုပြောတာ ဘယ်သူပါလဲခင်ဗျာ"

တစ်ဖက်က စပ်စုနေပြန်ပါပြီ၊ သို့သော် သင်းသင်းတို့

ပုဝ်ငန်းအရ စိတ်ရှည်ရမည်။ ကျောင်းအပ်ဖို့အတွက် စုံစမ်းကြ

သည့် ကျောင်းသားမိဘများ ဖြစ်နိုင်သည်ကိုး။

"ကျွန်မ ဒေါ်သင်းသင်းမြတ်ရဲ့သူငယ်ချင်းပါရှင်၊ လူကြီး

ငါး ဦးထူးစံကို ဘာမှာချင်လို့ပါလဲ၊ ကျွန်မကို မှာထားလို့လဲ

ရပါတယ်"

"ဘယ်အချိန်လောက် ပြန်ရောက်ပါမလဲ ခင်ဗျာ"

စကားပြောသည်မှာ အတော်ကို နူးညံ့သိမ်မွေ့ပြီး လူကြီး

မကောင်းဆန်သည်ဟု မှီ အသိအမှတ်ပြုလိုက်သည်။

"အတိအကျတော့ ပြောလို့မရသေးပါဘူး၊ သူတို့က သွား

ရာရင်း တစ်နေရာရာ ဝင်တက်လို့ပါရှင်"

"ဒီလိုဆိုရင် ထူး. . . အဲ. . ဦးထူးစံ ပြန်ရောက်တာနဲ့ ပြော

ပေးပါလားခင်ဗျာ"

"ဟုတ်ကဲ့. . . အမိန့်ရှိပါ"

"ရန်ကုန်က သူ့အစ်တိုကြီး ဖုန်းဆက်တယ်၊ ပြန်ဆက်

ပေးပါလို့ ပြောပေးပါခင်ဗျာ"

"ဟုတ်ကဲ့. . . စိတ်ချပါရှင်၊ ဒါဖြင့် ဖုန်းချလိုက်ပါပြီနော်"

"ဟုတ်ကဲ့ပါခင်ဗျာ"

မှီ တယ်လီဖုန်း ပြန်ချလိုက်ပြီး သက်ပြင်းချလိုက်မိလေ

သည်။

အတွေးနဲ့ ရင်မောနေသမျှတို့တော့ ခေတ္တခဏ လွင့်ပြယ်

သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

မောင် မန္တလေးကနေ ဖုန်းပြန်မဆက်သေးပါလား။

မောင်ပြောတော့ မီနဲ့အတူ သကြိန်ရက်တွေ ကုန်ဆုံး
မှာမို့ ရိပ်သာမဝင်ပါနဲ့ဟု တားထားသည်။

ဘာပဲပြောပြော မောင် နောက်တစ်ခေါက်လောက်
သင်္ဘောပြန်တက်လိုက်ပါ။ ပြန်လာမှ လက်ထပ်မည်ဟု အချိန်
မောင့်မိဘတွေသဘောကို လေ့လာဖို့ အချိန်ယူရဦးမည်။
ဆုံးဖြတ်တာပဲ ကောင်းမည်။

မောင့်မိဘနဲ့အစ်မ သဘောတူတယ်ဆိုရင်တော့လ
ဘာပြောစရာ လိုသလဲ။

ကံကြမ္မာ၏မျက်နှာသာပေး အလိုလိုက်မှုကို ကျေ
နပ်နပ်ကြီး လက်ခံယူလိုက်ရုံမှအပ အခြားဘာမျှား စဉ်းစား
လိုပါမည်နည်းဟု မီ့တွေးရင်း ပင့်သက်ရှိုက်လိုက်မိပြန်သည်

သကြိန်အကျနေ့၌ မောင် ပြင်ဦးလွင်သို့ ပြန်ရောက်လာ
သည်။ ထုံးစံအတိုင်း ဟိုတယ်၌သာ တည်းသည်။ ဒီတစ်ခါတော့
နှမြို့ငှါမြို့ပြင်ဟိုတယ်၌ အခန်းရသဖြင့် လင်းရောင်ခြည် တော်ဒါ
ဆောင်နှင့် နီးနီးနားနားဆိုကာ တည်းလိုက်သည်။

နေ့ခင်းဘက် ရေပက်သူများ နားချိန်၌ မောင် သူ့ထံသို့
ဆက်လာသည်။

"မို့. . . မောင်တို့ လမ်းလျှောက်ရအောင်"

"ရေစိုကုန်မယ်"

"မစိုပါဘူး မို့၊ ရေပက်သူ မရှိပါဘူး၊ ထီးလို့ဘက်

www.burmeseclassic.com

www.burmeseclassic.com

စတော်ဘယ်ရီ သွားသောက်ရအောင်"

မောင့်မျက်နှာ မလန်းဆန်းသဖြင့် မို့ ထပ်ဆင့် ဆွဲခေါ်မပေးတော့ဘဲ မောင့်အလိုကို လိုက်လျောလိုက်သည်။

သက်တမ်းရင့် ယူကလစ်ပင်ကြီးများနှင့် ဝက်သစ်ချပင်တို့ ကြီးစိုးရာ မြို့ပတ်လမ်းလေးအတိုင်း လျှောက်လာလိုက်သည်။

"ဇော်ဝင်းက မောင့်ကို အနေးတကြီး ဘာဖြစ်လို့ ခေါ်သွားတာလဲဟင်"

လက်ချင်းချိတ်ကာ လမ်းလျှောက်ခဲ့စဉ် မျက်နှာမသာမယာ ဖြစ်နေရုံမျှမက စကားနည်းနေသော မောင့်ကြောင့် သူပင် အလိုက်သင့် မေးခွန်းတွေ ထုတ်ကာ စကားစလိုက်သည်။

"ဩော်. . . မန္တလေး ဗဟိုမဏ္ဍပ်ဖွင့်ပွဲ မောင့်ကို ကြိုးအောင်ဆိုပြီး လာခေါ်သွားတာပါ မို့ရယ်၊ ဘာမှ မဟုတ်ပါဘူး ဒါထက် မို့၊ မောင်တို့ အမြန်ဆုံး လက်ထပ်ရအောင်လား"

မောင် ထူးဆန်းနေတာတော့ ဇကန်ပင်၊ ဘာကြောင့်ရယ်တော့ မပြောနိုင်၊ အဆက်အစပ်မရှိ စကားဖြစ်ပေမယ့် မို့ မအံ့သြ ဒီအတွက်အဖြေ မို့မှာ ရှိနေသည်မို့. . .

"မို့ကို အချိန်ပေးမှ ရလိမ့်မယ် မောင်၊ မို့ဟာ သူများတံတွေးခွက်ထဲ ပက်လက်မျောခဲ့ရတဲ့အတွက် သိပ်ခံစားရတယ် ဒီလိုခံစားမှုမျိုး နောက်ထပ် မခံစားနိုင်တော့ဘူ၊ ဒါကြောင့် မို့ကို အချိန်ပေးပါ"

"မောင်က သတော်တက်ရတော့မှာ မို့၊ မောင်က မသွားခင် မို့နဲ့ လက်ထပ်သွားချင်တာ"

"မောင် သတော်တစ်ခေါက် ဘယ်လောက်,လောက် ကြာမှာလဲ"

"အနည်းဆုံး ဆယ်လပေါ့"

"အဲဒီအနည်းဆုံးပဲ မောင်သွားလိုက်ပါ၊ အဲဒီကြားမှာ မို့ဘို့ ဒေါ်ဒေါ်တို့ကို မောင် နားချလေ၊ သူတို့ကြည်ဖြူရင် မို့ ခြင်းစရာ မလိုပါဘူး မောင်"

မောင် မျက်နှာ ရုတ်တရက် မဲတက်သွားသည်။

မို့ ရိပ်မိလိုက်ပါပြီ၊ သေချာပါသည်။ မောင့်မှာ မိဘနှင့် ကြား ပြဿနာ တစ်ခုခုတော့ ရှိနေပြီ။

"အိမ်ထောင်တစ်ခုမှာ ကာယကံရှင်နှစ်ယောက်ဟာ အရေးအကြီးဆုံးပဲ မှတ်လား မို့၊ မို့နဲ့မောင် ကျေနပ်ရင် ပြီးတာပဲ ဟို"

"မပြီးဘူး မောင်၊ အိမ်ထောင်တစ်ခု တည်ထောင်တယ် ဆိုတာ မိသားစုနှစ်စု ပေါင်းစပ်တာပါ မောင်ရယ်၊ မောင့်ကို မို့ သိပ်ချစ်ပါတယ်၊ ဒါပေမယ့် ဒီအချစ်ကြောင့် ခံစားခဲ့ရတဲ့ ဝေဒနာတွေကော နောက်ဆက်တွဲ ပြဿနာတွေကော ခံစားရလွန်းတဲ့အတွက် မို့ရင်ထဲမှာ ခံစားနိုင်တဲ့အင်အား မရှိတော့အောင် ချိနဲ့နေပါပြီ၊ နောက်တစ်ခါ အိမ်ထောင်ရေးမုန်တိုင်း တိုက်ခတ်မှုကို မို့ မခံပါရစေနဲ့တော့"

ပြောရင်း ထီးလှိုင်ဆိုင်သို့ ရောက်လာပြီမို့ စကားစတို့ကို ဖြတ်ကာ ထောင့်ကျကျ နေလည်းရိပ်သော စားပွဲတစ်လုံး၌ မျက်နှာချင်းဆိုင် နေရာယူလိုက်ကြသည်။

"အာလူးကြော်နဲ့ စတော်ဘယ်ရီ ဖျော်ရည်နှစ်ပွဲပေးပါ"

စားနေကျအတိုင်း မောင်က မှာလိုက်သည်။ ပြီးတော့ မို့အား စေ့စေ့ကြည့်ကာ. . .

"မောင့် မိဘတွေက သဘောမတူရင် မို့က မောင့်ကို

www.burmeseclassic.com

www.burmeseclassic.com

လက်မထပ်တော့ဘူးပေါ့၊ ဟုတ်လား မို့"

"ဒီသဘော မဟုတ်ပါဘူး၊ မို့တို့ အတတ်နိုင်ဆုံး ကြိုးပမ်း ကြည့်ကြတာပေါ့၊ မကြိုးစားကြည့်ဘဲ မိဘတွေကို ဆန့်ကျင်တဲ့ စိတ်ဒုက္ခပေးမှုမျိုး တတ်နိုင်သလောက် မို့ရှောင်ချင်ပါတယ် မောင် မို့.ဘဝကတော့ အမည်းစက် အစွန်းအထေးကြီးနဲ့ပါ၊ သန့်စင်တဲ့ မောင့်ဘဝကို မို့.ကြောင့်. . ."

"တော်. . . တော်ပါတော့ မို့၊ ထပ်မပြောပါနဲ့တော့၊ မို့က မောင် မို့.ကို ချစ်သလောက် မို့ မောင့်ကို မချစ်ပါဘူး၊ ဒါကြောင့် လည်း မို့ မောင့်ကို အလွယ်တကူ စွန့်လွှတ်ခဲ့တာပေါ့နော်"

မောင်၏ခနိုးခနဲစကားက အနာပေါ် တုတ်ကျသည့် အလား မို့ ဆတ်ဆတ်ခါ နာကျင်သွားသည်။

မို့ မောင့်ကို ဘယ်လောက်ချစ်သလဲဆိုတာ မို့.ကိုယ်ဲ့ အသိဆုံးပါ။

ဒါပေမယ့် မို့.လုပ်ရပ်က မို့.နှလုံးသားနှင့် ဆန့်ကျင်ဘက် ပြုမူသွားခဲ့ရလေသည်ကိုး။

ထို့ကြောင့် ငြင်းဆန်မနေတော့ပဲ မချိပြုံးနှင့်သာ. . .

"ပြောတော့ မောင်ရယ်"

ဟုသာ အလျှောပေးလိုက်သည်။

"မို့"

"မောင်"

"မို့.ဆုံးဖြတ်ချက်ကို မပြင်နိုင်တော့ဘူးလား"

"ဟုတ်ပါတယ် မောင်၊ ဆယ်လအတွင်း မောင်ကော မို့ကော ကြိုးစားချိန် ရှိပါတယ်၊ မို့ ကြိုးစားပါ့မယ်"

မို့ ရင်ထဲ ပင့်သက်ရှိုက်လိုက်မိသည်။

လူတစ်ယောက်အတွက် ဘဝဆိုတာ တိုတောင်းလှပါ ဘယ်၊ ဒါပေမယ့် ထိုတိုတောင်းလှသော ဘဝလေးနှင့် မကာမိ အောင် ကြုံတွေ့ခံစားရတဲ့ ဒုက္ခဝေဒနာတွေက မို့.အတွက်တော့ များပြားလွန်းလှလို့ ကျန်ရှိတဲ့ သက်တမ်းကာလကို ဝေဒနာဆိုးကြီး နဲ့ မဖြတ်ကျော်ရဲတော့အောင် လူတွေကို ကြောက်ရွံ့နေမိပါပြီ မောင်ဟုသာ ရင်တွင်းစကားတွေ ဆိုနေမိသည်။

"မောင်တို့ ကုမ္ပဏီက ခေါ်နေပြီ၊ ရှေ့အပတ်ထဲ မောင် သင်္ဘောတက်ရတော့မယ် မို့၊ ဒါကြောင့် မောင် အတတ်နေ့ပဲ ပြန်သွားတော့မယ်"

မို့ရင့်ထဲ စူးချက်ပေါင်းများစွာ စူးခံလိုက်ရသည့်နှယ် ဘဆစ်ဆစ် နာကျင်သွားလေတော့သည်။ ရုတ်တရက် စကားပြန် ပြောနိုင်အောင် ဖြစ်သွားရသည်။

မောင်နှင့် သူ့ဘဝသည် တကယ်ပင် ချစ်ကြည်နူးခွင့် ရသော သက်တမ်းက တိုသလောက် လွမ်းဆွတ်တသရသော သက်တမ်းက ရှည်လျားလွန်းဦးမှာပါလား၊ ကံကြမ္မာရယ်. . . ရုတ်စက်လိုက်တာနော်။

မချိပြုံးလေးနှင့်. . .

"ဒါဖြင့် မောင် မနက်ဖြန်ညနေလောက် မန္တလေး ပြန် ဆင်းမယ်၊ အဲဒီကနေ ဇော်ဝင်း စီစဉ်ပေးတဲ့ကားနဲ့ ပြန်မယ်၊ မို့ကို မောင် တစ်ပါတည်း ခေါ်သွားချင်ပေမယ့် မောင် ခရီးထွက် ဦးကာလမှာ မို့ရင်ဆိုင်ရမယ့် ပတ်ဝန်းကျင် မို့တစ်ယောက်ထဲ ရင်ဆိုင်ရမှာ မလိုလားလို့ မောင် မို့.ကို အတင်းအကျပ် မပြော တော့တာ၊ ဒါပေမယ့် မို့. . ."

မောင်က စကားကို ရုပ်နားလိုက်ပြီး သူ့ကို စေ့စေ့ကြည့်

www.burmeseclassic.com

www.burmeseclassic.com

နေသည်။

မောင် မျက်ဝန်းရိပ်မှာ ချစ်ခြင်း အားငယ်ခြင်းတို့ ရောယှက်နေလေသည်။

"ခုချိန်မှာတော့ မောင် မို့ကို ကိုဝေလွင်တို့ ထားသလို ရွှေတောင်ကြားလို နေရာမျိုးတော့ မောင် မထားနိုင်သေးဘူးပေါ့ မို့"

"တော်. . . တော်ပါတော့ မောင်၊ အဲဒါ ဒေါ်ဂရေစ်ကို ပြန်လွှဲပေးခဲ့ပါပြီ မောင်၊ မို့ စည်းစိမ်မမက်ဘူး၊ မို့မက်တာက ချစ်ခြင်းမေတ္တာတစ်ခုပါ။ မို့မှာ မာမီလည်း မရှိတော့ဘူး၊ မောင် တစ်ယောက်ရှိတာ၊ သူလည်း သူ့လမ်းသူ လျှောက်နိုင်အောင် မို့ပေးဆပ်ပြီးခဲ့ပါပြီ၊ မို့ ကိုဝေလွင်နဲ့ နေခဲ့ရတဲ့ ငါးနှစ်တာ သက်တမ်းဟာ သိပ်ကို ခံစားရလွန်းလို့ မို့ အိမ်ထောင်ရေးကို ကြောက်လန့်သွားခဲ့ပါပြီ၊ ခု မို့ နားခိုရာတစ်ခု ရှာနေတာပါ။ အဲဒီနားခိုရာက မို့ ဝါသနာပါရာ အလုပ်တစ်ခုခုကို လုပ်နေဖို့ပဲလို့ မို့ထင်လို့ပါ"

"မို့. . . မောင့်ရင်ခွင်မှာ နားမခိုချင်ဘူးလား မို့"

"သိပ်နားခိုချင်တာပေါ့ မောင်၊ ဒါပေမယ့် မောင့်မိဘ အသိုင်းအဝိုင်းက မို့ရှေ့က ကာဆီးနေတယ်၊ မောင် ဖယ်ရှားပေးနိုင်ပါ့မလား၊ ဖယ်နိုင်လည်း ခဏပဲ၊ သူတို့တွေက နည်းအမျိုးမျိုးနဲ့ မို့ကို မောင့်ရင်ခွင်ထဲက ဆွဲထုတ်သွားကြဦးမှာပါ၊ မို့ကြောက်တယ် မောင်ရယ်၊ မို့ကိုယ်မို့လည်း အပြစ်ရှိသူလို သိမ်ငယ်စွာနဲ့ ခံစားနေရတယ်"

မောင် သက်ပြင်းချလိုက်သည်။

"ကောင်းပြီလေ. . . မို့ကို မောင် ဆယ်လ အချိန်ပေးမယ်၊ မောင်လည်း ကြိုးစားမယ်၊ မို့သာ မောင့်အပေါ် သစ္စာရှိရှိနဲ့

ခုစ်နေပေးပါ"

မို့ ယခုမှ ပင့်သက်ရှိုက်လိုက်နိုင်ပြီး ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်လေသည်။

"မို့ကတော့ မောင့်ကို အဲဒီလို မမှာချင်ဘူး"

"ဘယ်လိုမှာချင်လို့လဲ"

"မောင် အချစ်သစ်ကို စစ်မှန်စွာ တွေ့ပါစေလို့"

"ကြည့်စမ်း. . . မို့ မောင့်ကို စော်ကားနေတာလား"

"မောင်တွဲခဲ့တဲ့ ကောင်မလေးတွေထဲက တစ်ယောက်ယောက်ကတော့ မောင့်ကို အရှိုးထဲအထိ စွဲနေအောင် ချစ်တဲ့သူ မပါဘူးလို့ မောင် ပြောနိုင်မလား"

မောင်က ရယ်လေသည်။ မောင် ရယ်မောခြင်းကို ပြန်တွေ့လိုက်ရမှ မို့ရင်ထဲ အတန်ငယ် ပေါ့ပါးသွားသည်။

မောင်ကော သူကော အသက်အားဖြင့် (၂၇)နှစ်ထဲမှာပဲ ရှိကြသေးတာ၊ လူ့ဘဝကို စတောင် မစသေးပါဘူးလေ၊ အတွေ့အကြုံသစ်တွေ အများကြီး ရင်ဆိုင်လာရဦးမှာပါ၊ ထို့အတူ မောင်သည်လည်း အချစ်သစ် မတွေ့ဘူးဟု မပြောနိုင်။

"မို့ပြောတာ မှန်တယ်၊ မောင် မပြောနိုင်ဘူး၊ ဒါပေမယ့် မောင်ပြောနိုင်တာ တစ်ခုတော့ ရှိတယ်၊ အဲဒါ အချစ်သစ်တွေ ဘယ်လောက်ပဲ ထပ်တွေ့တွေ့ မောင် အချစ်ဆုံး အသဲနှင့်အောင် ခုစ်ရသူက မို့တစ်ယောက်တည်း ဆိုတာကိုပါပဲ"

"ယုံကြည်ပါတယ် မောင်"

အကြွင်းမဲ့ ယုံကြည်ပါတယ်။

ဘာကြောင့်လဲဆိုတော့ မို့ကိုယ်တိုင်လည်း မောင့်နေရာကို ဒို့ရဲ့နှလုံးသားရင်ပြင်မှာ ရှိတဲ့ မောင့်နေရာကို ဘယ်သူမှ ကိုမှ

www.burmeseclassic.com

www.burmeseclassic.com

မပေးနိုင်ခဲ့လို့ပါပဲ။

ကိုယ်ချွင်းစာနာစိတ်နဲ့ မောင့်စကားကို အကြွင်းမဲ့ ယုံကြည်ခြင်းပါ မောင်။

လူချွင်း မပေါင်းသင်းရတာနဲ့ပဲ ချစ်ခြင်းဟုက်ပြယ်သွားမယ်ဆိုတာ မဖြစ်နိုင်ပါဘူး မောင်။

ဒါပေမယ့် မိုရင်ထဲက သစ္စာစကားတွေ ဖွင့်ဟပြောနေလို့ကတော့ မောင့်အတွက် ရယ်စရာကြီး ဖြစ်သွားမှာပေါ့။

မိုက သစ္စာသွေဖီပြီး မောင့်ကို ထားရစ်ပြီး ကိုဝေလွင်ကို လက်ထပ်ခဲ့သူပေပဲကိုး မောင်ရယ်။

"မို့. . . မောင့်ကို ဘာငေးကြည့်နေတာလဲ"

"လွမ်းခဲ့ရတဲ့ရက်တွေအတွက်ရော လွမ်းရဦးမယ့်ရက်တွေအတွက်ပါ အတိုးချ ကြည့်နေမိတာပါ မောင်ရယ်"

"မို့ရယ်. . . အတူတူပါပဲကွာ"

အကြည့်ချင်း အားချင်းပြိုင်ကာ ချစ်ခွန်းတွေ ဖလှယ်မိကြလေတော့သည်။

အချစ်စစ်တို့မည်သည် သာယာဖြောင့်ဖြူးခြင်းကို ရနိုင်ပါ့မလားဟုလည်း မို့.ရင်ဝယ် တထိတ်ထိတ်ဖြင့်သာ. . . ။



အခန်း(၁၄)

မောင့်ကို လွမ်းသော ဝေဒနာတို့သည် အသစ်တစ်ဖန် ပြန်လည်ဆန်းစသစ်လာပြန်တော့လည်း ရင်ဝယ်တစ်ခုလုံး ကျွမ်းလောင်သည့်ပမာ ခံစားရပြန်သည်။

ချစ်ခြင်းဟူသော အစွဲအလမ်း ရောဂါသည် အေအိုင်ဒီအက်စ်ရောဂါထက်ကော၊ ကင်ဆာရောဂါထက်ကော ကြောက်စရာ ကောင်းလွန်းလှသည်။ ရင်ဝယ် တမြွေမြွေ လောင်ကျွမ်းလျက်ရှိသည်။

ဒီခံစားမှုကို သက်ဆိုးပြီး ၈ပြီ(၂၀)ရက်နေ့မှ မေလဆန်းအထိ ဘော်ဒါဆောင် ကျောင်းသူကျောင်းသားသစ်တို့ကို စတင်

www.burmeseclassic.com

www.burmeseclassic.com

လက်ခံသည်ဖြစ်ရာ မှီ့အတွက် ရင်တွင်းဝေဒနာ ကုစားဖို့ရာ အခွင့်အလမ်း ရရှိသွားလေသည်။

"ဒေါ်ခါတော်မီကို တွေ့ချင်လို့တဲ့၊ ဧည့်သည်လာနေတယ်"

မှီ ကျောင်းသူများအတွက် နေရာချထားပေးစဉ် ဆရာမ ဒေါ်သီတာက လာခေါ်လေသည်။

"ဒေါ်သီတာ ဧည့်သည်လက်ခံနေတာ မဟုတ်ဘူးလား"

ဇဝေဇဝါစိတ်ဖြင့် မှီ မေးလိုက်မိသည်။ ဒေါ်သီတာလည်း တစ်နေ့ကမှ ရောက်လာခြင်း ဖြစ်သဖြင့် သူတို့ မရင်းနှီးကြသေး။

"ကျောင်းသားမိဘ မဟုတ်ဘူး၊ ဆရာမ ဧည့်သည်ပါ အိမ်ဘက် ဧည့်ခန်းမှာပါ"

"ကျေးဇူးပဲ ဆရာမ"

မှီ အဆောင်ဘက်မှနေ၍ သင်းသင်းမြတ်တို့ သီးခြား မိသားစု နေအိမ်ဘက်သို့ ကူးခဲ့လေသည်။

ဧည့်ခန်းထဲ ဝင်လိုက်သည်နှင့် မှီ့ရင်ဘတ်ထဲ မီးတောက် တစ်ခု ပေါက်ကွဲသွားသည့်အလား မြည်သံကြီးတစ်ခု ပေါ်ထွက် လာလေသည်။

မောင် နိုင်ငံခြားသင်္ဘောတက်ရန် မြန်မာပြည်မှ ထွက် ခွာသွားပြီး နှစ်ရက်မြောက်နေ့ဖြစ်သည်။

မောင့်မိခင်နှင့်အစ်မ ရောက်လာသည်ဆိုတော့ မျက်ဝန်း များကို ကြည့်လိုက်သည်နှင့် အစိမ်းရောင် တောက်နေသော မျက် ဝန်းများကြောင့် မှီ့အတွက် လာခြင်းကောင်းသော ဧည့်သည်များ မဟုတ်မှန်း သိလိုက်ရသည်။

"ဟင်... ဒေါ်ဒေါ်နဲ့ မမ"

မောင်နှင့် ခဏ်သူဘဝက မင်္ဂလာဒုံဘူတာဘက်က မောင် တို့ ခြံလေးဆီသို့ သူ (၃-၄)ကြိမ်မျှ ရောက်ခဲ့ဖူးသည်။

ပန်းခင်းနှင့် ခြံထွက်သီးနှံပင်များအကြား သူ ပျော်ခဲ့ဖူး သည်။ ဆင်းရဲပေမယ့် စေတနာ ထက်သန်စွာနှင့် ကျွေးမွေးခဲ့ သော မောင်တို့အိမ်က ထမင်းဝိုင်းလေးကို သူ မြိန်ယှက်စွာ စားသုံးခဲ့ဖူးသည်။

ဒီကျေးဇူးကို မှီ မမေ့ပါ။

"ထိုင်... မှီ"

သင်းသင်းက သူ့ဘေးကပ်ရက်နေရာကို ပုတ်ပြလိုက် သည်။

"နေကောင်းပါရဲ့လား ဒေါ်ဒေါ်၊ သွေးတိုးနဲ့နှလုံး ရှိတယ် ဆို၊ မောင်... အဲ... စျင်ပြောပြလို့"

"အဲဒါတွေ အပိုလုပ်ပြီး မေးမနေပါနဲ့ ကလေးမ၊ ကျုပ်တို့ ကတော့ ခြံသမား ယာသမားပီပီ ရိုးရိုးရှင်းရှင်းပဲ ပြောချင်တယ်"

မှီ ရင်ခုန်သံနှုန်း မြင့်တက်ပြီး ကျယ်လောင်လာလေ သည်။ မှီ ကြိုတင်တွက်ဆပြီးသားပါ။ သို့သော် ထိပ်တိုက်ရင်ဆိုင် လာရသောအခါ မျက်စိသူငယ် နားသူငယ်နှင့် ဖြစ်သွားသည်။

မောင့်မိခင်က ဆက်၍...

"ညည်းဖာသာ ကျုပ်သားကို မတူမတန်သလို စွန့်ပစ်ခဲ့ပြီး လင်ယူသွားပြီးကာမှ လင်သေတော့ မုဆိုးမဘဝနဲ့ သင်္ဘော အင်ဂျင်နီယာဖြစ်နေတဲ့ ကျုပ်သားကို ပြန်ဖမ်းတာ ညည်းကိုယ် ညည်း မရှက်ဘူးလား မရွှေမှီ၊ ပြန်စဉ်းစားပါဦး"

မှီမှာ ပြောနိုင်သော အင်အားမရှိတော့၊ မျက်ရည်များက ပိုးပိုးပေါက်ပေါက် ကျဆင်းလိုက်လျှင်လည်း ကောင်းမည်။ သို့

www.burmeseclassic.com

www.burmeseclassic.com

သော် မှက်ရည်က မကျချေ။

"အမေ ဒေါသကိုထိန်း၊ အမေ နေမကောင်းလို့ မဖြစ်ဘူးနော်"

မောင့်အစ်မက မိခင်ကို ပေါင်တို့ကာ နှစ်သိမ့်ပြီး မှိတက်သို့ လှည့်ကာ. . .

"ညည်းက ရုပ်ကလေး ဘန်းပြပြီး သူဌေးတွေ ထပ်ဖမ်းနိုင်ပါသေးတယ်အေ၊ ကျုပ်မောင် လူပျိုနုနုထွဋ်ထွဋ်ကလေးကို တော့ ချမ်းသာပေးပါ"

"ဟုတ်တယ်. . . ညည်းကြောင့် ကျုပ်သား အရက်သမားလုံးလုံးလည်း ဖြစ်ရပြီ၊ ကိုယ့်အမေအိမ်တောင် ကိုယ်ပြန်မလာဘဲ ဘဝကို ရေစုန်မျော ကမ္ဘာပတ်နေခဲ့ရတာလည်း ကြာပါပြီ အေး. . . ညည်းက သားသမီး မယူတော့ မိဘတွေရဲ့နေရာ ဘယ်စာနာတတ်မလဲ"

"ညည်းမှာ မောင်ရှိတယ်မှတ်လား၊ ညည်းမောင်ကို မုဆိုးမ ခုနစ်ဆွေး ရှစ်ဆွေးနဲ့ ပေးစားလိုက်ပါလား"

မောင့်မိခင်နှင့် အစ်မက သူတို့ခြံထွက် ကုန်စိမ်း ဟင်းသီးဟင်းရွက်ရောင်းသူပီပီ စကားကိုလည်း တုတ်ထိုးအိုးပေါက် ပြောခဲ့နေလေပြီ။ ဒါပေမယ့် ဒါလည်း သူတို့အပြစ်မှ မဟုတ်လေဘဲ၊

မှိ အောင့်တက်လာသော ရင်ဘတ်ကို ဖိရင်း ခေါင်းမော်ငဲ့တော့၊ ကဲကြမ္မာရယ်. . . ရက်စက်လိုက်တာ။

ဖြစ်နိုင်ရင် ဒီနေရာကနေ အခိုးအငွေ့လေးဖြစ်ပြီး လွင့်ပါးသွားချင်ပါဘိ။

"သင်းသင်း မနေသာတော့။ ကြားဝင်လေပြီ။

"ဟုတ်ပါပြီ. . . အဒေါ်တို့ အစ်မတို့ရဲ့ ဆိုလိုရင်းက မှိနဲ့

ချင်းကို ဘယ်လိုနည်းနဲ့မှ သဘောမတူနိုင်ဘူး၊ မှိ နောက်ဆုတ်စေးဖို့ အဓိကပဲ မှတ်လား"

"အေး. . . အဲဒီလိုပဲ၊ ကျုပ်သားနဲ့ ဒင်းလို လင်ကို သေကြောင်းကြံပြီး လင်ပစ္စည်းတွေနဲ့ ချမ်းသာနေတဲ့ သူဌေးမပဲခြစ်ဖြစ်၊ မုဆိုးမကိုတော့ ကျုပ်သား လူပျိုရိုင်းလေးနဲ့ လုံးဝ မပေးနိုင်ဘူး၊ ကျုပ်တို့ မိသားစု သုံးယောက်စလုံး သေမှ ယူချင်ကြတာ"

"စိတ်ချပါ ဒေါ်ဒေါ်"

ဒီစကားက မှိ့ရင်ထဲက စကားပါ။ သို့သော် တကယ်တမ်းညည်း ပေါ်ထွက်လာသည်။ မှိ့နှုတ်မှမဟုတ်၊ သင်းသင်းနှုတ်မှခြစ်သည်။

"မှိ ကိုစျင်မင်းက ဒုးထောက် တောင်းပန်တာတောင် မှိက လက်ခံတော့မှာ မဟုတ်ပါဘူး. . . ပြောလိုက်စမ်း မှိ"

မှိ ဘယ်လိုလုပ် ပြောမှာလဲ၊ မျက်ရည်တာကျိုးထွက်လျှင် ခံနိုင်ရည် ရှိဦးမည်။ ယခုတော့ ရင်ဘတ်ထဲမှာသာ အတွင်းခံရည်ပူတို့က ပေါက်ကွဲလွင့်ပျံနေလေပြီ။

"မှိ. . . မှိ. . . စျင့်ကို လက်မထပ်ဘူးမှတ်လား၊ နင့်မှာနေရှိတယ်မှတ်လား၊ ပြောလိုက်စမ်းပါ"

မှိ ခေါင်းညိတ်ဖို့ ကြိုးစားစဉ်မှာပင် မှိ ရင်ဘတ်တစ်ခုလုံးခေါက်ကွဲထွက်သွားသည်။ မူးဝေမှုနှင့်အတူ မှိတစ်ကိုယ်လုံးဆာဟာနယ်ထဲသို့ လွင့်ပျံထွက်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၅)

မို့ ဝိညာဉ် လူ့လောကသို့ ပြန်လည်ရောက်ရှိလာခို
သူ ကုတင်ပေါ်တွင် ရောက်နေသည်။ Drip သွင်းထားသ
ပိုက်တန်းလန်းများဖြင့် ရှုပ်ထွေးနေသည်။

မို့ အခြေအနေအရပ်ရပ်ကို သုံးသပ်ကြည့်လိုက်သ

မောင့်မိခင်နှင့် အစ်မကော သူတို့၏ထိုးနှက်ချက်
ပြင်းထန်လွန်းတာလား၊ မိမိကပဲ ခံနိုင်ရည်စွမ်းအား နည်းလွန်း
လား ဝေခွဲမရ။

လောလောဆယ်တော့ မိမိမျက်လုံးအဖွင့်တွင် မြင်
လိုက်ရသူက မျက်နှာစိမ်းတစ်ဦး၏ဂရုဏာမျက်ဝန်းတစ်စုံကို

သည်။

သူစိမ်းယောကျ်ားတစ်ဦး။

"သတိရပြီလား. . . ဘာမှ မစဉ်းစားပဲ နားနေလိုက်ဦး"

မစဉ်းစားပါနဲ့ ပြောကာမှ အလိုလိုပင် အတွေးတို့က
ငြိရောက်လာသည်။

မောင်နှင့် ဒီဘဝ၌ ဆုံစည်းဖို့ရာ ကံကြမ္မာ မပါဘူး
ဖြင့်ပါသည်။ အတိတ်ဘဝက ဝဋ်ကြွေးကြောင့်ပေလား၊ ဒါမှ
မဟုတ် ဆုတောင်းပဲ မှားခဲ့တာလား၊ သူ့ရင်ထဲ အတွေးကလေး
ငြင်လာခဲ့နှင့် မျက်ရည်ပူတို့က လိမ့်ဆင်းကာ ထွက်ကျလာသည်။

သူစိမ်းက ပင့်သက်ရှိုက်လိုက်ပြီး. . .

"ဘဝဆိုတာ တိုတိုလေးပါ မို့၊ ဝေဒနာတွေကိုသာ ထွေး
ပြီက်ထားမယ်ဆိုရင် ရတောင့်ရခဲ လူ့ဘဝမှာ လူဖြစ်ရှုံးတဲ့လူလို
ခြိန်နေမှာပေါ့ဗျာ၊ ဒါကြောင့် ကိုယ့်စိတ်ကိုယ် ဒုက္ခပေးမယ့်အရာ
ခန်သမျှကို အမှိုက်လို့ သဘောထားပြီး ခေါင်းထဲကကော ရင်ထဲ
ကတော ထုတ်ပစ်လိုက်ပါ ခါတော်မိ"

သူစိမ်း၏ဂရုဏာသံစဉ်များနှင့် အားပေးမှုက မို့အတွက်
ဆေးတစ်ခွက်အလား တန်ဖိုးရှိလှသည်။

"ရှင်. . . ရှင် ဘယ်သူလဲ"

"မို့ ကျွန်တော့်အသံကို မမှတ်မိဘူးလား၊ ကျွန်တော်တို့
နှစ်ပြောဖူးကြတယ်၊ မို့ကို ကျွန်တော် မှတ်မိနေတယ်"

လောလောဆယ် မို့ ခံစားနေရသော ဝေဒနာကို မေ့
ပျောသွားသည်။ သူစိမ်း၏စကားတွေက သူ့ကို ဝေဒနာတွေကို
ကျော်ဖြတ်နိုင်စွမ်း ရှိလေသည်။

"ဘယ်သူပါလိမ့်. . . မို့ မမှတ်မိဘူး"

www.burmeseclassic.com

www.burmeseclassic.com

"ထူးစံရဲ့အစ်ကိုပါ ဆိုတာလေ၊ ရန်ကုန်ကနေ ဖုန်းလ
ဆက်လိုက်တာ"

မို့ မှတ်မိလိုက်ပြီမို့ ပြုံးပြလိုက်ပြီး ဝန်ခံလိုက်သည်၊
အပြုံးက မချိပြုံး ဖြစ်ကောင်းဖြစ်နေမည်။

"ဟုတ်ကဲ့. . . မှတ်မိပါပြီ"

"ဟာ. . . အန်တီချောချောလေး သတိရလာပြီလား

"မို့ သတိရပြီနော်. . . တော်သေးတာပေါ့၊ လူနာ
အလဲမှာ ဆရာဝန်ကလဲ ရောက်လာပေလို့သာပဲ"

သင်းသင်းနှင့်အတူ ဆယ်ကျော်သက် မိန်းကလေးတစ်
ဝင်လာသည်။ ထိုမိန်းကလေးမျက်နှာကို မြင်လိုက်သည်
ကိုထူးစံအစ်ကိုနှင့် သားအဖ ဖြစ်မည်ဟု တန်းသိလိုက်သည်

သင်းသင်းက ဆက်၍. . .

"မို့. . . ဒါ ကိုထူးရဲ့အစ်ကို ဆရာဝန်ကြီး ဒေါက်တ
အောင်စံတဲ့၊ အစ်ကိုကြီးကတော့ မို့ သတိလစ်နေတုန်း
အကြောင်းတွေအားလုံး သိထားပြီးပြီဆိုတော့ ပြောဖို့မလိုတော့
ဟောဒီအရေးကြီးပုဂ္ဂိုလ်နဲ့ မိတ်ဆက်ပေးရမယ်"

ပါးချိုင့်လေး ခွက်ကာ ရယ်ပြနေသော (၁၃-၁၄)
အရွယ် မိန်းမချောလေးကို ကြည့်ရင်း မို့ရင်ထဲက နာကျ
ဝေဒနာတွေ လျော့ပါးနေလေပြီလား၊ သို့တည်းမဟုတ် အ
အားလပ်မှု မရှိခြင်းကြောင့်ပေလား၊ ရင်မှာတော့ မောဟိုက်
သည်။ အသက်ရှူမဝသလို ခံစားရလေသည်။

"ဒါက အစ်ကိုကြီးသမီး လမင်းစံတဲ့၊ ဒီနှစ် (၈)တန်းတ
မှာ၊ အစ်ကိုကြီးမှာ ဒီသမီးတစ်ယောက်တည်းမို့ ထားစရာ
ဖြစ်နေတာ. . . မိတဆိုးလေးလေ"

သင်းသင်းက လမင်းစံ ပခုံးလေးကို ဖက်ရင်း ပြောလိုက်
သည်။

မို့ ပြုံးပြလိုက်တော့. . .

"ဟော. . အန်တီကလည်း မီးကို့လိုပဲ ဘုရားပေးတဲ့ လက်
ဆောင် ပါးချိုင့်လေးနဲ့ပါလား ဖေကြီးနော်၊ အန်တီက သိပ်ချော
တာပဲ၊ မီး ချစ်သွားပြီ"

လမင်းစံ၏ရဲတင်းသွက်လက်မှုက အဖေအုပ်ထိန်းမှု
အောက်မှာ ကြီးပြင်းခဲ့ရ၍လားမသိ၊ ပွင့်လင်းနေသည်။

"ကိုင်း. . . သမီး၊ ဖေဖေတို့ အပြင်ထွက်ရအောင်၊ အန်တီ
နားပါစေ"

"ဟင်. . . မီးက ဘယ်အခန်းမှာ နေရမှာလဲလို့၊ ဒါ မီး
အခန်းဥစ္စာ"

လမင်းစံက မေးလိုက်သည်။ မို့ အားနာသွားသည်။

"ဒီအခန်းက သမီးအခန်းလား၊ ဒါဆို အန်တီ ဖယ်ပေးပါ
မယ်"

"ဟင့်အင်း. . . အန်တီ ဖယ်ပေးဖို့ ပြောတာမဟုတ်ဘူး၊
အန်တီနဲ့ အတူနေချင်လို့ ဒီအခန်းထဲ ကုတင်တစ်လုံး ထပ်ထည့်
ပေးဖို့ ပြောတာ၊ နော် မေသင်း၊ ဖေထူးကို ပြောပေး"

သင်းသင်းက မို့အား မျက်စိတစ်ဖက် မှိတ်ပြပြီး လမင်းစံ
အား. . .

"အေးပါ သမီးရယ်၊ လောလောဆယ် ဖေထူးမှ ပြန်မလာ
သေးတာ၊ ပြန်လာတော့ လုပ်ပေးမယ်၊ ခုတော့ သမီးဖေကြီးနဲ့
သွားအိပ်လိုက်ဦးနော်. . . လိမ္မာပါတယ်"

"ဟုတ်တယ်. . လာ. . သမီး၊ ဖေကြီးတို့ သွားနားရ

www.burmeseclassic.com

www.burmeseclassic.com

အောင်"

မိုကို ချစ်စဖွယ် အပြုံးလေးနှင့် စကားပြောပုံကို ကြည့်ကာ ရင်ထဲ ထူးခြားသော ခံစားမှုတစ်ရပ် ခံစားလိုက်ရသည်။ ကလေးမလေးကို သနားပြီး ချစ်သွားမိသည်။ မိတဆိုးလေးတဲ့လား။

သားအဖနှစ်ယောက် ထွက်သွားသည်နှင့် သင်းသင်းက သူ ဖွင့်ဟမေးစရာ မလိုဘဲ သူသိနေချင်သမျှတို့ကို Nonstop မရပ်မနား ပြောချသွားလေတော့သည်။

"နင်လည်း ရှောခ်ရသွားရော ဟိုမိန်းမကြီးတွေလည်း ပါးစပ်ပိတ်သွားပြီး နောက်တော့ သူတို့ အတာကျမှာ စိုးလို့ထင်တယ်၊ တစ်ချို့ထဲ ထလစ်သွားတော့တာပဲ၊ ငါလည်း နင့်ကို စိုးရိမ်နေတာနဲ့ ရန်ထောင်ချိန်တောင် မရလိုက်ပါဘူး၊ အဲဒီအချိန်မှာပဲ အစ်ကိုကြီးကလည်း ရောက်လာတော့ အတော်ပဲ၊ အခြားဆရာဝန် မပင့်လိုက်ရဘူး၊ အစ်ကိုကြီးပဲ နင့်ကို ကုသလိုက်တာပေါ့"

"ငါ သတိလစ်နေတာ တော်တော်ကြာသွားသလား"

"အင်း. . . တစ်နာရီလောက်တော့ ရှိပြီ"

မို့ရင်ထဲ နာကျင်လာသည်။ မောင့်မိခင်နှင့် အစ်မတို့၏ ပုံရိပ်နှင့် စကားတို့က သူ့အာရုံထဲသို့ ပြန်လည်ဝင်ရောက်လာပြန်ရာ ရင်မှာ စူးစူးနင့်နင့် ဖြစ်ရလေသည်။

"အစ်ကိုကြီးလည်း သူ့သမီးကို ထားစရာနေရာမရှိ ဖြစ်နေပြီး ခွင့်ယူလာတာလေ၊ ဒီတော့ဖါမှာပဲ ထားခဲ့ရမလား၊ ရန်ကုန်မှာပဲ ဝိုက်ငှားပြီး သူပဲ စောင့်ရှောက်ရမလား မသိအောင် ဖြစ်နေရှာတယ်"

"ဩော်. . . "

မို့ တအံ့တသြ တစ်ခွန်းသာ ဆိုလိုက်ပြီး ငြိမ်သက်နေခဲ့သည်။

လူတိုင်းလူတိုင်းမှာ သူ့ပြဿနာနှင့်သူ ရှိနေကြပါလား။

"လမင်း လေးနှစ်သမီးအရွယ်ကတည်းက သူ့အမေ ဆုံးသွားတာလေ"

"ဘာရောဂါနဲ့လဲ"

"ကားအက်ဆီးဒင့်နဲ့ပါကွယ်"

"လမင်းအဖေက နောက်အိမ်ထောင်မပြုဘူးနော်၊ တော်တာ်တာ၊ လမင်းကို သူပဲ ပြုစုစောင့်ရှောက်ခဲ့ရမှာပေါ့"

"ကိုထူးတို့အမေက သူတို့နဲ့ လိုက်နေပြီး မြေးနဲ့သားကို စောင့်ရှောက်ခဲ့တာပေါ့၊ တမြန်နှစ်ကမှ အဘွားကြီး ဆုံးသွားတာ၊ အဲဒီတော့ အစ်ကိုကြီးက ဆေးရုံဆေးခန်းတစ်ဖက်နဲ့ဆိုတော့ သူ့သမီးကို ပြုစုစောင့်ရှောက်မှုဘက်မှာ လျော့နည်းသွားမှာ စိုးရိမ်ပြီး ငါတို့ဆီပဲ အပ်ရမလား၊ အိမ်ဖော်တွေနဲ့ပဲ ထားရမလား မသိအောင်ဖြစ်ပြီး ငါတို့နဲ့ လာတိုင်ပင်တာ"

လောလောဆယ်တွင်တော့ လတ်တလော ဖြစ်ပျက်နေသော ဒေါက်တာအောင်စံနှင့် လမင်းစံတို့အကြောင်းကို မို့ စိတ်ဝင်စားစွာ နားစွင့်မိနေလေပြီ။

"အတော်ပဲ မို့၊ နင်လည်း ဝိုင်းစဉ်းစားပေးဦး၊ ငါကတော့ လမင်းအတွက် အမေသစ် ရှာပေးလိုက်လို့ ပြောလိုက်တယ်၊ အဲဒီတော့ လမင်းက ဘာပြောတယ် ထင်သလဲ"

မို့က အင်းမလုပ် အဲမလုပ် ငေးကြည့်နေမိသည်။ မရွှေသင်းသင်းမြတ်က မချိုမချဉ်အပြုံးနှင့်. . .

"သတိမေ့နေတဲ့ နင့်ကို ကြည့်ပြီး ဒီအန်တီချောချောနဲ့

www.burmeseclassic.com

www.burmeseclassic.com

ဆိုရင်တော့ အမေသစ် လိုချင်သားတဲ့လေ၊ သူ့အဖေက ရှက်ရယ်ရယ်တယ်. . . မငြင်းဘူးဟာ၊ နင့်ကို ကြွေသွားပုံပဲ”

မီ့ မျက်နှာတစ်ပြင်လုံး ထူပူသွားသည် ရင်ခုန်သံ မြန်နေသည့်ကြားက မြည်ဟီးသံက ဟိန်းထွက်လာလေသည်။

“တော်ပါတော့ သင်းသင်းရယ်” ဟုသာ အားလျော့သံလေးနှင့် ငြင်းဆန်လိုက်လေသည်။

အချစ်နှင့် ပတ်သက်လာလျှင် အမြဲတစေ ကံဆိုးခြင်းတွေကိုသာ ဆက်တိုက် ရင်ဆိုင်နေခဲ့ရသော သူ့အတွက် အချစ်ကော အိမ်ထောင်ရေးကိုကော ရင်ဆိုင်ရမှာ ထိတ်လန့်လျက် ရှိနေလေပြီ။

“ကဲပါလေ. . . ဒရစ်မကုန်မချင်း နင် နားနေလိုက်ဦး ဘာမှ မတွေးနဲ့ မီ့၊ ငါထင်တာက နင်နဲ့ ဗျင်မင်းတို့ရဲ့ ရေစက်ဟာ နင် လက်ထပ်သွားချိန်ကတည်းက အပြီးသတ် ကုန်ဆုံးသွားခဲ့ပြီထင်တာပဲ၊ ဘယ်လိုမှ ပြန်ဆက်လို့ မရနိုင်တော့ဘူး ထင်တာပဲ သူတို့မိသားစု အသိုင်းအဝိုင်းထဲကို နင် ဘယ်လိုမျက်နှာ ဘယ်လို သိမ်ငယ်မှုမျိုးနဲ့ ဝင်ဝင်ခြောက်နိုင်မလဲ မီ့၊ ကဲပါ. . . အိပ်လိုက်ဦး နင်နဲ့ စကားကြာကြာပြောနေရင် အစ်ကိုကြီးက သူ့လူနာ အနားမရဘူးဆိုပြီး ငါ့ကို ဆူနေဦးမယ်. . . သွားပြီ”

သင်းသင်းထွက်သွားတော့မှ သူ့ပတ်ဝန်းကျင်တစ်ခုလုံးကို တိတ်ဆိတ်မှုက ကြီးစိုးသွားလေသည်။

ဘယ်လိုဆေးမျိုးကမှ ရင်ထဲက အနာတရကို ပျောက်စေရန် ရုတ်တရက်တော့ မစွမ်းဆောင်နိုင်ကြပါချေ။

မီ့ရင်ထဲ စိတ်နှလုံးထဲမှာ မောင့်ကိုသာ အသနားပိုနေမိသည်။

သူ့ကို စွန့်ပစ်ခဲ့တာကိုမှ စိတ်မနာ၊ အကြွေပန်း သူ့တို့ဘော်ဝင်နန်းထိုက်ပန်းကဲ့သို့ အမြတ်တနိုး ပန်ဆင်ရှာသေးသည်တဲ့၊ ဟုတ်ပါတယ်။ မိဘနေရာက ကြည့်ရင် မောင့်အမေနဲ့ပါတယ်။

မောင်ဟာ မီ့နဲ့ မထိုက်တန်ပါဘူး။

မောင်နဲ့မီ့ရဲ့ရှေးရေစက်ဟာ လွန်ခဲ့တဲ့(၅)နှစ်ကျော်ကာလကတည်းက ပြီးဆုံးသွားခဲ့ပါပြီ၊ ဇာတ်လမ်းပြန်မစချင်ပါနဲ့တော့ မောင်ရယ်။

ရင်ဝယ် မောင့်ကို တမ်းတရင်း ကြေကွဲရင်း လွမ်းဆွတ်ခြင်းနှင့်အတူ နောက်ဆုတ်ဖို့ကို ရင်အကွဲခံကာ ဆုံးဖြတ်ချက်ချလိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မို နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားရာမှ နိုးလာချိန်တွင် လန်းဆန်းနေသည်။

ဒေါက်တာအောင်စံ အွန်ထားသော ဆေးတွေကပဲ ကောင်း၍လား။

မို ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ချထားလိုက်နိုင်ခြင်းကြောင့်ပဲလား မိုမသိ။

မို လန်းလန်းဆန်းဆန်း နိုးခွင့်ရခြင်းအတွက် မိုကို ကုသပေးသော ဒေါက်တာအောင်စံကို ကျေးဇူးတင်မိလေသည်။

"ဝတ်မောနင်း အန်တီ. . . နိုးပြီလား"

အပြုံးချိုချိုလေးနှင့် လမင်းစံက သူ့အား နှုတ်ဆက်ရင်း

အခန်းထဲသို့ ဝင်ရောက်လာလေသည်။

"ဝတ်မောနင်း သမီး"

"အန်တီ နေကောင်းသွားပြီနော်"

"ကောင်းသွားပါပြီ. . . ဒါထက် ညက သမီး ဘယ်မှာ အိပ်တာလဲ"

"ဒီတစ်ညကိုတော့ ဖေကြီးအခန်းမှာပဲ အိပ်လိုက်တယ်၊ အန်တီနေမကောင်းလို့ အလျှော့ပေးလိုက်တာ၊ ဒီနေ့ကစပြီး အလျှော့မပေးတော့ဘူးနော် အန်တီ၊ သမီး အန်တီနဲ့ပဲ အိပ်မှာ ဟုတ်ပြီနော်ရဲ့လား အန်တီ"

မို အပြုံးလေးနှင့် ခေါင်းညိတ်လိုက်ရင်း. . .

"မကျေနပ်ရအောင် ဒါ အန်တီအခန်းမှ မဟုတ်ဘဲ သမီးရယ်၊ အန်တီက ခဏနေတာပါ၊ သမီးအခန်း သမီးတစ်ယောက်ထဲ လွတ်လွတ်လပ်လပ် နေပါ၊ ဟိုဘက်အဆောင်ကို အန်တီ ပြောင်းနေတော့မှာ"

"ဟင့်အင်း. . . ဟင့်အင်း. . . မီးက အန်တီနဲ့ အတူနေချင်တာ၊ ဟိုဘက်အဆောင်လည်း အန်တီမပြောင်းနဲ့၊ အဆောင်မှူးသည်း မလုပ်နဲ့၊ မီးတစ်ယောက်တည်းပဲ အန်တီကို ပိုင်ဆိုင်ချင်တယ်"

လမင်းစံတာ ပြောပြောဆိုဆို မို့လက်ကို ဆွဲကိုင်ယမ်းကာ နွဲ့ဆိုး,ဆိုးလေသည်။

မို ရုတ်တရက် ထူပူသွားသည်။ ကလေးတစ်ယောက်၏ နွဲ့ဆိုး,ဆိုးကာ ပူဆာမှုမျိုးကိုမှ သူမကြုံခဲ့ဖူးလေပဲ။ သို့သော် မိမိသိုက်တိုင်ကတော့ မိခင်ရင်ငွေ့. ခိုလှုံခဲ့ဖူးသူ ဖြစ်ခြင်းကြောင့် လမင်းစံကို ရင်ခွင်ထဲ အသာသွင်းကာ ခေါင်းဆံပင်လေးကို သပ်

www.burmeseclassic.com

www.burmeseclassic.com

ပေးရင်း နှစ်သိမ့်မှု ပေးလိုက်သည်။

"အင်းပါ သမီးရယ်၊ အန်တီ နေပေးပါ့မယ်"

လမင်းက သူ့အား ဝမ်းသာအားရ ပြန်ဖက်ရင်း. . .

"တကယ်နော် အန်တီ၊ မီးနဲ့ပဲ နေပေးရမယ်နော်၊ မီး အန်တီ့ကို ချစ်တယ်၊ အများကြီး ချစ်တယ်"

ပြောပြောဆိုဆို မို့ပါးပြင်ကို နမ်းရှုပ်ပြီးနောက် အခန်းထဲမှ ပြေးထွက်သွားလေသည်။

မို့ ဝမ်းသာရမလား၊ ဝမ်းနည်းရမလား မသိ၊ စိတ်ရှုပ်ကာ မအီမလည်ကြီးနှင့် ရေချိုးခန်းထဲ ဝင်လိုက်လေသည်။

လမင်းစံဆိုသော မိန်းကလေးက သူ့အဖေကြီးနှင့် ဖေထူး၊ မေသင်းတို့ကို ဘာတွေများ ကြေငြာစာတမ်း သွားထုတ်ဦးမည် မသိချေ။ ခက်နေပြီ။

ဘယ်ဘဝက ရေစက်ကြောင့်များ လမင်းစံနှင့် လာရောက်ဆုံစည်းရသည်မသိ။

"အန်တီ ဘရိတ်ဖတ်စ် စားရအောင်၊ မီးနဲ့ဖေကြီး စောင့်နေတယ်၊ မြန်မြန်ရေချိုးနော်၊ ရေနွေးနဲ့ ချိုးတဲ့၊ ဖေကြီးက ပြောခိုင်းလိုက်တယ်"

သူ့ရေချိုးခန်းတံခါးကို ပုတ်ပြီး အသံစာစာလေးနှင့် မှာတမ်းခြွေနေသော လမင်းစံကြောင့် သူ့အတွေးကို ဖြန့်ကျက်ဖို့ရာ အချိန်မရလိုက်တော့။

"အေးပါ သမီး၊ အန်တီ ရေနွေးနဲ့ အမြန်ရေချိုးနေပါတယ်"

"အန်တီ ပြီးရင် မီးတို့နဲ့ ပြည်တော်ချစ်ဘုရား သွားမယ်နော်"

"အင်း. . . အင်း"

မောင်နှင့်အတူ သွားလာခဲ့ဖူးသောနေရာတွေကို ရှောင်ရှားချင်ပါသော်လည်း ဘယ်လိုမှ မဖြစ်နိုင်၊ ပြင်ဦးလွင်က မခွာနိုင်သရွေ့တော့ မောင့်အရိပ်တွေ စိုးမိုးနေဦးမှာပဲ ဖြစ်သည်။

လွမ်းစရာရှိလျှင် နာစရာနဲ့ပဲ ဖြေယူရတော့မည်ပေါ့။

လမင်းစံ အသံပျောက်သွားပြန်သည်။ ဒီကလေးမလေး သူ့အဖေကို သတင်းသွားပြန်ပို့နေသည် ထင်ပါရဲ့။

ခက်တော့ ခက်နေပြီ။

မို့ ရေချိုးပြီး ဖီးလိမ်းပြင်ဆင်ကာ အောက်ထပ်သို့ ဆင်းခဲ့တော့ လမင်းစံနှင့် လေ့ကားတစ်ဝက်မှာ ဆုံလေသည်။ မို့လက်မောင်းကို မို့တွယ်ရင်း. . .

"အန်တီက သိပ်လှတာပဲ၊ မီးလဲ အန်တီ့လို ဆံပင်ရှည်ကြီးပဲ ထားတော့မယ်နော် ဖေကြီး"

အောက်ထပ် ဧည့်ခန်းလည်မှာ ရုပ်စောင့်နေသော ဒေါက်တာအောင်စံသည် ရုတ်တရက် မှင်သက်နေမိသည်။

မျက်နှာကျပုံလှလှပေါ်၌ ပေါ်လွင်သောနှာတံ၊ နက်မှောင်ပြီး ခူကောင်သဖွယ် ရှိနေသောမျက်ခုံး၊ နှင်းဆီငုံလွှာသဖွယ် နူတ်ခမ်းကွေးကွေး၊ မျက်ခွံမို့မို့အစ်အစ်ကလေးအောက်က အကြည်ခါတ်နှင့် ညို့ခါတ်ပါသော မျက်ဝန်းအစုံ၊ အသားရောင်က ဝါနှစ်နှစ်ကလေး၊ ပြီးတော့ သူတို့သားအဖနှစ်ယောက်လုံးတွင် ပါရှိသော ဝါးချိုင့်လေးက ဆွဲဆောင်မှုအပြည့် ရှိနေလေသည်။

ကိုယ်လုံးကိုယ်ပေါက်ကလည်း လှယဉ်ကျေးမယ်အလှအထင်းကနဲ လင်းကနဲ။

တဒင်္ဂတော့ ခါတော်မီဟူသော အလှနတ်သမီး၏ အလှ

www.burmeseclassic.com

www.burmeseclassic.com

ကွန်ယက်၌ မှင်သက်မိသည်။

ဒါ သူ့အပြစ်မဟုတ်၊ စက္ခုအာရုံကို ဖတ်ကနဲ ဖမ်းစားလေ
သော ရူပါရုံပိုင်ရှင်၏အပြစ်ပေပဲဟု အတွေးနှင့် ငေးနေမိစဉ်...

"ဖေကြီး ဘာငေးနေတာလဲ"

သမီး၏စွာတူးအသံလေနှင့် လှမ်းအော်လိုက်မှ လူကြီးဝိ
မျက်နှာလွဲ ရှက်ကိုးရှက်ကန်းနှင့် ရယ်သွေးသွမ်းရင်း...

"အဟဲ... ဖေကြီးက ဗိုက်ဆာနေပြီ သမီးရဲ့... မြန်မြန်
လာ"

"ဖေကြီးကို ဘယ်သူစောင့်ခိုင်းလို့လဲ၊ ဖေကြီးဖာသာ
အန်တီနဲ့မှ အတူစားချင်လို့ စောင့်နေပြီးတော့မှား"

မှိအတွက် မျက်နှာအထားရ ခက်နေပြီ၊ အပျိုစင်လေး
မဟုတ်ပါဘဲ အပျိုစင်လေးသဖွယ် ရှက်ကိုးရှက်ကန်း ဖြစ်မိခြင်း
အတွက် ကိုယ့်ကိုယ်ကိုပင် နားမလည်နိုင်အောင် ဖြစ်မိလေတော့
သည်။

သင်းသင်းမြတ်က ထမင်းစားခန်းမှနေ၍...

"နေကောင်းသွားပြီလား သူငယ်ချင်း၊ သူငယ်ချင်းရေ..
အားတော့ နာတယ်၊ အဲဒီသားအဖနှစ်ယောက်ရဲ့တာဝန်သာ
ယူထားပေးပါ၊ ငါ အဆောင်ဘက် ပြေးလိုက်ဦးမယ်၊ နင်
အဆောင်ဘက် မလာနဲ့တော့နော်၊ စိတ်ချမယ်နော် သူငယ်ချင်း..
သွားပြီ"

မှိအတွက် နေရထိုင်ရ ခက်စရာတွေ ဖြစ်ကုန်ပြီ။

"အား.. အား.. ရုပါတယ်"

ဟု ဖြေနေစဉ်မှာပင် သင်းသင်းမြတ်က မီးဖိုဘက်မှနေ၍
တစ်ဖက်ဘော်ဒါဆောင် ဖွဲ့စည်းထားရာ အဆောက်အဦးဘက်သို့

ကူးသွားလေသည်။

"ရှမ်းခေါက်ဆွဲနဲ့ တို့ဟူးကြော် ခေါပုတ်ကြော်တွေပါလား၊
ဖေကြီး ကော်ဖီဖျော်ပေး၊ အန်တီ့အတွက်ပါ"

လမင်းစံတို့ကတော့ လုပ်ချလေပြီ။

မှိက ပျာပျာသလဲနှင့်...

"နေ.. သမီး၊ အန်တီပဲ လုပ်ပေးမယ်၊ ဒေါက်တာ ထိုင်ပါ
နှင့်၊ သမီးလည်း ထိုင်"

မနေ့ကမှ တွေ့ဆုံသောလူတွေပင် ဖြစ်လင့်ကစား နှစ်
ပေါင်းများစွာကတည်းက ရင်းနှီးနေသူပမာ လမင်းစံလေးက
အန်တီးယူနိုင်စွမ်း ရှိလေသည်။

"ဟုတ်... မီးကော ဖေကြီးကောက ကော်ဖီ ခါးဆိမ့်
တာလေး သောက်တတ်တယ် အန်တီ၊ အန်တီကော..."

"အန်တီလည်း အတူတူပဲ၊ ဒါဆို တစ်ခါတည်းပဲ ရော
ဖျော်လိုက်တော့မယ်နော်"

"ဟုတ်..."

မှိ စတီးမတ်ခွက်ထဲသို့ ကော်ဖီသုံးခွက်စာ ရောစပ်ဖျော်
လိုက်ပြီး နှပ်ထားစဉ် အိမ်ဖော်မိန်းကလေး လာရောက်ချပေးသော
ရှမ်းခေါက်ဆွဲ ဟင်းရည်တို့ကို အသင့်ပြင်ထားပြီးဖြစ်သော ဒေါက်
တာအောင်စံရှေ့မှ ပန်းကန်ထဲသို့ ခပ်ထည့်ပေးလိုက်သည်။

"သိုင့်ကျွး မှိ၊ လူမမာက ပြုစုနေရပြီနော်"

"မဟုတ်တာ... ဒေါက်တာ့ကို မှိက ကျေးဇူးတင်နေရ
တာပါ၊ သမီးကော ဆန်စီးရေဖျော်ပဲလား"

"ဟုတ်... ဖေကြီးနဲ့မီး ကြိုက်တာတွေ အကုန်တူတယ်၊
မီးက ဖအေတူသမီးမို့ ကြီးပွားမှာတဲ့"

www.burmeseclassic.com

www.burmeseclassic.com

မို့ခေါင်းညိတ်ကာ. . .

"ဟုတ်ပါတယ်တဲ့ရှင့်. . . ဖအေတူသမီးမို့ ဒေါက်တာ လမင်းစံလည်း ဖြစ်ဦးမှာပေါ့နော်"

"ဟုတ်. . . မီးစိတ်ကို အန်တီက သိနေတယ်နော် ဒါကြောင့် မီး အန်တီကို ချစ်တာ၊ မီးဆရာဝန်ကြီး ဖြစ်အောင် မီးကို ဂိုက်လုပ်ပေးပါနော်. . အန်တီနော်"

"သမီးကလည်း. . . အန်တီ စိတ်ကျဉ်းကျပ်အောင် မပူဆာနဲ့လေ"

"ရပါတယ် ဒေါက်တာ၊ ကိုယ်ဖြစ်ချင်တာတွေကို မြို့သိမ် မထားဘဲ ခုလို ပွင့်ပွင့်လင်းလင်း ဖွင့်ဟတာက ရင်ထဲမှာ မြို့ထား တာထက်စာလျှင် ပိုပြီးကောင်းပါတယ်"

"သိုင့်ကျွ မို့၊ သမီးကို ဆက်ပြီးနားလည်ပေးပါဗျာ၊ သမီး ကိုယ်စား ကျွန်တော်ကပဲ တောင်းပန်ပါတယ်"

ဒေါက်တာအောင်စံက နူးညံ့စွာဖြင့် သူ့ကို တောင်းပန် စကားဆိုလာသည်။ မို့က ပြုံးကာ ခေါင်းလေး ညိတ်ပြီး. . .

"ဟုတ်ကဲ့ပါ ဒေါက်တာ၊ သမီးက ဆိုးနေတာမှ မဟုတ်ဘဲ လေ၊ သူ့ဆန္ဒကို တင်ပြပြီး တောင်းခံတာပဲ၊ မို့နားလည်ပါတယ်"

မို့က ကော်ဖီခွဲပေးမည် ပြုသောအခါ ဒေါက်တာအောင် စံက ကော်ဖီကရားကို ကိုင်ကာ ကော်ဖီပန်းကန်သုံးခွက်စလုံးသို့ ငဲ့ထည့်ပေးလေသည်။

"မို့. . . ထိုင်ပါ။ ကျွန်တော်တို့က ည့်သည်မဟုတ်ပါဘူး မို့စားပါ။ ပြီးရင် ဆေးထဝ်သောက်လိုက်ပါဦး"

"ဟုတ်ကဲ့. . . ကျေးဇူးတင်ပါတယ် ဒေါက်တာ"

မို့ လမင်းစံဘေးဌသာ ဝင်ထိုင်လိုက်ရင်း ဖြေလိုက်သည်။

လမင်းစံက. . .

"ဖေကြိုးနဲ့ အန်တီကလည်း ဘာမှန်းလဲ မသိဘူး၊ တစ် ယောက်ကိုတစ်ယောက် ကျေးဇူးတင်ပါတယ် သိုင့်ခ်ကျွနဲ့ ပြီးနေ ပါပဲ၊ မီးတော့ စားပြီနော်"

မို့ ပြုံးကာ "ဟုတ်သားပဲ" ဟု ရယ်သွမ်းသွေးပြီး ဒေါက် တာအောင်စံကို မကြည့်ရဲတော့ဘဲ ရှမ်းခေါက်ဆွဲကိုသာ ငုံ့စားလေ တော့သည်။

ဤသည်ကို လမင်းစံက အဖေကို မျက်စပစ်ပြလိုက် သည်။ အဖေလုပ်သူက သမီးကို မျက်မှောင်ကုတ်ပြပြီး ခေါင်းမသိ သာ ယမ်းပြလိုက်သည်။

သားအဖနှစ်ယောက်၏အချိတ်အဆက်ကို မို့မျက်လုံး ဆောင့်စွန်းရိပ်မှ တွေ့မြင်လိုက်သော်လည်း ဘာအဓိပ္ပါယ်တွေမှန်း တော့ မသိခဲ့ချေ။

ဒီသားအဖနှစ်ယောက် သူ့ကို တဖြည်းဖြည်း အပိုင်ချည် နှောင်ထားမည်ကိုတော့ သူ ကြိုမြင်နေမိသည်။

ရင်ထဲမှာတော့ တစ်မျိုးပဲ၊ ဝမ်းသာရမှာလား ဝမ်းနည်းရ မှာလား မသိသော ခံစားချက်တစ်မျိုးကတော့ ဝင်ရောက်လာ သည်။

မို့ကို သူတို့သားအဖ ဆေးပဲ ပေးမှာလား၊ ဝေဒနာပဲ ပေးမှာလားဆိုတာကို မမှန်းတတ်အောင်ပင် ဖြစ်နေမိလေတော့ သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၇)

မို့စိတ်ထဲ ကြိုတင်ပြင်ဆင်ထားသည့်ကြားက ရင်
စူးနင့်စွာ နာကျင်လာသည်။ မောင့်ပင်လယ်ရပ်ခြား တိုင်းတ
ဒေသမှ ဖုန်းဆက်လာသည်ကို သင်းသင်းနှင့် ကြိုတင်စည်းဝါးမို
ထားသည့်အတိုင်း သင်းသင်းက မုသားသုံးရလေသည်။

"မို့ ရန်ကုန်ပြန်သွားပါပြီ ကိုစွင်မင်း"

"ရန်ကုန်ဖုန်းနံပါတ် သိပါသလား မသင်းသင်း"

သင်းသင်းက စပီကာ ဖွင့်ထားပေးသဖြင့် မောင့်အသံ
မို့ ကောင်းစွာကြားနေရသည်။ မျက်ရည်မိုးတို့က ရင်တွင်းမှ
ကွက်ကြားရွာသွန်းနေသည်။ ပြင်ပသို့ မို့ ထွက်ခွင့်မပေး၊ ကြိတ်

ဒီရသော ဝေဒနာက မျက်ရည်ဖြိုင်ဖြိုင် ရွာသွန်းသော ဝေဒနာ
ထက် ပို၍ခံစားရလေသည် မှန်သော်လည်း မို့ ကြိတ်၍သာ
စားလိုက်သည်။

"ဖုန်းနံပါတ် သိပေမယ့် အဲဒီအိမ်က နှစ်ချုပ်နဲ့ ငှားထား
ဘာ မို့က စက်ပူ ထွက်မယ်လို့ ပြောသွားတယ်၊ သူပဲ ဖုန်းဆက်
မယ်တဲ့"

"ဟင်... မို့ ဘာဖြစ်လို့ အဲဒီလို လုပ်ရတာလဲ"

"သူ မခံစားနိုင်လို့နေမယ် ကိုစွင်မင်း၊ မို့က မပြောပါနဲ့
ဘို့ တားထားပေမယ့် ကျွန်မက မနေနိုင်လို့ ပြောပြရတော့မယ်
ကိုစွင်မင်း၊ ရှင် သိပ်လည်း မခံစားပါနဲ့၊ မို့ဆီကို ရှင် သတော်ပြန်
ဆက်သွားပြီး နှစ်ရက်လောက်အကြာမှာ ရှင့်အမေနဲ့အစ်မ
ရောက်လာတယ်"

"ဟင်..."

"ဒါဆို ကိုစွင်မင်း သတောပေါက်မှာပါ၊ ဘာတွေ ပြောဆို
သွားလိမ့်မယ်ဆိုတာလည်း ကိုစွင်မင်း သိပြီးသား ဖြစ်ပါလိမ့်မယ်၊
ဒီက ရှောင်တောင် ရသွားတယ်"

"ကျွန်တော်... ကျွန်တော် မေမေတို့ကိုယ်စား မို့ကို
ဘောင်းပန်ပါတယ်၊ ပြောပေးပါ၊ မို့ကို ဆက်သွယ်လို့ရမယ့် ဖုန်း
နံပါတ်ရှာပေးပါ မသင်းသင်းရယ်၊ ကျွန်တော့် အားကိုးပါတယ်"

မောင့်အသံက တုန်ခါနေသည်။ မောင် မို့နှင့်တစ်တူ
ခံစားရမယ်ဆိုတာ မို့ နားလည်နေမိသည်။

ချစ်သူကို အသည်းနှင့်အောင် ချစ်ရသည် မှန်သော်
လည်း မိန်းမတစ်ယောက်၏ ရှိသင့်ရှိထိုက်သော မာနအရ မေတ္တာ
ကို စွန့်ပစ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com

ဒီအတွက် ပေးဆပ်မှုကတော့ ရင်မှာ တမြွေမြွေ လောင်
ကျွမ်းနေခြင်းဖြစ်သည်။

"ဝမ်းနည်းပါတယ် ကိုစျင်မင်း၊ မိုက ကျွန်မတို့ကို
အဆက်အသွယ် ဖြတ်သွားပြီ၊ သူ ဆက်သွယ်လာမှ သူ့ကို ကျွန်
တို့ မိမှာ၊ အဲဒီအခါ ကိုစျင်မင်း ဆက်သွယ်ကြောင်း မှာကြော
ပြောပေးပါ့မယ်"

"ဒါဆို ကျွန်တော် စကားတစ်ခွန်းပဲ မှာချင်ပါတယ်၊
အတွက်ဆို တလောကလုံးနဲ့ မှီတစ်ယောက်ထဲနဲ့ လဲယူရဲပါတ
ဆိုတာပါပဲ မသင်းသင်း"

မှီအတွက်နဲ့ သားမိုက်အဖြစ်ခံရဲတယ်လား၊ မဖြစ်သင့်
ဘူး မောင်၊ မောင့်မိဘတွေက ခြံစိုက်စျေးရောင်းပြီး မောင့်
ရေကြောင်းသိပ်ပွဲ ရောက်အောင် ပို့ခဲ့တာ၊ မိဘကျေးဇူးကို
အတွက်နဲ့ ကျေးဇူးကန်းရမယ့်အဖြစ်ကို မှီက ဥပေက္ခာပြ
လောက်အောင် မမိုက်ကန်းပါဘူး။

မောင့်အတွက် ဇနီးမယားကောင်း မရှားပါဘူး။

မှီ မောင့်အသံကို နောက်ဆုံးကြားခြင်းဟုသာ မှတ်
လိုက်ပြီး တယ်လီဖုန်းနှင့် ဝေးရာသို့ ရှောင်ထွက်လိုက်သည်။ လ
ဆောင်၌ ထွက်ရပ်ရင်း ပြင်ဦးလွင်၏လေအေးကို တဝရှူရှိုက်လို
သည်။

ကောင်းကင်ယံ၌ လမင်းမရှိပေမယ့် ကြယ်တွေ စုံညီ
တောက်ပလင်းလက်နေသည်။ တင့်တယ်နေသည်။

လူ့ဘဝဆိုတာ (၁၅၀၀)အချစ် မရှိပေမယ့်လည်း
တည်နေနိုင်ကြသူတွေ အများကြီးပါလေ။

မောင့်ကို ချစ်သည်။ ရင်နှင့်အောင် ချစ်ရသည် မှ

ဆော်လည်း လွန်ခဲ့သော ငါးနှစ်ကျော် ကာလကလည်း မိခင်
အတွက် စတေးခံပြီးပြီ။

ယခု မောင့်မိဘတွေအတွက် မိမိ၏အကြွေးပန်းပေမယ့်
ကတ်တင်ချင်တဲ့ မာနကြောင့်ပါ မောင့်ကို နောက်တစ်ဖန်
ဆွဲလွှတ်ရပြန်ပြီ။

"ဩော်. . မှီ. . အေးတယ်လေ"

မှီ့နောက်မှ လေသံအေးအေးနှင့်အတူ ဂျာကင်အင်္ကျီ
စင်ထည် ပခုံးပေါ် လွှမ်းခြုံပေးမှုတို့ကို ခံစားလိုက်ရသည်နှင့်
အသာငဲ့စောင်းကြည့်လိုက်သည်။

ဒေါက်တာအောင်စံ။

သူ့ဂျာကင်တစ်ထည်ကို ယူလာပြီး မှီ့ကို လွှမ်းခြုံပေး
သည်။ ဒေါက်တာအောင်စံ မအိပ်သေးဘူးကိုး၊ ဒါဆို သင်းသင်းနှင့်
အောင် ဖုန်းအပြန်အလှန် ပြောဆိုမှုကိုလည်း ကြားရပေမည်။

"မှီ့ကို ကျွန်တော် အကြံတစ်ခု ပြုချင်တယ်"

"ဟုတ်ကဲ့. . . ပြောပါ ဒေါက်တာ"

"မှီ့ နှလုံးကျန်းမာရေးအတွက် မက်ဒီကယ်လ်ချက်ကပ်
(Medical Checkup) လုပ်စေချင်တယ်"

"ကျွန်မ နေကောင်းပါတယ် ဒေါက်တာ"

"ကျန်းမာရေး စစ်ဆေးတယ်ဆိုတာ ပိုတယ်ရယ်လို့ မရှိပါ
ဘူး မှီ၊ ကုသခြင်းထက် ကာကွယ်ခြင်းက ပိုပြီးကောင်းပါတယ်၊
ကျွန်တော် ကူညီပေးပါ့မယ်"

မှီ နှုတ်ဆိတ်နေလိုက်သည်။

"နောက်တစ်ခု မှီ့ကို အကူအညီ တောင်းချင်တယ်"

"ဘာများပါလဲ ဒေါက်တာ"

www.burmeseclassic.com

www.burmeseclassic.com

"ပွဲလန့်တုန်း ဖျာခင်းတယ်ပဲ ပြောပြောဗျာ၊ ကျွန်တော်ငါ့
သားအဖရဲ့ဘဝကို မို့လက်ထဲ အပ်ချင်တယ်"

"ရှင်. . . "

မို့ ရုတ်တရက် အံ့အားသင့်သွားရသည်။ တုန့်လှုပ်ခြင်း
တော့ သိပ်မဖြစ်မိပါချေ။

သားအဖနှစ်ယောက်၏အကြည့်တွေနှင့် စကားအသွား
အလာတွေကို (၄-၅)ရက်အတွင်းမှာ ထိုစကားမျိုး ပြောလာလိ
မည်ဟု ရိပ်စားမိပြီးသား ဖြစ်လေသည်။ ထို့ကြောင့် တုန့်လှုပ်ခြင်း
လျော့ပါးသွားပေမယ့် ဒီလောက် မြန်ဆန်လိမ့်မည်ဟု ထင်မထား
ချေ။ သို့အတွက် အံ့အားသင့်သွားရသည်။

ဒေါက်တာအောင်စံကိုလည်း ညလင်းမီးကို အားပြုပြီး
မေ့ကြည့်လိုက်သည်။

ဒေါက်တာအောင်စံ၏အေးမြသောအပြုံးက လမိုက်ညဉ်း
ပျောက်ဆုံးနေသည့် လမင်းကြီး ရုတ်တရက် ပေါ်ထွက်လာသည်
ကို ခံစားလိုက်ရလေသည်။

မိမိရင်ကို အေးချမ်းစေသောအပြုံးကို မို့ ယုံစားအားထ
ရမှာလား။

မို့ စဉ်းစားရပေမည်။

မို့ မျက်ဝန်းကို ကြည့်ပြီး ဒေါက်တာအောင်စံက သ
ပေါက်ဟန်တူသည်။

"မို့.ဘဝကိုလည်း ကျွန်တော်က အားဖြည့်ပေးချင်တ
မို့၊ မို့ ဝေဒနာတွေအတွက် ကျွန်တော်က ဆေးပေးချင်ပါတ
ကျွန်တော့်ဘဝတစ်ခြမ်းနဲ့ မို့.ဘဝတစ်ခြမ်း ပေါင်းစပ်ရအောင်လ
မို့၊ ဒါ မို့ကို အထင်သေးလို့ ပြောတဲ့စကား မဟုတ်ပါဘူး၊ ရှိ

ခြင်မြင်ချင်းပဲ တစ်ခါမှ မဖြစ်ပေါ်ခဲ့ဖူးတဲ့ မြတ်နိုးစွဲလမ်းမှုမျိုး
ကျွန်တော် ခံစားလိုက်ရလို့ပါ၊ ဒါကြောင့်လည်း မို့ကို လက်ထပ်ဖို့
အမြန်ဆုံး ဆုံးဖြတ်မိတာပါ"

"မို့.ကို အချိန်ပေးပါ ဒေါက်တာ"

"ဟုတ်ပါတယ်. . . ကျွန်တော် သဘက်ခါ ပြန်မှာပါ၊ သမီး
ကိုတော့ ထားခဲ့ပါ့မယ်၊ သမီးရဲ့ ရုန်ကုန်မှာပဲ ကျောင်းပြန်တက်ရ
လား၊ ဖီမှာပဲ ဘော်ဒါနေရမလားဆိုတာလည်း မို့.အပေါ်ပဲ
မူတည်ပါတယ်၊ မို့သာ သမီးအမေသစ်နေရာ တာဝန်ယူလိုက်ရင်
ကျွန်တော့်အနာဂတ်ကော သမီးအနာဂတ်ပါ မို့.လက်ထဲ အပ်နှံ
လိုက်ရုံပါပဲ"

ဒေါက်တာအောင်စံ စကားပြော ကျွမ်းကျင်ပေသားပဲ၊
အင်းလေ. . . အသက်အားဖြင့်လည်း မို့ထက် (၁၀)နှစ်လောက်
ကြီးသည်ဆိုတော့ ဘဝအတွေ့အကြုံက မို့ထက်များစွာ ပိုနေသည့်
ကိုး အတွေ့အကြုံအရ စကားတွေ ပြောတတ်လာမှာပေါ့။

"မို့ စဉ်းစားပေးပါ့မယ်၊ မို့.ကို ခွင့်ပြုပါနော်"

ပခုံးထက်မှ ဂျာကင်အင်္ကျီကို ဖယ်ယူကာ ဒေါက်တာ
အောင်စံလက်ထဲ ကမ်းပေးလိုက်လေသည်။

"မို့. . . ကျွန်တော်ပေးထားတဲ့ဆေး သောက်ပြီး အိပ်
ပျော်နော်၊ ဘာကိုမှ မစဉ်းစားပါနဲ့"

"ဟုတ်ကဲ့ပါ ဒေါက်တာ"

မို့ လသာဆောင်ကို ကျောခိုင်းပြီး အိမ်ထဲ ပြန်ဝင်ခဲ့သည်။
နောက် မိမိအိပ်ခန်းဆီသို့ တန်းဝင်ခဲ့သည်။ အခန်းထဲ ရောက်
တော့ မျက်လုံးက အလိုလိုပင် လမင်းစံ ကုတင်ဆီသို့ ရောက်သွား
သည်၊ စောင်များ လွတ်ကင်းနေသည်ကို တွေ့ရသဖြင့် ကုတင်

www.burmeseclassic.com

www.burmeseclassic.com

နား ကပ်သွားလိုက်ပြီး စောင်ကို ရင်ဘတ်အထိ အသာခြုံပေးလိုက်
သည်။

မိခင်မေတ္တာ ငတ်ခဲ့သော ကလေးမို့ မိခင်ကို အလိုရှိနေ
ရှာသည်။ "မိထွေး" ဟု အများက သတ်မှတ်ထားသော မကောင်း
ခြင်း ဂုဏ်ပုဒ်တွေဘာတွေကို အရေးမစိုက်သည့်အလား ပင်။

မို့ ပင့်သက်ရှိုက်လိုက်သည်။

ရင်ထဲ၌ ဆို့နင့်နေသော သောကအစိုင်အခဲကြီးကို ဖြေ
ဖျက်ဖို့ရာ အားယူဖို့ အချိန်က လိုအပ်နေတာလား။

ဒေါက်တာအောင်စံ ပေးထားသော ဆေးတစ်ပြားကို ရေ
နှင့် အသာမျှောချလိုက်သည်။

မောင့်အချစ်ကို တန်ဖိုးထားပါသည်။ ထို့ကြောင့် မို့
ကြောင့် မောင့်မှ တာဝန်ပိတာမျိုး မဖြစ်စေချင်ပါ။ မောင့်မိဘ
များပေါ် ကျေးဇူးဆပ်နိုင်ပါစေတော့။

မို့ အားရပါးရ ငိုချပစ်လိုက်ချင်သည်။ သို့သော် မို့
မျက်ရည်ကျကာ ငိုပစ်၍ မရချေ။ မျက်ရည်ဟာ ကုန်ခမ်းတတ်
သောအရာမျိုး မဟုတ်ပါဘဲလျက် မျက်ရည်က ထွက်မလာချေ။

မျက်ရည်ထွက်မလာတော့ ရင်ဝယ် ပို၍ ထိရှနာကျင်လေ
သည်။

ဖြစ်လေရာဘဝမှာ ချစ်ကဲခေါ်ခွန်းသူ မဖြစ်ပါရစေနဲ့ဟု
သာ ဆုတောင်းရင်း မို့ အိပ်မျော်ရန် ကြိုးစားလိုက်လေတော့သည်။



အခန်း(၁၈)

ငိုရင်း အိပ်မျော်သွားရှာသော လမင်းစံကို ငေးကြည့်ရင်း
ခါတော်မီရင်ထဲ ဂရုဏာမိုးတို့က တစိမ့်စိမ့် ရွာသွန်းလာသည်။

မျက်ရည်မခြောက်သေးသော ပါးပြင်မို့မို့နုနုကလေးကို
အသာလေး သုတ်ပေးရန် လက်ရွယ်လိုက်ပြီးမှ နို့သွားမှာ စိုးရိမ်
သဖြင့် မသုတ်ပေးတော့ဘဲ စောင်လေး အသာခြုံပေးခဲ့ပြီး
အောက်ထပ်သို့ ဆင်းခဲ့လေသည်။

အဖေတစ်ခု သမီးတစ်ခုလို ဖြစ်နေသောဘဝမို့ အဖေက
ခွင့်စေ့၍ ရန်ကုန်ပြန်ဆင်းသွားသည်ကို သမီးက အဖေ့ရှေ့တော့
ငို၊ အဖေကား ကွယ်ပျောက်သွားသည်နှင့် မျက်ရည်တွေ ကျိုး

www.burmeseclassic.com

www.burmeseclassic.com

လေပြီ။

"ဘယ်လိုလဲ. . . တိတ်သွားပြီလား"

သူ ဆင်းလာသည်ကို မြင်သည်နှင့် သင်းသင်းက လှမ်းမေးလိုက်သည်။

"အင်း. . . ငိုရင်း အိပ်သွားတော့ တိတ်သွားပြီပေါ့ တော်တော်ဖွဖွကောင်းတာပဲ"

"သူတို့သားအဖလည်း ဘွားအေဆုံးသွားကတည်းက ယောင်ချာချာ ဖြစ်သွားကြတာပဲ၊ လမင်းအတွက် လက်ပွန်းတတီး နေပေးမယ့် အမေဆိုတာ အရမ်းလိုအပ်နေတယ် မို့၊ ဘော်ဒါမှာလည်း သူ နေနိုင်မှာ မဟုတ်ဘူး၊ ဒီအရွယ်တွေဟာ စိတ်ကစားတဲ့ အရွယ်ပဲ၊ ရန်ကုန်မှာ အဖေနဲ့ပဲ နေပြန်တော့လည်း အိမ်ဖော်တွေရဲ့ပြုစုမှုနဲ့ သူ အထီးကျန်ပြီး မဖြစ်သင့်တာတွေ ဖြစ်လာနိုင်တယ် အဖော်ရှာလာရင် အပေါင်းအသင်းမှားမှာ စိုးရတယ်၊ အမေဆိုတာ အမေလောက်တော့ ဘယ်လိုလုပ် ဂရုစိုက်နိုင်မှာလဲ ဒီအတွက် ငါ နင့်ကို အကူအညီ တောင်းချင်တယ်"

သင်းသင်း စကားကို ဒီလောက် နိဂါန်းပျိုးနေကတည်းက ဘယ်လိုစကားမျိုး ဆက်လာတော့မည်ကို မို့ ကြိုတင်သိနေသည်၊

"တစ်ချက်ခုတ် နှစ်ချက်ပြတ်မယ့်အရေး နင် အစ်ကိုကြီးနဲ့ လက်ထပ်လိုက်ပါလား၊ အစ်ကိုကြီးက နင့်ကို မြင်မြင်ချင်း ချစ်သွားတာတဲ့၊ သူ့ညီကို ဖွင့်ပြောသွားတယ်၊ နင့်ကိုကော ပရိပ္ပိုင်လုပ်သွားပြီးပြီမှတ်လား"

မို့ မျက်နှာပူပူနှင့် ခေါင်းညိတ်လိုက်လေသည်။ လမင်းစံကလည်း သူ့ရင်ခွင်ထဲ တိုဝှေ့ကာ ခိုဝင်ငိုရှိက်ရင်း တောင်းဆိုလေသည်။

"အန်တိုကို အမေတော်ချင်တယ်၊ ဖေကြီးနဲ့ လက်ထပ်ပြီး ဦးတို့ အတူနေရအောင်နော်၊ မီး မဆိုးပါဘူး၊ အန်တိုစကားကို နားထောင်ပါ့မယ်"

ဟု တတွတ်တွတ် ပူဆာခဲ့လေသည်မို့ သူ ရင်တွေ နာကျင်ခဲ့လေသည်။

"နင်ပဲ စဉ်းစားကြည့်လေ၊ နင့်ကို မလိုလားတဲ့ အသိုင်းအဝိုင်းနဲ့ နင့်ကို လိုလားပြီး မေတ္တာတွေ ပေးနေတဲ့ အသိုင်းအဝိုင်း၊ ဘယ်ဟာကို နင် ရွေးချယ်မလဲ၊ လမင်းစံရဲ့အနာဂတ်အတွက် အစ်ကိုကြီးကကော ငါတို့လင်မယားကကော နင့်လက်ထဲကို ယုံယုံကြည်ကြည်နဲ့ အပ်နှံနေတာပါဟာ၊ နင့်အတွက်လည်း အစ်ကိုကြီးဟာ တကယ်ကို မှီခိုအားထားရာ အရိပ်ကြီး ဖြစ်မှာပါ"

သင်းသင်း သူ့ကို ချစ်ခင်လွန်း၍သာ ယခုလို ကြားဝင်တာ အောင်သွယ်နေခြင်းဖြစ်ကြောင်း မို့ ကောင်းစွာနားလည်ပါသည်။

"ကိုယ်ချစ် ရှာတာထက် သူချစ်ကို ရှာတာ ပိုကောင်းတယ်လို့တောင် အများက ပြောကြတာပဲ၊ အစ်ကိုကြီးက နင့်ကို မြင်မြင်ခြင်း ချစ်သွားတာမို့ နင် ကံကောင်းမှာပါ"

မို့ သက်ပြင်းချလိုက်သည်။ လောလောဆယ် လောင်မြိုက်နေသော နှလုံးသား မီးတောက်ကို ဒေါက်တာအောင်စံ၏မေတ္တာရေစင် သွန်းလောင်းမှုဖြင့် ငြိမ်းအေးသွားမည်ဆိုပါက အဘယ်မျှကောင်းခြင်မှုမည်နည်း။

မို့ သင်းသင်းကို စေ့စေ့ကြည့်ပြီး. . .

"ငါက ငါ့အတွက်ရယ်၊ ဒေါက်တာ့အတွက်ရယ်လက် လမင်းအတွက်ဆိုတာကို ငါ ပိုစဉ်းစားပါတယ်၊ လမင်းဟာ

www.burmeseclassic.com

www.burmeseclassic.com

ပတ်ဝန်းကျင်က မိထွေးဆိုတဲ့ သွေးခွဲစကားတို့ နားယောင်ပြီး ငါ့မေတ္တာကို အရောင်ဆိုးလိုက်မှာကို ငါက စိုးရိမ်နေတာ၊ လမင်းနဲ့ ငါကြားမှာ အဖြူရောင်မေတ္တာနဲ့၊ သေတပန် သက်တဆုံး ခိုင်မြဲသွားနိုင်ပါ့မလားဆိုတာကို ငါ အဓိကထား စဉ်းစားပါတယ်"

"လမင်းဟာ ဘွားအေရဲ့လက်ပေါ် ကြီးပြင်းခဲ့သူဖြစ်တော့ ဘာသာတရား အဆုံးအမနဲ့ လိမ္မာယဉ်ကျေးတဲ့ကလေးပါ မို့ နင့်အတွက် သူတို့သားအဖရဲ့မေတ္တာရိပ်ဟာ ကဲကြမ်ာက ပေးတဲ့ လက်ဆောင်တစ်ခုအဖြစ် ခံယူပြီး လက်ခံလိုက်ပါ။ ဒီလိုပဲ... သူတို့သားအဖအတွက်လည်း နင်ဟာ ဘုရားပေးတဲ့ လက်ဆောင်ကောင်းတစ်ခုလို့ သူတို့က ဝမ်းမြောက်ဝမ်းသာစွာနဲ့ လက်ခံထားကြသူတွေပါဟာ"

မို့ ခေါင်းညိတ်လိုက်သည်။

"ဒီမှာ လမင်းနဲ့အတူ နေကြည့်ရင်း ငါ့ကို ဝိုင်းကူပေးရင်း လမင်းကျောင်းအပ်ရက်အမို့ ငါ အဖြေပေးပါ့မယ်"

"ကျေးဇူးပဲ သူငယ်ချင်း၊ ငါတို့လုပ်ငန်းကတော့ လုပ်နေကျလုပ်ငန်းမို့လို့ လိုအပ်နေတဲ့ ဖြည့်ဆည်းမှုတွေကို ငါတို့ ထပ်ဖြည့်သွားမှာပါ။ လမင်းတို့ သားအဖရဲ့ လိုအပ်နေတဲ့ ကွက်လပ်ကိုတော့ နင် ဖြည့်ပေးရမှာပါ။ ကိုင်း... ငါ ယောက်ျားလေးတွေ ဘော်ဒါဆောင်ကို ပြေးလိုက်ဦးမယ်၊ နင် ဖုန်းကျူတီ စောင့်ပေးနော်"

"အေးပါ... သွား သူငယ်ချင်း... စိတ်ချသွား"

မိသည် ဆိုင်ကယ်စီးကာ ထွက်သွားသော သင်းသင်းကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

အသက်(၂၇)သာ ရှိသေးသော မိမိဘဝကို စိတ်ဓါတ် ကျဆင်းနေရုံနှင့် မပြီးသေးပါ၊ ကျန်သက်တမ်းကာလအတွက် လူ့

ဘဝကို အဓိပ္ပါယ်ရှိရှိ အသုံးချသွားဖို့ များစွာလိုအပ်သေးသည်၊

အချစ်တစ်ခုတည်းအတွက် ဘဝကို စတေးခံပစ်၍ ရနိုင်။ ခါတော်မီ ဝေခွဲမရစိတ်တို့ကို ဆုံးဖြတ်ချက် မချနိုင်သေးသဖြင့် သက်ပြင်းချခြင်းဖြင့်သာ ထွက်ပေါက်ပေးလိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၉)

ဒေါက်တာအောင်စံ၏အိမ်သည် မိုရောက်သည့်နေ့မှစ၍ "သိရိဂေဟာ" လေး ဖြစ်ခဲ့ပေသည်။

ခါတော်မီ၏ရွေးချယ်မှု မှန်ကန်ခဲ့လေသည်။

ဒေါက်တာအောင်စံ၏ရင်ခွင်သည် တကယ့်ကိုပင် သူ့အတွက် မိုခိုးအားထားစရာ နားနေ၍ အကောင်းဆုံးသောရင်ခွင် ဖြစ်သည်။

"မို့. . . ဆေးသောက်ပြီးပြီလား"

"သောက်ပြီးပါပြီ ကို"

ဘဝအမောတွေကြောင့်ကော ချစ်သူနှင့် ကွေကွင်းရခြင်

ဘူသော ဒုက္ခဆင်းရဲတွေကြောင့်ကော ရရှိလာသည့် မို့အတွက် ဆုလာဘ်က နှလုံးအားနည်းခြင်း၊ ထိခိုက်လွယ်သော ခံစားမှုကြောင့် နှလုံးရောဂါ ဖြစ်နေလေပြီ။

ဒါကို ဒေါက်တာအောင်စံက ဆေးပေးခဲ့သည်။ ရောဂါဝေဒနာတွေကို ဖယ်ရှားပေးခဲ့သည်။

မို့ လမင်းစံ၏ဂိုက်လုပ်ပေးအပြီး (၃)လအကြာတွင် ဒေါက်တာအောင်စံ၏အချစ်ကို ယုံကြည်အားထားပြီး လက်ထပ်ခဲ့သည်။

တရားရုံးတစ်ခု၌ လက်မှတ်ရေးထိုး၊ အိမ်၌ အရင်းနှီးဆုံး ဆွေမျိုးမိတ် အနည်းငယ်ကိုသာ မင်္ဂလာဆွမ်းကျွေးခြင်းဖြင့် အကျဉ်းချုံး လက်ထပ်ခဲ့ကြသည်။

ထိုအချိန်မှစ၍ လမင်းစံက သူ့အား မေမေခေါ်ကာ ခမ်းမြောက်ဝမ်းသာ အဖြစ်ဆုံး ဖြစ်နေသည်။

လမင်းစံ၏စိတ်ထားဖြူစင်မှုကို မို့ သဘောအကျဆုံး ဖြစ်လေသည်။ ငယ်ပေမယ့် ပြည့်ဝရှာသည်။

"ကိုင်း. . . ဒီနေ့ အပြင်ကို ဘယ်သူ့ အရင်ထွက်မှာလဲ"

နံနက်စာ စားသောက်ချိန်တွင် သားအဖနှစ်ယောက် တစ်နေ့တာ အစီအစဉ်တွေကို တင်ပြကြသည်။

မို့က သူတို့သားအဖအား ဖြည့်ဆည်းပေးသည်။

"ဖေကြီးက ကိုးနာရီ ဆေးရုံသွားမယ်၊ လေးနာရီ ရေပြန်ချိုးမယ်၊ ဒီနေ့ ပုံမှန်အတိုင်း ခြောက်နာရီ ဆေးခန်းတွေ ဆက်ဂိုက်ကူးမယ်"

ဒေါက်တာအောင်စံက တစ်နေ့တာလုပ်ငန်းကို မို့အား အသိပေးသည်။

www.burmeseclassic.com

www.burmeseclassic.com

"နေ့လည်စာကော. . . မို့ လာပို့ပေးမယ်လေ"

"ထမင်းစားချိန် အပြင်ထွက်စားလိုက်မယ်၊ လူနာကြည့်ရင်းပေါ့"

"သမီးကိုရော ထမင်းချိုင့် ပို့ရမယ့်အတူတူ ကိုကိုပါ ပို့ပေးမယ်လေ"

"ရတယ် မို့၊ လူနာရှင်က လာပင့်ပြီး ထမင်းပါ ကျွေးတာဆိုတော့ မို့ အပင်ပန်းမခံပါနဲ့"

"မိုးက ဒီနေ့ သုံးနာရီ ပြန်နားမှာ မေမေ"

"သမီးအချိန်စာရင်းဇယားကတော့ မေမေ့မှာ ရှိပြီးသားပါ"

လမင်းစံက မို့ကို မျက်စိတစ်ဖက် မှိတ်ပြပြီး ဖခင်ဘက် မေးငေါ့ကာ. . .

"မိုးအချိန်စာရင်း မေမေ့မှာ ရှိဖို့ထက် ဖေကြီးအချိန်စာရင်း မေမေ့မှာ ရှိဖို့က ပိုအရေးကြီးတယ်နော် မေမေ၊ ဆရာဝန်ပေါက်စလေးတွေက ငယ်ငယ်ချောချော၊ နာစ်တွေကလည်း လှလှပပနဲ့ဆိုတော့ မေမေ ဒီအတိုင်း လွှတ်မထားနဲ့"

"ဟာ. . . သမီးကလည်း၊ မေမေ စိတ်ပူအောင် လျှောက်ပြောနေပြန်ပြီ၊ ဖေဖေ့မျက်လုံးထဲမှာ ဟောဒီ သမီးမေမေ တစ်ယောက်ထဲပဲ ရှိတယ်"

"ဟင်. . . မိုးကကော"

"သမီးက ဖေဖေ့ဘဝလေ"

"မေမေက"

"ဖေဖေ့ရဲ့နံရိုးတစ်ချောင်း"

"လူနာတွေကကော"

"ဖေဖေ့ရဲ့တန်ဖိုးထားရတဲ့လူတွေ"

"ဒါဆို ဖေဖေ့အသက်ကကော"

"ကံကြမ္မာရဲ့လက်ထဲမှာလေ"

ခါတော်မီ ပြုံးကာ သားအဖနှစ်ယောက်ကြား မဝင်ဘဲ ဟော်ဖီသောက်နေလိုက်သည်။

"ဖေကြီး"

"ဘာလဲ သမီး"

"မေမေနဲ့မီး ဘယ်သူ့ပို့ချစ်သလဲ"

ဒေါက်တာအောင်စံအကြည့်က မို့ထံသို့ ဆိုက်ရောက်လာသည်၊ မို့က နားလည်အပြုံးနှင့် ပြုံးပြလိုက်သည်။

ခုနေမှာ မို့အတွက် အချစ်ဆိုသောအရာထက် ဘဝကို ကြိုးနွေးထွေးစေသော ရင်ခွင်တစ်ခုအဖြစ်က ပို၍အဖိုးတန်နေသည်။

"သမီးကို ပို့ချစ်တာပေါ့" ဟု ဖြေလိုက်လည်း ကျေနပ်ည်သာဖြစ်သည်။

သို့သော်. . .

"တစ်ယောက်တစ်မျိုးစီနဲ့ အချစ်ဆုံးတွေလေ"

"ဖေကြီး လူလည်ကြီး"

နံနက်စာ စားသောက်ရင်း ရယ်မောသံလေးများနှင့်အတူ နေသစ်ကို ကြိုဆိုလိုက်ကြသည်။

နောက် အပြင်သို့ အရင်ထွက်မည့် ဒေါက်တာအောင်စံကို ထမင်းစံနှင့် မို့က လက်မောင်းတစ်ဖက်စီ ခိုတွဲပါပြီး ကားပေါ်ထိ ပို့ပေး၊ ကားမောင်းထွက်သွားသော ဒေါက်တာအောင်စံကို ငေးကလေး ပြကာ နှုတ်ဆက်ရင်း ဒေါက်တာအောင်စံကား

www.burmeseclassic.com

www.burmeseclassic.com

မြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ မှီ ရပ်ကြည့်ငေးမောပြီး အိမ်ထဲသို့ ပြန်ဝင်ခဲ့သည်။

ပြီးတော့မှ အိမ်ရှင်မတစ်ယောက်အနေနှင့် အိမ်မှုကိစ္စများကို အိမ်ဖော်များအား ကြီးကြပ်လိုက်သည်။ လမင်းစေ့ ကျောင်းကြိုကျောင်းပို့ ကျူရှင်ကြို ကျူရှင်ပို့ခြင်းများကို ဒရိုင်ဘာနှင့်အတူ လုပ်ဆောင်ပေးသည်။

ဒါက မှီ၏နိစ္စဓူဝ လုပ်ငန်းများဖြစ်သည်။ လမင်းစေ့၏ဘဝ အဖြစ် မှီက သူကျွမ်းကျင်ရာ ဘာသာရပ်များကိုသာ တာဝန်ယူပြီး မှီ မကျွမ်းကျင်သော ဘာသာရပ်အတွက် အခြားဂိုက်တစ်ဦးကို ငှားထားပေးသည်။

ဘာလိုလိုနှင့် လမင်းစေ့တောင် ဆယ်တန်းရောက်လာပြီ။

ဒေါက်တာအောင်စံနှင့် သူ၏အိမ်ထောင်သက်တမ်းလည်း (၂)နှစ်ကျော်လာခဲ့လေပြီ။

ဒေါက်တာအောင်စံတို့ သားအဖနှင့် ပတ်သက်၍ မှီ့ကို ထိခိုက်စေသော အကြောင်းအရာ လုံးဝမရှိခဲ့ပါချေ။

ဒေါက်တာအောင်စံတို့ သားအဖသည် မှီ့အတွက်ထာ တကယ့်ကို သဲကန္တာရထဲက အိုအေစစ်သဖွယ် ဖြစ်ခဲ့လေသည်။

သို့သော်. . .

ငယ်ချစ်ဦးနှင့် ပတ်သက်၍ကတော့ မှီ့ရင်မှာ ထာနာကျင်နေဆဲဖြစ်သည်။

မုန်း၍ ခွဲခွာခြင်းမှ မဟုတ်ကြလေပဲ။

မောင့်မိသားစု အသိုင်းအဝိုင်းအတွက် မှီ နားလည်ဖြင့် နောက်ဆုတ်ပေးခြင်း ဖြစ်သည်ဆိုတော့ အချစ်တွေက မှီ့စိတ်

ဘဲ့ မသိလိုက်ပေမယ့် မှီ့ရင်ထဲ စီးနစ်ပျော်ဝင်နေဆဲပါလား။

"မေမေ"

မှီ ရုတ်တရက် ငယ်ချစ်ဦးထံ ပျံ့လွင့်သွားသော စိတ်တို့သည် လမင်းစ၏ ခေါ်သံကြောင့် ပျက်ပြယ်သွားပြီး. . .

"ဘာလဲ သမီး"

"ဘာမှ မဟုတ်ပါဘူး မေမေ၊ အိမ်ထဲ ပြန်မဝင်လာသေးဘဲ မီးက ဘာများလုပ်နေတာလဲလို့ ထွက်ကြည့်တာ"

လမင်းစက သူ့အား ဖက်တွယ်ပြီး ပြောလိုက်လေသည်။

မှီက ပြုံးပြုံးလေး လုပ်ကာ ရင်ထဲက မောင့်ကို ဖျောက်နှုတ်လိုက်ပြီး. . .

"ခြံထဲမှာ ဘာလိုအပ်သေးသလဲလို့ ငေးကြည့်နေတာ၊ ဒီနေ့ သမီး ကျူရှင်ချိန် စောပြီးမှာဆိုတော့ ညနေ မေမေတို့ ဆွေပင်ထွက်ရအောင်၊ နယူးရိုးယားအတွက် လက်ဆောင်လေးတွေ ဝယ်ရအောင်"

"အိုကေ ဘဲရီးဂွတ်"

လမင်းစေ့၏ဖက်တွဲမှုနှင့်အတူ အိမ်ထဲသို့ ပြန်ဝင်လိုက်သည်နှင့် မှီ့ရင်ထဲက မောင်သည်လည်း တဒင်္ဂအတွင်းတွင်တော့ ပြန်ပျောက်ကွယ်သွားလေတော့သည်။

အေးမြနွေးထွေးခြင်းတို့ကို အပြည့်အဝ ပေးနေသော ဒေါက်တာအောင်စံတို့ သားအဖ၏ မေတ္တာရိပ်အောက်မှာ နေထိုင်ရသော မှီ့ဘဝကို ကျေနပ်နှစ်သိမ့် နေနိုင်ပါသည်။

မောင့်ကို မေ့ပျောက်၍မရသော မှီ့နှလုံးသားကို မှီ့ကိုယ်တိုင်လည်း မိသည်။

အချိန်ဆိုတာ နှလုံးသားကို ကုစားရာ၌ အကောင်းဆုံး

www.burmeseclassic.com

www.burmeseclassic.com

သော သမားတော်ကြီး ဖြစ်သည်ဆိုပါက ကြာရင်တော့လည်း မြ
မောင့်ကို မေမေ့ပျောက်ပျောက် ဖြစ်နိုင်လိမ့်မည် ထင်ပါသည်

"မေမေ့လက်တွေက အမြဲတမ်း အေးစက်နေတာပဲနော်

လမင်းစံက မို့လက်ချောင်းများကို ဖွဖွလေး ဆုပ်ကိုင်
ရင်း ပြောလိုက်သည်။

ငယ်ရွယ်ပေမယ့် ဝမ်းမနာသမီး လမင်းစံက မို့အတွင်
အနာဂတ် မျှော်လင့်ချက် ရောင်ခြည်တစ်ခုပါပဲ။

မို့ အချိန်တွေကို လမင်းစံတို့ သားအဖအတွက်ပဲ ပုံအော
လိုက်တော့မယ်၊ ဒါဆို မို့ရင်ထဲက ဝေဒနာ ပျောက်ကွယ်သွားမှာ
ပါ။

အခန်း(၂၀)

"မို့ အိပ်ယာဝင် နောက်ကျတယ်၊ မနက်ရောက်တော့
သည်း မို့ပဲ အစောဆုံး ထတယ်၊ မို့ အိပ်ချိန် တစ်နေ့ ငါးနာရီ
တောင် ပြည့်ရဲ့လား"

ခါတော်မီ လမင်းစံနှင့်အတူ စာဝိုင်းကျက်ပေးပြီး
အိပ်ယာဝင်တော့ ခင်ပွန်းနှိုးမှာစိုးသဖြင့် အိပ်ယာထဲ ငြင်သာစွာ
ဝင်ပါသော်လည်း ခင်ပွန်းက သူ့ဘယ်လက် အသာဆန့်တန်းကာ
ခေါင်းအုံးရန် ပေးလေသည်မို့ မို့ အလိုက်သင့်ပင် ခင်ပွန်းရင်ခွင်၌
မှီးခိုလိုက်သည်။

"မို့ အိပ်ရေးဝပါတယ်"

"ခုပဲ သန်းခေါင်ကျော်နေပြီလေ"

www.burmeseclassic.com

www.burmeseclassic.com

"သမီးစာမေးပွဲက တစ်ပတ်ပဲ လိုတော့တယ်လေ ဇီ
စာမေးပွဲဖြေဖို့ နှစ်ရက်အလိုလောက်က စပြီး စောစောအိပ်
မယ်"

"ကို သဘက်ခါ ရှမ်းပြည်မြောက်ပိုင်းဘက် နယ်လှည့်
ကွင်းဆင်းရမယ် မို့"

ပြည်သူ့ဝန်ထမ်းဘဝဆိုတာ အချိန်တွေကို ကိုယ်ပိုင်
သတ်မှတ်၍ မရဘူးဆိုတာကို ခါတော်မီ နားလည်ပါသည်။

သို့သော် ရင်ထဲမှာ လွမ်းသလို ဆွေးသလိုကြီး ဖြစ်သွား
လေသည်။

"ဘယ်လောက်ကြာမှာလဲ"

"မပြောတတ်ပါဘူး. . . တစ်ပတ် ဆယ်ရက်ပေါ့"

"သမီး စာမေးပွဲဖြေချိန်နဲ့မှ ကိုက်ရတယ်လို့ ကိုရယ်
သမီးမျှား အားငယ်နေမလား"

ခင်ပွန်းက သူ့နဖူးက ဆံစလေးများကို သပ်တင်ပေးရင်

"သမီးက သူ့မေမေ ရှိရင် အားလုံးပြည့်စုံနေတာပဲ၊ ဇီ
မရှိတာနဲ့တော့ အားငယ်မှာ မဟုတ်ပါဘူး၊ သမီးတာဝန်တွေ
အားလုံး မှီပဲ ယူထားတာကိုး၊ ဒါထက် မို့. . . "

"ပြောလေ ကို"

ဒေါက်တာအောင်စံ စဉ်းစားလိုက်သည်။ မေးသင့် မမေ
သင့် စဉ်းစားနေသော်လည်း ထူးထူးခြားခြား သူ့ရင်ထဲ သိလိုစိတ်
က ဖြစ်ပေါ်နေသည်။

"မို့ ဘယ်လိုမှ မထင်နဲ့နော်၊ ကို့ရင်ထဲ သိချင်နေတဲ့
ကိစ္စတစ်ခု ရှိနေတာ၊ ကို မို့.ကို မမေးရက်လို့"

"ဘာများလဲ ကို. . . မေးပါ၊ မို့ ဆိသမျှ ဖြေပေးမှာပါ

"မုသား မသုံးတမ်းလား"

"အင်း. . . "

"ဒါဖြင့် မို့.ချစ်ဦးသူကို မို့ ချစ်သေးလား၊ ကိုနဲ့ ယှဉ်လိုက်
ရင် မို့ ဘယ်လိုခံစားရသလဲ"

ခါတော်မီ ရင်ထဲ ဘုရားတလိုက်လေသည်။ နှလုံးသား
ခုန်သည်တစ်ခုလုံးလည်း လှိုင်းထသွားလေသည်။

ငယ်ချစ်ဦးဆိုတာ လူတိုင်းကိုယ်စီလိုလိုပဲ ရှိထားကြသည်
ချည်သော်လည်း အိမ်ထောင်ဘက်အပေါ်တော့ သစ္စာထားကြရ
သည်၊ နောက် သံယောဇဉ်နှောင်ကြိုးများ၏ မမြင်ရသော
နှီးနှောမှုများကြောင့် ငယ်ချစ်နှင့် ပတ်သက်၍ မေ့ပစ်တန်ဆောင်
ကြသော်လည်း နှလုံးသား၏တစ်နေရာ၌ အမြစ်ခိုင်မြဲပြီး ဖြစ်
နေလေသည်။

ခါတော်မီ ရုတ်တရက် ငေးငိုင်သွားသည်။ ခင်ပွန်း
ဖေနှာ မရစေမယ့် စကားမျိုးကို ရှာဖွေလိုက်သည်။

"မို့ကတော့လေ. . . လင်မယားအချစ်က ပိုတယ်လို့ ထင်
တာပဲ၊ လောကမှာ အရင်းနှီးဆုံးသော လူစိမ်းနှစ်ယောက်ရဲ့
သံယောဇဉ်လေ"

နောက်စကားဆုံးသွားပြီးမှ ဖျတ်ခနဲ သတိရလိုက်သည်က
သူ့ဘဝ၏ပထမအိမ်ထောင် ကိုဝေလွင်ကို ဖြစ်သည်။

"ဒါပေမယ့် ကိုဝေလွင်ကိုတော့ မို့ မချစ်ခဲ့ဘူး၊ သူနဲ့
နေခဲ့ရတဲ့ဘဝမှာ အရှင်လတ်လတ် ငရဲခံရသလို ခံစားခဲ့ရတယ်"

ထိုစကားကိုလည်း ရင်ထဲ၌သာ ပြောကြားလိုက်သည်။

"ကို့ကို မို့ လေးစားအားကိုးပြီး ချစ်မြတ်နိုးပါတယ် ဂျို၊
ငယ်ချစ်ဦးတို့ အချစ်ဟောင်းတို့ ဆိုတာတွေကို နှလုံးသားမှာ

www.burmeseclassic.com

www.burmeseclassic.com

မထားအပ်တော့ဘူး၊ ရှောခ်ဖြစ်စေတတ်တဲ့အတွက် ထုတ်ပစ်လိုက်
ပြီ၊ ဒါကြောင့် မို့ ဒီဘဝမှာ ကိုကိုပဲ မို့ နောက်ဆုံးထွက်သက်အ
သစ္စာရှိရှိ ချစ်သွားတော့မယ်”

ခါတော်မို့ ခေတ်စကားလေး ကြားညှပ်သုံးပြီး ခင်ပွန်း
နှစ်သိမ့်စကား ဆိုလိုက်သည်။

“ကို မို့ကို သိပ်ချစ်တယ်၊ သမီးအမေထက် ပိုချစ်တယ်
သမီးအမေက မိဘတွေ သဘောတူလို့ လက်ထပ်ခဲ့တာ၊ မို့ကိုတော
မြင်မြင်ချင်း ချစ်တာ၊ မို့သာ ကိုယ့်ဘဝထဲက ထွက်သွားရင် ဘ
ခံစားနိုင်မှာ မဟုတ်ဘူး”

“မို့ကို ဘာလို့ ဒီစကားတွေကို ခုမှ ပြောနေတာ
ကို”

“ဘာမှ မဟုတ်ပါဘူး၊ ဒီလိုပါပဲ မို့၊ ကိုက ချစ်ရ
ဆိုတော့ အရာရာကို ကြောက်ရွံ့နေမိသလိုပဲ၊ မိုးပြိုမှာ စိုးကြောင
တဲ့ တစ်တီတူးငှက်လိုပေါ့ကွာ၊ ကဲ. . . အိပ်တော့၊ မို့က ဒီအိမ်ရ
တာဝန်အကြီးဆုံးနဲ့ အလုပ်အများဆုံးလူ”

“မဟုတ်ပါဘူး ကိုရာ၊ ပေါက်ကရ ပြောမနေနဲ့၊ ကိုသာ
အိပ်ပျော်အောင် အိပ်တော့”

ခါတော်မိ စကားစကို ဖြတ်လိုက်ပြီး ခင်ပွန်း၏နွေးထွေ
သော ရင်ခွင်ဝပ်ကျင်းထဲ နစ်ဝင်သွားသည်အထိ တိုးဝှေ့ဝင်ရ
“ကို့ကို မို့ အချစ်ဆုံးပါ ကို၊ ယုံကြည်ပြီး မို့ကို အမြဲခ
သွားပေးပါနော်”

ဟု တိတိတာတာ စကားလေး ဆိုရင်း မျက်ဝန်းတ
ပိတ်ကာ အိပ်စက်ဖို့ ကြိုးစားလိုက်လေသည်။

“စိတ်ချပါ မို့၊ ကိုယ့်အတွက်တော့ မို့ဟာ ကိုယ့်ရဲ့ဝိညာ

ဘို့ရဲ့နံရိုးတစ်ချောင်းပါ၊ မို့ကို ကိုယ်သိပ်ချစ်တယ်၊ ရူးလောက်
အောင်ကို ချစ်တဲ့သူပါ မို့”

ခါတောမီရင်ထဲ တသိမ့်သိမ့် ကြည်နူးရိပ်တို့ စိမ့်ဝင်သွား
လေသည်။ ဘယ်သောအခါမှ မေ့ပျောက်နိုင်မည် မဟုတ်သော
ကေားလေးတွေပါ၊

စိတ်လုံခြုံမှု၊ နွေးထွေးမှု အပြည့်အဝ ရရှိသော ရင်ခွင်
ဝပ်ကျင်းတွင်းမို့ ခါတော်မီ ချက်ချင်းပင် အိပ်ပျော်သွားခဲ့သည်။

အိပ်မပျော်ဘဲ ကျန်ရစ်သူက ဒေါက်တာအောင်စံပင်။

ညနေ သူငယ်ချင်းတစ်ယောက် ဒင်နာတစ်ခုဌ် ပြည်ပ
သင်္ဘောစက္ကင်းအင်ဂျင်နီယာ စျင်မင်းနှင့် တွေ့ဆုံခဲ့သည်။ သူငယ်
ချင်းတွေ မိတ်ဆက်ပေးလျှ သိရသည်။

လူကြီးလူကောင်းဆန်ဆန်နှင့် သူကလည်း ဇနီး၏ ငယ်
ချစ်ဟောင်းမှန်း မသိကျိုးနွံ့ ပြုခဲ့သလို. . .

စျင်မင်းကလည်း ငယ်ချစ်ဟောင်း၏ခင်ပွန်းမှန်း မသိ
ကျိုးနွံ့ ပြုခဲ့လေသည်။

သို့သော် အရက်မူးတော့ ကျွဲခိုးပေါ်သည်။ စျင်မင်း
မူးအောင်သောက်သည်။ မိန်းမတွေ သစ္စာမရှိကြောင်း ပြောသည်။

“တရုတ်စကား ရှိတယ် ဒေါက်တာ၊ မိန်းမတွေရဲ့အချစ်နဲ့
သစ္စာစကားကို မယုံနဲ့၊ အခေါင်းထဲ ရောက်သွားမှ ယုံတဲ့ဗျ၊
ဟတ်. . ဟား. . ဟား. . ကျွန်တော် မိန်းမတွေ မယုံဘူး၊ ဒါကြောင့်
မိန်းမ မယူတော့ဘူးဗျာ”

“မိန်းမဆိုတာ ဆောင်းလေပမာပဲတဲ့၊ ပြီးတော့ မြစ်တို့
တဲ့သို့ ကွေ့ကောက်တယ်တဲ့၊ ဟတ်. . ဟား. . ဟား”

“ပင်လယ်ပြင်က နာဂစ်တို့ ဆူနာမီတို့ထက် ဆိုးတာ

www.burmeseclassic.com

www.burmeseclassic.com

မိန်းမတဲ့. . . မိန်းမ"

နောက်ဆုံး စျင်မင်း စားပွဲပေါ် မှောက်လဲသွားသည်။ သူ၏သူငယ်ချင်း အရင်းအချာနှစ်ယောက်က သူတို့အား တောင်းပန်ပြီး တွဲခေါ်သွားသည်။

"ဒီလူက ငယ်ချစ်ဦးကို အရမ်းအစွဲအလန်းကြီးတာ၊ အဲ့ဒီ အစွဲအလန်းကို ဖျောက်ဖို့ မိန်းမပေးစားလည်း မယူဘူး၊ အတွဲတော့ ထားတယ်ဗျ၊ ဒီလိုနဲ့ပဲ ဒီလူ့ဘဝ ဒီလိုပဲ အဓိပ္ပါယ်မဲ့ လုံးပါး, ပါးသွားမယ် ထင့်ပါတယ်"

မိတ်ဆွေတစ်ဦးက ကောက်ချက်ချသည်။ သူ မလုံမလဲ ခံစားခဲ့ရသည်။ ထို့နောက် အားလုံးကို နှုတ်ဆက်ပြီး ပြန်ခဲ့သည်။

အိမ်ရောက်တော့ ဒီအကြောင်းတွေ မှီသိသွားမှာ စိုးကြောက်နေမိသည်။ မှီငယ်ချစ်ထဲ စိတ်ပြန်လည်သွားမှာ စိုးရိမ်သည်။ ထို့ကြောင့် သူ မှီ့အား စကားနှိုက်ရင်း သူ့ခံစားချက်နှင့် မှီ့ကို ဆွေးသိပ်ဖို့ ကြိုးစားမိခြင်းဖြစ်သည်။

"မှီရယ်. . . ကိုတို့သားအဖကို မှီ လုံးဝ မျက်ကွယ်မပြုလိုက်ပါနဲ့နော်၊ မှီ့ကို ကိုယ် မခွဲနိုင်အောင် ချစ်လွန်းလို့ပါကွာ"

သူ့နှုတ်က တီးတိုးလေး ရေရွတ်ရင်း အိပ်မောကျနေသော မှီ့ကို ဖွဖွလေး မွေးကြူလိုက်ပြီး မျက်ဝန်းတံခါးကို ပိတ်လိုက်ရလေတော့သည်။ လွမ်းရေးထက် ဝမ်းရေးခက် ဆိုသလို. . .

အချစ်ရေးထက် အရေးကြီးသော တာဝန်ဝတ္တရားများက နောက်နေသစ်တစ်ခုၦ စောင့်ကြိုနေသည်မို့. . . ။



အခန်း(၂၁)

ဆယ်တန်းစာမေးပွဲ။

ယခုခေတ် အခေါ်အဝေါ်အရတော့ Great Eleven သည် ကျောင်းသူကျောင်းသားများ၏ဘဝမှတ်တိုင်တစ်ခုပမာ အရေးကြီးလေသည်။

ရည်မှန်းချက်ကြီးကြီးထားလျှင် ထားသလောက် စိတ်ရောဂဲယ်ပါ ပင်ပန်းကြရသည်။

လမင်းစံ အဖေတူသမီးမို့ အထူးကုဆရာဝန်ကြီး ဖြစ်ရသည်၊ အထူးကုမှ ကလေးအထူးကုတဲ့။

ညီအစ်ကို မောင်နှမ မရှိဘဲ တစ်ဦးတည်းသောသမီး

www.burmeseclassic.com

www.burmeseclassic.com

အဖြစ် ကြီးပြင်းခဲ့ရလေသူမို့ မောင်နှမသားချင်း လိုလားသည်အဖော်မင်သည်။ ကလေးတွေကို ချစ်တတ်သည်။

"ကလေးတွေရဲ့ဘဝဟာ အပြစ်ကင်းစင်တယ်၊ သူတို့ခံစားနေရတဲ့ ဝေဒနာကို လူကြီးတွေလို စီကာပတ်ကုံး မပြောတတ်ဘူး၊ ငိုခြင်းနဲ့ပဲ တင်ပြတတ်တာ၊ ဒါကြောင့် မီးက ကလေးတွေကို သိပ်သနားလို့ Child Specialist ကလေးအထူးကု ဖြစ်ချင်တာ" ဟူသော စေတနာမှန် ရည်ရွယ်ချက်ကလေး ထားခဲ့သည်။

လမင်းစံ၏မွန်မြတ်သော စေတနာမှန်လေးကို ဖြင့် မြောက်စေရန် တစိုက်မတ်မတ် ကူညီဖြည့်ဆည်းပေးခဲ့သူကတော့ ခါတော်မီပင်ဖြစ်သည်။

ခါတော်မီကို လမင်းစံ မိထွေးဟု မမြင်၊ အမေရင်းကဲ့သို့ပင် မှတ်ယူထားသည်။ သူ လူမှန်းမသိတတ်ခင်ကတည်းက ကွယ်လွန်သွားသော မိခင်ရင်းကို ပုံရိပ်ကိုပင် သူ ကောင်းစွာမမှတ်မိခဲ့တော့၊ သူ့အပေါ် စိတ်ရောကိုယ်ပါ နှစ်မြုပ်ထားသူ ခါတော်မီကို မိခင်ရင်းကဲ့သို့ပင် လေးစားချစ်ခင်သည်မို့ သူတို့နှစ်ဦးကြား "မိထွေးနှင့် လင်ပါသမီး" ဟူသော ပြဿနာ လုံးဝမရှိခဲ့ချေ။

"သမီး. . . နှစ်ရက်ပဲ ကျန်တော့တယ်. . . တောင့်ထားခေါင်းအေးအေးထားပြီး ဖြေနော်"

လမင်းစံ ကျောင်းဝင်းထဲ ဝင်ခါနီး ယူဆောင်သွားရမည့် ပစ္စည်းပစ္စယတို့ကို စစ်ဆေးပေပြီးမှ လမင်းစံ လက်ထဲသို့ အပ်ကာ သမီးကိုဖက် ကျောလေး တစ်ချက်နှစ်ချက် ပုတ်ကာ အားပေးလိုက်သည်။

"ကြိုးစားထား. . . ကျက်ထားသမျှ အပိုင်နိုင်ဆုံး အပုံများနှင့်သာ တိုးပါစေ၊ ကိုင်း. . . သွားတော့ သမီး"

"ဟုတ်. . . "

လမင်းစံ နောက်သို့ လှည့်မကြည့်တမ်း ကျောင်းဝင်းထဲသို့ ဝင်ရောက်သွားလေတော့သည်။

ကျောင်းတက်ခေါင်းလောင်း ပထမတစ်ကြိမ် မြည်သည်နှင့် လမင်းစံ အခန်းထဲသို့ ဝင်ခဲ့သည်။

လမင်းစံ ရုတ်တရက် သတိလစ်တာလား၊ သတိမမူမြင် ဟူသော စကားအရလား မသိ၊ စားပွဲခုံအောက်က ခြေထောက်တစ်ဖက် စွန်းထွက်နေသော ကျောင်းသားကို မမြင်၊ ခလုတ်တိုက်မိလေရာ. . .

"ဂျလောက် ဂျလွဲမ်း"

သံစဉ်ဖြည့်သံလေးတွေ ထွက်ပေါ်လာသည်။

"ဟင်. . . "

လူကတော့ စားပွဲတစ်လုံးကို ကိုင်မိပြီး ရပ်တန့်သွားပေမယ့် လက်ထဲမှာ ဆုပ်ကိုင်ထားသော ဘောပင်၊ ခဲတံပေတံတို့ သွတ်ကျကုန်သည်။ အချို့ကျောင်းတွေက စာမေးပွဲစည်းကမ်းဆင်းကျပ်လိုက်သည်မှ ကွန်ပါ၊ ပိုက်ဆံအိတ်တို့ကိုပင် ယူဆောင်ခွင့် မပေးသောကြောင့် ဖြစ်သည်။

မမျှော်လင့်သော အဖြစ်အပျက်ကြောင့် လမင်းစံ ထူပူသွားသည်။

"ဆောရီး" ဟု ဆိုကာ ခြေထောက်စွန်းထွက်သော ကျောင်းသားနှင့် အနီးအနား ခုံမှားမှ စာဖြေသူ ကျောင်းသူ ကျောင်းသား ဆရာမ ဝိုင်းကောက်ပေးသဖြင့် လမင်းစံ ပစ္စည်းများ ပြည့်စုံသွားသည်။ သို့သော် ခဲတံကတော့ ကျိုးသွားသဖြင့် ပေါ်ချွန်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

လမင်းစံ စိတ်ထဲ စနိုးစနောင့် ဖြစ်သွားသော်လည်း ချင်ချင်းပင် ခေါင်းထဲက ဖျောက်လိုက်ပြီး မေးခွန်းစာရွက်ဝေခြိန်ကို ဝုန်းတော်ကိုးပါး ရွတ်ရင်း စောင့်ဆိုင်းနေလိုက်သည်။

ထိုအခြိန် ပြင်ပ၌ စောင့်နေသော ခါတော်မီ၏ဂျီဖုန်းသို့ Calling ဝင်လာသည်။

"ဟယ်လို. . ."

"မရီးလား"

"ဟုတ်ပါတယ်. . . ကိုထူးလား"

"သမီး စာမေးပွဲခန်း ဝင်သွားပြီလား"

"ဟုတ်ကဲ့. . . ဝင်သွားပါပြီ"

"မရီး သေသေချာချာ နားထောင်ပေးပါ၊ စိတ်ကိုလည်း မြဲဉ်တင်ပေးပါ"

"ရှင်. . ."

ဘာမှန်းညာမှန်း မသိသော ခါတော်မီရင်ထဲ မီးတောက်လာလေပြီ။

"မရီး အခု ဘယ်မှာလဲ"

"ကျောင်းရှေ့ သစ်ပင်ကြီးအောက်မှာ"

"မရီးနဲ့အတူ ဘယ်သူရှိသလဲ"

"မိတ်ဆွေတွေ ရှိပါတယ်"

"မရီး စိတ်ခိုင်ပါ့မလား၊ ဘာပဲပြောပြော လမင်းအတွက် မရီး စိတ်ကြြိခိုင်ပေးရမယ်"

"ကိုထူး ဘာပြောချင်လို့လဲ. . . ပြောပါ"

ခါတော်မီ ရင်တွေ ဘယ်လိုမှ ငြိမ်းချမ်းအောင် လုပ်လို့ မရပါချေ။ သို့လောသို့လောဟူသော တဒင်္ဂ သဲသယစိတ်က လူတို့

သတ်တလော အကြီးအကျယ် ဒုက္ခပေးနေသည်။

အနားမှာ သမီးသူငယ်ချင်း မိဘများကလည်း ရှိနေသည်။

"မရီး. . . ကိုကြီး ကိုးလောင်းကွေ့ဘက်မှာ ကားအက်ဆီးဒင့်ဖြစ်ပြီး ပွဲချင်းပြီး ဆုံးသွား"

"ဘုရား. . ."

ခါတော်မီ စိတ်အစဉ် ဘယ်လိုမှ ထိန်းချုပ်ခြင်းကို မစွမ်းဆောင်နိုင်တော့ဘဲ ဘုရားတ,ရင်း လူသည်လည်း လေဟာနယ်ဘစ်ခုထဲသို့ ရောက်ရှိသွားရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com





အခန်း(၂၂)

လမင်းစံ ကိုယ့်ဘဝကို ကိုယ်အားငယ်နေ၍ မဖြစ်ပေ။ ဘဝသက်တမ်းတိုတိုလေး၌ မိတဆိုးဘဝ၊ ထိုမှ ဖတဆိုးဘဝ ရောက်ခဲ့သည်။

သို့သော် ထိုစဉ် သူ့အတွက် မားမားမတ်မတ် ရပ်တည်ပေးခဲ့သော အမေသစ်တစ်ဦးက ရှိနေသဖြင့် သူ့ဘဝ အဆိုးကြုန်ခဲ့ပါချေ။

ဖေကြီးဆုံးသည်။

ဒါကို သူ စာမေးပွဲ နောက်ဆုံးနေ့မှ သိခွင့်ရခဲ့သည်။ စာမေးပွဲခန်းက ထွက်လာချင်းချင်း လေယာဉ်ကွင်းသို့

www.burmeseclassic.com

www.burmeseclassic.com

တန်းဆင်း ဖလိုက်နှင့် မန္တလေးလေဆိပ်သို့သွား၊ ထိုမှ ကား
အသင့်လာကြိုသည်။ ဒီတော့မှ မေမေက သူ့ကို လမ်းမှာ ပြော
သည်။

"သမီး. . . "

"ရှင်. . . "

"လူတွေဟာ မွေးဖွားလာတာနဲ့ တူညီတဲ့ရည်ရွယ်ချက်
မှတ်တိုင်တစ်ခုကို အတူတကွ လျှောက်လှမ်းနေကြတာ အဲ
ဘာမှတ်တိုင်လို့ ထင်သလဲ"

လမင်းစံက ငယ်ပေမယ့် ဦးနှောက်မသေး။

"သေခြင်းဆိုတဲ့ မှတ်တိုင်ပါ"

"ဟုတ်တယ် သမီး၊ သဘောပေါက်လွယ်တယ်၊ ဒါဆို သမီ
ဖြေကြည့်ပါဦး၊ မေမေရယ် ဖေကြီးရယ် သမီးရယ် သိပ်ချစ်ခြ
တယ်၊ သေမင်းရယ် မခွဲပါနဲ့ တို့တွေကို အတူတူ သေပေးပါဆို
ကော ရမလား"

"မရဘူး မေမေ၊ ဘာဖြစ်လို့ သေစကားတွေ ပြော
တာလဲ၊ မနေ့ထဲက မေမေ နေမကောင်းဖြစ်နေတာ၊ ဘာဖြစ်လို့
ဖေထူးတို့အိမ် ဘာဖြစ်လို့လဲ"

"ဖေထူးတို့ ဘာမှမဖြစ်ဘူး၊ ဖြစ်တာက. . . "

မေမေ မျက်ခွံများ မို့အစ်နေသည်။ မနေ့က သူ စာ
ခန်းက ထွက်လာတော့ ဒရိုင်ဘာနှင့် ဂိုက်မမပဲ လာကြိုသည်
မေမေ့ကို အိမ်၌ ဒရစ်တန်းလန်းနှင့် တွေ့ရသည်။

"ပင်ပန်းသွားလို့" ဟုသာ ပြောသည်။

ဒီနေ့တော့. . .

ထူးထူးဆန်းဆန်း ပြင်ဦးလွင် သွားကြမယ်ဟု ဆို

သို့ မပြန်၊ ဖလိုက်နှင့် မန္တလေးသို့ တန်းလာခဲ့သည်။

"ဖြစ်တာက ဟုတ်လား မေမေ. . . ဘယ်သူလဲ"

"သမီး စိတ်ခိုင်ခိုင်ထားပေးပါ၊ သမီး တစ်ခုခုဖြစ်လို့
ဖြစ်ဘူး၊ သမီးဟာ မေမေ့ဘဝပါ"

"ရှင်. . . "

ရိပ်မိသလိုလို ရှိပေမယ့် မထင်ရဲခဲ့။

"ဖေကြီး. . . ဖေကြီး လားရှိုးက ပြင်ဦးလွင် အဆင်းမှာ
းတိမ်းမှောက်ပြီး ဆုံးသွား"

"အမလေး. . . "

မယုံကြည်နိုင် ခေါင်းခွံတည့်တည့် မိုးကြိုးအပစ်ခံလိုက်ရ
ည့်နှယ် ဖြစ်သွားသည်။ ရုတ်တရက် နားမလည်နိုင်အောင်
သွားရာမှ မေမေက သူ့အား ရင်ခွင်တွင်းသို့ ဆွဲသွင်းလိုက်ပြီး

"သမီးဖေကြီး ဆုံးသွားပြီ၊ လောကကြီးမှာ မေမေနဲ့ သမီး
ကျန်တော့တယ်၊ ငိုလိုက်ပါ သမီး၊ မေမေလည်း ငိုချင်နေတာ၊
သမီးစာမေးပွဲ မပြီးမချင်း အောင့်ထားရတာတွေ ငိုပါရစေတော့
သမီးရယ်. . . ငိုပါရစေတော့"

ဟု ဆိုကာ မေမေက သူ့ကို ရင်ခွင်ပိုက်ရင်း ငိုတော့
ငင်းစံလည်း မျက်ရည်တကျိုးရလေပြီ။

ကံကြမ္မာသည် သူ့အပေါ် ရက်စက်လွန်းအားကြီးသည်
လမင်းစံ စွပ်စွဲနေမိသည်။

အသက်(၁၆)နှစ်အရွယ်နှင့် မမျှအောင် ချစ်သူများနှင့်
ကွဲကွာခွင်းရခြင်းဟူသော ဒုက္ခဆင်းရဲကို ပေးနိုင်လွန်းအားကြီး
သည်။

"ဖေကြီး မရှိတော့ဘူး၊ မရှိတော့ဘူး ဟုတ်လား၊ သမီးတို့

www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုလုပ်ရမလဲ မေမေ. . . ဟီး. . . ဟီး"

ရင်ထဲ အကြိတ်အခဲ ဝေဒနာ အစိုင်အခဲတွေ မထားနိ
၍ ဟစ်အော်ငိုပစ်လိုက်သည်။

ပြင်ဦးလွင် ဇာတိသားဖြစ်သော ဖခင်ကို ပြင်ဦးလွ
မြို့စွန်သချိုင်း၌ ဂူသွင်းသင်္ဂြိဟ်ပြီး ဂူကို စိတ်တိုင်းကျ ကျောင်
ပြားများကပ် ပန်းပင်များ စိုက်ပျိုးပြီး သူတို့ ရန်ကုန်သို့ ရက်လည်
အမီပြန်ခဲ့ကြသည်။

ရန်ကုန်အိမ်ကြီး၌ ဖေကြီး၏လုပ်ဖော်ကိုင်ဖက် ဆ
သမားများနှင့် တပည့်သားချင်း လူနာရှင်များနှင့် ရက်လည်ထ
လည်း စည်ကားလှလေသည်။

သို့သော် ရက်လည်ပြီး နောက်နေ့ အိမ်ကြီးသည် ခြောက်
သွေ့ခြင်းနှင့် စတင်ခဲ့လေသည်။

"မေမေ"

လမင်းစံက ကံဆိုးသောမေမေကိုလည်း သနားပိုမိ
သည်။

မေသင်းဆီက ကြားခဲ့ရသည် မေမေ့အကြောင်းက. .

"ညည်းအမေက ကံဆိုးတယ်၊ ရည်းစားဦးကို ပင်
အိမ်ထောင်ပြုတယ်၊ ပထမအိမ်ထောင်လည်း (၄)နှစ်ကျော်
ခံတယ်၊ ဆုံးသွားတယ်၊ ရည်းစားဦးနဲ့ ပြန်တွေ့တယ်၊ ဟိုဘက်
မုဆိုးမမို့ သူတို့သား လူပျိုနုနုထွဋ်ထွဋ်လေးနဲ့ သဘောမတူနိုင်
ဆိုပြီး ဖျက်တယ်၊ ဒီမှာ ညည်းအဖေနဲ့ တွေ့တယ်၊ ညည်းအ
ဆုံးပြန်ပြီ၊ မျက်ရည်ခမ်းညည်းလည်း မပါဘဲနဲ့ လူစားတယ် ထင်တ
"မေမေ့ကို အဲဒီလို မပြောပါနဲ့ မေသင်းရာ၊ ဒါ ကံကြ
ပဲပေါ့၊ ဘယ်သူက ဖြစ်ချင်ပါ့မလဲ"

"ဟုတ်ပါတယ် သူတော်ကောင်းမလေးရယ်၊ ကျွန်တော
တားအဖြစ် ပြောတာပါ၊ ညည်းအမေနဲ့ညည်း သင့်မြတ်နေဖို့ပဲ
အရေးကြီးပါတယ်၊ ညည်းတို့သားအမိ ဘာလုပ်စားကြမလဲ၊ ကျွန်
တို့နဲ့ပဲ လာပေါင်းနေမလား"

"မေမေ့သဘောအတိုင်း သမီး လိုက်နာသွားမယ်"

"အေးပါ. . . ကျွန်သူငယ်ချင်းက သူတော်ကောင်းမလေး
ပါ၊ ညည်းပိုင်ဆိုင်မှုတွေကို လက်ဝါးကြီးအုပ် သုံးဖြုန်းပစ်မယ့်သူ
မဟုတ်ဘူးဆိုတာတော့ ကျွန်တော် ပြောရဲပါတယ်"

"ဒါဆိုလည်း ပြီးတာပဲလေ"

ငယ်ငယ်ရွယ်ရွယ်နှင့် မိဘမဲ့ဖြစ်ခဲ့ရသော သူ့ဘဝကို
သနားစံ အားမငယ်ပါချေ။

သူ၏မရေရာသောဘဝကို မိထွေးပေမယ့် မိခင်ရင်းနှင့်
ခြားမခြားနိုင်သူ ဒေါ်ခါတော်မိ၏ ရွှက်လွှင့်မှုနောက်သို့
လိုက်ပါသွားရုံသာပင်။

လမင်းစံဘဝထဲသို့ ကံကြမ္မာက ပေးသော မိခင်တံတိုင်း
ကြီးက အထူးပင် လုံခြုံနွေးထွေးခဲ့သည်။

မိခင်က သူ တိုက်အိမ်ဌားရမ်းခနှင့် သူတို့ဖခင် ပိုင်ဆိုင်ခဲ့
သော ရွှေတောင်ကြားမှ သူတို့နေအိမ်ကြီးက ခင်ပွန်းသေတော့
ငါးမယား ဒေါ်ခါတော်မိ ပိုင်ဆိုင်ခဲ့လေသည်။ ဒါကို သူ အသက်
(၁၈)နှစ်ပြည့်၌ တရားဝင် လွှဲပြောင်းပေးပြီးနောက် ဒေါ်လာနှင့်
ငွေးရမ်းခဲ့လေသည်။ ထိုဝင်ငွေနှင့် သူတို့ဘဝကို ရပ်တည်ပြီး သူတို့
ဘတော့ ပါရမီဘက်၌ သင့်တင့်လျောက်ပတ်သော အိမ်တစ်လုံး
ဆပ်မံဝယ်ယူခဲ့ပြီး နေထိုင်ခဲ့ခြင်းဖြင့် ဘဝကို အေးဆေးစွာ ဖြတ်
သန်းခဲ့ရာ ယခု သူပင် ဟောက်စ်ဆာဂျင် ဆင်းပြီး တို့စတင်

www.burmeseclassic.com

www.burmeseclassic.com

စောင့်နေချိန် ဖြစ်လေသည်။ သို့သော် သူ့အမှတ်က မှီသဖြင့် မဟာဆေးသိပ္ပံ ဘွဲ့လွန် ထပ်တက်နေသည်။

ဘဝဆိုတာ မသေချာ မရေရာသော ရေကြောင်းခရီး ဖြစ်ပေမယ့် ရွက်လွှင့်ကောင်းတော့ ဘဝတစ်ကွေ့ကိုတော့ သူနှင့် မိခင်သစ် ဒေါ်ခါတော်မီ အေးအေးဆေးဆေးပင် ဖြတ်သန်းခဲ့နိုင်လေပြီဖြစ်သည်။

လမင်းစံ ရထားပေါ်မှာ ကြုံတွေ့ခဲ့ရသော ကိုကြီးဆိုသူ အကြောင်း မိခင်ကို ပြောပြသင့်မသင့် တွေးလိုက်မိပြီး မိခင်မျက်နှာကို ကြည့်လိုက်သည်။

နေထိပန်းနှယ် ညှိုးနွမ်းနေသောမျက်နှာကို မြင်တွေ့လိုက်ရသဖြင့်...

"မေမေ... ဆေးမှန်မှန်သောက်ရဲ့လား"

"သောက်ပါတယ်"

"မေမေ မျက်နှာမလန်းဘူး"

"သမီး ထင်လို့ပါ။ မေမေနေကောင်းပါတယ်"

မွေးရာပါ နှလုံးအားနည်းသော ရောဂါရှင် မိခင်ကို သူ့ဖခင်ကိုယ်စား သူက ဆက်လက်ဂရုစိုက်ပေးရလေသည်။

"နွေရဲ့နေက အရုဏ်းပူတာကို၊ ငပလီဖြစ်ဖြစ် တောင်ကြီးဖြစ်ဖြစ် သွားအနားယူကြမလား မေမေ"

"အင်း... ကောင်းသားပဲ"

မိခင်ဆီက လျော်လျော်ရှူရှူခွင့်ပြုစကားကြောင့် လမင်းစံ ပျော်သွားသည်။

"ငပလီ သွားရအောင် မေမေ"

"သမီးသတောပေါ့"

"တကယ်နော်"

"တကယ်"

အမှန်တကယ်လည်း ခါတော်မီရင်ထဲ နွမ်းလျနေပြီ၊ တစ်နေရာရာ သွားပြီး အပန်းဖြေချင်ပါသည်။

"သမီး ဖေကြီးဂူ သွားကန်တော့ခဲ့ရဲ့လား"

"ကန်တော့ခဲ့ပါတယ် မေမေ"

သေသောသူ ကြာရင်မေ့ ဆိုသောစကားကတော့ ခါတော်မီနှင့် လမင်းစံအတွက် မဟုတ်ပါခြေ။ ခါတော်မီက နှစ်စဉ် နှစ်လည်နေ့တိုင်း ဒေါက်တာထူးစံ အုတ်ဂူသို့ သွားကန်တော့နေကျဖြစ်သည်။ ဒီနှစ်တော့ ရုတ်တရက် ကျန်းမာရေးအရ Heart Attack ဝင်သွားသဖြင့် မသွားနိုင်ပဲ ရက်ပိုင်းနောက်ပိုင်းမှ လမင်းစံ မန္တလေးရှိ သူငယ်ချင်း မင်္ဂလာဆောင်သွားရင်း ပြင်ဦးလွင်သို့ တက်ကာ ဖခင်ဂူ သွားကန်တော့ခဲ့လေသည်။

"သန့်ရှင်းရေးတွေကော သေသေချာချာ လုပ်ထားရဲ့လား"

"လုပ်ထားတာ တွေ့ပါတယ်"

ခါတော်မီ ရောက်တတ်ရာရာတွေ စကားလွှဲပြောင်းနေသေးမယ့် အမှတ်မထင် မြင်တွေ့လိုက်ရသော ချစ်ဦးသူ မောင်၏ ရုပ်ပိက ရစ်ဝဲနေရာ ရင်ထဲမှာလည်း မအီမသာကြီး ခံစားနေရသေးသည်။

လမင်းစံကလည်း ထူးထူးခြားခြား သူ့ခံစားမှုအာရုံထဲ ဝင်ရောက်လာသော ကိုကြီးဆိုသူကို သတိရလျက်။

"မြန်လိုက်တာ... ဘယ်ကဘယ်လို ပျောက်သွားလဲ၊

www.burmeseclassic.com

www.burmeseclassic.com

မြေလျှိုး မိုးပျံသွားတာလား"

ခရီးသည် လူအုပ်ကြီးထဲ ပျောက်ကွယ်သွားသော ကိုကြီ
ဆိုသူအား မကျေမချမ်းဖြစ်ကာ ရင်ထဲ၌ ကြိတ်၍ရန်တွေ့နေ
သည်။



အခန်း(၂၁)

ဈင်မင်း အိမ်မှာ မနေချင်။ မိခင်ကျန်းမာရေး မကောင်း
ဘူးဆိုသဖြင့် မြန်မာပြည်သို့ ဒီတစ်ခေါက် သတော်အပြန်၌ ပြန်
နားသည်။

ဇော်ဝင်းမိန်းမ အစာအိမ် သွေးကြောပေါက် သေဆုံး
သွားခဲ့သည့် သတင်းကြောင့် နာရေးသွားမေးခဲ့ပြီး မန္တလေးမှ
အပြန် ရထားပေါ်၌ လမင်းစံဆိုသော မိန်းမချောလေးတစ်ဦးနှင့်
ဆုံစည်းခဲ့ရပြီးနောက် ဘာကြောင့်ရယ်မသိ၊ ထိုမိန်းကလေးနှင့်
ရွယ်တူမိန်းကလေး တွေ့တိုင်း လမင်းစံကို မြင်ယောင်နေမိသည်။

သေဆုံးသွားပြီထင်သော သူ့နှလုံးသားပြင်ညိုက အံတင်

www.burmeseclassic.com

www.burmeseclassic.com

လူပ်ရှားလာပြီ ထင်ပါသည်။

ရုတ်တရက် ဇော်ဝင်းတို့ သားအဖ ရန်ကုန်သို့ ရောက်ခဲ့လာသည်။ သားက ဆယ်တန်းစာမေးပွဲ ဖြေပြီးပြီမို့ရယ် သွားလေသူအား မေ့မေ့မျောက်မျောက် ရှိစေရန်ဆိုကာ သူ့အား ဖုန်းဆက်ခဲ့်းသည်။

"ငပလီ သွားမယ်ကွာ ဖိုးစျင်"

"လုပ်လိုက်လေ ကြာသလားလို့. . . စုံစမ်းလိုက်ကွာ"

သူကလည်း မိခင်နှင့် အစ်မက အိမ်ထောင်ပြုရန် ပွစိပွစိ လုပ်လွန်းသဖြင့် သဘော်ပြန်မတက်မီစပ်ကြား ဝေးရာဝေးကြောင်း လမ်းစတွေကို ရှာနေရာမှ အတော်ပဲ ဖြစ်သွားသည်။

အဖေ အမေနှင့် အစ်မကလည်း သူ့အား တက္ကသိုလ် ရိပ်မွန် ကွန်ဒိုတွင် တစ်ယောက်တည်း မထား။ ရက်ချိန်းမပေးဘဲ ရိက္ခာလာပို့သည်ဟု ဆိုကာ ရောက်ချလာ ပေါက်ချလာတတ်သည်မို့ သူ မလူပ်ရဲ။

အတွဲထားလျှင်လည်း အပြင်စားသောက်ဆိုင်၌သာ တွေ့သည်။ online (အွန်လိုင်း)ပေါ်မှာ တွေ့သည်။ နောက်တော့ ရိုးအီလာပြန်သည်။

အသက်(၃၈)နှစ် လူပျိုကြီးဘဝ ယောင်ချာချာကနေ နိဂုံးချုပ်ဖို့အတွက် အချိန်ကျပြီလား။

သူ့ဖုန်းထဲ မန်မိုရီသွင်းထားသော လမင်းစံ၏ဖုန်းနံပါတ်လေးကို အကြိမ်ကြိမ် ဖွင့်ကြည့်နေမိသည်။ ခေါ်တော့ မခေါ်ရဲသေး။

ရထားပေါ်မှာ သွက်လက်ရဲတင်းသော မိန်းကလေး၊ ခုကျတော့လည်း ဖုန်းခေါ်ဖော်တောင် မရပါလား။

အဖော်မပါသော ခရီးမို့ သူ့အား ခိုင်းကောင်းအောင် အသုံးချသွားတာလား မသိ။

ထိုအချိန်တွင် မမျှော်လင့်ဘဲ သူ့ဖုန်းက တုန်ခါလာသည်။ နှုန်းစကင်နှင့်ကို ကြည့်လိုက်သည်နှင့် သူ့ရင်ထဲ "ဟာကဲ့" လို့ကိုဖို သွားလေသည်။

မျှော်လင့်နေခဲ့ရှိ၌ မျှော်လင့်နေသူ၏အမည်လေးကို တွေ့ရသည်။

"ဟယ်လို"

"ဦးကိုကြီး မီးဆီက ဖုန်းမလာလို့ ဒေါ်ခွီးနေသလား"

လုပ်ချလိုက်ပြန်ပြီ။

"ဘာဆိုင်လို့လဲ"

"မီးဖုန်းကို မမျှော်ဘူးလား"

"ဝေးသေး"

"တကယ်လား. . . မုသားမသုံးနဲ့၊ မုသားသုံးရင် နောက်ဘဝမှာ ရုပ်ဆိုးတတ်တယ်တဲ့"

"ဆို. . . ဘာကိစ္စ"

ပလီပလာနှင့် အနုအရွ စကားလေးတွေနှင့် မိန်းမတွေကို လှည့်စားချင်တော့၊ ရင်ထဲ မပါသော စကားများနှင့် မိန်းမတွေကို တွဲရတာလည်း စိတ်ကုန်လာပြီ။ သို့သော်. . .

နှလုံးသားဝေဒနာက ကုစား၍မှ မရနိုင်ပဲ။

အချိန်ပြည့် သူ့နှလုံးအိမ်၌ မိုက တည်ရှိနေသည်။ ထုတ်၍မှ မရနိုင်တာ။

အချစ်ကြီး၍ အမျက်ကြီးသည်ဆိုတာလည်း သူ့အတွက် မဟုတ်ပါချေ။

www.burmeseclassic.com

www.burmeseclassic.com

"ကိုကြီးစိတ်ထဲမှာ ဒီကောင်မလေး ငါ့ကို ခိုင်းကောင်းအောင် ပလီသွားတယ်လို့များ ထင်နေသလား၊ မီး မအားလို့ပါ၊ မီးအမေ နေမကောင်း ဖြစ်နေလို့လေ"

မကောင်းတတ်၍ သတင်းမေးလိုက်ရသည်။ လောကဝတ် ဆိုတာကလည်း ရှိနေသည်ကိုး။

"ခုကော နေကောင်းသွားပြီလား"

"ဟုတ်. . . ဒါကြောင့် ဦးကိုကြီးဆီ ဆက်တာ၊ အိမ်ထဲတော့ အလည်မခေါ်တော့ဘူး၊ ဦးကိုကြီးကို ထမင်းတစ်နပ်တော့ လိုက်ကျွေးမယ်၊ နေ့လည်စာပေါ့၊ ဦးကိုကြီး ဘယ်မှာ နေသလဲ နေရပ်နဲ့ အနီးဆုံးနေရာ လိုက်ကျွေးမယ်"

"သိုင့်ခ်ကျူး. . . ဒါပေမယ့် ဆောရီး"

"ဘာစကားကြီးလဲဟ"

ဈင်မင်း သွားပေါ်အောင် ပြုံးမိလျက်သားဖြစ်သွားသည်။

ဒီချာတိတ်မလေးနှင့် စကားပြောရတာ ပျော်စရာကောင်းသည်။

သူ၏ ညစ်နေသောစိတ်တွေ တဒင်္ဂအတွင်း ဖြူစင်တောက်ပြောင်သွားသည်။

"ခုလို သတ်တရ ဖိတ်ကြွေးတဲ့အတွက် ကျေးဇူးတင်တယ်၊ ဒါပေမယ့် မင်းလေးဆီက တုန့်ပြန်မှု လိုချင်လို့ ကူညီပေးခဲ့တာ မဟုတ်ဘူး၊ ကျုပ်ရှေ့မှာ ကိုးယိုးကားယား အမြင်မတော်လို့ အကူအညီပေးခဲ့တာ၊ ဒါကြောင့်ဆိုရင်တော့ ဆောရီးပဲ၊ ကျုပ် လိုက်မစားနိုင်ဘူး"

"ကြေးကျယ်လိုက်တာ. . . နေပေါ့။ အကုန်အကျ သက်သာတယ်. . . ဟွန်း"

"ခုလို စိတ်ရင်းအမှန်ကို သိခွင့်ရလိုက်လို့ ကျေးဇူးပါပဲ၊ ဒါပေမယ့် ကျုပ်က မင်းလေးကို ကော်ဖီပြန်တိုက်ချင်သေးတယ်"

"မင်းလေးပဲလား ကိုကြီး၊ မင်းကြီးမပါဘူးလား၊ သူတို့ညီနောင်က ခွဲလို့မရဘူးမှတ်လား၊ မင်းကြီးစိတ်ဆိုးလို့ နတ်ကိုင်ခံနေဦးမယ်"

ဈင်မင်း ရုတ်တရက် ကြောင်သွားသည်။ နောက်မှ ဆောင်ပြီး မင်းညီနောင်နှစ်ပါးကို "မင်းကြီး မင်းလေး" ဟု ခေါ်လေ့ရှိသည်ကို သတိရလိုက်သဖြင့်. . .

"လုပ်ပြီကွာ. . . မင်းနဲ့ကျုပ်က သူငယ်ချင်းဆိုတာ နှုတ်တိပဲ ပြုထားလို့ တရားဝင်သွားအောင် ကော်ဖီနဲ့ မုန့်လေးဘာလေး စားပြီး အသိအမှတ်ပြုပေးမလို့. . . ဘယ်လိုလဲ"

ဈင်မင်းက ရယ်သွေးသွမ်းရင်း ပြောလိုက်သည်။

"အင်း. . . နည်းနည်းလေးတော့ စိတ်ဝင်စားမိသား၊ ဘယ်စီးကလည်း နည်းလိုက်တာ၊ Lunch ကျွေးတော့ ဘာဖြစ်မှာမို့လို့လဲ"

"ကောင်းပါပြီ. . . ကျုပ်ပဲ ကျွေးရမယ်ဆိုရင် ထမင်းသည်း ကျွေးမယ်၊ ကော်ဖီလည်း တိုက်မယ်"

"ဒါ အတောင်နှစ်ဆယ်ဝတ် မင်းယောကျ်ားတွေရဲ့မာနပေါ့နော်၊ ကောင်းသားပဲ. . . မီး မုန့်ဖိုးအပွန်းမခံရဘူးပေါ့"

"ဒါပေါ့. . . ကလေးမုန့်ဖိုးထဲက ညာစားရလောက်အောင် ကျုပ်က ကပ်စေးမနည်းပါဘူး"

"ဒါဖြင့် ဒီနေ့မနက်ဖြန် ကြိုက်တဲ့နေရာချိန်း၊ မီးနဲ့သူငယ်ချင်း လာမှာနော်. . . နှစ်ယောက်ထဲပါ"

"ဘယ်နှစ်ယောက်လာလာ ရတယ်၊ မင်းလေးက ဘယ်

www.burmeseclassic.com

www.burmeseclassic.com

မှာ နေတာလဲ"

"ပါရမီ. . . အိမ်လိပ်စာ အတိအကျ လိုချင်သေးသလား"

"No. . . ကန်တော်ကြီးက White Rice မှာ စားမလား သိသလား"

"Yes. . . အိုကေတယ်၊ စားဖူးတယ်၊ တကယ်လန်းဆ နေရာပဲ၊ View (ရှုခင်း) သိပ်ကောင်းတယ်၊ မေနဲ့မီးနဲ့ သွားစားရ ကျပဲ"

"ဒါဖြင့် ဒီနေ့ပဲ စားမယ်၊ ခု ရှစ်နာရီဆိုတော့ ဆယ့်တ နာရီခွဲ အရောက်လာခဲ့ရင် ဖြစ်မလား"

"ဖြစ်တယ်. . . လူကြီး စောင့်နေနော်၊ ဒီက မိန်းကလေ ဆိုတော့ လန်းရဦးမယ်"

"လန်းပါဗျာ. . . ကျုပ် ငါးမိနစ် စောရောက်နေပေးမယ်"

"အိုကေ. . . ဒါဖြင့် ဒါပဲနော်၊ မီး အခိုန်အတိအက် ရောက်အောင် လာခဲ့မယ်"

"အိုကေ. . . ဘိုင့်ဘိုင်"

ဖျင်မင်း ဖုန်းမပိတ်ချင် ပိတ်ချင်နှင့် ပိတ်လိုက်ရသည် လူ့စိတ်ဆိုတာ အခက်သားပါလား။

မှိကို နှစ်ခါပြန် လက်လွတ်ဆုံးရှုံးရပြီးနောက် မှိကဲ့သို့ ပါးချိုင့်ပါပြီး ဆံပင်ဖြောင့်စင်းသော မိန်းကလေးများကို သူ အပျော်တွဲခဲ့သည်။ ပြီးတော့ စွန့်ခွာခဲ့သည်။ ဒီအတွက် သူ ပျော်သလား။

သူ့ကိုယ်သူ ပြန်ဆန်းစစ်သည်။

လုံးဝ ပျော်ရွှင်ခြင်း မရှိခဲ့။

ယခု အပျော်တွဲခြင်း ရပ်တန့်လိုက်သည်။ စိတ်အားချ

ရာနှင့် သူ့ဘဝအတွက် အကောင်းဆုံး နေထိုင်နိုင်မှုကို ရွေးချယ်တော့မည်ဆိုတော့. . .

လမင်းစံနှင့် အမှတ်မထင် ဆုံစည်းခဲ့သည်။ မှိကဲ့သို့ပင် ချိုင့်လေး ပါသည်။ သွားတက်လေးလည်း ပါသည်။ ဆံပင်က ဖြောင့်စင်းပြီး ရှည်နေသည်မှာ ဒကောက်ခွက်သို့ပင် ရောက်နေသည်။

မှို့မျက်နှာက သွယ်လျသည်။ လမင်းစံမျက်နှာက မို့မို့ ဖောင်းဖောင်းအစ်အစ်ကလေး ဖြစ်သည်။

မှိခေတ်ဝတ်စားဆင်ယင်ပုံနှင့် လမင်းစံခေတ် ဝတ်စား ဆင်ယင်ပုံ တစ်ခြားစီ။

သို့သော် လမင်းစံ၏ခေတ်ရေစီးကြောင်းအပြင်အဆင်ကို သူ ကြည့်၍ရနေသည်။

ကွာတားဘောင်းဘီလေးနှင့် ခါးစည်းအင်္ကျီရှည် ဆံပင် အားလျား။

ဒါလည်း ကြည့်၍ လှနေသည်။

သူ့ခေတ်သူ့အလှယ် ပေါင်တိုစကဒ်ဘောင်းဘီမဟုတ်လျှင် ခြေမျိုးအင်္ကျီလို ရင်ပတ်ပေါ်အင်္ကျီ မဟုတ်လျှင် သူကြည့်၍ရသည်။

လမင်းစံ ပုံစံလေး မြင်ယောင်ရင်း သူ့ရင်ထဲ အပျော် သိုင်းကြက်ခွပ်ကလေးတွေ နှိုးထလာခဲ့လေသည်။

ဒီနေ့ တွေ့ရဦးမည်။

သူငယ်ချင်းမလေးအဖြစ် သူ့ရင်းနှီးမှုကို အရင်ရယူကြည့် မည်။ ပြီးတော့မှ သူ့နှလုံးသားကို သူ ဆန်းစစ်မည်။

သူ့နှလုံးသားက မှို့ကမ္ဘည်းနေရာ လမင်းစံကို အစားထိုး နိုင်မည်ဆိုပါက. . .

www.burmeseclassic.com

www.burmeseclassic.com

နွေးစာဆိုအရ. . .

"ဒွေးချိုး လေးတိုး" အိမ်ထောင်ဘက်ထက်တော့ အနည်းငယ် ပိုကြီးသော အိမ်ထောင်ဖက်အဖြစ် လမင်းစံကို နွေးခုယ်ရမည်။

လမင်းစံ မိသားစုအကြောင်းတော့ သွားရင်းလာရင်း စားရင်းသောက်ရင်း မေးမြန်းရမည်။

မည်သို့ဆိုစေကာမူ. . .

သူ့ဘဝမှာ နှစ်ရှည်လများ ပျောက်ဆုံးနေခဲ့သော အမှော်နတ်သားလေး ရင်ဘတ်အတွင်းသို့ ပြန်ရောက်လာသည်မှာ တော့ သေချာသည်။

ထိုနတ်သားလေးသည် သူ့ရင်ဘတ်အတွင်းသို့ လမင်းနှင့်အတူ တစ်ပြိုင်နက် ဝင်ရောက်လာခြင်း ဖြစ်လေသည်။



အခန်း(၂၄)

သူငယ်ချင်းကလည်း သူ့ဘဲနှင့် ချိန်းထား၍ မအားဘူးဟု ဆိုသည်။ အင်းလေ. . . သူငယ်ချင်းနှင့် ချစ်သူဆိုတော့ ချစ်သူကို အားပေးမည်ပေါ့။ ချစ်သူရှိသူတွေဆိုတော့ မာနိုင်ကြပေမည်ပေါ့။

ဦးကိုကြီးကို တစ်ယောက်တည်း သွားတွေ့ဖို့ကတော့ လမင်းစံ မဝံ့မရဲ ဖြစ်မိသည်။

ကောင်းပါ့မလား။

မိန်းမသိက္ခာများ ကျဆင်းသွားမလား၊

ဒီကိစ္စ မေမေ့ကိုလည်း မတိုင်ပင်ရဲချေ။

"မေမေ ဘက်ကီဆီ စာအုပ်သွားငှားလိုက်ဦးမယ်။ မီး

www.burmeseclassic.com

www.burmeseclassic.com

သိချင်တာလေးတွေ ရှိလို့"

"ဦးကြီးနဲ့ သွားမှာလား သမီး"

"ဟင့်အင်း. . . မီးဖာသာမီး မောင်းမယ်"

"ဂရုစိုက်နော် သမီး"

မမေမေကတော့ ခွင့်ပြုရှာသည်။ ကားမောင်းသင်တော်
လည်း ခွင့်ပြုပေးသည်။ သူငယ်ချင်းမိတ်ဆွေ များများထားခိုင်
သည်၊ ကိုယ်တိုင်လိုက်ပါသင့်သည့်နေရာ လိုက်ပါပေးပြီး လွှတ်
သင့်သည့်နေရာကို လွှတ်ပေးထားတတ်သည်။

"အခုလို အင်တာနက်ခေတ်ကြီးမှာ ယောကျ်ားမိန်း
ခွဲခြားနေစရာ မလိုတူး သမီး၊ လူ့အခွင့်အရေးအရ အခြေအနေ
လည်း ပေးတယ်ဆိုရင် တတ်သင့်တာတွေ အကုန်သင်ယူတ
မြောက်ထား၊ ယောကျ်ားတစ်ယောက်ကို မှီခိုမှ ဘဝရပ်တည်နိုင်
မိန်းမသားမျိုး မဖြစ်စေနဲ့ သမီး၊ ဒါပေမယ့် အချစ်ကို ကိုးကွ
တတ်တဲ့ မိန်းမမျိုးလည်း မဖြစ်အောင် ကြိုးစားပါ၊ ကိုယ်က ချ
တာ သိပ်ပင်ပန်းလွန်းပါတယ်"

မမေမေခံစားချက်ကြွေးက ပွင့်ထွက်လာသော စကားမှာ
ဟုသာ လမင်းစံ နားလည်ထားသည်။

မမေမေအကြောင်း တိတိကျကျ သူမသိ။

အချစ်ရေး အိမ်ထောင်ရေး ကံမကောင်းရှာသော အ
သမီးတစ်ဦးဟုသာ မမေမေအကြောင်းကို မသင်းဆီကတစ်ဆ
သိထားသည်။

ခံစားချက် ထိလွယ်ရှလွယ်မှုနှင့် မွေးရာပါ နှလုံးအ
နည်းသော မမေမေကို လမင်းစံ ဖေဖေ့ကိုယ်စား စောင့်ရှောက်
လေသည်။

လမင်းစံ မတ်တပ်ကားလေးကို ကိုယ်တိုင်မောင်းထွက်ခဲ့
သည်။

ဖုန်းနှင့် လှမ်းခေါ်တ်ရသေးသည်။

"ဦးကိုကြီး. . . မီးထွက်လာပြီ၊ ကိုကြီးကော"

"ကျုပ်လည်း လမ်းပေါ်မှာပဲ၊ ဒါပေမယ့် မကြာခင်
White Rice ကို ရောက်တော့မယ်"

"အိုကေ. . . ကိုကြီး အရင်ရောက်နေမှာနော်"

"စိတ်ချပါ မိန်းကလေး"

လမင်းစံ စိတ်ချလက်ချပင် ဖုန်းကို ပြန်ပိတ်ထားလိုက်
သည်။

ဦးကိုကြီးက သဘောကောင်းသည်။ ရထားပေါ်၌ သူ့ကို
ညီမလေးတစ်ဦးကို တူမလေးတစ်ဦးလို စောင့်ရှောက်ပေးခဲ့သည်။
ဘာအခွင့်အရေးမှ မယူ။

ဦးကိုကြီး၌ အိမ်ထောင်ရှိမရှိလည်း သူမသိ။

ရိုးရိုးသားသားနှင့်ပင် ကူညီသော ဦးကိုကြီးကို ကျေးဇူးပြု
သည့်အနေနှင့် သူ ထမင်းကျွေးကာ တုန့်ပြန်ခြင်း ဖြစ်သည်။

မိတ်ဆွေတစ်ယောက် တိုးသည်ဟု သတ်မှတ်ရမည်။

ကန်တော်ကြီးကို ပတ်အမောင်းတွင် ကန်တော်ကြီး
ရေပြင်စိမ်းစိမ်းလေးနှင့် မြက်ခင်းစိမ်းစိမ်း၊ ပင်ငယ်ပင်လတ်
ပင်ကြီး စိမ်းစိမ်းစိုစိုကို လှမ်းမြင်လိုက်ရသောအခါ မျက်စိထဲ
အေးသွားသည်။ နွေ၏အလယ်၌ ရှိနေသော အိုအေစ်ကလေးပါ
လား။

White Rice စားတော်ဆက် ရှိရာ ကျွန်းဆွယ်လေးသို့
ကားကို ကွေ့ဝင်ခဲ့သည်။ မြေနီလမ်းလေးအတိုင်း ထားပြီး အိုပ်

www.burmeseclassic.com

www.burmeseclassic.com

ဆိုင်းနေသော သစ်ပင်ကြီးများအောက်ဝယ် ကျောက်လှေကား ထစ်ကလေးအတိုင်း တက်သွားပါက ကုန်းထက်ဝယ် အဆောင် အဦးပြားလေး တွေ့ရသည်။

ကားသုံးလေးစီးမျှတော့ တွေ့ရသည်။ အထက်ကားလေ့ ချည်းဖြစ်သည်။ လင့်ခရူဆာ အနက်ရောင်တစ်စီးကို မှီရင်း ဖုန်း ပြောနေသောလူကို တွေ့လိုက်ရသည်နှင့် လမင်းစံ ရင်ထဲ လှိုက်ဖို သွားသည်။

ကြည့်စမ်း ဦးကိုကြီး၊ ဒီလူက စကားတည်သားပဲ။

အပင်ရိပ်အောက်တွင် ကားကို ထိုးရပ်လိုက်သည်။ သူ ကားပေါ်က ဆင်းကာ ရီမုဒ်နှင့် ကားတံခါးကို ပိတ်လိုက်ချိန်တွင် ကိုကြီးက သူ့ထံသို့ လျှောက်လာသည်။ အဝတ်အစားတွေ၏ တန်ဖိုးက မသေးလှ၊ ဖေကြီးကဲ့သို့ပင် တကယ့်နောက်ဆုံးပေါ် အကောင်းစားတွေချည်းမို့ ဒီလူသုံးနှိုင်ဖြုန်းနိုင်သူတစ်ယောက်ပေပဲ ဘာလုပ်ငန်းလုပ်သလဲဆိုတာ မသိရသေးခေ့။

"အချိန်တိကျသားပဲ"

"ကိုကြီး အကြာကြီး စောင့်နေရသေးသလား"

"ခုပဲ ရောက်တာ၊ မင်းဆီတောင် ဖုန်းခေါ်မလို့ လုပ်နေ တာ"

"နေရာလေးက အေးချမ်းတယ်နော်"

လေ့ကားထစ်လေးအတိုင်း တက်လာကြသည်။ သဘာဝ အတိုင်း ဖန်တီးထားသည်။ ကျေးငှက်သာရကာတို့၏စီစီညည် အသံလေးများကလည်း၊ ကျေးလက်တောရွာလေး ရောက်နေသည့် အတိုင်းပင်၊ လမင်းစံရင်ထဲ အေးမြသွားလေသည်။ ကြည်နူးမှု လှိုင်းကြက်ခွပ်ကလေးများကလည်း ရင်ထဲမှာ ပလုံစီလာလေ

သည်။

ဟော်ရွှင်ကြည်နူးသာယာလှိုက်ဖိုခြင်းဟူသော ခံစားချက် ဦးက နေရာဒေသကြောင့်လားဆိုတာ လမင်းစံ ကွဲကွဲပြားပြား းမလည်၊ လာနေကျ ဖြစ်ပါလျက် ဒီနေ့ ပို၍သာယာနေသည်။

မည်သို့ဆိုစေကာမူ သက်တူရွယ်တူ သူငယ်ချင်းများ အပေါ်၌ ခံစား၍ မရသော ခံစားမှုတို့သည် မိမိထက် အသက် နှစ်ဆယ်မက ကြီးသော ဒီလူကြီးအပေါ်၌ ခံစားရတယ်ရယ်လို့ ကိုယ့်ကိုယ်ကို အံ့အားသင့်နေမိလေတော့သည်။

"သူငယ်ချင်းပါ လာမယ်ဆို"

"သူငယ်ချင်းက ကိုယ့်ထက် ဦးစားပေးရမယ့်သူနဲ့ ချိန်းပြီး ဖြစ်နေလို့တဲ့လေ"

"ဩော်. . . မင်းကကော မိတ်ဆွေထက် ဦးစားပေးရမယ့် သူနဲ့ မချိန်းထားလို့ ကျုပ်အတွက် အချိန်ပေးလိုက်တာပေါ့"

"ဒါပေါ့"

လမင်းစံ မချိမချဉ်နှင့် ဖြေလိုက်သည်။ အေးမြသော အဆောက်အဦးလေးထဲ ဝင်လာသည်။ ရှုခင်းလှလှ မြင်တွေ့နေရ သည့် စားပွဲတွင် နေရာယူလိုက်ကြသည်။

ဝိတ်တာလာပေးသော မီနူးကဒ်ကို လမင်းစံကို ပေးရင်း

"မင်းကြိုက်တာ မှာပါ"

"အရိုးမထွင်ရတဲ့ ဟင်းလျာတွေ မှာပေးပါလား ကိုကြီး"

တမင်ပင် နွဲ့လိုက်သည်။

ဒီလူကြီးကို စစ်ဆေးမေးမြန်းစရာတွေ အများကြီး ရှိနေ သည်။

"ဝက်သားစားသလား"

www.burmeseclassic.com

www.burmeseclassic.com

"အမဲသားကလွဲရင် အားလုံးစားတယ်"

"မှာပေးသမျှ အကုန်စားမှာလား"

"အင်း. . . "

ရထားပေါ်တုန်းက စကားနည်းခဲ့သမျှ ယခုတော့လည်း အမေးအမြန်းထူကာ စကားတွေ များနေလိုက်တာ။

လူကြီးက ဟင်းလေးမယ်လောက် မှာပေးပြီး. . .

"အအေးသောက်မှာလား. . . အပူသောက်မှာလား"

"ဆန်းကစ်ပဲ သောက်မယ်၊ ကိုကြီး သောက်တတ်ရင် သောက်နော်၊ ဘီယာတို့ ဝိစကီတို့ကို ပြောတာ"

"သောက်တော့ သောက်တတ်တယ်၊ ဒါပေမယ့် မိန်းမလေးရှေ့မှာတော့ မသောက်ဘူး၊ ကျုပ်က သောက်ရင် အရမ်းအိတက်လို့ ညဘက်မှ သောက်တယ်"

"ဩော်. . . "

လူကြီးက ညာတတ်ခြင်း မရှိပါလား။ မသောက်တတ်ဘူး ပြောတော့လည်း ရနေတာပဲ၊ ဘယ်သူက သူ့နောက်ကို တကောက်ကောက် လိုက်ကြည့်နေမှာမို့လို့လဲ။

"ကိုကြီးကို အိမ်မှာ ထမင်းစား ဖိတ်ချင်တယ်"

"ဘာအတွက်လဲ"

"မိတ်ဖြစ်ဆွေဖြစ်လေ"

"ဆောရီးပဲ. . . ဝါသနာ မပါဘူး"

ဘုဂလန်ကြီးပါလား။

"အပြင်မှာဆိုရင်တော့ လိုက်စားမယ်ပေါ့"

"ခု ကျုပ်ကျွေးမှာလို့ ပြောပြီးပြီလေ"

"မာနကြီးပဲ. . . ကိုကြီးအိမ်ကို လိုက်မှာစိုးလို့လား

ဝေးသေးတယ်နော်"

"ကျုပ်လည်း ဘယ်သူစိမ်းမိန်းမကိုမှ အိမ်ကို မဖိတ်ပါဘူး"

"အိမ်ကို မဖိတ်ဘူး၊ အပြင်ဆိုင်တွေမှာပဲ ဖိတ်ခေါ်လိုက် ကျွေးနေကျလား"

စျင်မင်း ရုတ်တရက် ဆွံ့အသွားသည်။ လမင်းစံမေးခွန်းက မှန်နေသည်။ သူ့လုပ်ရပ်တွေအတွက် ကွက်တိဖြစ်နေတော့ သူ မလုံမလဲ ပြုံးချင်သွားသည်။ သို့သော် မပြုံးမိအောင် စံတ်ကို ထိန်းလိုက်တော့ မချိုမချဉ်ဖြစ်သွားရာ. . .

"ဟုတ်တယ် မှတ်လား ကိုကြီး၊ အိမ်ကမိန်းမ သိမှာစိုးလို့ အပြင်ကိုပဲ ခိုန်းတာမှတ်လား"

"အပြင်ကို ခိုန်းတာ မှန်တယ်၊ အိမ်ကမိန်းမ သိမှာစိုးလို့ ဆိုတာ မဟုတ်ဘူး၊ ကျုပ်မှာ မိန်းမ မရှိဘူး"

"ဘယ်သွားလို့လဲ"

လမင်းစံက တမင်နားဝေးချင်ဟန်ဆောင်လိုက်သည်။

"မိန်းမ မယူသေးလို့ မရှိတာပေါ့"

"ဘာဖြစ်လို့ မယူချင်သေးတာလဲ"

"ညည်းက ရှေ့နေလား တရားသူကြီးလား လမင်းစံ"

လမင်းစံ ဟက်ကနဲ ရယ်လိုက်သည်။

စျင်မင်း တွေကနဲ ဖြစ်သွားသည်။ ပါးချိုင့်လေးနဲ့ သွားတက်ကလေးတို့၏ကျွက်သရေက ချစ်စဖွယ် အသည်းယားစေသလို ရင်ကိုလည်း အနာဟောင်းကို ဆွေးလိုက်သကဲ့သို့ ဖြစ်ကာ စူးရှနာကျင်သွားစေလေသည်။

လူတိုင်းမှာ အချစ်ဟောင်းနဲ့ ပတ်သက်ပြီး အတိတ်

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်စီရှိကြလေသလား၊ သူတစ်ယောက်တည်းကိုမှ နှစ်ခါပြန်အသည်းတွဲခံရလေသလား။

လမင်းစံရင်ထဲ ဟင်ကနဲ ဖြစ်သွားရသည်။

လူကြီး၏မျက်နှာက ရုတ်တရက် တိမ်ညိုတိမ်မဲတို့ ဖုံးအုပ်ခံရသော လမင်းနှယ် ဖြစ်သွားသည်။

ဒါကို ဥပေက္ခာပြုလျက် ရယ်သွေးသွမ်းရင်း. . .

"ဟင်း. . ဟင်း. . ရှေ့နေလည်း မဟုတ်ဘူး၊ တရားသူကြီးလည်း မဟုတ်ဘူး"

"ဒါဖြင့် တစ်ရာ့ကိုး တစ်ရာ့တစ်ဆယ်လား"

"လောလောဆယ်တော့ ဟုတ်တယ်လို့ ဆိုရမယ်၊ ကိုကြီးကကော. . ."

ဈင်မင်း သူ လိုချင်နေသော အချစ်စစ်အတွက် ဇာတ်လမ်းထွင်လိုက်သည်။

"ကျုပ်လည်း မင်းလိုပဲ တစ်ရာ့ကိုး တစ်ရာ့တစ်ဆယ် ပြောလည်း ရတယ်၊ တစ်နှစ်မှာ တစ်ရက်လောက် အလုပ်လုပ်ပြီး ငွေမကုန်မချင်း ထိုင်စားချင် စားနေတတ်တယ်"

"ပွဲစားလား. . . လူလိမ်လား"

ဈင်မင်း ရယ်တာ. . .

"ကားပွဲစားလေ"

"ခုခေတ် ကားဈေးကွက် ငြိမ်နေတော့ အလုပ်မဖြစ်ဘူးပေါ့"

"အင်းပေါ့"

"ဒါဖြင့် မစားရက်တော့ဘူး၊ ဒီဝိုင်း မီးပဲ ရှင်းပေးပါမယ်"

"ဒီလောက်တော့ မမွဲသေးပါဘူး"

ထိုအချိန် စားစရာများ တစ်ခုပြီးတစ်ခု ရောက်လာသဖြင့် ကောင်းစ ပြတ်သွားလေသည်။

သို့သော် ဈင်မင်းကို လမင်းစံက ဟင်းလျာများကို ဦးချပေးသောအခါ ဈင်မင်းရင်ထဲ တစ်မျိုးခံစားလိုက်ရသည်။

လမင်းစံ၏နှုတ်ကလည်း တွတ်တီးတွတ်တာနှင့် တလေးဘစား စကားလေးတွေ ကရားရေလွှတ်သလို ပြောနေသဖြင့် ရင်ဝယ် ကြည်နူးကာ ထိုခံစားမှုမျိုး တစ်သက်လုံး ခံစားချင်စိတ်မျိုး တောင့်တမိသည်။

"ကိုကြီး. . . ဒီဟင်းလေး စားကြည့်၊ အအီပြေတယ်"

"မီး ဦးချတာနော်၊ ဒါနဲ့ လောက်အောင်စားလို့ ပြောတာ မဟုတ်ဘူး"

"ကိုကြီးကလည်း ယောကျ်ားဖြစ်ပြီး တို့ကနန်း ဆိတ်ကနန်းနဲ့ စားနေတာ မီး အားမရပါဘူး"

"ဟင်းချိုသောက်ကြည့်ပါဦး၊ မေမေနဲ့ဆို ဟင်းချိုက အမြဲသောက်တာ"

"ဆိုင်ထမင်းဟင်းတို့ ဟိုတယ်စာတို့ဆိုတာ တခါတရံ စားတာပဲ ကောင်းတယ်၊ အမြဲဆို ငြီးငွေ့သွားရောနော် ကိုကြီး"

"ကိုကြီးက အိမ်ရှင်မ မရှိတော့ ဟိုတယ်စာတွေ လှည့်ပတ် စားနေမှာပေါ့နော်"

"မီးမေမေက ဟင်းချက်ကောင်းတယ်၊ အစပ်အဟပ် တည့်တယ် ဆိုရမလားပဲ၊ မီး ကိုကြီးကို တစ်ခါလောက် ခေါ်ကျွေးချင်တာ"

အင်းမလုပ် အဲမလုပ် ငြိမ်နေသော ဈင်မင်း ဒီတစ်ခေါက်တွင်တော့ ငြိမ်မနေနိုင်တော့။

www.burmeseclassic.com

www.burmeseclassic.com

"ကျေးဇူးတင်ပါတယ် ကျောင်းအစ်မရယ်၊ ကျုပ်က ဘယ်သူစိမ်းမိန်းမ အိမ်ကိုမှ လိုက်မလည်တတ်သလို ကျွေးတာကိုလည်း မစားတတ်ဘူး"

"ဘာကြီးလဲ. . . ဘာခံယူချက် ရှိလို့လဲ"

"ဩော်. . . ကျုပ်နဲ့ လက်ထပ်မယ့် မိန်းမတစ်ယောက် အတွက် ကျုပ် အမှတ်တရတွေ ဖြစ်နေစေချင်လို့ပဲ၊ သူ့အိမ်မှ ကျုပ်သွားမယ်၊ သူ့ကိုမှ ကျုပ်အိမ်ကို ဖိတ်ခေါ်မယ်"

"ဒီတစ်သက်ကော ကိုကြီးရည်ရွယ်ချက် အောင်မြင်ပါ့မလား၊ အသက်ပဲ ဘယ်လောက်ရှိနေပြီလဲ"

"လူ့ဘဝကို လေးဆယ်မှ စတယ်ဆိုရင် ကျုပ် လူ့ဘဝ ရောက်ဖို့ နှစ်နှစ်ကျော် လိုသေးတယ်၊ ယောကျ်ားတစ်ယောက် အတွက် အိမ်ထောင်ပြုဖို့ဆိုတာ အချိန်တွေ အများကြီး ရှိပါတယ်"

ဈင်မင်းရင်ထဲကို လှိုက်ဖိုမူလေးတွေ ဖြစ်ထွန်းလာသည်၊ ကိုယ့်ကိုယ်ကိုလည်း မကျေနပ်မိ။

လမင်းစံကို စိတ်ဝင်စားမိပါလျက် လမင်းစံ၏ဖိတ်ခေါ်ချက်ကို လက်မခံနိုင်လောက်အောင် ဘာကြောင့်များ တွေဝေနေရတာလဲ။

သစ္စာမရှိသောမိန်းမ၊ ငွေနဲ့ဂုဏ်နဲ့ နှလုံးသားကို လွယ်လင့်တကူ လဲလှယ်ယူသော မိန်းမတစ်ယောက်အတွက်နဲ့ ကိုယ့်ဘဝကြီးကို ဒီလောက်အထိးကျန်အောင် မြုပ်နှံထားရသလား။

ထိုအချိန်တွင် ဖုန်းပိတ်ဖို့ မေ့ထားသောကြောင့် သူ့ဖုန်းမှ ခေါ်သံထွက်ပေါ်လာရာ. . .

"ခဏနော် လမင်းစံ"

ဟု သူပြောပြီး ဖုန်းကို ဖွင့်ကြည့်လိုက်သည်။ ထုံးစံအတိုင်း

နှုတ်သမိခင် ကျေးဇူးရှင်ထံမှ ဖြစ်သည်။

"ဟယ်လို မေမေ"

"ဘယ်သွားနေတာလဲ. . . မေမေနဲ့မမ ရောက်နေပြီ၊ ဘင်းတွေ လာပို့တာ"

"မေမေတို့ကလည်း ဒုက္ခရှာတယ်ဗျာ၊ မပို့ပါနဲ့လို့ ပြောထားရက်သားနဲ့"

"မင်းဟာ တစ်ကောင်ကြွက် မဟုတ်ဘူး သားငယ်၊ မင်းမှာ အဖေအမေနဲ့ အစ်မရှိတယ်၊ တစ်ကောင်ကြွက်လို့ နေစရာမလိုဘူး၊ ငါတို့ ပြန်တော့မယ်၊ အိမ်ဘက် လာခဲ့ဦး၊ ဟင်းတွေကို စားခါနီး နွေးစားနော်၊ မကုန်ရင် လုံခြုံရေးတွေကို ပေးလိုက်၊ ခြံထွက်သီးနှံတွေတောင် ပေးခဲ့သေးတယ်၊ ဒါပဲ. . . ဒါပဲ"

"ဟုတ်ကဲ့ အမေ"

သူ ဖုန်းပိတ်လိုက်သည်။ သူ့မိခင်က ပညာတတ် ဂုဏ်ကြီးရှင်တွေလို သူ့စေတနာကို သိုင်းဝိုင်းဖွဲ့နွဲ့မနေ၊ ပြောချင်ရာ ပြော ဆူချင်ရာဆူပြီး ဖုန်းချသွားသည်။

သူ ပင့်သက်ချလိုက်သည်။

လမင်းစံက ဘာမှ ဝေဖန်ခြင်း မရှိဘဲ. . .

"ဟင်းတွေက များတယ်၊ ကုန်အောင် မစားနိုင်တော့ဘူး၊ ဘယ်လိုလုပ်မလဲ"

"လျော့ပေး"

"ရှင်. . . "

လမင်းစံက ကြည်လင်တောက်ပသော မျက်လုံးဝိုင်းကြီးနှင့် သူ့ကို ကြည့်လာသည်။ သူ့ရင်ထဲ ကပြောင်းကပြန် ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

သူ ဆန္ဒအမှန်တို့ ရုတ်တရက် ထုတ်ဖော်လိုက်သည်၊

"ဒီနေ့ မကုန်တဲ့အတွက် နောက်တစ်နေ့ ကျုပ်ထပ်ကွေ့ဦးမယ်၊ မင်း အားတဲ့အခိုန်ခိုန်း"

"ကျွေးသမျှ အကုန်မစားမချင်း ကျွေးနေမှာလား"

"ဒါပေါ့"

"အဟိ. . . ဒါဆိုရင် အမြဲတမ်း မကုန်အောင် နည်းနည်းလေး ချန်ချန်ပြီး စားနေမယ်"

"ရတယ်လေ. . . တစ်သက်လုံး ကျွေးသွားမှာပေါ့"

လမင်းစံ ရင်ထဲ ဒိန်းကနဲ ဖြစ်သွားသည်။ ဒါ ဘာစကားလဲ၊ ပရိုပို့စ်လုပ်တဲ့ စကားလား၊ မမေးရဲ။ လမင်းစံ ရဲတင်းသွက်လက်ပေမယ့် အချစ်ရေးနှင့် ပတ်သက်၍ကာ ယခု ဒီလူကြီးနှင့် တွေ့မှ ရင်ခုန်ခြင်း စတင်သည်ဆိုတော့ အတွေ့အကြုံက မရှိသေး။

ရှက်မျက်နှာရဲကို ကွယ်ဝှက်သည့်အနေနှင့် ခေါင်းကို ငုံ့ကာ ဟင်းချိုလက်ကျန်လေးကို ရှင်းလိုက်လေသည်၊

ဈင်မင်း ထိုအမူအရာလေးကို ကြည့်ကာ မချင့်မရဲ ဖြစ်သွားပြီး ပင့်သက်ကို တိတ်တခိုး ရှိုက်လိုက်မိလေတော့သည်။



"ရှင်တို့ဟာကလည်း. . . မွန်း. . . မွန်းလို့ကို မပြီးနိုင်ဘူး၊ တောင်ကြီး အင်းလေးဘက် သွားပြီးတာကို အခု ပေလီ သွားဦးမယ်ဆိုတော့ မလွန်လွန်းဘူးလား"

ယမင်းတို့ အသစ်စက်စက် ဇနီးမောင်နှံက ပေလီသို့ ခရီးဆက်မည်ဟု ဆိုကာ ရန်ကုန်သို့ ပြန်ရောက်နေသည်တဲ့၊ သူ့အား ဖုန်းဆက်ကာ ပေလီသို့ ဆက်၍ ဟန်းနီးမွန်း ပျားရည်ဆမ်း ခရီးထွက်မည့်အကြောင်း ပြောတော့ လမင်းစံ မဲ့ကာ၍ကာ မနာလိုတို့ရှည် ဖြစ်သွားသည်။

"ရှင် မနာလို ဖြစ်နေပြီ မှတ်လား၊ ဒါဆိုရင်မည်း

www.burmeseclassic.com

www.burmeseclassic.com

ယောကျ်ားမြန်မြန်ယူပြီး မွန်းပစ်လိုက်ပေါ့။ အဲဒါ ညည်းလိုက်မလား လို့၊ မာမာနဲ့ ကြည်ပြာလည်း လိုက်မယ်တဲ့"

"ငါက မေမေနဲ့ သွားမလို့ စီစဉ်ထားတာ၊ လက်မှတ် တောင် မှာထားပြီးပြီ"

"ဟုတ်လား. . . ဘယ်နေ့လဲ၊ ကျုပ်တို့နဲ့ တူတူသွားရ အောင်ဟာ. . . ပျော်စရာကြီး"

"ဆေးရိုးသည် ကန့်လန့်ကန့်လန့် ဖြစ်နေပါဦးမယ် ဟိုရောက်မှပဲ ဆုံကြမယ်လေ၊ ကျုပ်တို့က မနက်ဖြန် သွားမှာ"

"အဲတော်. . . ကျုပ်တို့လည်း မနက်ဖန် ဆယ့်တစ်နာရီ ဖလိုက်နဲ့. . . "

"အတူတူပဲပေါ့"

ကြိုမှ ကြိုတတ်တယ်၊ တမင်ချိန်းထားလျှင်တောင် လွဲနိုင် သေးသည်။

"ဒါဆို ငပလီ ရောက်မှပဲ တည်းကြမယ်၊ ငပလီဟိုတယ် မှာပဲ တည်းမှာမှတ်လား၊ ရွှေဝါချိုင်ဘက်လေ"

"အင်း. . . "

"အိုကေ. . . ဒါဖြင့် လေဆိပ်ရောက်မှ ဆုံကြမယ်"

"အေး. . အေး"

လမင်းစံ ပျော်သွားသည်။ သူငယ်ချင်းတွေနှင့်ဆိုတော့ ရေထဲပဲ ဆင်းကူးကူး၊ မြင်းပဲ လျှောက်စီးစီး၊ စက်ဘီးပဲ နင်းနင်း အဖော်ရပြီ၊ ပျော်စရာကြီး၊ ယမင်းတို့ လင်မယားက သူတို့ဖာသာ သူတို့ နေကြဦး၊ မာမာနဲ့ကြည်ပြာနဲ့ဆိုလျှင် ပြင်းပြင်းထန်ထန် လမ်းမလျှောက်နိုင်သော ရေမကူးနိုင်သော မိခင်ကို ငဲ့နေရမှာ ထက်စာလျှင် သူ့အတွက် အဖော်တွေ ရပြီပေါ့။

လမင်းစံ တယ်လီဖုန်းပြောရင်း မျက်နှာလေး ကြည်လင် သွားတာကို မြင်တော့ ခါတော်မီ စဉ်းစားမိသည်။

သူနှင့် လမင်းစံအဖေ မဝံလာဆောင်ပြီး ငပလီသို့ ဟန်း နီးမွန်း ထွက်ခဲ့ကြသည်။ လမင်းစံက အလိုက်တသိနှင့် ခဏခဏ ဆက်နေတာ ပျင်းတယ်၊ သူငယ်ချင်းတွေနဲ့ ကျိုက်ထီးရိုးဘုရားဖူး သွားပြီး အိမ်စောင့်နေပေးမယ်ဟု ဆိုကာ ကျန်ရစ်ခဲ့ဖူးသည်ကို အမှတ်ရမိသည်။

"အတော်ပဲ သမီး၊ မေမေ့လက်မှတ် Cancel လုပ်လိုက်ပါ တား၊ မေမေ မနက်ဖြန် ဆေးခန်းပြရဦးမယ်"

"ဟင်. . . မေမေကလည်း၊ ဒီနေ့ ဆေးခန်းပြလိုက်ပေါ့၊ ဘာဖြစ်လို့လဲ. . . မလိုက်ချင်ဘူးလား"

လမင်းစံ မိခင်ဘေး ဝင်ရောက်ပူးကပ်ထိုင်ပြီး ပြောလိုက် သည်။

"အိမ်စာချုပ် ချုပ်ဖို့ ရက်ချိန်းကလည်း စိနေပြီ သမီး၊ နောက်ပြီး သမီးဖေဖေနဲ့ သွားခဲ့တဲ့နေရာဆိုတော့ မေမေ သိပ် စိတ်းနိုင်မယ် မထင်လို့ပါ"

ခါတော်မီ အကြောင်းအမျိုးမျိုးပြ ငြင်းဆန်လိုက်ခြင်းဖြစ် သည်။

ဆရာဝန်ပဲ ဖြစ်နေပြီ၊ နေရာတကာ လူငယ်တွေကြား သူ လိုက်ပါဝင်မနေချင်တော့၊ သက်တူရွယ်တူ သူငယ်ချင်းတွေနဲ့ သွက်လွတ်လပ်လပ် ပျော်ပျော်ပါးပါး သွားလာနေစေချင်သည်။

ဒါမှ သူ မရှိတော့သည့်နောက်ပိုင်းလည်း လမင်းစံ လောကကြီးကို ရဲရဲရင့်ရင့် ရင်ဆိုင်သွားနိုင်ပေလိမ့်မည်။

"ဟင်. . . မေမေကလည်း၊ ဒီလိုမှန်းသိရင် မီး မသွား

www.burmeseclassic.com

www.burmeseclassic.com

တော့ပါဘူး"

"သွားလိုက်ပါ. . . မေမေ လေယာဉ်ကွင်းအထိ လိုက်ပို့ပေးပါ့မယ်"

"လေယာဉ်ကွင်း မေမေ လိုက်မပို့နဲ့. . . နေပူတယ် ဒဂိုင်ဘာနဲ့ပဲ သွားလိုက်တော့မယ်၊ မေမေ့ဆေးခန်းတော့ ဒီလိုက်ပို့နိုင်တော့မှာ မဟုတ်ဘူးနော်၊ မေမေ ခံစားနေရတာတွေ သေသေချာချာ ပြောပြဦးနော်"

"အင်းပါ သမီးရယ်"

လမင်းစံက လက်ခံလိုက်သဖြင့် ခါတော်မီ၏ရင်၌ ပေါ့ပါးလန်းဆန်းသွားလေသည်။

လမင်းစံရင်မှာတော့ မိခင်မလိုက်ခြင်းအတွက် သိပ်တော့ ခံစားရခြင်း မရှိချေ။ ကွင်းဆင်းချိန်တို့နှင့် သူငယ်ချင်းတို့နှင့် အဖွဲ့လိုက် သွားတာမျိုး မိခင်နှင့် ခွဲသွားနေကျဖြစ်၍ ရင်ငယ်လေးလံခြင်း အလျဉ်းမဖြစ်ပါချေ။

ခါတော်မီကတော့ အချိန်တန် . အရွယ်ရောက်လာပြီ ပညာလည်း တတ်လာ၊ ဆရာဝန်လည်း ဖြစ်လာပြီဖြစ်သော သမီးကညာအတွက် အချိန်အခါ မလင့်စေဖို့အရေးက စဉ်းစားလေးသည်။

မိမိငယ်စဉ် စိတ်ကူးယဉ်တတ်စအရွယ်၌ ဖြစ်ပေါ်ခဲ့သော ရည်ရွယ်ချက်၊ မျှော်မှန်းချက်က. . .

ချစ်သူနှင့် လက်ထပ်သူ တစ်ယောက်တည်း ဖြစ်စေမည်။ သေတပန်သက်တဆုံး လက်တွဲသွားချင်သည်။

ချစ်သူရင်ခွင်၌ နောက်ဆုံးထွက်သက်လေးအထိ ခိုလှုံသွားချင်သည်။

ဒီမျှော်လင့်ချက်ကို မိမိ မရနိုင်တော့၊ ဒါကြောင့် မိမိ ဖြစ်ခဲ့ရသောဘဝကို သမီး လမင်းစံ၌ ဖြစ်စေချင်သည်။ လမင်းစံ နောင်ရေးအတွက် စိတ်ချလက်ချ ရှိသွားချင်သည်။

ထို့ကြောင့် လမင်းစံကို စစ်မှန်သော ဖူးစာရှင်နှင့် တွေ့ဆုံစေချင်ပြီး သူချစ်ကိုယ်ချစ် နှစ်ကိုယ်တူ အချစ်လေးနှင့် အိမ်ထောင်တစ်ခုကို သမရိုးကျ တည်ဆောက်သွားစေချင်သည်။

ဒီအတွက် လမင်းစံနောက် တကောက်ကောက် လိုက်နေခြင်းမျိုး မလုပ်တော့ဘဲ တမင် စိတ်ချရသော သူငယ်ချင်းတွေနှင့် သွတ်ထားပေးလိုက်ခြင်း ဖြစ်သည်။

ခါတော်မီ သစ်ခွရုံလေးထဲ ဆင်းလာရင်း အဖူး၊ အဝုံ အပွင့်တို့ကို ကြည့်ရင်း စိတ်ကျေနပ်စွာ ခံယူလိုက်လေတော့သည်။

သူ့အတွက်ကတော့ တစ်သက်ပျော်ဖို့အရေး သစ်ပင်နှင်းပင်တို့ပဲ စိုက်၍နေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂၆)

ပင်လယ်ပြာပြာ၏အနားသတ် လှိုင်းခေါင်းဖြူဖြူလေးတို့ ကမ်းစပ်သို့ အပြေးလေး လာဦးတိုက်မှုကို ငေးကြည့်ရင်း ရင်တွင်းသို့ လွမ်းဆွတ်ခြင်း ဝေဒနာလှိုင်းကြောက်ခွပ်တို့ကပါ ဖန်ဆင်းလာလေသည်။

ပတ်ဝန်းကျင်အလှတရားတို့က လှသည်ထက် လှလေလေ အလွမ်းဓါတ်ခံ ရှိသူတို့၏ရင်ကို နင့်သည်ထက် နင့်အောင် ခံစားရလေလေဖြစ်နေသည်။

ပင်လယ်နှင့် သူ စိမ်းမနေ၊ ပင်လယ်ပျော်မင်းသားလို့ မိတ်ဆွေအပေါင်းအသင်း လုပ်ဖော်ကိုင်ဖက်တို့က အမည်ပေးရ

လောက်အောင်ပင် သူ ပင်လယ်ပြင်ကို မနားတမ်း လိုက်နေခဲ့သည်ကိုး။

အုန်းလက်ထီးမိုးအောက်က အုန်းလက်၊ ဒရင်းဘက်တွင် ဆိုင်ရင်း ဝိစကီကို ပင်လယ်စာ အမြည်းတို့နှင့် ဇိမ်ခံသောက်ရင်း သွမ်းသမျှတို့ကို နာကျည်းမှုနှင့် ဖြေဖျောက်နေမိလေသည်။

ဇော်ဝင်းတို့သားအဖက စပိဘုတ် စီးရင်း ပျော်မြူးနေကြသည်။

"ဟင်. . . ဘကြီးလဲ"

ရုတ်တရက် ပင်လယ်ပြာကြီးက ခရမ်းရောင်လား၊ မရမ်းရောင်လား မသဲကွဲသောအရောင် လွှမ်းသွားသလို သူ့မျက်နှာပြင်ဆက်သို့လည်း ပိုးကောင်တစ်ကောင် လာရစ်ပတ်သလို ခံလိုက်ရသဖြင့် လက်နှင့် ဖမ်းယူဖယ်ရှားလိုက်သည်။

ဩော်. . . ပိုးပုဝါနီလေးကိုး။

တဆက်တည်းဆိုသလို အနားသို့ ခိုးခိုးခစ်ခစ် ရယ်သံလေးနှင့် အပြေးလေး ရောက်လာသူကို တွေ့လိုက်ရသောအခါ သူ့ဘကိုယ်လုံးရှိ သွေးကြောများ စီးရစ်မှုန့်နန်းထား မြင့်တက်သွားလေသည်။

အိပ်မက်လေလား. . . ။

ဆံပင်ရှည်ကြီးက အုန်းရွက်ဦးထုပ်အောက်မှာ လူးလွှင့်ပျံသွက်၊ ဂါဝန်နီကလေးက ပုံစံလှလှရှည်ရှည်ကလေး ခန္ဓာကိုယ်ပေါ်မှာ လူးလူးလွှင့်လွှင့်နှင့် ကြည့်ကောင်းနေသည်။

"ခစ်. . . ခစ်. . . ခစ်. . . ဦးကိုကြီး၊ အား. . . ပျော့လိုက်တာ. . . ခစ်ခစ်"

လေတိုက်၍ သစ်ရွက်ကြွေတာကိုတောင် ရယ်တတ်သည့်

www.burmeseclassic.com

www.burmeseclassic.com

မြီးကောင်ပေါက်အရွယ်လည်း မဟုတ်ပါဘဲ ထိုကဲ့သို့ပင် လွတ်လွင်လပ်လပ် ဟန်ဆောင်မှုကင်းစွာ ရယ်မောရင်း သူ့အား ဝမ်းသာအားရ နှုတ်ဆက်လိုက်သော လမင်းစံကြောင့် သူလည်း ပျော်သွားလေသည်။

အလွမ်းတွေလည်း ဘယ်ဆီသို့ လွင့်ပျံသွားသည် မသိလိုက်၊

"မိန်းကလေး. . . မင်းဟာလား"

ပုဝါကို မြှောက်ပြရင်း မေးလိုက်သည်။

"ရက်စ်. . . "

လမင်းစံက ပုဝါကို လှမ်းယူသည်။ သူက မပေး။ လက်ကို မြှောက်ထားလိုက်သည်၊

"မပေးတော့ဘူး"

"ဘာဖြစ်လို့"

"ရွေးရမယ်"

"ဘယ်လောက်လဲ"

"ထောင့်ငါးရာ"

စျင်မင်း နှုတ်က လွတ်ကနဲ ထွက်သွားသည်။ အယ်လ်ဟောကလည်း သွေးထဲသို့ လှည့်ပတ်စီးဆင်းနေသည်မို့ နှုတ်သွက်အာသွက်လည်း ဖြစ်နေသည်ထင် စျင်မင်း ကိုယ့်စိတ်ကို ကိုယ်မသိလိုက်ခင် နှုတ်က ကျွံသွားလေပြီ။

လမင်းစံက မခေ။

"မရွေးဘူးဆိုရင်ကော"

"သိမ်းလိုက်ပြီ"

"ဘာကိုလဲ"

"ပုဝါကို"

ပြောပြောဆိုဆို ပုဝါကို သူ့လက်ဖျံ၌ ချည်နှောင်လိုက်လေသည်၊

စွပ်ကျယ်လက်ပြတ်ဘောင်းဘီတိုနှင့် စျင်မင်းကို ကြည့်ရင်း လမင်းစံ ရင်ထဲ လှုပ်လှုပ်ရှားရှားဖြစ်လာသည်။ နှလုံးအိမ်က ကြက်သားတို့ လှုပ်ခပ်ခြင်းကြောင့်ပေလား။ ချစ်စိတ်တို့ ဖြစ်ပေါ်သာစေသော တွန်းအားကြောင့်ပေလား လမင်းစံ မခွဲခြားနိုင်။

"တစ်ယောက်တည်းလား. . . ထိုင်ပါဦး"

ယှဉ်တွဲတည်ရှိနေသော ဒရင်းဘက်ကို ညွှန်ပြရင်း စျင်မင်းက ဖိတ်ခေါ်လိုက်သည်။

"မဟုတ်ဘူး. . . သူငယ်ချင်းတွေ ပါတယ်"

"မတွေ့ပါလား"

"အိပ်နေကြတယ်. . . ပျင်းတာနဲ့ တစ်ယောက်တည်း လမ်းလျှောက်ထွက်လာတာ၊ ကိုကြီးကို မနေ့က ဖုန်းခေါ်သေးတယ်. . . မရလို့"

"မနေ့ကတည်းက ဒီကိုရောက်နေတာ"

"တစ်ယောက်တည်းလား"

"မဟုတ်ဘူး. . . သူငယ်ချင်းသားအဖ ပါတယ်၊ ဟိုမှာ စပီဘုတ် စီးနေကြတယ်"

စျင်မင်းက ပင်လယ်ပြင်ဘက်သို့ မေးငေါ့ပြလိုက်သည်။

လမင်းစံက လှမ်းကြည့်လိုက်ပြီးနောက် ချက်ချင်းပင် အကြည့်ကို ရုပ်သိမ်းလိုက်သည်။ စားပွဲပေါ်သို့ အကြည့်ရောက်တော့ စျင်မင်းက ရက်ဖ်လေဗယ် ပုလင်းကို လှမ်းယူပြီး သူ့ကိုယ်နှင့် ကွယ်ကာ ကုလားထိုင်ဘေးတွင် ဖွက်လိုက်သည်ကို လမင်းစံက

www.burmeseclassic.com

www.burmeseclassic.com

မြင်တွေ့ဖြစ်အောင် တွေ့လိုက်သည်။

"လုပ်မနေပါနဲ့. . . တွေ့ပြီးသားပါ"

"လစ်မစ်တ်(ကန့်သတ်ချက်) ပြည့်သွားလို့ သိမ်းလိုက်တာပါ။ ဒါထက် မင်း ဟန်းနီးမွန်း ထွက်လာတာတော့ မဟုတ်ပါဘူးနော်"

"ဟာ. . . ဝမ်းနည်းစရာကြီး၊ မီးရုပ်က အဲဒီလိုမျိုး ပေါင်းနေပြီလား"

"နိုးနိုး. . . မဟုတ်ပါဘူး၊ သိပ်ကို လန်းပါတယ်၊ သေချာအောင် သွယ်ဝိုက်သောမေးခွန်း မေးလိုက်တာ၊ ပြောစရာစကားတွေ ရှိနေလို့"

လမင်းစံ ကျေနပ်သွားသည်။

ဖူးစာရေးနတ်မင်းကိုလည်း ကျေးဇူးတင်သွားသည်၊ အချိန်ကျလာပြီဆိုလျှင် တမင်တကာ ဖန်တီးမှုမျိုး ဖန်တီးစရာမလိုတဲ့နှင့်ကို အလိုအလျောက် တွေ့ဆုံခွင့်တွေ ရလေသည်။

ကြိုချိန်းထားရင် လွဲချင်လွဲဦးမည်။ ခုတော့ မမျှော်လင့်သောနေရာ၌ ကိုကြီးနှင့် ထပ်မံဆုံတွေ့ခွင့် ရသည်။

ပြီးတော့ တိုက်တိုက်ဆိုင်ဆိုင် မိမိလည်မှာ ပတ်ထားသောပုဝါက လွင့်ပါးပြီး ကိုကြီးမျက်နှာကို သွားအုပ်ရတယ်ရယ်လို့။

ဒါ ဖူးစာရေးနတ်မင်း၏ဖန်တီးလုပ်ဆောင်ချက်မှ မဟုတ်လျှင် ဘာများဖြစ်နိုင်မည်နည်း။

"ဘာစကားလဲ"

"အုန်းရေသောက်မလား"

"ခုပဲ သောက်ခဲ့တယ်"

"နေဝင်ချိန် ထိုင်ကြည့်မလား"

"အင်းလေ. . . ခု ကြည့်နေတာပဲ"

စျင်မင်း "ဟက်ကနဲ" ရယ်သွေးသွမ်းလိုက်သည်။ "ချစ်တယ်" ဆိုတဲ့စကားကို မှီကလွဲပြီး သူ ဘယ်သူကိုမှ မပြောခဲ့။ အတွဲက အတွဲသက်သက်ပင် ထားခဲ့ခြင်းများသာ ရှိသည်။

ယခု မှီကို သတိရလိုက်သည်။ ရင်မှာ နာကျင်သွားသည်။ သို့သော် ထိုနာကျင်မှု ဖြစ်ရခြင်းကို နာကျည်းလွန်းသည်။

"ချစ်တယ်. . . မင်းကို ကျုပ်ချစ်မိနေပြီ လမင်းစံ"

အသိုင်းအဝိုင်း အဖွဲ့အနွဲ့ မပါသော နှလုံးသားအက်ကွဲကြောင်းမှ ပေါ်ထွက်လာသော သံစဉ်သြဿအက်အက်ဖြင့် သူ ပြောချလိုက်သည်။

လမင်းစံနားထဲ စကားလုံးများက ရိုးစင်းပြီး လေသံက မာကျောလွန်းသဖြင့် အတောင့်လိုက်ကြီး ဝင်လာသည်။

"ဟုတ်တယ်. . . မင်းတစ်ယောက်ထဲပဲ မာကျောနေတဲ့ ကျုပ်နှလုံးသားကို ကိုင်လှုပ်နိုင်တယ်၊ ကျုပ်ဘဝ မင်းကို အပ်နှင်းချင်ပြီ၊ ဒဏ်ရာရ ကျုပ်နှလုံးသားကြောင့် ကျုပ်လည်း သိပ်ကို ပင်ပန်းခဲ့ပါတယ်၊ ခုတော့ ကျုပ်နှလုံးသားက ထူးထူးခြားခြားပဲ မင်းကို တောင်းဆိုလာတော့ ကျုပ်ဝမ်းသာမိတယ်၊ ဒါကြောင့် ကျုပ်ဘဝကို မင်းလက်ထဲ အပ်နှံချင်တာ၊ မင်းလက်ခံနိုင်မလား လမင်းစံ"

လမင်းစံ နှလုံးသားက တစ်ခါမှ မဖြစ်ပေါ်ဖူးသော ခံစားမှုကြောင့် ရင်မှာ တလှုပ်လှုပ် ဖြစ်လာသည်။ နွေးတလှည့် အေးတလှည့်နှင့် အမျိုးအမည် မသိသော ဝေဒနာရပ်ကြောင့် မျက်နှာပြင်တစ်ခုလုံးလည်း ပူရှိန်းရှိန်းဖြစ်လာသည်။

လူစိမ်းတစ်ယောက်၊ ပြီးတော့ ဆန့်ကျင်ဘက် လူသားတစ်ယောက်က သူ့ဘဝကြီးတစ်ခုလုံးကို မိမိထံ အပ်နှင်းနေသည်

www.burmeseclassic.com

www.burmeseclassic.com

တဲ့လား။

"ပြောလေ လမင်းစံ၊ မင်း ကျုပ်ကို လက်ထပ်နိုင်မလား၊ ကျုပ်ဘဝကြီးကို ရှင်သန်လန်းဆန်းလာအောင် မင်း တာဝန်ယူပေးနိုင်မလား"

"မပြောတတ်သေးဘူး. . . မီးကြောက်တာတစ်ခုတော့ ရှိတယ် ဘဝကို မီးထဲမှာ အပ်နှံထားပြီး နှလုံးသားက အခြားသူထံ ရောက်နေမှာမျိုးကိုတော့ မီးမလိုလားဘူး၊ အဲဒီလောက် မီး သတ္တိရှိမှာ မဟုတ်ဘူး၊ ကိုယ်စိတ်နှလုံး သုံးပါးစလုံး မီးဆီမှာ ရှိနေမယ် ဆိုရင်တော့ မီးလက်ခံနိုင်မယ်ထင်တယ်"

ဈင်မင်း လမင်းစံကို ရွှန်းရွှန်းစားစား ကြည့်လိုက်သည်၊ လမင်းစံ၏ဆိုလိုရင်းကို ကောင်းစွာသဘောပေါက်ပါသည်။

နာကျည်းခြင်းနှင့်အတူ မှီကို မမေ့မျောက်နိုင်ခဲ့သည် မှန်သော်လည်း အချစ်တို့ကတော့ နှလုံးသားအက်ကြောင်းကြားထဲ စီးဝင်ပျောက်ကွယ်သွားပြီဖြစ်လေသည်။

မှီသည် သူ့နှလုံးအိမ်အတွင်း နာကျည်းမှု ပုံဆောင်ခဲ အသွင်နှင့်သာ တည်ရှိနေသည်မို့ ရဲရဲတင်းတင်းပင်. . .

"စိတ်ချပါ မိန်းကလေးရယ်၊ ယနေ့ ဒီအချိန် ဒီနေရာက စပြီး ကျုပ်နှလုံးသားမှာ မင်းတစ်ယောက်ထဲပဲ နေရာပေးလိုက်ပြီ၊ မင်းကို ကျုပ်ဘဝ အင်ပါယာတစ်ခုလုံးကို ပိုင်စိုးတဲ့ ဘုရင်မအနေနဲ့ အပ်နှင်းပြီး ကျုပ် တန်ဖိုးထား စောင့်ရှောက်ပြီး မြတ်နိုးသွားမှာပါ လမင်းစံ"

လမင်းစံ ရင်သိမ့်သိမ့်တုန်သွားလေသည်။ ကိုယ့်ကို ရင်ခုန်ခြင်း ဖန်တီးပေးစေသော သူ့ထံမှ ချစ်စကားလှလှတို့က ထိုသူ၏ အချစ်အပေါ် အကြွင်းမဲ့ ယုံကြည်ခြင်းကို ဖြစ်စေတော့သည်မို့. . .

ရှက်သွေးဖြာ မျက်ဝန်းလေးက လူကြီးထံမှ ရုပ်သိမ်းပြီး ပင်လယ်ပြင်ဘက်သို့ လွှဲပြောင်းလိုက်သည်။

နောက်မှ. . .

"မီးစဉ်းစားဉီးမယ်လေ. . . မီးမှ ကိုကြီးရဲ့ဘဝသရုပ်မှန်ကို မသိရသေးတော့ မီးဘဝကို ပစ်စလက်ခတ် မအပ်နှင်းရဲသေးဘူးလေ"

"ဩော်. . . ဟုတ်သားပဲ၊ ကျုပ်ရဲ့ဘိုင်အိုဂရပ်ဖီ အစစ်အမှန်ကို မင်းကို သေသေချာချာ မပြောပြရသေးဘူး၊ မင်း ငပလီဟိုတယ်မှာပဲ တည်းတာလား"

"ဟုတ်. . ."

"ကျုပ်လည်း အတူတူပဲ၊ (၂၀၇)မှာ တည်းတယ်၊ မင်းကော. . ."

"(၂၀၉)မှာ"

"အိုး. . . နီးရက်နဲ့ ဝေးပါလား"

"မီးတို့က ဒီနေ့မှ ရောက်တာကိုး၊ သူငယ်ချင်းတွေ ပါတယ်"

"ကောင်းပြီလေ. . . သူငယ်ချင်းတွေကိုလည်း ဖိတ်ပါတယ်၊ ဒီညစာကို ကျုပ်ဧကာခံမယ်၊ ဩော်. . . မင်းသူငယ်ချင်းက ဘယ်နှစ်ယောက်လဲဆိုတာ ပြောထားဉီး"

"မီးနဲ့ဆို စုစုပေါင်း (၆)ယောက်တောင် ကိုကြီးရဲ့"

"ရပါတယ်. . . ဒါထက် ကျုပ်အကြောင်း မင်း သေသေချာချာ နားထောင်ဉီး"

"ဟုတ်. . ."

"ကျုပ်နာမည်က ဈင်မင်းတဲ့၊ ဇာတွဲနဲ့ ဇင်တာ မဟုတ်ဘူး

www.burmeseclassic.com

www.burmeseclassic.com

နော်၊ ဈေးနဲ့ ဈင်တာ"

"ရှင်..."

"အလုပ်ကတော့ နိုင်ငံခြားရေကြောင်းကုမ္ပဏီလိုင်းက စက္ကင်းအင်ဂျင်နီယာပဲ"

"ရှင်..."

လမင်းစံ အံ့သြခြင်းနှင့်အတူ နှုတ်ခမ်းလေး စုဝိုင်းသွားရသည်။

"ဒါ ကျုပ် Visiting Card ပါ။ မင်းသူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးတဲ့အခါ မင်းဂုဏ်မငယ်စေရပါဘူး"

လမင်းစံ ပျော်ရွှင်သွားသည်။ ချစ်ခြင်းမှာ ဂုဏ်ပကာသနတို့က အဓိက မဟုတ်သော်လည်း ကံကြမ္မာက ပေးလာသော ဂုဏ်ဒြပ်ကလည်း မိမိဘဝကို ဂုဏ်တင်စေသည်မို့ မိမိအသိုင်းအဝိုင်းဘက်၌ ဂုဏ်မငယ်စေတော့။ ရင်ကော့ပြီး မိမိချစ်သူက ဘာကောင်ကြီးဆိုတာကို ရဲရဲရင့်ရင့် ပြောဝံ့ပြီပေါ့။

ဒါဟာ မိန်းမတစ်ယောက်အတွက် အရေးအပါဆုံးသော ကံတရားတစ်ခုပင် မဟုတ်ပါလား။

လမင်းစံ ဈင်မင်းကမ်းပေးသော Visiting Card ကို ကြည့်ကာ ရင်တွင်း ပီတိလှိုင်းလေးက ငပလီကမ်းစပ် လှိုင်းများနှင့် အပြိုင် ဂယက်ထသွားလေတော့သည်။



အခန်း(၂၇)

လရောင်ရိပ်က ငပလီ ပင်လယ်ပြင်ထဲ ရေချိုးဆင်းနေလေသည်။

လရောင်ဆမ်းထားသော သဲသောင်ပြင်ကြီးကလည်း သင်ဖြူးခင်းသည့်နှယ် ကျယ်ကျယ်ပြန့်ပြန့် လင်းလင်းလက်လက်။

ပင်လယ်ကဗီးပင်ကြီး၊ အုန်းပင်ကြီးနှင့် ပုန်းညက်ပင်တို့ကလည်း ပင်လယ်လေတွင် အဝေ့ ယိမ်းထိုးရင်း ကမ်းရိုးတန်းသံစဉ်တို့ဖြင့် "တရှိန်ရှိန် တရဲရဲ" အော်မြည်ဟစ်ကြွေးလျက်။

သဘာဝတရားတွေက ချစ်သူတို့၏ရင်တွင်း ချစ်သံစဉ်တို့ကို ထုတ်နှုတ်ယူလောက်ရအောင် ဆွဲဆောင်နေလေသည်မို့...

www.burmeseclassic.com

www.burmeseclassic.com

အုန်းပင်အောက် ခုံတန်းလျားလေးမှ ချစ်သူစုံတွဲ မျက်နှာချင်း ပူးကပ်ရာ အတန်ကြာတော့မှ ခွာလိုက်ကြပြီး ခေါင်းတစ်လုံးပိုမြင့်သော ယောကျ်ားသား၏ပခုံးထက်သို့ နွဲ့သော မိန်းမသားလေးက ခေါင်းမှီတင်ကာ နားခိုလိုက်သည်။

"ကိုကြီး"

"ဘာလဲ ချစ်လေး. . . ပြောလေ"

"ဒီည မေဆီ ဖုန်းဆက်ရင် မီး ကိုကြီးအကြောင်း ဖွင့်ပြောလိုက်တော့မယ်နော်"

"ပြောလိုက်ပေါ့ ချစ်လေး၊ ကိုယ်လည်း မေမေတို့ကို ဖွင့်ပြောလိုက်တော့မယ်၊ သူတို့ အရမ်းဝမ်းသာသွားမှာပဲ၊ အစ်မကလည်း အိမ်ထောင်မပြုတော့ မျိုးဆက်ပြတ်ကုန်တော့မှာပဲဆိုပြီး ကိုယ့်ကို အရမ်းကို မိန်းမယူစေချင်နေတာ"

"ကိုကြီးက ဘာလို့ မယူခဲ့တာလဲ"

စျင်မင်း သက်ပြင်းချလိုက်သည်။ နာကျည်းနေသည့်ကြားက မေမရသော ချစ်ဦးသူကို မြင်ယောင် သတိရလိုက်သည်နှင့် ရင်အစုံက စူးစူးနှင့်နင့် နာကျင်သွားရလေသည်။

"ချစ်ဦးသူရဲ့သစ္စာဖောက်ခြင်းကို နှစ်ခါပြန်တောင် ခံစားလိုက်ရတဲ့သူတစ်ယောက်မို့ မိန်းမတွေကို မယုံကြည်တော့သလို ဖြစ်သွားပြီး လက်ထပ်ယူဖို့ ဘဝကို ပုံအပ်ဖို့ကို စိတ်မပါတော့တာ"

"မီးကိုကျတော့ကော"

"ချစ်လေးကိုကျတော့ ကိုယ့်ရင်ခွင်ထဲ ထာဝရ ထွေးပွေ့ထားချင်တဲ့ ခံစားချက်က သူ့အလိုလို ဝင်ရောက်လာတာ၊ ချစ်မြတ်နိုးစိတ်လေး လျှပ်တစ်ပြက် ဝင်ရောက်လာတာ၊ မီးကို ရထားပေါ်မှာ မြင်မြင်ချင်း ကြွေသွားခဲ့တာ"

"အဟုတ်"

လမင်းစံ ကျေနပ်စွာဖြင့် ပြုံးရယ်ရင်း သူ့အား ကြည့်ကာမေးတော့ သူ အသဲယားစွာဖြင့် ပါးချိုင့်ကလေး ခွက်ဝင်နေသော ပါးပြင်မို့မို့ နှစ်ဖက်စလုံးကို ဘယ်ပြန်ညာပြန် မွှေးကြူလိုက်မိလေသည်။

"ဟုတ်မှန်ကြောင်း တံဆိပ်နှိပ်ပေးတာလေ"

"အိုး. . ."

ခန္ဓာကိုယ်နှစ်ခု ပူးကပ်သွားပြန်သည်။

လမင်းကြီးက ရှက်သည်ထင့်၊ တိမ်တိုက်တစ်ခုအောက် ပြေးဝင်ခိုလှုံလိုက်သည်။ သို့သော် တိမ်လွှာက ပါးပါးတိုတိုမို့ လမင်းက ရှက်ပြုံးနှင့် လင်းလက်လာပြန်သည်။

နွေးထွေးပြီး ရင်သိမ့်တုန်မှုကို ဖန်တီးပေးသည့် ရင်ခွင်ကြီးမှ ရုန်းမထွက်ချင်သေးပါသော်လည်း လရောင်က မြင့်တက်လာသည်မို့ ညသန်းခေါင်သို့ ကပ်လာပြီဟု သတိထားမိလိုက်သည်မို့ လမင်းစံ စျင်မင်းရင်ခွင်မှ အသာအယာ ရုန်းထွက်ကာ. . .

"ပြန်ကြစို့ ကိုကြီး၊ မေမေ့ဆီ ဖုန်းဆက်ရဦးမယ်"

"အိုကေ. . . ခဏာ"

နှုတ်ဆက်အနမ်းက နှင်းဆီငုံလွှာ နှုတ်ခမ်းထက်သို့ ကျရောက်ခြင်းကို လမင်းစံ ထူပူလှိုက်မောစွာ ခံယူပြီးနောက် မျက်နှာချင်း အခွာတွင် ကတုန်ကယင်ကြီး ဖြစ်ကာ ကိုကြီးလက်မောင်းကို ခိုတ်တွယ်ခိုမှီကာ လိုက်ပါခဲ့လေသည်။

ငပလီဟိုတယ်တစ်ခုလုံး အိပ်မောကျသူ၊ ကစားသူ၊ ယမကာ မှီဝဲနေသူများနှင့် သက်ဝင်လှုပ်ရှားနေဆဲဖြစ်သည်။

သူငယ်ချင်းတွေနှင့် ညစာစားပြီးကတည်းက လင်မယားခွဲလိုက်

www.burmeseclassic.com

www.burmeseclassic.com

သည်။ သူ့သူငယ်ချင်း ကိုယ့်သူငယ်ချင်းအားလုံးက အလိုက်တသိ သူတို့နှစ်ဦးကို ရှောင်ရှားပေးသည်။

သူတို့ချစ်သူနေ့အတွက် ကြိုဆိုပေးသည်။ လမင်းစံကလည်း ကိုကြီးအချစ်ကို အကြွင်းမဲ့ ယုံကြည်စွာဖြင့် ခေါင်းညိတ်ခဲ့လေသည်။

လမင်းစံနှင့် သူငယ်ချင်းများ အခန်းတံခါးဝအထိ ဖျင်မင်းက ပို့ပေးပြီး. . .

"ဝင်တော့ ချစ်လေး. . . ဂွတ်နိုက်"

"ဂွတ်နိုက် ကိုကြီး"

လက်ချင်း တင်းတင်းဆုပ်ထားရာမှ မခွါချင်ခွါချင်ဖြင့် ကိုကြီးက လွှတ်ပေးလိုက်သည်။

လမင်းစံ အခန်းတံခါးကို ဖွင့်ဝင်အပြီး တံခါးကို လျင်မြန်စွာ ပိတ်လိုက်သည်။

အချစ်. . .

အချစ်၏နောက်တော်ပါးက ကပ်ငြိပါလာတတ်သော ဆွေငင်အားများက ကြောက်စရာကောင်းလောက်အောင် များပြားလွန်းလှသည်။ ဒါကို အသိတရားနှင့် ထိန်းချုပ်နိုင်ကာမှ တန့်ကာကျလေသည်။

တံခါးကို ကျောနှင့် မှီရင်း ပင့်သက်မောရှိုက်လိုက်မိသည်။

တော်သေးသည်။ သူ၏တုန့်လှုပ်မှုအခြေအနေကို ကြည့်ပြာနှင့်မာမာတို့က အိပ်မောကျနေသဖြင့် မတွေ့ကြ။ ဒီမိန်းမတွေတော်တော်ပဲ အိပ်,အိပ်နိုင်ကြလွန်းတယ်။

ရေခဲသေတ္တာဖွင့်၊ ရေပုလင်း ထုတ်ကာ တစ်ဖန် ခွက်ငဲ့ကာ သောက်ချလိုက်ပြီးနောက် ဖုန်းကောက်ကိုင်ကာ မိခင်ဆီသို့

တ်လိုက်လေသည်။

"ဟယ်လို မေမေ"

www.burmeseclassic.com

www.burmeseclassic.com



သမီးဆီကဖုန်းကို မျှော်နေမိသည်။ ညကိုလည်း စောစော မအိပ်တတ်။ ဆရာဝန် ပေးသော အိပ်ဆေးတွေက ဘယ်လောက် ကူကူ စောစောအိပ်မရချေ။

တရားခွေလေးတွေ နာရင်း ငြိမ်းချမ်းအောင် နေသည်။ ဝိပဿနာအလုပ်ကလေးကို မနက်တစ်ကြိမ် ညတစ်ကြိမ် ရှုမှတ်ရင်း နေတတ်အောင် လေ့ကျင့်နေရသည်။

ဆယ့်တစ်နာရီတောင် ထိုးတော့မှာပါလား။

နံရံကပ်နာရီကို လှမ်းကြည့်လိုက်ရင်း စိတ်တွင်း ရေရွတ်လိုက်သည်။ တဆက်တည်း. . .

သူငယ်ချင်းတွေနဲ့ဆိုတော့ လွတ်လွတ်လပ်လပ် ဝိုင်းဖွဲ့နေကြမှာပေါ့လေဟု တွေးကာ စိပ်ပုတီးကို လက်မှ ချလိုက်ပြီး ခေါင်းအုံးအောက် အသာထိုးထည့်ကာ အိပ်ပျော်စေရန် ကြိုးပမ်းလိုက်သည်။ ထိုအခိုက်. . .

"ကရင်. . . ကရင်. . . ကရင်"

ကုတင်ဘေး ဖုန်းစင်ထက်မှ တယ်လီဖုန်းခေါ်သံ ထွက်လာသည်။

ခါတော်မီ ရင်ထဲ လှိုက်ကနဲ ဖြစ်သွားပြီး စကားပြောခွက်ကို ကောက်ကိုင်ကာ ထူးလိုက်သည်။

"ဟယ်လို. . . "

"ဟယ်လို မမေ. . . မီးပါ"

"သမီး. . . ချောချောမောမောပဲလား အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့. . . ပြေပါတယ်"

"ဖျော်ရဲ့လား"

"ဖျော်တယ်. . . အရမ်းဖျော်တာပဲ"

သမီးအသံက ရွှင်ပျနေသည်။ ဖျော်ရွှင်ခြင်းတွေ သမီးထံ ဆိုက်ရောက်နေသည် ထင်ပါရဲ့။

"နေကောင်းတယ်နော်"

"ကောင်းပါတယ်. . . မမကော နေကောင်းရဲ့လား၊ ဆေးမှန်မှန်သောက်ရဲ့လား"

"သောက်ပါတယ်. . . သမီးဖုန်းကို စောင့်နေတာ"

"မီးလည်း ညစာစားပြီး လမ်းလျှောက်ထွက်နေတာနဲ့ ခုမှ ဖုန်းဆက်ဖြစ်တယ်၊ မမေ အိပ်ချင်ပြီလား"

"မအိပ်ချင်သေးပါဘူး. . . ဒါပေမယ့် သမီးနဲ့ ဖုန်းပြောပြီး

www.burmeseclassic.com

www.burmeseclassic.com

ရင်တော့ မမေမေအိပ်တော့မယ်၊ အစားအသောက် ဂရုစိုက်နော် ငရုတ်သီးတွေ သိပ်မစားနဲ့၊ ပင်လယ်စာ စားပြီးတိုင်း အုန်းစိမ်းရေ လေး သောက်သောက်ပေး၊ သိလား သမီး"

"ဟုတ်ကဲ့ပါ. . . မမေမေ့ကိုတော့ အကုန်လုံး သမီး လိုက်နာပါတယ်၊ မီးပြန်လာရင်လေ မမေမေကို ပြောစရာ စကား တွေ အများကြီး ပါလာမှာ"

ခါတော်မီ ရင်ထဲ ဒိန်းကနဲ ဖြစ်သွားသည်။ သမီးသွားရင်း လာရင်း ချစ်သူတွေဘာတွေများ တွေ့နေပြီလား၊ ဘုရား ဘုရား၊ လူတော်လူကောင်းနဲ့မှ တွေ့ပါမလား။

သမီးရှင်၏ပူပန်မှုက စိုးရိမ်စိတ်ကို ဖြစ်ထွန်းစေသည်၊

"ဘာများလဲ သမီး"

"ဟင်. . . ဖုန်းထဲ ပြောချင်ဘူး၊ အိမ်ရောက်မှ မမေမေကို သေသေချာချာ ပြောပြမယ်၊ မေ နေကောင်းအောင် နေနော်၊ ဒါပဲနော်. . . မမေအိပ်တော့၊ မီးလည်း အိပ်တော့မယ်. . . ဘိုင့်ဘိုင့်"

"အေး. . . အေး"

ခါတော်မီ ဖုန်းခွက်ကို ရုတ်တရက် မချမိ။ သမီးအတွက် သူ့မှာ ဖခင်တာဝန်ကော မိခင်တာဝန်ကော ရှိနေလေသည်။

မိန်းမသားတစ်ယောက်အတွက် ဘဝမှာ အရေးအကြီးဆုံး တစ်ခုလို ဖြစ်နေသော "အိမ်ထောင်ရေး" အတွက် သွားလေသူ သမီးဖခင် ဒေါက်တာအောင်စံ တမလွန်မှ မငြိုငြင်ရလေအောင် သူ အကောင်းဆုံး ကြိုးပမ်းပေးရမည်။

"တီတီ. . . တီတီ. . . တီတီ"

ဖုန်းမှ မြည်သံကြောင့် ခါတော်မီမှ ဖုန်းခွက်ကို ပြန်ချရန် သတိရလိုက်သည်။

"ဟင်းကနဲ" သက်ပြင်းကို ချလိုက်သည်။

တောင်တွေးမြောက်တွေးနှင့် တော်ရုံနှင့် အိပ်မပျော်။

သူ့အတွေးထဲ၌ လမင်းစံဖခင် ပါသလို ငယ်စဉ်က ချစ်ဦး သူ မောင်လည်း ပါဝင်လေသည်။

မောင်တစ်ယောက် ခုလောက်ဆို အိမ်ထောင်ကျပြီး သားသမီးတွေတောင် ထွန်းကားနေလောက်ပြီ။

ကိုတစ်ယောက်ကော ဘယ်ဘဝ ရောက်နေပြီလဲ စသည် ဖြင့်. . . ။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂၉)

(၂)ညအိပ် (၃)ရက်ခရီးစဉ် လမင်းစံတို့အုပ်စုနှင့် (၃)ညအိပ် (၄)ရက် ခရီးစဉ် ဈင်မင်းတို့အုပ်စု လေယာဉ်တစ်စီးတည်း အတူပြန်လာခွင့် ကြုံခဲ့လေသည်။

ချစ်သူစုံတွဲအသစ်စက်စက်လေးမို့ ဈင်မင်းနှင့် လမင်းစံ ပူးတွဲထိုင်ကြသည်။

"မေမေ လာကြိုမယ်တဲ့ ကိုကြီး၊ တခါတည်း မိတ်ဆက်ပေးမယ်နော်"

"အမေကို ပြောထားပြီးလို့လား"

ဈင်မင်း သိထားသည်က လမင်းစံသည် မုဆိုးမ မိခင်နှင့် အမေတစ်ခု သမီးတစ်ခု နေထိုင်သည်။ ဆေးတက္ကသိုလ် ပြီး၍ တာဆေးသိပ္ပံ ဆက်တက်နေသည်ဟုသာ. . .။

"ညကတော့ မေမေ့ကို မီးဘဝအတွက် အရေးပါတဲ့ သောက်ဖော်လေးမိတ်ဆွေတစ်ဦးနှင့် မိတ်ဆက်ပေးမယ်လို့"

"သူငယ်ချင်း မဟုတ်တော့ဘူးလား"

"ဘင်္ဂလားသူငယ်ချင်းလေ. . ဟင်း. . ဟင်း"

ရယ်လိုက်သည်အခါတိုင်း ပါးချိုင့်ကလေး ခွက်ဝင်ပြီး သွားဆက်ကလေးများ လှစ်ကနဲ ပေါ်သွားသည်က မချင့်မရဲ ဖျစ်ညှစ်ချင်စရာမို့ ဈင်မင်း လက်ညှိုးလေးနှင့်သာ နီးစပ်ရာ ပါးချိုင့်လေးကို ခပ်ဖွဖွ တို့လိုက်မိသည်။

"ကိုကြီးနော်"

ဘေးဘီကို ကြည့်ပြီး ရှက်သွေးဖြာသွားသည်။ နောက်ခုံမှ သူငယ်ချင်းတွေက "အဟမ်း. . . အဟမ်း" ဟု လုပ်ချောင်းသံ ပေးသည်ကို။

ဇော်ဝင်းတို့သားအဖကလည်း ဘေးတိုက်နေရာမှာမို့ မြင်မှား မြင်သွားလေမလားဟု လမင်းစံ ရှက်ရွံ့မိလေသည်။

"အစ်ကိုကြီးကိုကော ဘယ်သူလာကြိုမှာလဲ"

"ဇော်ဝင်းညီ လာကြိုလိမ့်မယ်"

"အိမ်ရောက်ရောက်ချင်း ဖုန်းဆက်ကြေးနော် ကိုကြီး"

"စိတ်ချပါ. . . ဖုန်းလည်း ဆက်မယ်၊ အိမ်လည်း လာလည်မယ်၊ ပြီးတော့ ယောကျ်ားမကြီးနဲ့ ရက်ညှိနှိုင်းပြီး မိဘတွေ ခေါ်ပြီး လာကြောင်းလမ်းမယ်၊ လက်ထပ်ရက် အမြန်ဆုံး သတ်မှတ်မယ်"

လမင်းစံ မငြင်းဆန်ချင်တော့၊ ချစ်မိကြပြီဆိုတော့လည်း

www.burmeseclassic.com

www.burmeseclassic.com

ချစ်သူနှင့် အတူတကွ လက်ထပ်ပေါင်းသင်းနေထိုင်သွားချင်ကြတာ ချစ်သူတွေရဲ့သဘာဝပေပဲ။

"ကျေနပ်ပါတယ်နော်"

"ကိုကြီးသဘောလေ"

"ချစ်လေးသဘော မပါဘူးလား"

"ဟွန်း. . . အတူတူပဲပေါ့"

"ချစ်လေးအမေက သဘောမတူရင်ကော"

"တူမှာပါ . . . မေမေက ပြောတယ်၊ သမီးအသက် အစိတ်တောင် ရှိပြီ၊ သမီးမှာ ချစ်သူရှိတယ်ဆိုရင် မေမေကို သူငယ် ချင်းလို ညီအစ်မလို တိုင်ပင်နိုင်တယ်၊ ဒါမှ မေမေလည်း ဝိုင် စဉ်းစားပြီး လက်ထပ်ပေးသင့် လက်ထပ်ပေးမယ်၊ သမီးကလည် အခါမလင့်စေနဲ့ဆိုတဲ့ ရှေးလူကြီးတွေစကား ရှိတယ်လေတဲ့၊ မေမေ့ မီးက သူငယ်ချင်းလိုပဲ နေခဲ့တာ ကိုကြီးရဲ့"

လမင်းစံက မိထွေးဟု ပြောမထွက်သေး။

မေမေကို ကိုကြီးမြင်တွေ့သွားက အံ့အားသင့်သော မျက်လုံးပြူးကြီး ဖြစ်သွားမှာကို မြင်ယောင်ကြည့်ရင်း စိတ်ကူးဇ သဘောကျနေမိသည်။

"ကောင်းပါတယ်. . . ကိုယ့်မိဘတွေကတော့ ချစ်လေးကို တွေ့ရင် အရမ်းသဘောကျသွားမှာပါ၊ သူတို့သားကိုလည်း အခွေ တော်လေခြင်းဆိုပြီး ချီးကျူးနေမှာ မြင်ယောင်သေးတယ်"

လေယာဉ်ပေါ်တွင်လည်း စကားတွေ ပြောမကုန်၊ ငပင် သောင်ပြင်ကြီး နားပိတ်ထားရလောက်အောင်လည်း စကားတွေ ပြောခဲ့ကြသေးသည်။

လေယာဉ်မယ်တစ်ဦးက မကြာခင် မင်္ဂလာဒုံလေဆိပ်

ဆင်းသက်မှာမို့ လုံခြုံရေးခါးပတ်များ ပတ်ထားရန် ပြောတော့မှ. .

"အို. . . မြန်လိုက်တာ၊ ရောက်တောင်နေပြီလား"

လမင်းစံ ခါးပတ်,ပတ်ရင်း ညည်းတွားသလို ပြောလိုက် သည်။ ဈင်မင်းက ချစ်သူမျက်နှာလှလှလေးကို တစ်ချက်စွေကြည့် လိုက်ပြီး ခါးပတ်,ပတ်လိုက်သည်။

"ရန်ကုန်ဘူတာကြီးမှာ လမ်းခွဲလိုက်တုန်းကတည်းက ကိုယ့်ရင်မှာ ဟာတာတာကြီးဖြစ်ပြီး ချစ်လေးကို ဆွဲထားမိမှာစိုလို့ အမြန်ဆုံး ထွက်ပြေးခဲ့တာကို ပြန်မှတ်မိတယ်"

"သွား. . . လူဆိုး၊ မီးကို ထားခဲ့ပြီးတော့မှား"

"ခုတော့ ချစ်လေးလက်ကို ဆွဲထားပါရစေ၊ ဘယ်လို အကြောင်းနဲ့မှ ကိုကြီးလက်ကို မဖြုတ်လိုက်ပါနဲ့နော်"

ဈင်မင်းရင်ထဲ စိုးရိမ်မှုက ကြီဖန်ဝင်ရောက်လာသည်။

သူ့သမီးထက် အသက်ဆယ်နှစ်ကျော် ကြီးသည်ဟုများ အပြစ်ရှာလေမလားဟုလည်း ကြီဖန်ကာ စိုးရွံ့စိတ်လေး ဖြစ်ပေါ် နေမိသည်။

"စိတ်ချပါ ကိုကြီး၊ မီးဘဝမှာ ကိုကြီးလက်ကို ပထမဦးဆုံး ဆွဲမိခြင်းပါ"

ထိုအချိန် လေယာဉ်က သိမ့်ကနဲ ဖြစ်သွားသည်။ လေ ယာဉ်ဘီး လေယာဉ်ပြေးလမ်းနှင့် ထိတွေ့လေပြီဟု သဘောပေါက် မိတော့ နှစ်ဦးစလုံး၏ရင်ခွင်လည်း တသိမ့်သိမ့် လှုပ်ရှားလာကြ သည်။

လမင်းစံ ရင်ခွင် မေမေ ကိုကြီးနှင့်မှ သဘောတူပါ့မလား ဟူသော ကြောင့်ကြစိတ်။

ဈင်မင်းကလည်း ချစ်သူ၏မိခင် ယောကျ်မလောင်းကို

www.burmeseclassic.com

www.burmeseclassic.com

တွေ့ရတော့မည်ဆိုတော့ စိတ်လှုပ်ရှားမိစိတ်တို့ အသီးသီး ဖြစ်ပေါ်လျက်ရှိလေတော့သည်။



အခန်း(၂၀)

ခါတော်မီ လေယာဉ်ဆိုက်ရောက်ရာ ခရီးသည်များ ဝင်ပေါက်နားဌ စောင့်နေရင်း အတွေးများ ပွားနေမိသည်။

"မီးရဲ့အထူးမိတ်ဆွေကြီးနဲ့ မေမေကို မိတ်ဆက်ပေးရမယ်၊ မေ လေဆိပ်ကို လာကြိုမှာလား၊ လာကြိုရင် တစ်ခါတည်း မိတ်ဆက်ပေးမယ်"

"ပြီးမှ မေမေကို အကြောင်းစုံ ပြောပြမယ်နော်၊ မေမေ ခွင့်ပြုရမယ်နော်"

လမင်းစံ၏ ဖုန်းထဲမှ ပဟေဠိလေးတွေကြောင့် ခါတော်မီ စိုးရိမ်ရသည်။ ဒီကလေးမ ငယ်ငယ်မှာ ဖူးစာရှင် တွေ့နေပြီလား။

www.burmeseclassic.com

www.burmeseclassic.com

လူတော်လူတောင်းမှ ဟုတ်ပါ့မလား။

အရွယ်ရောက်လာပြီး ပညာအားဖြင့်လည်း သင့်တင့်လျောက်ပတ်သော ဘွဲ့တစ်ခုတော့ ရထားပြီ။ အိမ်ထောင်ပြုသင့်သည့်အရွယ်မို့လို့ သူကိုယ်တိုင်ကပင် ချစ်သူထားခွင့်ပြုထားသည်။

တကယ်တမ်း လမင်းမှာ ချစ်သူရှိလာပြီဆိုပြန်တော့လည်း ရင်မှာ မငြိမ်းချမ်းနိုင်သေး။

ဘယ်လိုလူမျိုးနည်း။ မိမိသဘောမတူနိုင်သောလူမျိုး ဖြစ်လို့ကတော့. . . ။

ဟင်းကနဲ နေအောင် သက်ပြင်းချလိုက်မိလေသည်။

လေယာဉ်မှ ခရီးသည်များ ဝင်ရောက်လာကြသည်။

လမင်းစံကို လှမ်းတွေ့လိုက်ရသည်နှင့် ခါတော်မီ ခြေလှမ်းတို့ သွက်လက်စွာ လှုပ်ရှားလိုက်ရာမှ ရုတ်တရက် ရပ်တန့်သွားသည်။

"ဟင်. . "

ခေါင်းက အိုးထိန်းစက်ဝိုင်းသဖွယ် ချာချာလည်သွားရာ အနီးရှိ ခုံတန်းကို လှမ်းကိုင်ရင်း တည်ငြိမ်မှုကို ကြိုးပမ်းလိုက်သည်။

သမီး လမင်းစံနှင့် ယှဉ်တွဲလိုက်ပါလာသောသူကို မြင်တွေ့လိုက်ရခြင်းကြောင့် သူ၏တည်ငြိမ်နေသော ကန့်ရေပြင်ကို ခဲကျသွားသဖြင့် ဂယက်ဝိုင်း ထသွားသည့်နှယ် သူ့နှလုံးသားလှိုင်းတို့ ဂယက်လှိုင်းထသွားရလေသည်။

"မဟုတ်ပါစေနဲ့"

သမီးနှင့် ပတ်သက်သူ မဟုတ်ပါစေနဲ့ဟု ဆုတောင်းနေမိသည်။ မိမိကို မြင်တွေ့သွားမှာ စိုးရိမ်ကြောက်၍ ပုန်းစရာနေရာရှာဖွေစဉ်မှာပင်. . .

လမင်းစံက သူ့အား တွေ့မြင်သွားလသေည်။

"ဟော. . . ဟိုမှာ မေမေ"

လမင်းစံက ဈင်မင်းလက်ကို ဆွဲလျက် မိခင်ရှိရာသို့ သွက်သွက်အလှမ်းတွင် ဈင်မင်း လိုက်ပါရင်း လူအုပ်ကြားမှာ ထင်းကနဲဖြစ်နေသော အမျိုးသမီးတစ်ဦးကို တွေ့မြင်လိုက်သည်နှင့် တပြိုင်နက်ဆိုသလို သူ့ခြေလှမ်းတို့ လေးလံသွားသည်။ ရင်ဝယ် နာကျင်ဝေးရှမှုကြောင့် လက်ရှိအနေအထားကိုပင် မေ့လျော့သွားသည်။

သူ့ချစ်ဦးသူ "မို့" ။

ဖြူဖွေးသော မျက်နှာနှင့် ရီဝေနေသော မျက်ဝန်းအစုံနှင့် သူတို့အား ကြောင်ကြည့်နေသော "မို့" ။

"မေမေ. . . "

အနားရောက်တော့ လမင်းစံက သူ့လက်ကို ဖြုတ်ကာ မို့အား ပြေးဖက်လေသည်။

"ဟင်. . . "

ယခုမှ သူ ကြက်သေ,သေသွားသည်။

လမင်းစံရဲ့အမေက "မို့" လား။ မိထွေးပဲဖြစ်မည်။ မို့နောက်အိမ်ထောင်က မုဆိုးဖိုဟုသာ သိထားပြီး မို့နဲ့ ပတ်သက်ပြီး မျက်စိပိတ် နားပိတ် နေခဲ့သော သူ့အတွက် ကံကြမ္မာက ဘယ်အပြိုးနဲ့များ နှိပ်စက်နေသည်မသိ။

"မေမေ. . . မီးရဲ့ကိုကြီးလေ"

လမင်းစံက ဘာမှ မသိရှာပါလား။ မိခင်ကိုယ်မှ ခွာလိုက်ပြီး သူ့ဘက်သို့ လှည့်ကာ သူ့လက်ကို ဆွဲခေါ်ပြီး မိခင်နှင့် မိတ်ဆက်ပေးသည်။

"ကိုကြီး. . . ဒါ မီးရဲ့မေမေ ဒေါ်ခါတော်မီတဲ့၊ မေမေ. . .

www.burmeseclassic.com

www.burmeseclassic.com

မီးရဲကိုကြီးပါ. . . . ဦးစျင်မင်းတဲ့၊ သင်္ဘောလိုက်တယ်၊ စတွင်အင်ဂျင်နီယာပါ။ မီးတို့က အခုမှ တွေ့တာ မဟုတ်ဘူး၊ ယမင်းတို့ခင်တအပြန် ရထားပေါ်မှာကတည်းက သိကျွမ်းခဲ့တာ"

လမင်းစံကတော့ တက်ကြွပျော်ရွှင်စွာဖြင့် စကားကြွယ်လောက်သလောတ် ခါတော်မီနှင့်စျင်မင်းမှာ မျက်စိမျက်နှာ ပျက်သွားမှုကို ပြန်လည်ဆယ်တင်ရန် ကြိုးပမ်းနေစဉ်မှာပင် ဇော်ဝင်းက အနားရောက်လာပြီး. . .

"ဟင်. . . ခါတော်မီ"

တအံ့တသြ နှုတ်ဆက်လိုက်သဖြင့် လမင်းစံ တွန့်ကဲဖြစ်သွားပြီး. . .

"ဟင်. . . ဦးဇော်က မမေ့ကို သိတယ်"

စျင်မင်းက ဇော်ဝင်းပခုံးကို ပုတ်လိုက်ပြီး. . .

"သွားရအောင် ဇော်ဝင်း၊ ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

"ဟင်. . . ကိုကြီးကလည်း ဧည့်ဦးလေ"

ဟန်ဆောင်ပြုံးပြဖို့တောင် အင်အားဆုတ်ယုတ်သွားသလို ဖြစ်နေသော စျင်မင်းအတွက် ဒီထက်ပိုပြီး စကားပြောချင်စိတ် မရှိတော့။

သူ့ဘဝ ဒီလောက်တောင် ချစ်ခဲရသလား။

မီးလောင်ကျွမ်းငုတ်တိုလို ဖြစ်နေသော နှလုံးသားက အညှောင့်သစ်လေး ပေါက်ကာစ ရှိသေးသည်။

ထိုအညှောင့်သစ်လေးကလည်း သစ္စာမဲ့ ချစ်ဦးသူနှင့် ဆက်နွယ်နေပါလား။

ရက်စက်လိုက်တဲ့ကံကြမ္မာ။

ဝဋ်ကြွေးရှိရင်လည်း ပြေပါစေတော့။

ဇော်ဝင်းက သက်ပြင်းချိုက်ရင်း. . .

"မင်းတို့ဟာကလည်းတွာ. . . ဘယ်လိုလုပ်ကြမလဲ"

"လောလောဆယ် ဘာမှ မစဉ်းစားသေးဘူးကွာ. . . ရင်နာလွန်းလို့ပါ"

ဇော်ဝင်းလည်း အလိုက်တသိ ဘာမှ မမေးတော့ချေ။ ညီဖြစ်သူကိုသာ. . .

"ကိုစျင်အိမ်ကို အရင်ပို့မယ် ညီလေး"

စျင်မင်းက ကားရှေ့ခန်းတွင် လိုက်ပါသွားလေသည်။

စျင်မင်း လိုက်ပါသွားသော ကားကို မျက်စိတဆုံး ငေးကြည့်ရင်း ခါတော်မီ ရင်ထဲ မီးတောက်၍ ကျန်ရစ်ခဲ့သလို. . .

လမင်းစံမှာလည်း သူငယ်ချင်းများနှင့် စကားပြောရင်း လာကြိုမည့်သူတွေ ရောက်လာခြင်း ရှိမရှိကိုပါ လိုက်ရှာပေးရင်း ရင်ထဲမှာ ယောက်ယက်ခတ်လျက်ရှိလေပြီ။

မိခင်ကို ကြည့်တော့လည်း တုန်လှုပ်ချောက်ခြားဖွယ်ရာတစ်ခုကို မြင်တွေ့လိုက်ရသည့်အလား သွေးဆုတ်သွားသည့်နှယ် ဖြူဖတ်ဖြူလျော်ဖြစ်ကာ ကားထဲ အရုပ်ကြိုးပြတ်သည့်အလား ထိုင်နေရှာသည်၊

လမင်းစံ သိလိုက်သည်က မေမေ ကိုကြီးနှင့် ဦးဇော်ဝင်းတို့၏ မျက်လုံးများသည် သိကျွမ်းနေကြသည်။ သို့သော် တုန်လှုပ်နေကြသည်။ အံ့သြသွားကြသည်ဟု ဖတ်လို့ရနေသည်။

အိမ်ရောက်မှ မိခင်ကို သေသေချာချာ မေးတော့မည်၊

"ဟောဟိုမှာ တွေ့ပြီ"

လာကြိုမည့်သူ ရှာမတွေ့သေးသော မာမာအတွက် မိဘာမောစွာ ငိုင်းရှာပေးရာမှ လာကြိုသူ မာမာဒေါ်လေးကို ပုတက်

www.burmeseclassic.com

www.burmeseclassic.com

တက်နှင့် လူကြားထဲ ပျောက်ကွယ်နေရာမှ လှမ်းတွေ့လိုက်ရလေတော့သည်မို့ အားလုံးစိတ်အေးသွားပြီး အသီးသီး လမ်းခွဲလိုက်ကြသည်၊

လမင်းစံ ကားနောက်ခန်းထဲ ဝင်ထိုင်ပြီး မိခင်လက်ကို လှမ်းဆုပ်ကိုင်လိုက်သည်။

"တင်. . ."

မိခင်လက်က အေးစက်၍နေလေသည်။

"မေမေ နေမကောင်းဘူးလား"

"အင်း. . . နည်းနည်းပါ"

မိခင်အသံက လေသံမျှပင်။ လမင်းစံ လက်ချောင်းလေးများကို နွေးထွေးသွားစေရန် ဆုပ်နယ်အပေးတွင် ခါတော်မီ၏ မျက်ဝန်းမှ မျက်ရည်များက ရစ်သိုင်းဖွဲ့ဝင်လာသည်။

ခါတော်မီ မျက်တောင်ပုတ်ခတ်ကာ မျက်ရည်များကို သိမ်းဆည်းလိုက်သည်။

ရင်တွင်းမှာသာ သောကမိုးတို့ ဖွဲ့ဝင်ပါလေ။ ပြင်ပသို့ ထွက်ခွင့်မပေးနိုင်ခဲ့ဘဲ နေနေကျအာတိုင်း ဆက်နေ၊ ဆက်လက်ခံစားနေဖို့ ကြိုးပမ်းလိုက်သည်။

မိမိ၏ရုပ်ပျက်ဆင်းပျက် ခံစားမှု၊ ကြေကွဲမှုတို့ကို အပြစ်ကင်းစင်သော လမင်းစံ လုံးဝမတွေ့မြင်စေဖို့အရေး ကြိုးပမ်းရဦးမည်မို့. . .

"လူကြားထဲဆိုတော့ ငြိုးစီစီကြီး ဖြစ်သွားတာပါ၊ မေမေဘာမှ မဖြစ်ပါဘူး၊ ရတယ် သမီး"

ဟု အပြုံးတုလေးနှင့် လက်ကို ပြန်ရုပ်သိမ်းဖို့ ကြိုးစားသော်လည်း လမင်းစံက လက်ကို မလွှတ်ပါချေ။

"ရပါတယ် မေမေ၊ လက်ကလေး နွေးသွားအောင်ပါ"

လမင်းစံက မိမိဝမ်းနှင့် မလွယ်ပေမယ့် တကယ့်သမီးအလိမ္မာလေးပါလေ။ ထို့ကြောင့်. . .

www.burmeseclassic.com

www.burmeseclassic.com



လမင်းစံ မေးလာမည့်မေးခွန်းများကို ဖြေရန် ခါတော်မီ စိတ်ပင်ပန်းခြင်းကြီးစွာဖြင့် အရှိန်ယူနေရသည်။

လူ့ဘဝသက်တမ်းက တိုတိုလေးပါ။ ဒီသက်တမ်းကာလမှာ ကြုံတွေ့ခဲ့ရသော အချစ်ရေးနှင့် အိမ်ထောင်ရေးမှာ ကံခေလွန်းလှသည်။

ဘယ်ဘဝ ဝဋ်ကြွေးများကြောင့် ချစ်ကံခေရလွန်းတဲ့သူဘဝကို ရရှိရသနည်း။

ဝဋ်ကြွေးရှိရင် ဒီဘဝနှင့် အကျေပေးဆပ်ပါရစေတော့ဟု သာ ရင်ထဲမှနေ၍ ဘုရားရှင်ထံ အခါခါ အလီလီ ဆုတောင်းနေမိ

သေသည်။

"မေမေ"

"ဘာလဲ သမီး"

မိခင်မျက်နှာအရိပ်အကဲကို ကြည့်နေသော လမင်းစံက မေးသင့်မမေးသင့် အတန်ကြာ အရှိန်ယူပြီးမှ ငြိမ်သက်နေသော မိခင်ကို စကားစရန် အားယူပြီး ခေါ်လိုက်လေသည်။

"မေမေ. . . ဦးစွင်မင်းနဲ့ ဦးဇော်ဝင်းတို့နဲ့ ဘယ်လို ပတ်သက်နေတာလဲဟင်"

ခါတော်မီ ပင့်သက်ရှိုက်လိုက်သည်။ ရင်ထဲမှာလည်း အဖြေတစ်ခုအတွက် ကြိုတင်ပြင်ဆင်ထားပြီးဖြစ်သဖြင့်. . .

"မေမေ မဖြေခင် သမီးကို မေးခွန်းအရင်မေးရဦးမယ်"

"မေးပါ မေမေ"

မြို့နေကြတာထက်စာလျှင် ပွင့်လင်းကြပြီး အဖြေတစ်ခု ဆာလိုက်တာ အကောင်းဆုံးဖြစ်မည်ဟု ခါတော်မီ ယူဆလိုက်သည့် အလျောက်. . .

"သမီးနဲ့ ဦးစွင်မင်းရဲ့အခြေအနေက ဘယ်လိုလဲ"

"သမီးတို့ ချစ်သူတွေ ဖြစ်သွားကြပြီ မေမေ"

ကြိုတင်တွက်ဆထားပြီးမို့ ခါတော်မီ မတုန်လှုပ်သော်လည်း ရင်ထဲမှာတော့ ပူလောင်သွားသည်။ သမီးအတွက် စိုးရိမ်သွားသည်။

"သူက သမီးကို အမှန်တကယ် လက်ထပ်မယ်လို့ ကတိပေးပြီလား"

"ဟုတ်. . . ပေလီကအပြန် မိဘတွေကို ဖွင့်ပြောပြီး တစ်ခါတည်း လာရောက်ကြောင်းလမ်းမယ်တဲ့၊ မီးဘက်က မိန်း

www.burmeseclassic.com

www.burmeseclassic.com

ကလေးရှင်မို့ မျက်နှာမငယ်စေရပါဘူးတဲ့"

မိမိကို စိတ်နာပြီး အတွဲမှားကာ လေလွင့်နေသည်ဟု သိထားသော စျင်မင်း၏အတိတ်ရာဇဝင်ကို သမီးသိပါလေစ။

ခါတော်မီ သက်ပြင်းချလိုက်ပြီး. . .

"သူ့ရဲ့နောက်ကြောင်း သမီးသိရဲ့လား"

"ကိုကြီးပြောတာကတော့ သူဟာ ရည်းစားဦးရဲ့ သစ္စာဖောက်မှုကို နှစ်ကြိမ်တိုင်တိုင် ခံရပြီး အချစ်ကို အယုံအကြည် မရှိတော့ဘူး၊ မိန်းမတွေကို တွဲရုံကလွဲပြီး လက်ထပ်ဖို့ ဆန္ဒမရှိတော့လောက်အောင် စိတ်နာခဲ့ပေမယ့် မီးကို တွေ့တော့ သူ့ရဲ့အချစ်တွေ ပြန်လည်ရှင်သန်လာတယ်တဲ့ မေမေ၊ မီး ယုံတယ်၊ မီးကိုယ်တိုင်လည်း ကိုကြီးကို မြင်မြင်ချင်းပဲ စိတ်ဝင်စားရာကနေ ချစ်သွားမိတယ်၊ မီးရဲ့ဖူးစာရှင် အစစ်အမှန်လို့လည်း ခံစားမိတယ်"

ရွှန်းလက်တောက်ပနေသော လမင်းစံ၏မျက်ဝန်းရိပ်ဝယ် ချစ်ရောင်ခြည်များ တောက်ပလျက်ရှိလေသည်။

"သမီး"

ခါတော်မီ အားယူလိုက်သည်။

"ရှင်"

"စျင်မင်းရဲ့ရည်းစားဦးဆိုတာ. . . "

ခါတော်မီ ဖွင့်ပြောဖို့ရာ အတော်အားယူလိုက်ရသည်။

ကမ္ဘာမြေကြီးက တကယ်ကို ကျဉ်းမြောင်းလွန်းလှပါတကား။

လမင်းစံက သူ့အား စိတ်အားထက်သန်စွာ ကြည့်နေသည်။ လမင်းစံ ရင်ထဲမှာတော့ အလိုလို သိနေသည်။ သို့သော် မဟုတ်ပါစေနဲ့၊ မေမေ မဟုတ်ပါစေနဲ့ဟု ဆုတောင်းနေမိသည်။

သို့သော်. . .

"မေမေပဲ သမီး"

"ဟင်. . . "

ထင်ထားသည့်အတိုင်းပါပဲလား။ လမင်းစံ ရင်ထဲ စူးနစ်နာကျင်သွားလေတော့သည်။

သံသရာစက်ဝန်းက တစ်ကျော့ပြန်လည်လေပြီလား။

"မေမေတို့ ဘယ်လိုမှုက်နှာမျိုးတွေနဲ့ သူနဲ့ သူ့မိဘကို ရင်ဆိုင်ရမလဲ သမီး၊ သမီးသိအောင် မေမေတို့ဇာတ်ကြောင်းကို ပြောပြမယ်"

လမင်းစံ ရင်ထဲ မောဟိုက်သွားလေတော့သည်။

ရေတစ်ခွက် ငဲ့သောက်လိုက်သည်။ ရင်ထဲက အပူတွေ ငြိမ်းအေးသွားခြင်းတော့ မဖြစ်မိပါချေ။

ခါတော်မီ က သူနှင့် စျင်မင်း ချစ်ဦးသူဘဝ၊ ထိုမှ သူက မိခင်အလိုအရ စျင်မင်းကို သစ္စာဖောက်ကာ လက်ထပ်ခဲ့ပုံ အစချီ၍ နောက်ဆုံး လမင်းစံဖခင်နှင့် လက်ထပ်ဖြစ်သည်အထိ ရှင်းပြလိုက်သည်။

လမင်းစံ မျက်ဝန်းရိပ်က မျက်ရည်များ ကျလာပြီး နောက်ဆုံး ခါတော်မီ၏ရင်ခွင်ထဲ မျက်နှာအပ်ကာ ငိုချလိုက်လေတော့သည်။

ခါတော်မီက လမင်းစံ ကျောပြင်လေးကို ပွတ်သပ်ပေးရင်း

"ငိုလိုက်ပါ သမီး၊ အားရအောင်ငို၊ မျက်ရည်ကျပြီး ငိုကြွေးလိုက်တာက မျက်ရည်မကျဘဲ ရင်ထဲမှာ ငိုနေတဲ့သူတွေထက် အများကြီး ခံရသက်သာတယ်၊ သမီးအတွက် မေမေ အကောင်းဆုံးဖြစ်အောင် လုပ်ပေးမှာပါ"

www.burmeseclassic.com

www.burmeseclassic.com

လမင်းစံအတွက် ယခုမှ အချစ်ဆိုတာ ပေါက်ဖွားလာသည်။ သို့သော် ချစ်ခရီးလမ်းက ဆူးညောင့်ခလုတ်တွေနဲ့ပါလား။

မိခင်ရင်ခွင်ထက် ပို၍ထူးခြားသော ခံစားမှုကို ပေးနိုင်သည့် ချစ်သူရင်ခွင်ကိုလည်း လမင်းစံ တမ်းတမိလေသည်။

ကိုကြီးကော ဘယ်လိုခံစားနေရပြီလဲ။

ကိုကြီးဌ် ကြိုတင်ကြံရွယ်ချက် မရှိနိုင်။ သူ့ကို ဒေါ်ခါတော်မိ၏လင်ပါသမီးမှန်း မသိ။ သူကလည်း မိခင်မုဆိုးမနှင့် မအေတစ်ခု သမီးတစ်ခုသာ နေသည်ဟု ပြောပြရုံမှအပ ထူးထူးခြားခြား ဘာမှ မရှင်းပြခဲ့။

ယခုလို ကိုကြီးအပေါ် နှစ်ကြိမ်တိုင်တိုင် သစ္စာဖောက်ခဲ့သော ချစ်ဦးသူ ဒေါ်ခါတော်မိ၏လင်ပါသမီးမှန်း သိသွားလျှင်...

ကိုကြီး မည်ကဲ့သို့ ဆုံးဖြတ်မှာလဲ။

လမင်းစံ ရင်ထဲ မီးတောက်လေပြီ။ ကိုကြီးဆီ ဖုန်းလှမ်းခေါ်ဖို့ သတိရလိုက်သဖြင့် မိခင်ရင်ခွင်မှ ထကာ မျက်ရည်များသုတ်ပစ်လိုက်သည်။

"မေမေ... မီး နားဦးမယ်"

"အေးအေး... သွားနား၊ သမီး ဘာမှမပူနဲ့၊ သမီးဆန္ဒတွေအတိုင်းဖြစ်ရမှာပါ"

"ဟုတ်..."

ခါတော်မိ လမင်းစံ၏နောက်ကျောပြင်ကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

ရင်မှာ မွန်းကြပ်လျက် အသက်ရှူရသည်မှာပင် ခက်ခဲပင်ပန်းသလို ခံစားလိုက်ရလေသည်။

ရတောင့်ရခဲ လူ့ဘဝကြီးမှာ ရလာတဲ့ ဘဝသက်တမ်းက

တိုတိုလေးပါ။ ဒါပေမယ့် ဒုက္ခဆင်းရဲတွေက ရင်နှင့် မမျှအောင် ခဲခဲသီးသီး နှင့်နှင့်သီးသီး ခံစားရတဲ့ ဝေဒနာတွေက အများကြီးပါလား။

သူ ဘယ်လိုရုန်းထွက်ရမည်နည်းဟု...။

www.burmeseclassic.com

www.burmeseclassic.com

ဒေါသထွက်လွန်းခြင်းကို မခံမရပ်နိုင်လွန်းသဖြင့် ဈင်မင်ဝိစကီ မူးအောင်သောက်ပြီး ဖုန်းကို ပိတ်ထားကာ အိပ်ချလိုက်လေသည်။

ဒါ သူ့အတွက် ဝေဒနာထွက်ပေါက်တစ်ခုဖြစ်သည်။

ခါးသီးသော ချစ်ဒုက္ခ ဝေဒနာတွေ နိုဂုံးချုပ်သွားပြီး အရုဏ်ဦးရောင်နီကဲ့သို့ ချစ်ရောင်ခြည်သစ်တို့ သန်းလာပြီ ထင်မှတ်ကာ ပျော်ရွှင်ခဲ့ရသမျှတို့က. . .

ဆပ်ပြာပူဖောင်းလေးများလို တခဏအတွင်း ဖောင်းကနဲ ပေါက်ကာ ပျောက်ကွယ်သွားခဲ့လေပြီး

မည်မျှကြာအောင် အိပ်မောကျနေခဲ့သည်မသိ။ နောက်တစ်နေ့သို့ပင် ရောက်ရှိနေသည်။ ရေချိုးခန်း ဝင်ပြီး ရေစိမ်ချိုးလိုက်သည်။

နောက် ကော်ဖီကို နှပ်ကာ ဘလက်ကော်ဖီကို သံပုရာသီး စိတ်ကလေး ညှစ်ထည့်ကာ သောက်လိုက်သည်။

ထိုစဉ်. . .

"တီ. . . တောင်. . . တီ. . . တောင်"

လျှပ်စစ်လူခေါ် ခေါင်းလောင်းသံ ထွက်ပေါ်လာလေသည်။

ဈင်မင်း စိတ်ရှုပ်သွားသည်။ ဒီအချိန်မျိုးမှာ သူ မည်သည့်ဧည့်သည်မျိုးကိုမှ မတွေ့ချင်။

နှလုံးသားမှာ အနက်ရှိုင်းဆုံးသော ဝေဒနာပေါက်ကြိုး ဖြစ်ပေါ်နေသည်။

ဒီအတွက် သူ ဖြေဆေးရှာနေသည်။

"တီ. . . တောင်. . . တီ. . တောင်"

တံခါးမကြီးပြင်ပနှင့် ဆက်သွယ်ထားသည့် တီဗွီကို ဖွင့်ကြည့်လိုက်သည်။

"ဟင်. . . "

ဟာကနဲ အာမေဋိတ်ထွက်သွားရသည်။

တိုက်ခန်းပြင်ပမှာ ရပ်နေသူက သူ၏ချစ်သူအသစ်စက်စက်ကလေး လမင်းစံ ဖြစ်နေသည်။

"လမင်းစံ" နှင့် ပြောရမည့်စကားတွေ သူ မပြင်ဆင်ရသေး။

ခါတော်မီ ဆိုသည့် မုဆိုးတပိုင်း မိန်းမရိုင်းနှင့် သူ့မည်တဲ့

www.burmeseclassic.com

www.burmeseclassic.com

သို့ ရင်ဆိုင်ရမည်နည်း။

လမင်းစံနှင့် ဆက်နွယ်ပြီး ခါတော်မီကို သူ ရှောင်ကွင်းရှိမရနိုင်တော့၊

ဝေဒနာ အပေါင်းတို့ အသစ်အသစ် တစ်ဖန်မွေးဖွားနေရဦးမည်ဆိုပါက သူ ဒီလောကတွင် ဆက်လက်ရပ်တည်နိုင်ပါ့မလား။

"တီ. . တောင်. . . တီ. . တောင်"

လျှပ်စစ်ခေါင်းလောင်းသံကလည်း အဆက်မပြတ် မြည်နေသည်။

ယောကျ်ားပီပီသသပဲ လာမယ့်ဘေး ပြေးတွေ့ပြီး ဖြေရှင်းလိုက်တာ ကောင်းမည်မို့ သူ ရီမုဒ်ကွန်ထရိုးနှင့် တံခါးမကြီးကို ဖွင့်ပေးလိုက်သည်။

လမင်းစံက အပြုံးနှင့် ဝင်ရောက်လာသည်။

ဒါပေမယ့် ထိုအပြုံးသည် အားတင်းကာ တမင်ပြုံးလာသောအပြုံးဖြစ်သည်ဟု စျင်မင်း ခန့်မှန်းလိုက်သည်။

"ဖုန်းတွေလည်း ပိတ်ထားပြီး အကြောကြီး ခွေနေတာလား ကိုကြီး"

သူ ဘာမှ မပြောဘဲ ဘလက်စ်ကော်ဖီလက်ကျန်ကို မော့သောက်ပြီး အပြတ်ဖြတ်လိုက်သည်။

လမင်းစံက သူ့ထုံးစံအတိုင်း ရယ်ဟဟလေးနှင့်. . .

"ဖြေလေ. . .. သောက်နေတာလား"

"အင်း. . . "

"ယောကျ်ားဖြစ်ရတာ ကောင်းတယ်နော်၊ ဝေဒနာကို ကုစားဖို့ နည်းလမ်းတွေက အများကြီးပဲ၊ မီးတို့လို မိန်းကလေးတွေ

ကတော့ ဝေဒနာကို ထွက်ပေါက်ပေးတဲ့အနေနဲ့ ယောကျ်ားတွေလို လိုက်တုပြီးဖြေကြည့်၊ သိက္ခာမရှိတဲ့မိန်းမ ဖြစ်သွားရော. . . ဟင်း. . ဟင်း. . . ဟင်း၊ လောကကြီးက တကယ်မတရားဘူး၊ ယောကျ်ားတွေအတွက် အခွင့်အရေးတွေ ရပိုင်ခွင့်တွေက သိပ်ကို များပြားလှတယ်၊ မိန်းမသားတွေရဲ့ရပိုင်ခွင့်ကိုကျတော့ အိန္ဒြေသိက္ခာဆိုတဲ့စည်းကြီးနဲ့ တားမြစ်ထားတယ်"

လမင်းစံက သူ့ဇည့်ခန်းနှင့် ထမင်းစားခန်းကို လှည့်ပတ်ကြည့်ရင်း ဝိစကိပုလင်းခွံများနှင့် ဖန်ခွက်များ ရေသန့်ပုလင်းများ နှပ်ထွေးပွေလီနေမှုကို ကြည့်ပြီး ကောက်ချက်ချလေသည်။

"ကိုကြီး. . . မီးတို့ ရှေ့လျှောက် ဘာဆက်လုပ်ရမှာလဲ"

"ကျုပ်မတွေးရသေးဘူး. . . မင်းဘာဖြစ်ချင်သလဲ"

သူ့လေသံသည် စိမ်းကားသွားသည်ကို စျင်မင်း ကိုယ့်ဘာသာကိုယ် သတိပြုမိလိုက်သည်။

လမင်းစံက ရေခဲသေတ္တာ ဖွင့်ပြီး ရေတစ်ပုလင်း ယူကာ မော့သောက်လိုက်ပြီး ဇည့်ခန်းဘက် လျှောက်သွားသည်။ ဆိုဖာတစ်လုံး၌ ဝင်ထိုင်လိုက်ပြီးမှ. . .

"ထိုင်ပါဦး ကိုကြီး၊ မီးမေးချင်တာလေးတွေ ရှိလို့ပါ"

စျင်မင်း ခေါင်းညိတ်ကာ မျက်နှာချင်းဆိုင် ဆိုဖာ၌ ဝင်ထိုင်လိုက်သည်။

မျက်လုံးချင်း ဆုံကြသည်။

ထိန်းချုပ်မှုစွမ်းအားများကြောင့် စူးရှနေကြသည်။ စူးစမ်းနေကြသည်။

"ကိုကြီး"

"ပြော. . . "

www.burmeseclassic.com

www.burmeseclassic.com

"ကိုကြီး မမေ့ကို မုန်းနေတာလား၊ ချစ်နေတာလား"

ဈင်မင်း နှလုံးသားကို ထိမှန်သွားလေပြီ။

ကိုယ့်အပေါ် သစ္စာမရှိ လက်မတွဲရဲသော မိန်းမတင်လောက်ကို ဆက်လက်ချစ်နေရလောက်အောင် သူ မရူးသွပ်ဘူး ထင်ပါသည်။ ဒါဖြင့် သူ ဘာဖြစ်၍ အိမ်ထောင်မပြုသနည်း။ လောလောဆယ် ဒီအဖြေ မလိုအပ်သေးဘူး ထင်သည်။ လမင်းစံ၏ မေးခွန်းကိုပဲ ဖြေဖို့ စဉ်းစားလိုက်သည်။ တွေ့ပြီ. . . ။

"နာကျည်းနေတာ"

"အချစ်ကြီးလို့ အမျက်ကြီးတာပေါ့နော်"

"ဖြစ်နိုင်ပါတယ်. . . ဒီအမျက်ဟာ သူနဲ့ မျက်နှာချင်းမဆိုင်ချင်တော့ဘူး၊ နာကျင်ရလွန်းတဲ့ခံစားချက်တွေကို ပြန်ပြောင်းသတိရမိတိုင်း သံသရာအဆက်ဆက် မတွေ့ပါရစေနဲ့တော့လို့ ဆုတောင်းမိတဲ့အထိ ခါးသီးတယ်"

"မမေ ဘာကြောင့် သစ္စာမဲ့ခဲ့သလဲဆိုတာကော ကိုကြီး သိရဲ့လား"

"သိတယ်. . . သူ့မိသားစုအတွက် ကိုယ့်မိသားစုအတွက် သူ့နှလုံးသားကို စတေးခဲ့တယ်တဲ့လား. . ဟတ်. . . ဟား. . ဟား ဒါ သစ္စာမဲ့သူတွေရဲ့အကြောင်းပြချက်၊ ရင်ခွင်သစ် ရှာဖွေသွားတာကို လူကြားကောင်းအောင် ပြောသွားတာ၊ ဝဋ်ကြွေးဆိုတာ အတို့ အလှည့်ရှိပါတယ် လမင်းစံ"

"ဘာလဲ. . . မေမေဟာ မီးရဲမိထွေးဆိုပေမယ့် အမေရင်းနဲ့ မခြားပါဘူး၊ ကိုကြီး ကလဲ့စားချေချင်တယ်ဆိုရင် မီးကို စွန့်ပစ်ထားဖို့ နည်းလမ်းပဲ ရှိမှာပေါ့နော်. . . ဟင်း. . ဟင်း"

လမင်းစံက မပီပြင်သော ရယ်နည်းနှင့် ရယ်လိုက်လေသည်၊ သို့သော် မျက်ဝန်းရိပ်မှာ မျက်ရည်စတွေ ခိုတွဲနေလေသည်။

ဈင်မင်းရင်ထဲ နင့်ကနဲဖြစ်သွားသည်။

ဒီမိန်းကလေးကို သူ ဘာအတွက် စွန့်ပစ်ရမည်နည်း။ တွေးရင်ပင် ရင်မှာ နာကျင်လွန်းပေသည်မို့ လမင်းစံ ရှိရာ ဆိုဖာဆက်သို့ ကူးပြောင်းထိုင်လိုက်သည်။ နောက် လမင်းစံ ပခုံးလေးကို အသာဖက်ကာ ရင်ခွင်ထဲ ဆွဲသွင်းလိုက်တော့. . .

နူးညံ့အိထွေးသော ခန္ဓာလေး အလိုက်သင့် ပြိုဆင်းလာပြီး အင့်ကနဲ ရှိုက်သံနှင့်တူ ကြေကွဲမြစ်တို့ တာကျိုးကာ တအိအိ ရှိုက်ငိုလေတော့သည်။

ငိုချင်ရက် လက်တို့မို့ ကြိတ်၍ခံစားခဲ့ရသမျှတို့ကို အားကိုးခဲ့သူ၏ရင်ခွင်ထဲ အတိုးချ ငိုပစ်တတ်သည့် သဘာဝအတိုင်း လမင်းစံ အားပါးတရ ငိုချလိုက်လေတော့သည်။

ဈင်မင်းရင် ပူနွေးစိုစွတ်ကုန်သည်။

သူ ကောင်းစွာသိလိုက်သည်က. . .

ဒီမိန်းကလေးသည် သူ့နှလုံးသားနှင့် အနီးဆုံးမှာ ရှိနေခဲ့သော သူ၏ဖူးစာရှင် အစစ်အမှန်သာ ဖြစ်ပေလိမ့်မည်ဟု. . . ။

"တိတ်ပါ ချစ်လေးရယ်၊ ကိုယ်တို့ အတွက် အကောင်းဆုံးသော ခွေးချယ်မှုတစ်ခုကို ရှာဖွေကြည့်ကြရအောင်နော်"

www.burmeseclassic.com

www.burmeseclassic.com



"မိသင်းရေ"

"ပြော. . . မို့၊ ဘာဖြစ်လို့လဲ၊ အသံက အားမရှိလိုက်တာ"

ခါတော်မီ ရင်ဖွင့်တိုင်ပင်စရာဆိုလို့ သူငယ်ချင်းလည်းဖြစ်ယောင်းမလည်း၊ တော်သော သင်းသင်းမြတ်ဆီကိုသာ ပြေးမြင်ယောင်သဖြင့် ဖုန်းခေါ်လိုက်ရလေတော့သည်။

"ဟုတ်တယ် မိသင်း၊ ငါတော့်လေ လောကကြီးကို အရှုံးပေးပြီး ချက်ချင်းသေလို့ရရင် သေပစ်လိုက်ချင်ပြီ၊ ခံစားရလွန်းလို့လည်း ရင်ဘတ်တစ်ခုလုံး ပွင့်ထွက်မတတ် နာကျင်နေပြီ"

ယခုမှ လမင်းစံရှေ့ ထိန်းချုပ်ထားရသမျှ မျက်ရည်တို့က

အားအင်အပြည့်နှင့် သွန်ထွက်လာလေပြီ။

"ရင်ထိတ်လိုက်တာ မိုရယ်၊ ဘာတွေဖြစ်ပြန်ပြီလဲ၊ ပေလီကို သမီးနဲ့လည်း လိုက်မသွားဘဲနဲ့၊ ဟော်ဟော်ပါးပါး နေပါဆိုမှကွယ်၊ စဲ. . . ပြောပါဦး၊ ဘာတွေဖြစ်နေလို့လဲ"

"ကမ္ဘာကြီးဟာ ကျဉ်းကျဉ်းလေးဆိုတာ ငါတော့ ယုံကြည်သွားပြီ"

"ဒါပေါ့. . . ဒီခေတ်ကြီးမှာ ကမ္ဘာဟာ ရွာလေးဖြစ်သွားပြီဗျ"

"သမီးက ပေလီကနေ ငါ့ကို ဖုန်းဆက်တယ်၊ သူ့မှာ အထူးသူငယ်ချင်း ရှိနေပြီ၊ လေဆိပ်မှာ မိတ်ဆက်ပေးမယ် ပြောလို့ ငါသွားကြိုတယ်၊ သမီး. . . သမီးလက်တွဲလာတဲ့လူဟာ ဘယ်သူဖြစ်နေသလဲ သိလား မိသင်း၊ မောင်. . . အဲ. . . ဈင်မင်းလေ. . . ဈင်မင်းဖြစ်နေတယ်"

"ဘုရားရေ"

သင်းသင်းမြတ်ပါ တုန်လှုပ်သွားပုံရလေသည်။

ခါတော်မီ ထပ်မံအားယူ၍ ဆက်ပြောရလေသည်။

"သူနဲ့အတူ ဇော်ဝင်းပါ ပါတယ်၊ နှစ်ယောက်စလုံး ကြောင်အမ်းအမ်းနဲ့ အံ့အားသင့်သွားကြပုံပဲ၊ သမီး မိတ်ဆက်အပေးမခံတော့ဘဲ ကိုစျင်က တခါတည်း ဈာကနဲ လှည့်ထွက်သွားတယ်၊ သူ ငါ့ကို တော်တော်နာကျည်းနေပုံပဲ"

"အေးလေ. . . နာမယ်ဆိုလည်း နာလောက်ပါပေတယ်၊ လမင်းက ဘာမှ မသိဘူး မှတ်လား"

"အိမ်ပြန်ရောက်တော့ ငါ့ကို မေးလာတယ်၊ ငါလည်း ဖြစ်ရပ်မှန်ကို ပွင့်ပွင့်လင်းလင်းပဲ ဖွင့်ပြောလိုက်တယ်"

www.burmeseclassic.com

www.burmeseclassic.com

"လမင်းတ ဘယ်လိုဆုံးဖြတ်သလဲ"

"သူ ဘာပြောတတ်မှာလဲ. . . ထောင့်ငါးရာအချစ်ဆိုတာ သူ့ဘဝမှာ အခုမှ တွေ့ဖူးတာလေ. . . ငိုတာပေါ့"

"ဟင်. . . တယ်ခက်ပါလားကွာ"

သူ့အပူ သင်းသင်းမြတ်ကိုပါ ကူးစက်သွားလေတော့သည်။

"သူနဲ့ငါ ဘယ်လိုလုပ် မျက်နှာချင်းဆိုင်မလဲ၊ သူ့မိဘတွေကကော. . . "

"လမင်းကို တမင်ကြံရွယ်တာတော့ မဟုတ်ပါဘူးနော်"

"ဒါကိုတော့ ငါ သေသေချာချာ အာမခံရဲတယ်၊ မနေ့ကလေဆိပ်မှာ သူ ငါ့ကို လမင်းအမေမှန်း သိသွားတော့ တုန်လှုပ်အံ့သြသွားတဲ့ပုံက တမင်တကာ ဖန်တီးယူလို့ မရတဲ့ပုံပါ"

"အင်း. . . ငါတစ်ခုမေးမယ်၊ နင်မှန်မှန်ဖြေနော်"

ခါတော်မီ ရင်ထိတ်သွားသည်။ ဘာတွေ မေးလာဦးမှာလဲ၊ သူ ကြိုတင်ပြင်ဆင်မှု မရှိသေးချေ။ သို့သော်. . .

"နင် ကိုစျင့်ကို ချစ်နေတုန်းပဲမှတ်လား"

သူရင်ထဲ နင့်ကနဲ ခံစားလိုက်ရသော်လည်း. . .

"တော်ပါပြီ. . . လောကဓံက ကြမ်းတမ်းခက်ထန်လွန်းတော့ အချစ်ဆိုတာ ငါ့ရင်ထဲ တိမ်မြုပ်ပျောက်ကွယ်နေတာ ကြာပါပြီ၊ အချစ်ဆိုတာ ငါ့ဘဝအတွက်ကတော့ ဝေဒနာသိုက်တစ်ခုပါပဲ မိသင်းရယ်၊ ငါလုပ်စရာရှိတာ လုပ်ပြီးရင် နင့်ဆီကို ငါလာခဲ့ဦးမယ်"

"လမင်းကို ဘယ်လိုလုပ်မလဲ"

"လမင်းဆုံးဖြတ်ချက်ကို ငါမေးကြည့်ဦးမယ်"

"အေးဟယ်. . . ငါလည်း ဘော်ဒါစဖွင့်တဲ့လဆိုတော့

ဘယ်လိုမှ မအားနိုင်တာ နင်အသိပဲလေ၊ မဟုတ်ရင် ငါ ချက်ချင်းအပြေးလာခဲ့ပါတယ်ဟယ်. . . နင့်ကံကြမ္မာကလည်းဟယ်"

သင်းသင်းမြတ်က သူ့အတွက် စိတ်မသက်သာစွာနှင့် ညည်းတွားလိုက်လေသည်။

"အတိတ်ဘဝ အသခ်ျေက ဝဋ်ကြွေးတွေ ထင်ပါရဲ့ မိသင်းရယ်၊ ဒါပဲနော်. . . ဖုန်းချလိုက်ပြီ"

ခါတော်မီ ဖုန်းချအပြီးတွင် မျက်ရည်အကြွင်းအကျန်များကို သုတ်ပစ်လိုက်လေသည်။

သူဘာလုပ်ရမလဲ။

သူ လမင်းစံ၏မိခင်နေရာက ရပ်တည်နေပြီး စျင်မင်းနှင့် သူ့မိသားစုကို မည်ကဲ့သို့ မျက်နှာချင်းဆိုင်ရမည်နည်း။

မဖြစ်နိုင်။

ရင်မှာ မောဟိုက်ပင်ပန်းလာသဖြင့် အိမ်ထဲမှ အသာထွက်ကာ ပန်းခြံထဲ ဆင်းခဲ့လေသည်။

အဖက်ဖက်က ပြည့်စုံသော လူ့ဘဝဆိုတာရော ရှိနိုင်ကြရဲ့လား။

သူ့ဘဝအတွက်ကတော့ ချစ်ကံခေလွန်းလှပါတယ်။

သူ့ခံစားမှုမျိုး သမီးလမင်းစံ၌ မရှိစေရ။

အကောင်းဆုံးနည်းလမ်းတစ်ခုကို သူ စဉ်းစားရှာဖွေနေမိသည်။

သူ့ကြောင့်. . . တနည်းအားဖြင့် မိထွေးကြောင့်. . . လမင်းစံ၏အချစ်ရေး အိမ်ထောင်ရေးမှာ ဆူးညောင့်ခလုတ်ဖြစ်ရသည်ဆိုသည့်အဖြစ်မျိုး လုံးဝလက်မခံနိုင်ပါ။

ခါတော်မီ လမင်းစံကို ပေးဆပ်ခြင်းသက်သက်ဖြင့် မူနှစ်

www.burmeseclassic.com

www.burmeseclassic.com

ခြင်းသာဖြစ်သည်။

ယခုလည်း လမင်းစံအတွက်ပဲ သူစဉ်းစားနေသည်။

ထိုအချိန် လမင်းစံ၏ကားကလေး ခြံထဲ ဝင်လာသည်ကို ပေါ်တီကိုအောက်၌သာ ထိုးရပ်လိုက်ပြီး သူ့ထံသို့ လျှောက်လာသည်။

မျက်ခွံမို့မို့အစ်အစ်ကလေးကို တွေ့လိုက်ရသဖြင့် လမင်း ငိုထားခဲ့ကြောင်း သိသာနေသည်။

"မေမေ နေပူလာပြီလေ၊ အိမ်ပေါ် မတက်သေးဘူးလား"

"သစ်ပင်ရိပ် ရှိပါတယ်"

"နေကောင်းရဲ့လား မေမေ၊ ဆေးသောက်ပြီးပြီလား"

"သောက်ပြီးပြီ. . . ထမင်းစားတော့မလား သမီး"

"မီး ရေချိုးလိုက်ဦးမယ်၊ ပြီးမှ စားမယ်"

"အခုပဲ နေပူထဲက ပြန်လာတာ၊ တအောင့်နားပြီးမှ ခဏနော်"

"ဟုတ်"

လမင်းစံ အိမ်ဘက်သို့ ပြန်လျှောက်သွားသည်။

သူတို့သားအမိမှာ ပြောစရာစကားတွေ အများကြီး ရှိနေပေမယ့် ဘယ်ကဘယ်လို စကားစရမှန်း မသိဖြစ်နေသည်။

ခါတော်မီ လမင်းစံ၏နောက်ကျောပြင်ကို ငေးကြည့်ရင်း ရင်မှာ ဆို့နင့်လျက် ကျန်ရစ်ခဲ့လေသည်။

ဒွိဟစိတ်က ရင်ကို နာကျင်စေလွန်းသဖြင့် ပင်ပန်းနေပြီး



အခန်း(၃၄)

မေလကုန်၏နေမင်းအပူချိန်က ပြင်းထန်လွန်းလှသည်။

သို့သော် ထို့ထက်ပို၍ပြင်းထန်သောအပူက ခါတော်မီ၏ရင်တွင်း အပူမီးဖြစ်သည်။

သူ့ဘဝသက်တမ်း(၃၈)နှစ်ကာလအတွင်း ရရှိခဲ့သည့် ငြိမ်းအေးမှုတို့က နှလုံးသားဝေဒနာ၏ကျွမ်းလောင်မှုအောက်ဝယ် ပျောက်ကွယ်ခဲ့ရသည်။

ကျန်ရှိသောသက်တမ်းလေး၏ငြိမ်းအေးမှုကို သူလိုချင်ပြီ။

ခါတော်မီ ဆုံးဖြတ်ချက်တစ်ခုကို ချပြီးသွားပြီမို့ စုင်မင်းဆီသို့ ဖုန်းဆက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟယ်လို. . . "

"ကိုစျင်မင်းလား. . . ကျွန်မ ခါတော်မီပါ"

"ဟင်. . . "

ရုတ်တရက် အံ့အားသင့်သွားပုံရသည်။ "ဟင်" ဟူသော အာမေဋိတ်သံနှင့်တူ တိတ်ဆိတ်သွားလေသည်။

"ကျွန်မ မေးချင်တာလေးတွေ ရှိလို့ပါ၊ ကျေးဇူးပြုပြီး အမှန် အတိုင်း ဖြေပေးပါနော် ကိုစျင်မင်း"

မှားယွင်းခဲ့သူမို့ ခါတော်မီ တတ်နိုင်သမျှ အောက်ကျခံကာ အနှုးညံ့ဆုံး စကားလုံးများကို ရွေးချယ်၍ ခခယယ ပြောရလေသည်။

"ကျုပ် မပလီတတ်ပါဘူး၊ မေးမှာသာ မေးပါ"

"လမင်းစံကို တကယ်ချစ်တာပါလား"

"ဗျာ. . . ခင်ဗျားဘယ်လိုမေးလိုက်တာလဲ၊ ကျုပ်အချစ် တွေဟာ ခင်ဗျားတစ်ယောက်ထဲမှာပဲ ကုန်ဆုံးသွားပြီ ထင်နေလို့ လား၊ ကျုပ် ဒီလောက်အထိ မရူးသွပ်ဘူး"

"ကျွန်မ အဲဒီလို မယူဆပါဘူး၊ ကျွန်မသိချင်တာ ရှင် လမင်းစံကို လက်ထပ်ဖို့ ရည်ရွယ်ပြီး ချစ်တာ မှန်သလား"

"အသေအချာ အမှန်အကန်ပဲ"

"လမင်းစံရဲ့အကောင်းအဆိုးဟူသမျှကို မငြိုမငြင် မငြူစူ ဘဲ ရှင် ရာသက်ပန် တာဝန်ယူပေးသွားနိုင်ပါတယ်နော်"

"ခင်ဗျားထက် မလျော့ပါးနိုင်တဲ့ မေတ္တာထက် ပိုပြီး ကျုပ် က တန်ဖိုးထား မြတ်နိုးစောင့်ရှောက်သွားမှာပါ"

စျင်မင်းလေသံက မာကျောနေသည်။ မခံချင်စိတ်တို့ ရောပြွန်းနေပေမယ့် မှန်သောစကားဟု ခါတော်မီ ယုံကြည်လိုက်သည်။

"လမင်းကို စိတ်ချမ်းသာ ကိုယ်ချမ်းသာ ထားပေးပါနော်၊ နှင့်ကို ကျွန်မ တစ်သက်လုံး ကျေးဇူးတင်သွားမှာပါ"

"ဘယ်တော့ လာတောင်းရမ်းရမှာလဲဆိုတာသာပြော"

စျင်မင်းဘက်က ပြတ်သားနေသလို သူ့ဘက်ကလည်း ပြတ်သားပါသည်။

"ကျွန်မ ပြင်ဦးလွင်က လမင်းဦးလေးဆီ သွားတိုင်ပင်ပြီး ရင် ရက်သတ်မှတ်ပေးပါ့မယ်၊ ရှင့်မိဘတွေကိုသာ ရှင်ဖွင့်ပြောပြီး ပြင်ဆင်ပေးထားပါ"

"ကျုပ်ဘက်ကို မပူပါနဲ့. . . ဒါပဲလား"

"ဟုတ်ကဲ့. . . ဒါပါပဲ. . . ကျေးဇူးတင်ပါတယ်၊ ဩော်. . ကျွန်မ ရှင့်အပေါ် ဝေဒနာကြွေး ရှိခဲ့တယ်ဆိုရင်လည်း ဒီဘဝ ဒီမျှနဲ့ ကျေအေးပေးပါ၊ ခွင့်လွှတ်ပေးပါ၊ ဘုရားမှာလည်း ရှိခိုးတိုင်း တောင်းပန်ပြီး ဆုတောင်းမိပါတယ်၊ သံသရာ အဆက်ဆက် အတွဲ အလှည့်လည်း ကင်းပါရစေနော်. . . ခွင့်လွှတ်ပေးပါနော်"

သူ့လေသံကို အတတ်နိုင်ဆုံး တည်ငြိမ်အောင် ကြိုးစား ပြောနေသည့်ကြားက အဖျားခတ် တုန်ရီသွားလေသည်။

စျင်မင်းဘက်မှ မပီမပြင် ရှိုက်သံကို ကြားလိုက်ရပြီး ဖုန်း ချသွားလေသည်။

ခါတော်မီ ဖုန်းခွက်လေးကို ချလိုက်သည်။ နောက် ဒရင်း ဘက်လေးပေါ် လှဲချလိုက်သည်။ ရင်မှာ ပင်ပန်းမောဟိုက်နေ သည်။

လမင်းစံက ခါတော်မီ၏ကျောဘက်က ပုဇွန်ကွယ်လေး မှာ ရှိနေသည်။

ဖုန်းဆက်နေတာကို အစအဆုံး ကြားသိလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

သူ့မျက်ဝန်းမှာ ပုလဲခနေလေပြီ။ ရင်ထဲ ဝမ်းသာရင်း လား ဝမ်းနည်းရမှာလား မသိတော့။

ချစ်သူနှင့် အတူနေထိုင်ခွင့် ရတော့မည့်အတွက် ပျော်ခြင်း ရသည်မှန်သော်လည်း သူ့အပေါ် သူ့အသက်(၁၅)နှစ်အရွယ် တတည်းက ရင်အုပ်နှင့် မကွာတမ်း စောင့်ရှောက်ပေးပြီး ဆရာဝန် ဖြစ်သည်အထိ သူနှင့်အတူ အိပ်ပျက်ခံ စာမေးပွဲ ဝင်မဖြေရုံတမယ် စာတမ်းကလည်း စောင့်ပေး၊ ကျူရှင်လိုက်ပို့လိုက်ကြို၊ လိုလေသေး မရှိ စောင့်ရှောက်မှု ပေးပြီး မေတ္တာတွေ အပြည့်အဝ ပေးခဲ့သူ မိထွေးကို သူ ဘယ်လိုလုပ် ပစ်ပယ်ရက်မည်နည်း။

အချစ်ဆိုတာ စိမ့်စမ်းရေလို တသွင်သွင် စီးဆင်းတတ် လျှင် အချစ်ဆိုတာ မကုန်ခမ်းနိုင်ပါဘူးလေ။

အချစ်က ဟောင်းသွားလျှင် အချစ်သစ် အစားထိုးနိုင်ရ မည်ပေါ့။

အမေနှင့်ချစ်သူ မျက်နှာချင်းဆိုင်မရသော အနေအထား ရွေးချယ်စရာရှိလျှင် အမေကိုသာ ရွေးချယ်ရမည်ဟု လမင်းစံ တွေး ကြည့်လိုက်သည်။

သို့သော် ရင်မှာ နာကျင်နေလွန်းသဖြင့် သူဘာမှ မပြော သေးဘဲ ဒီကိစ္စနှင့် ပတ်သက်၍ စကားမစမိအောင် နေနေရသည် မှာ ပင်ပန်းလွန်းလှသဖြင့် မိခင် မသိလိုက်မီ ပုဏ္ဏားကွယ်မှ နေ၍ အပေါ်ထပ်သို့ တိတ်တိတ်တိတ်ကလေး ပြန်တက်လိုက်လေသည်။

လမင်းစံ လက်တော့ပ် ကွန်ပျူတာကို ဖွင့်ပြီး မည်မျှကြာ အောင် ထိုင်နေမိသည်မသိ။

"သမီး..."

"ရှင်..."

မိခင်ကို လှည့်ကြည့်လိုက်သည်။ ဘယ်အချိန်ကများ ရောက်နေသည်ကို မသိလိုက်။

"မေမေ သမီးဖေထူးတို့ဆီကို သွားပြီး သမီးတို့ မင်္ဂလာကိစ္စ သွားတိုင်ပင်လိုက်မယ်"

"ရပါတယ် မေမေရာ၊ ဒီကိစ္စ ခေါင်းထဲ ထည့်မထားပါနဲ့ဦး၊ ဖြည်းဖြည်းပေါ့. . . မီး စဉ်းစားဦးမှာပါ"

ခါတော်မီ ခေါင်းခါလိုက်သည်။

"မဟုတ်ဘူး သမီး၊ ချစ်သူနဲ့လက်ထပ်သူ တစ်ယောက် ဘည်း ဖြစ်ခြင်းဟာ မိန်းမသားတစ်ယောက်အတွက် အလွန်ကံထူး ခြင်းပါ သမီးရယ်"

"မီးအချစ်ကို မီးကိုယ်တိုင် သေသေချာချာ ဆန်းစစ်ဖို့ အချိန်လိုသေးလို့ပါ မေမေ. . . အချိန်ယူဦးမယ်"

လမင်းစံ ဘာကြောင့် ဒီစကားတွေ ပြောနေသနည်းဟု ခါတော်မီ သိနေသည်။

လမင်းစံ သူ့ကို ငဲ့ကွက်နေခြင်းဖြစ်သည်။

ခါတော်မီ ပြင်ဆင်ထားသော စီမံကိန်း ရှိနေပြီမို့. . .

"အေးလေ. . . ဒါပေမယ့် မေမေ သင်းသင်းတို့ဆီတော့ သွားလိုက်ဦးမယ် သမီး၊ သူတို့က ဒီအချိန်ဆို အားတာ မဟုတ်တော့ လာနိုင်မှာ မဟုတ်ဘူး၊ မေမေလည်း အနားယူရင်းပေါ့"

"အိမ်က ကားနဲ့ သွားမှာလား မေမေ"

"ဖလိုက်နဲ့ပဲ သွားလိုက်မယ်၊ မန္တလေးကို သင်းသင်းတို့ လာကြိုခိုင်းလိုက်မယ်"

လမင်းစံ ခွင့်ပြုလိုက်သည်။ သူ့အမေလည်း စိတ်ပင်ပန်း နေရှာမှာမို့ ခရီးထွက်လိုက်တာလည်း ခပ်ကောင်းကောင်းမို့ ခေါင်း

www.burmeseclassic.com

www.burmeseclassic.com

ညိတ်လိုက်ခြင်းဖြစ်လေသည်။

"သမီးချစ်သူဟာ လူတော်လူကောင်းပါ၊ သမီးတို့နှစ်ယောက် လိုက်ဖက်ညီပါတယ်၊ ကြီးတော့ မှီရတာပေါ့ကွယ်၊ မေမေ သဘောတူပါတယ်၊ ကဲ. . ကဲ. . စာဆက်ဖတ်တော့"

ဟုဆိုကာ ခါတော်မီ လမင်းစံ အခန်းထဲမှ ထွက်ခဲ့လေသည်၊

ရင်ထဲမှာတော့ ဆုံးဖြတ်ချက်တစ်ခုကြောင့် ပေါ့ပါးနေလေသည်၊

လမင်းစံကတော့ ရင်မှာ ဝေခွဲမရစိတ်များနှင့် လေးလံထိုင်းမှိုင်းလျက်ရှိနေချေပြီ။

ခါတော်မီကို ဖုန်းခေါ်မရသဖြင့် လမင်းစံ ပူပန်သွားသည်၊

ရန်ကုန်နှင့် မန္တလေး နီးနီးလေးပါ၊ ဖလိုက်နှင့် သွားတာပဲ၊ ခုလောက်ဆို ရောက်လောက်ပါပြီ။

ပြင်ဦးလွင်ရှိ ဖေထူးနှင့် မေသင်းကို ဖုန်းခေါ်တော့လည်း မောင်ဝမ်းကွဲနှင့်သာ တိုးနေသည်၊

"ဖေဖေနဲ့မေမေ မန္တလေး ဆင်းသွားကြတယ်လေ၊ မနက်တတည်းက မမကြီးရဲ့"

ဟူသောအဖြေသာ ရသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ ဖေထူးနှင့် မေသင်း ဂျီဖုန်းများကို ခေါ်တော့ ဖုန်းပိတ်ထားကြသည်နှင့်သာ တိုးနေသည်။

ဘာတွေ ဖြစ်ကုန်ပြီလဲ။

လမင်းစံ မိခင်အခန်းထဲ ဝင်ခဲ့သည်။ အဝတ်အစားဘီရိုဖွင့်ကြည့်သည်။ လျော့ပါးခြင်း မရှိသလို စိတ်က ထင်နေသည်၊ သို့သော် တိတိကျကျတော့ မမှတ်မိချေ။

မှန်တင်ခုံပေါ်က အလှပြင်ပစ္စည်းများကလည်း ခြေရာလက်ရာမပျက်၊ ဒီအတိုင်းပဲ ရှိနေသလိုပင်။

သူ ကျောင်းသွားနေတုန်း သွားတာဆိုတော့ အိမ်ဖော်တွေကို မေးကြည့်တော့လည်း

"အိတ်တစ်လုံး တင်ပေးလိုက်ပါတယ်" ဟူသော အဖြေရသည်။

မှန်တင်ခုံ ဇာံဆွဲဖွင့်တော့. . .

"ဟင်. . ."

မိခင်၏ဂျီအက်စ်အမ်ဖုန်းကို တွေ့လိုက်ရသဖြင့် လမင်းစံ ရင်ထဲ သံသယတွေ ဝင်လာသည်။

ဖုန်း၏အောက်၌ စာလေးတစ်စောင်ကို တွေ့လိုက်ရသဖြင့် ကမန်းကတန်း ယူဖတ်လိုက်သည်။

သမီး

ငါကတော့ပဲထဲမှာ မေမေစာရေးထားတယ်၊ ဖွင့်ပြတ်လိုက်ပါ။

မေမေ

စာတိုလေးတစ်ကြောင်းသာ တွေ့လိုက်ရသည်။ လမင်းစံ သူ့အခန်းထဲ ပြေးဝင်ခဲ့လေသည်။ လက်တော့ပ်ကို ခလုတ်ဖွင့်ပြီး ချက်ချင်းပင် စာကို ဖတ်လိုက်သည်။

သမီးလမင်း

တစ်ယောက်တည်းဆိုပြီး အားငယ်စရာမလိုတော့ပါဘူး။ သမီးဘဝခရီးအတွက် လက်တွဲဖော်ကောင်းရှိနေပြီပဲ၊ သူဟာ သမီး ဘဝတစ်လျှောက်လုံးကို လုံခြုံစွန့်ထွားမှုတွေ ပေးသွားနိုင်မယ် ဆိုတာ မေမေယုံကြည်တယ်၊ ဒါကြောင့် သမီးကို စိတ်ချလက်ချ မေမေ ထားခဲ့ပြီး မေမေ့ဘဝအတွက် အေးငြိမ်းရာ နေရာလေး တစ်ခုဆီကို နားရိပ်ရာ မေမေထွက်သွားပြီ။

သမီးတို့ မင်္ဂလာကိစ္စကို ပေထူးနဲ့ မေသင်းက ဆောင်ရွက်ပေးလိမ့်မယ်၊ သမီးရဲ့ဝိုင်ဆိုင်မှု ဟူသမျှကို ရေးနည်းမောင်မောင်နဲ့ တိုင်ပင်ပြီး မေမေလွှဲပြောင်းပေးခဲ့တယ်၊ မေမေ့လက်ဝတ်လက်စား အချို့ကိုတော့ မီးခံသေတ္တာထဲမှာ ထားခဲ့တယ်၊ စာရွက်စာတမ်းတွေ အားလုံး လက်ဝတ်လက်စားနဲ့ ငွေသားတွေပါ မီးခံသေတ္တာထဲမှာ ရှိပါတယ်၊

ဦးချင်မင်းနဲ့ သမီး လက်ထပ်ပြီး လောက်တဲ့အချိန် လောက်ဆိုရင် မေမေ ရွေးချယ်ထားတဲ့အရပ်မှာ အခိုင်အမာရပ်တည်နိုင် လောက်ပါပြီ အဲဒီအခါမှ သမီးမေမေ့ကို လာတွေ့နိုင်ပါတယ်။

ဘဝအမောတွေ ဝေဒနာမီးလျှံတွေကြားက မေမေလုပ်

www.burmeseclassic.com

www.burmeseclassic.com

ရုန်းထွက်ခွင့်ပေးပါတော့သမီးရယ်။

အထွေထွေကံကောင်းခြင်းဟူသမျှတို့ကိုသမီးလမင်း ပိုင်ဆိုင်ခွင့်ရရှိပါစေ။

ဘဝအပူဒီးတွေကြားက
ရုန်းထွက်သွားတဲ့
မေမေ
ခါတော်မီ

လမင်းစံ ပါးမို့လွင်ပြင်လေး ပူနွေးစွတ်စိုကုန်သည်၊ ကြေကွဲချောင်းလေးက ပါးပြင်ထက်သို့ ဖြတ်သန်းစီးဆင်းသွားခဲ့လေပြီ။

"မေမေရယ်"

မိထွေးပေမယ့် အမေရင်းနှင့်မခြား သူ့အား နွေးထွေးမှုအပြည့်ပေးခဲ့တဲ့ မေမေပေပဲ။

လမင်းစံအတွက် စည်းစိမ်ချမ်းသာဆိုတာ မွေးကတည်းက အပြည့်အစုံ ခံစားခဲ့ရသည်ပဲ၊ ငတ်မွတ်ခဲ့သော မိခင်မေတ္တာကို အဘွားက ဖြည့်ဆည်းပေးခဲ့ပေမယ့် မပြည့်စုံသလို ခံစားခဲ့ရာမှ မိထွေးနေရာ ရောက်ခဲ့သူ မေမေက ဖြည့်ဆည်းပေးခဲ့သည်။ ပြည့်စုံပျော်ရွှင်စွာ ခံစားခဲ့ရသည်။ ဖခင် ဆုံးပါးသွားပြန်တော့လည်း ဖခင်နေရာကော မိခင်နေရာပါ အပြည့်အဝ ခံစားရအောင် ဖြည့်ဆည်းပေးခဲ့ရှာသည်။

ယခုတော့...

ထိုစဉ် သူ၏ဂျိုဖုန်းမှ ခေါ်သံထွက်ပေါ်လာသည်။

"ဟယ်လို"

"ချစ်လေး ဘာဖြစ်နေတာလဲ... ငိုနေတာလား"

"ဟင့်... ဟင့်"

ငိုချင်ရက်လက်တို့ ဖြစ်သွားသည်။ ကိုကြီးအသံ ကြားရတော့ အားတက်သွားပြီမို့ ရှိုက်ငိုရင်း...

"ချစ်လေး ချစ်လေး ဘာဖြစ်တာလဲ၊ ကိုယ့်ကို ပြောပြစမ်းဟာ"

"တင့်... ဟင့်... မီး သေချင်လောက်အောင် ခံစားနေရတယ်၊ ကိုကြီး အမြန်လာခဲ့၊ မီးအိမ်ကို လာခဲ့ပေးပါ"

"ဟင်... မဖြစ်ဘူးထင်တယ်"

ကိုကြီး ဘာကြောင့် တွန့်ဆုတ်သွားတာလဲဆိုတာ လမင်းစံ သိလိုက်သည်။ ကိုကြီးနဲ့မေမေ မျက်နှာချင်းဆိုင်ဖို့ရာ အတော်ခက်ခဲနေကြသည်။

"မေမေ... မေမေ မရှိတော့ဘူး ကိုကြီးရဲ့... ဟင့်... ဟင့်"

"မရှိတော့ဘူး... ဘာကိုဆိုလိုတာလဲ"

"ခု အိမ်မှာ မရှိဘူး၊ ပြင်ဦးလွင် သွားမယ်ဆိုပြီး ထွက်သွားတာ၊ ပြင်ဦးလွင်ကိုလည်း ရောက်မလာဘူးတဲ့၊ ဒီမှာ မီးကို စာတွေလည်း ရေးထားခဲ့တယ်၊ မီးရင်တွေ အရမ်းပူလောင်နေပြီ၊ ကိုကြီး အမြန်လာခဲ့ပါ"

"ဒါဖြင့် ကိုကြီး လာခဲ့မယ်၊ မငိုနဲ့နော်... ချစ်လေး နေမကောင်း ဖြစ်နေဦးမယ်၊ နော် ချစ်လေး"

"ဟုတ်... ကိုကြီးသာ မြန်မြန်လာခဲ့"

"အင်း... အင်း"

www.burmeseclassic.com

www.burmeseclassic.com

လမင်းစံ ဖုန်းကို ပိတ်လိုက်သည်။ နောက် မိခင်စာကို ပရင့်ထုတ်လူလိုက်သည်။ ပြီးတော့ အောက်ထပ်သို့ ဆင်းခဲ့သည်။

ခုချိန်ကစပြီး ဒီအိမ်ကြီး၏အိမ်ထောင်ဦးစီးသဖွယ် ဖြစ်သွားသော သူ အစစအရာရာ အလေးအနက် လုပ်ဆောင်ရတော့မည်။

ကိုကြီးကို အောက်ထပ်ဧည့်ခန်း၌ပင် တွေ့ဆုံရန် ပြင်ဆင်လိုက်သည်။ သူ့ဘဝ အခုမှ စတင်လေပြီထင့်။

BURMESE CLASSIC .com

နေဝင်ရီသရော အချိန်အခါသမယကို သူ မုန်းတီးခဲ့သည် မှန်သော်လည်း ယခုတော့ ရင်မှာ ထိုအမုန်းတို့ ပျောက်ကွယ်နေလေပြီ၊

အဘယ်ကြောင့်ဆိုသော်. . .

သူ့နားမှာ အချစ်ရှိနေသည်။ သူ့ရင်ခွင်ထဲမှာ အချစ်သစ်လေး နားခိုဝင်နေသည်။

ခါတော်မီ၏စိတ်ကူးနှင့် ဥယျာဉ်မှူးက စိုက်ပျိုးထားပေးသော ပန်းခြံလေးမှာ ဝင်လုဆဲဆဲ နေရောင်အောက်မှာ တင့်တယ်လှုပနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

လမင်းစံက မျက်ရည်မခြောက်တခြောက်လေးနှင့် ဒို့ရေ ရာ သူက ညာလက်ညိုးလေးနှင့် အသာသုတ်ပေးရင်း. . .

"အမေအတွက် ဘာပူနေတာလဲ၊ သူ့အတွက် အခုန် တကယ် ငြိမ်းအေးတဲ့လမ်းကို ရွေးသွားတာပဲဟာ"

စောစောကပင် လမင်းစံ၏ဦးလေးဖေထူးဆီမှ ဖုန်းလာ သွားခဲ့သည်။ အကြောင်းကား. . .

ခါတော်မီ သီလရှင် ဝတ်ပြီး တရားအားထုတ်နေသည့် ရာသက်ပန် အားထုတ်မည်ဟူသော ဆုံးဖြတ်ချက်နှင့် ဝတ်သွားခြင်း ဖြစ်သည်တဲ့၊

လောလောဆယ် သမုဒယနှောင်ကြိုးကို ကြိုးစားဖြတ် တောက်ပြီး ဝိပဿနာအလုပ်ကို ကြိုးကြိုးစားစား လုပ်နေမည် ဖြစ်သောကြောင့် လာမတွေ့စေဖို့အရေး နေရာကို မပြောပြနိုင်ပါ ဟု ဆိုသည်။

တကယ်လည်း ဦးထူးစံကို သင်းသင်းမြတ်ကပါ ပြောမည် မဟုတ်ချေ။ နောက်တစ်ချက်က စျင်မင်းအား. . .

လူကြီးစုံရာနဲ့ လာတောင်းမယ့်ရက်ကို ရွေးပြီး ဖုန်းဆက်ပါ သူတို့ ဆင်းလာခဲ့မည်တဲ့။

စျင်မင်းဘဝ၌ အချစ်ဟောင်းက ကြွေသွားလေပြီ။

သို့သော်. . .

အချစ်သစ်က ဝေလေပြီ။

သူလည်း ခံစားခဲ့ရပါသည်။ ချစ်တတ်စ ဆယ်ကျော်သက် အရွယ်မှ အခု အသက်(၄၀)နား ကပ်သည်အထိ အချစ်၏သာယာ ကြည်နူးခြင်း ပျော်ရွှင်ချမ်းမြေ့ခြင်း ရင်ခုန်လှိုက်မောခြင်းတို့ဆိုတာ ရရှိခြင်းက ကာလအပိုင်းအခြားက နည်းနည်း။

အချစ်ကြောင့် ပူဆွေးခြင်း၊ နာကြင်ခြင်း၊ နာကျည်းခြင်း ဟူသော သောကဝေဒနာမီး လောင်မြိုက်မှုက ကာလအပိုင်းအခြား များများကို ရရှိခံစားနေခဲ့ရသည်။

လူ့ဘဝကို မုန်းတီးနာကျည်းခြင်းနှင့်အတူ မှုန်ပျပျ နေဝင် ခဲ့ကိုပါ မုန်းတီးခဲ့သည်။

ယခုတော့. . .

သူ့အတွက် နေဝင်ချိန်ကို မမုန်းတော့။

နေဝင်သွားပြီးရင် လမင်းသော်လည်းကောင်း၊ ကြယ် ပွင့်ရာလေးတွေသော်လည်းကောင်း လင်းလက်စွာနှင့် သူ့အား အားပေးသမှု ပြုလေတော့မည်ဟု သူ ခံစားလိုက်ရပြီ။

"ကိုကြီး. . ."

"ချစ်လေး. . ."

"ကိုကြီး အပေါ် မီး ဖေဖေနဲ့ မေမေသစ် တင်သွားတဲ့ အတွေး မီး ကျေအောင်ဆပ်ပါ့မယ်၊ မီးကို မုန်းမသွားပါနဲ့နော်"

သူ ရင်ခွင်တွင်းမှ မျက်နှာ ဖူးဖူးမွတ်မွတ်ကလေးကို ခွဲခေါ်လိုက်သည်။

မျက်ရည်ဆမ်းထားမှုဖြင့် တောက်ပြောင်လင်းလက်နေ သော မျက်ဝန်းအစုံကို စူးစူးစိုက်စိုက် ကြည့်ရင်း. . .

"ကိုယ့်မှာ အငြိုးအတေးတွေ၊ အာဃာတတွေ မရှိခဲ့ပါဘူး ချစ်လေး"

"တကယ်နော်"

"တကယ်ပါ. . . အချစ်ကို မေ့ပျောက်နိုင်ဖို့အတွက် ကိုယ့် ဘဝတို့ နှစ်ပေါင်းများစွာ ရွှဲလျှင့်ရင်း အချစ်ကို မေ့ပစ်ခြင်းဆိုတဲ့ အချိန်မျိုး မြုပ်နှံဖို့ ရှာဖွေနေခဲ့တယ်"

www.burmeseclassic.com

www.burmeseclassic.com

"တွေ့ပြီလားဟင်"

"ဒေါ်ခါတော်မီကတော့ တွေ့လိမ့်မယ် ထင်ပါတယ် ကိုယ်ကတော့ အချစ်ဆိုတာ သေဆုံးတတ်တဲ့အရာ မဟုတ်ဘူး ကိုယ့်နှလုံးသားက ပြောနေတယ်၊ လူတွေရဲ့နှလုံးသားဟာ ထာဝယောက်နဲ့တစ်ယောက် မတူညီကြဘူး မှတ်လား၊ ဆရာဝန်မလေး ပြောပါဦး"

"အင်း. . . ဟုတ်တယ်၊ ပုံသဏ္ဌာန် အရွယ်အစား မတူညီကြဘူး ခြားနားတယ်"

"ဒါဆို အချစ်ဆိုတာကို လက်ခံကြပုံခြင်းလည်း မတူညီကြဘူးပေါ့ ဟုတ်လား"

"အင်း. . . "

"ကိုယ့်ဘဝက အခုမှ ပြည့်စုံလာတယ်၊ အရင်တုန်းက ခြောက်ကပ် မှုန်ကုပ်နေတဲ့ လောကကြီးဟာ အခုမှ စိုပြေလှုပ်ရှားလာတယ်၊ အဲဒါ ဘာကြောင့်လို့ ချစ်လေး ထင်သလဲ"

"သိဘူးလေ"

"အချစ်ကြောင့်ပေါ့. . . ကိုယ့်နှလုံးသားမှာ အချစ်ပင်သစ် ပေါက်လာလို့လေ၊ ချစ်လေးဆိုတဲ့ အချစ်ပင်သစ်ကြောင့်ပေါ့ကွာ"

ပြောပြောဆိုဆို ဈင်မင်းက လမင်းစံ၏နဖူးလေးကို သူ့နဖူးနှင့် အသာတိုက်လိုက်သည်။

"အာ. . . နာတယ်"

"အသဲပိုလား. . . ဒီလောက်တောင် ဖြစ်လှတာ"

ဈင်မင်းရင်တွင်း အချစ်၏နောက်တော်ပါးမှ ကပ်ငြိပါလာတတ်သော ဝေဒနာရန်သူ ဟူသမျှတို့ကို ဖယ်ရှားပစ်လိုက်ပြီး သာယာကြည်နူး ချမ်းမြေ့မှုဝှ်ရှင်ခြင်းကိုသာ ရွေးချယ်စံလိုက်

သည်မို့ လမင်းစံကို ရင်ခွင်တွင်းသို့ ဆွဲသွင်းကာ ပွေ့ဖက်ထားလိုက်ရင်း. . .

"ကိုယ့်မိဘတွေကို ဒီနေ့ပဲ ဖွင့်ပြောပြီး အမြန်ဆုံး လက်ထပ်ကြစို့နော် ချစ်လေး၊ စက္ကန့်နဲ့အမျှ ပြောင်းလွဲတတ်တဲ့ လူ့လောကကြီးခဲ့လှည့်စားမှုကို ထပ်မံ မခံစားရပါစေနဲ့တော့"

"ကိုကြီးသဘောလေ"

ဟု ပြောရင်း လမင်းစံက ဈင်မင်း၏ရင်ဘတ်၌ မျက်နှာလေး နစ်ဝင်သွားအောင် အပ်ထားလိုက်လေသည်။

နေလုံးနီကြီးက သစ်ပင်ရိပ်ကြား စုံးစုံးမြုပ်သွားလေပြီ။

သို့သော် နောက်တစ်နေ့ဟူသော နေ့သစ်ပေါင်းများစွာသည် လူသားတွေအတွက် ဆက်ရှိနေဦးမည့်နည်းတူ. . .

လူသားတိုင်းနှင့် မကင်းနိုင်သော အချစ်ဟောင်း အချစ်သစ် ဟူသမျှတို့သည်လည်း ဆက်လက်ဆက်လက် ရှိနေဦးမည်မှာ မလွဲပေ။



www.burmeseclassic.com